www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com




၈၉၅.၈၃
မြပုလဲခင်
ရင်လှိုင်းခတ်သံ/မြပုလဲခင်။ - ရန်ကုန်။
အောင်မြင်စာပေ၊ ၂၀၁၅။
၂၅၀ - စာ၊ ၁၂.၅ x ၁၈.၂ စင်တီ။
(၁) မြပုလဲခင်

ဖြန့်ချိရေး---အောင်မြင်စာပေ၊ အောင်မြင်ပုံနှိပ်တိုက်။
ထုတ်ဝေသူ---ဦးအောင်မြင့်၊ ပထမအကြိမ်၊ ဒီဇင်ဘာလ၊ ၂၀၁၅။

www.burmeseclassic.com

www.burmeseclassic.com





ကျွန်မက ဘယ်အရာကိုမှ အစွဲအလန်းမထားဘူး၊
အစွဲအလန်းဆိုတာ ငြီးငွေ့စရာကောင်းတဲ့အလုပ်တစ်ခုပဲ။
ငြီးငွေ့စရာဆိုတာမျိုးကို ကျွန်မဆီကို
ဘယ်တော့မှ အရောက်မခံတတ်ဘူး။
ပြီးတော့…ကျွန်မကို အနာတရဖြစ်အောင်
လုပ်သွားတဲ့သူကိုလည်း ဘယ်တော့မှ ခွင့်မလွှတ်တတ်ဘူး။
လက်တုံ့ပြန်လိုက်ရမှ ကျေနပ်မယ်။
ကျေနပ်သွားပြီဆိုရင် ဥပေက္ခာပြုလိုက်ဖို့ ဝန်မလေးတတ်ဘူး။

ကေသ…







ကျွန်တော့်ကို အစွဲအလန်းကြီးတယ်လို့ပဲပြောပြော ကျွန်တော်
…နိုးစွဲလန်းမိတဲ့အရာတစ်ခုဆိုရင် သေတဲ့အထိတိုင်အောင် ကျွန်တော်
…စိတ်မှာမပျောက်ဘူး။ မရရအောင် ယူတတ်သလို မြတ်နိုးတန်ဖိုးထားသိမ်းဆည်း
…တတ်ပါတယ်။

ကောင်းပိုင်



www.burmeseclassic.com

www.burmeseclassic.com





အချစ်ဆိုးဟာ နှလုံးသားကို စူးမိသွားပြီးရင် နုတ်ရခက်တယ် သူငယ်ချင်း။ ငဲ့ညှားထောက်ထားခြင်းတွေကြောင့် ငါ့နှလုံးသားမှာ အချစ်ကို တစ်ကြိမ်ဆုံးရှုံးခဲ့ရပြီးပါပြီ။

အခုတစ်ဖန် ထပ်မံဆုံးရှုံးရဦးမယ်ဆိုရင် ငါ့နှလုံးသားဟာ ခံနိုင်ရည်ရှိတော့မှာ မဟုတ်ဘူး။ မွှမ်မကြေပျက်သုန်းကုန်လိမ့်မယ်ကွာ...။

လင်းထက်







'ခ' ဘဝလမ်းကို တစ်ယောက်တည်းပဲ လျှောက်လှမ်းချင်ပါတယ်။

'ခ' ကတော့လေ ပြိုင်လာရင်တောင် အရှုံးပေး လိုက်ချင်ပါတယ်။

အေးအေးချမ်းချမ်းလေးပဲ အမြဲနေသွားချင်တယ်။ ဒါကြောင့်..

...တောင်ရမယ့်အချစ်မျိုးကို "ခ" မလိုချင်ဘူး။ အေးမြတဲ့မေတ္တာတရားကိုပဲ "ခ" ပိုင်ဆိုင်ချင်တယ်။ "ခ" ကိုအေးမြတဲ့ မေတ္တာကိုပဲပေးနိုင်ရင်ပေးပါ။ မပေးနိုင်လည်းရပါတယ်။ "ခ" ဖြေတတ်ပါတယ်...။

မွန်ခ




www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁)

"တို့ချိန်ထားတာက ကိုးနာရီလေ ကိုယ်တော်"

ကော်ဖီဆိုင်ထဲ၌ အေးအေးလူလူကော်ဖီသောက်ရင်း မိတ်ဆွေတစ်ဦးကို စောင့်ဆိုင်းနေစဉ်၌ နောက်ကျောဖက်မှ ခပ်စူးစူးအသံကြောင့် ပျင်းရိငြီးငွေ့သလိုဖြစ်နေသော မိမိအာရုံသည် ထိုအသံရှင်ဘက်ရောက်ရှိသွားလေပြီ။

"ဟုတ်တယ်. . . မေမေကိုဈေးပို့ခဲ့ရလို့ပါ ကောသာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်. . ယူက ခုထက်ထိမိဘရဲ့ အချုပ်အနှောင်က မလွတ်ကင်းသေးပဲကိုး၊ ကျွတ်. . . ကျွတ်. . ကျွတ်. . . သနားစရာကောင်းလိုက်တာ. . ."

"မဟုတ်ပါဘူး. . ဖေဖေက ခရီးဝေးသွားစရာရှိလို့ အစောကြီးထထွက်သွားတော့. . ကိုယ့်တာဝန်ကျလာလို့ပါ ကေသာရာ"

"ဒီလိုဆိုရင်လည်း ကြီးမားလှတဲ့ ယူ့ရဲ့မဟာတာဝန်ကြီးကို ဆက်လက်ထမ်းဆောင်ပေတော့၊ တို့. . ဒီနေ့. . ယူ့ကို ကိုးနာရီနှစ်ဆယ်အထဲပဲ အချိန်ပေးဖို့ ချိန်ထားတာ သိတယ်နော်၊ ခု. . နှစ်ဆယ်ပြည့်သွားပြီ တို့သွားမယ်၊ တို့အတွက်တို့ ရှင်းပြီးပြီ ယူ့အတွက်ယူ ရှင်းပေတော့. . ဘိုင်. ."

တစ်ကိုယ်ကောင်းဆန်သော စိတ်ဓာတ်ရှိသည်ဟု အကြမ်းဖျင်းကောက်ချက်ချလိုက်သည်။

"နေပါဦးကေသာ. . ၊ ကိုယ့်ကိုနည်းနည်းအချိန်ပေးပါ ကိုယ်တောင်းပန်. . ."

ခံပြင်းသွားသည်။ ယောကျ်ားချေးအကျခံလို့. . . မိန်းမတစ်ယောက်ကိုများ ခခယယလုပ်နေလိုက်တာ။ ကောင်းပိုင်တို့နဲ့များ နေရာချင်းလဲပြလိုက်ချင်တယ်။ မိမိကြားက အချောင်ဝင်၍ မိစ္ဆာရစိတ်ပွားများနေမိပါလား။

ခါရမ်းပြီးလှည့်လိုက်ပုံရသော မိန်းမကြောင့်. . .

"ချွမ်. . ခလွမ်. ."

မိမိလက်ထဲမှ ကော်ဖီခွက်သည် အရှိန်ပြင်းစွာ ကြမ်းပြင်





ဘက်၌ မွမွကွဲကြေသွားလေသည်။

"အို. . ဆောရီး"

မိမိအပါး မားမားရပ်ကာ စောစောက ရိုက်ခတ်မိလိုက်သော စလင်းဘက်(ခ်)အိတ်ထဲမှ ငွေငါးထောင်တန်စက္ကူတစ်ရွက်ကိုထုတ်ပြီးတော့ စားပွဲပေါ်တင်၊ လိပ်စာကဒ်ပါ တင်ပြီး. .

ဒီကော်ဖီခွက်တစ်ခွက်စာတန်ဖိုးက ဒီလောက်နဲ့လုံလောက်မှာပါ. . မကျေနပ်မှုရှိရင် နောက်မှရှင်း. . ၊ ဒီမှာကဒ်ထားခဲ့တယ်. ."

ပြောပြောဆိုဆိုပင် ချာခနဲလှည့်ထွက်သွားသည်။

ကောင်းပိုင် အငိုက်ဖမ်းခံလိုက်ရသည်။ ဘာတစ်ခွန်းမှ မပြောဆိုနိုင်မီ အနီအမျိုးသမီးက ကျောခိုင်းကာ မြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

ချောမောလှပသော၊ ဆံပင်ကောင်းသော၊ အရပ်မြင့်သော၊ သွယ်လျသောကိုယ်နေဟန်ထားလည်းရှိသော အနီအမျိုးသမီးသည်။ အလှဂုဏ်၊ ငွေဂုဏ်မောက်ကာ ကြွစောင်းစောင်း အချိုးမျိုး ပေါက်နေသည်ဟု မြင်လိုက်ရသည့်တဒင်္ဂ၌ ကောင်းပိုင်၏အာရုံ၌ စောစောကဆူပွက်လာသော ဒေါသတို့ ချက်ချင်းငြိမ်းချမ်းပျောက်ကွယ်သွားလေသည်။

ဒီလိုအချိုး၊ ဒီလိုပုံစံနှင့်မိန်းမမျိုးကို သူ မနှစ်သက်သဖြင့်၊ ပေတ်သက်တာအကောင်းဆုံးဟု သူယူဆလိုက်သည်။

"တောင်းပန်ပါတယ်ဆရာ၊ ပေသွားပါသေးလားခင်ဗျာ ကျွန်တော်တို့ ဘယ်လိုဆောင်ရွက်ပေးရပါမလဲ"



www.burmeseclassic.com

www.burmeseclassic.com



ဝိတ်တာလေးက ပျာပျာသလဲတောင်းပန်လေသည်။

"မပေပါဘူး ရပါတယ်. . ကိစ္စမရှိဘူး၊ မတော်တဆပဲ မင်းတို့နဲ့ မဆိုင်ပါဘူး၊ ဒီမှာသူပေးသွားတဲ့ငွေနဲ့ လိပ်စာကဒ်ကို မင်းယူလိုက် သူနဲ့သာမင်းတို့ ရှင်းလိုက်ပေါ့ကွာ"

ကောင်းပိုင် သဘောထားကြီးလိုက်ရသည်။ ယောကျာ်း ရင့်မကြီးတစ်ယောက်အနေနဲ့ သဘောထားသေးသိမ်နေ၍ မဖြစ်။ ဘာမှမဟုတ်သည့် သာမန်အသေးအဖွဲ့ကိစ္စကို သူပုံကြီးချဲ့ကာ ခေါင်းထဲထည့်မထားနိုင်။


စောင့်နေသော ပုဂ္ဂိုလ်ကလည်း ချိန်ထားသောအချိန် ထက်နာရီဝက်နောက်ကျနေပြီဖြစ်သဖြင့် သူငွေရှင်းကာ ထွက်ခဲ့ လေသည်။

ထိုနေ့အဖြစ်အပျက်တွင် မိမိဘာအမှားမှမကျူးလွန်ခဲ့ပါ ပဲလျက်. . နောက်ဆက်တွဲပြဿနာတွေ ဖြစ်လာလိမ့်မည်ဟု သူယောင်၍တောင် မတွေးခဲ့မိပါချေ။

သို့သော်. . . .







# အခန်း (၂)

ကေသာစံ. . . ဖုန်းခလုတ်ကို ဆောင့်ပိတ်လိုက်သည်။

"ကြီးကျယ်လိုက်တာ"

"နေခြည်ကော်ဖီဆိုင်"မှ ဖုန်းဆက်ကာ ကျန်ငွေကိုလာ ယူရန်ပြောသည်။ ကေသာစံ အကြီးအကျယ် အံ့အားသင့်သွား ခဲ့သည်။

ကေသာစံမျှော်လင့်ခဲ့တာက ထိုသို့မဟုတ်။ မိမိစလင်း



www.burmeseclassic.com

www.burmeseclassic.com



ဘက်(ခ်)အိတ်ဖြင့် တိုက်မိသွားခဲ့သောလူကြီးထံမှ ဆက်သွယ်မှု ဖြစ်သည်။

သို့သော် နေခြည်ကော်ဖီဆိုင်မှ ဖုန်းဆက်သော် တာဝန်ရှိသူ၏ ပြောပြချက်ကခံပြင်းစရာပင်။ ငွေကော ကဒ်ကော လုံးဝ လက်နှင့်မထိပဲ ဝိတ်တာကိုသာ တာဝန်လွှဲပေးလိုက်ကြောင်း သိလိုက်ရတော့ ခန္ဓာကိုယ်အတွင်း၌ အပြည့်အနှက်နေရာယူထားတတ်သော မာနတရားတို့က ခေါင်းပြူထလာလေပြီ။

မိမိအလှကို ရိပ်ခနဲမြင်လိုက်ရုံမျှနှင့် လည်ပြန်ရသည့် ပုရိသတွေထဲ ဒင်းကဘာကြောင့် မပါရသနည်း။

နေခြည်ကော်ဖီဆိုင်ထဲဝင်လိုက်ခြင်း မိမိ၏မျက်လုံးဝေ့ဝဲ အကဲခတ်လိုက်ချိန် လျှက်တပြက်အတွင်း၌ သတင်းစာတစ်စောင်ကိုသာ သဲကြီးမဲကြီးဖတ်နေသော ချောမောခန့်ညား သေ… သပ်သပ်ရပ် လူကြီးဆန်သော ထိုပုဂ္ဂိုလ်ကို သတိပြုမိလိုက်သည်။

ဖျတ်ခနဲ ရင့်ခုန်လှုပ်ရှားသွားသည်။ မိမိတွေ့ခဲ့သော ယောက်ျားများထဲတွင် ထိုမျှထိသော ပုံစံမျိုးမပါသေး။

ထို့ကြောင့် သူနှင့်အနီးဆုံးနေရာတစ်ခုကို ရွေးချယ်ယူလိုက်သည်။ မိမိခန္ဓာကိုယ်မှ အင်ဖင်နတီကဲ့သို့သော ရေမွှေးရနံ့မျိုးက သူ့အားမဆွဲဆောင်နိုင်သည့်တိုင်အောင် အလှတရားတစ်ခုခုကတော့ ဆွဲဆောင်နိုင်မည်ထင်သည်။

သို့သော် ရွေးချယ်ထားသောနေရာ ရောက်သည့်တိုင်အောင် ထိုပုဂ္ဂိုလ်ထံမှ တုန့်ပြန်မှုတစ်ခုမှ မရလိုက်။ ကိစ္စမရှိ. . ဒီကိစ္စမျိုးတွင်တော့ ကောသာစံစိတ်ရှည်သည်။





ဒီကြားထဲ ချိန်းထားသော ကိုယ်တော်ချောက တော်တော်နှင့်ရောက်မလာချေ။ စိတ်ပျက်ငြီးငွေ့စရာကောင်းသော စောင့်စားမှုအလုပ်ကို လုပ်ခိုင်းသည့် ကိုယ်တော်ချောကိုတော့ တစ်သက်တာအတွက် သင်ခန်းစာအဖြစ် ပညာပေးလိုက်ရပေတော့မည်။

ရောက်လာတော့ ပြုံးသနားရှာကာ တမင်ပင်ထိုပုဂ္ဂိုလ်၏ လက်ကိုမှန်းဆကာ စလင်းဘက်(ခ်)နှင့်ရမ်းချလိုက်သည်။

မှန်းဆတွက်ဆချက်က မှန်သွားခဲ့သည်။ ပြီးတော့ . . အရေးမစိုက်ဟန်ဖြင့် ငွေငါးထောင်နှင့်လိပ်စာကဒ်ကိုပေးကာ ကျောခိုင်းထွက်ခဲ့သည်။

စံနမူနာအဖြစ် တင်စားလောက်သည့် နက်မှောင်ရှည်လျား ပိတုန်းရောင်တောက်ပနေသည့် ကောသာအလှကဲတော့ အနည်းဆုံး ထိုပုဂ္ဂိုလ်ကို ဖမ်းစားသွားလိမ့်မည်ဟု ယုံကြည်လိုက်သည်။

သွားစရာများသွားလာရင်း ဖုန်းခေါ်သံမြည်လာတိုင်း ရင်ခုန်နေရသည့်အဖြစ်က မိမိဘဝ၌ ဆန့်ကျင့်ဘက်ယောက်ျားတစ်ဦးနှင့်ပတ်သက်ပြီး ပထမဦးဆုံးဖြစ်သည်။

သို့သော် တယ်လီဖုန်းခေါ်သံသည် နေခြည်ကော်ဖီဆိုင်ကောင်တာမှဖြစ်နေသောအခါ ကောသာစံ၏မျှော်လင့်ချက်တို့သည် သဲထဲရေသွန်လိုက်သည့်အလား အချီးအနှီးဖြစ်ရလေတော့သည်။

ကောသာစံအလျှော့ပေး၍မဖြစ်၊ ကောသာစံနှင့်ပတ်



www.burmeseclassic.com

www.burmeseclassic.com



သက်လာလျှင် လျှတ်တပြတ်ပဲဖြစ်ဖြစ် မတော်တဆပဲဖြစ်ဖြစ် တဒင်္ဂလေးမြင်ဖူးလိုက်ရုံမျှနှင့် ပတ်သက်လာချင်စိတ် ရှိကိုရှိရမည်ဟု ကေသာစံခံယူထားသည်။

ထိုပုဂ္ဂိုလ်က ဘာသားနှင့်ထုထား၍ မိမိကဲ့သို့ ဆွဲဆောင်မှုအပြည့်အဝရှိသော မိန်းမတစ်ယောက်ကို ကျော်ခိုင်းသွားနိုင်ရသနည်း။ ကေသာစံစဉ်းစားလိုက်သည်။

မကျေမနပ်စိတ်ကို ဖျောက်ပစ်ရသည်။ နှဖူးကြောကိုရှုံ့ပြီး အစဉ်းစားလွန်လျှင် ရုပ်ဆိုးမှာလည်းစိုးသဖြင့် မျက်နှာကြောများကိုလျှော့ချလိုက်ပြီး စံကျန်းမာရေးအားကစားစင်တာထဲသို့ လှမ်းဝင်လိုက်သည်။


ရှင်မြူးတက်ကြွလန်းဆန်းမှုနှင့် အပြုံးတောက်တောက်ကြောင့် ပါးချိုင့်လေးနှစ်ဖက်က အထင်းသားပေါ် လွင်နေလိမ့်မည်ဟု ကေသာစံက မိမိကိုယ်မိမိယုံကြည်စွာဖြင့် သိနေသည်။

ဘာပဲဖြစ်ဖြစ် လမ်းလျှောက်ရင်းဖြစ်စေ၊ အလုပ်မသွားခင်ဖြစ်စေ၊ နေခြည်ကော်ဖီဆိုင်ကိုတော့ ထိုပုဂ္ဂိုလ်ရောက်ကိုရောက်လာရမည်။ ကေသာစံတွက်ကိန်းက မှားခဲ့ပါသည်။

ကေသာစံအစွမ်းအာရုံတို့ကို ထိုပုဂ္ဂိုလ်ထံသို့သာ စုပြုံထားရှိလေပြီ။







# အခန်း (၃)

"ဆိတ်ငြိမ်ရပ်ကွက်မျိုးပဲ ကိုယ်လိုချင်တယ်၊ အထူးသဖြင့် ပကာသနတွေမရှိတဲ့နေရာမျိုးပေါ့ကွာ"

"ဒါဖြင့် ဒဂုံယူမလား. . သံလျှင်ယူမလား တစ်ခုခုရွေးကွာ. ."

ကောင်းပိုင် စဉ်းစားလိုက်သည်။

"ရေမဝပ်တဲ့နေရာ. . ကျယ်ကျယ်ဝန်းဝန်းရှိပြီး စိုက်ပျိုးရေးလုပ်နိုင်တဲ့နေရာမျိုးပေါ့ကွာ၊ စီးပွားဖြစ်တော့မဟုတ်ဘူး



www.burmeseclassic.com

www.burmeseclassic.com



တနိုင်စိုက်ပျိုးရေးလောက်ပဲ. . ”

“ဘာလဲ မင်းက ငယ်ငယ်ရွယ်ရွယ်နဲ့ အငြိမ်းစားယူတော့ မလို့လား”

“မဟုတ်ပါဘူးကွာ. . ငါဘဝသက်တမ်းတစ်လျှောက်မှာ တိုက်ခန်းကျဉ်းကျဉ်းနဲ့ပဲနေလာခဲ့ရတယ်. . ၊ သင်္ဘောတက်တော့လည်း အခန်းကိုပဲအိမ်လုပ်ခဲ့ရတယ်မှတ်လား. . ၊ ဒီတော့ မြေကြီးကျယ်ကျယ်ဝန်းဝန်းလေးနဲ့တော့ နေချင်တယ်၊ ပြီးရင် ငါနှစ်သက်မြတ်နိုးနိုင်မယ့် မိန်းမတစ်ယောက်နဲ့ လက်ထပ်လိုက်မယ်ကွာ. . . ”

“ရေမဝပ်ဘူး စိုက်ပျိုးရေးကောင်းတဲ့နေရာဆို သံလျှင်ကိုပဲရွေးကြတာပေ့ါ. . ၊ မနက်ဖြန်မနက်သွားကြမယ်၊ ဒီည အိမ်ပွဲစားတွေဆီ ငါဖုန်းဆက်ထားလိုက်မယ်. . ရွေးစရာ များများရှိတော့ ပိုကောင်းတယ်၊ စိတ်တိုင်းကျဝယ်နိုင်တာပေ့ါကွာ. . ”

“ကျေးဇူးပဲ သူငယ်ချင်းရာ”

ကောင်းပိုင်အနေနှင့် လင်းထက်ကဲ့သို့သော ရိုးသားဖြောင့်မတ်သူ သူငယ်ချင်းကိုသာ စွဲစွဲမြဲမြဲပေါင်းသည်။

လင်းထက်နှင့်က စိတ်ပေါလ်မှာကျောင်းစနေကတည်းက ဆယ်တန်းအောင်သည်အထိ တစ်ခန်းတည်း တစ်ခုံတည်းထိုင်ကာ ပေါင်းသင်းခဲ့သော ငယ်ကျွမ်းသူငယ်ချင်းဖြစ်သည်။ ဆယ်တန်းအောင်တော့ သူကစက်မှုတက္ကသိုလ်၊ လင်းထက်က ဆေးတက္ကသိုလ်တက်ကာ ကွဲကွာသွားသည်ဆိုသော်လည်း ပိတ်ရက်၌ ဆိုင်တစ်ဆိုင်၌ အမြဲဆုံနေကြဖြစ်သည်။ နောက် ဘွဲ့ရ





သူက ရေကြောင်းအင်ဂျင်နီယာအဖြစ် ပြည်ပသင်္ဘောကုမ္ပဏီများ၌ အမှုထမ်းသည်။ လင်းထက်က ပြည်နယ်ဆေးရုံတစ်ခုသို့ ထက်ထောက်ဆရာဝန်အဖြစ် အမှုထမ်းနေသဖြင့်. . လေးငါးခြောက်နှစ်ခန့် သူတို့နှစ်ဦး အဆက်အသွယ်ပြတ်သွားခဲ့သည်။

“တစ်နေ့က မင်းရောက်မလာခဲ့ဘူး၊ ဘာဖြစ်လို့လဲ”

“ဆောရီး သူငယ်ချင်းရာ. . ကိုယ်လူနာတစ်ယောက်ရဲ့ နောက်ဆုံးအချိန်မှာ သူ့မိသားစုနဲ့အတူ စောင့်ဆိုင်းပေးနေရ လို့ အဲဒီကိစ္စနဲ့ပတ်သက်ပြီး မင်းကိုတိုင်ပင်စရာရှိသေးတယ်. . နက်ဖြန်အိမ်သွားကြည့်ရင်းနဲ့မှပဲ ပြောတော့မယ်. . ၊ ကိုင်း. . ထမင်းခန်းချိန်နီးနေပြီ. . ကိုယ်ပြန်လိုက်ဦးမယ်. . ”

“အိုကေ. . ”

ကောင်းပိုင် လင်းထက်ကို တိုက်ခန်းတံခါးဝအထိ လိုက်ပို့ပြီး တံခါးကို သော့ခတ်လိုက်သည်။

ညီအကိုမောင်နှမတွေအသီးသီး အိမ်ထောင်ကျကုန်ကြတော့ အဖေအမေက သမီးကြီးနှင့်အတူနေသည်။

နောက်ဆုံးတခေါက်ပြန်မထွက်ခင် ကောင်းပိုင်မြို့ထဲ တိုက်ခန်းတခန်းကို ဝယ်ယူထားပြီး ပြင်ဆင်ကာ ပိတ်ထားလိုက်သည်။ သူပြန်လာသည့်အခါ၌ နေရန်ဖြစ်သည်။ ယခု. . သူ အသက်သုံးဆယ်ထဲသို့ ရောက်လာပြီဖြစ်၍ သူအိမ်ထောင်ပြုသင့်ပြီဟုထင်သည်။ အိမ်ထောင်ပြုမည်ဆိုသည်နှင့် သူငယ်စဉ်က အိပ်မက်အလန်းတစ်ခုကို သွားသတိရသည်။ အိပ်မက်လိုပါပဲ. . . ။

ဘယ်လိုနည်းနှင့်မျှ တွေ့နိုင်မည်မဟုတ်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော်. . မျှော်လင့်ချက်ကတော့ ဘယ်ဘက်ပါးပြင်ထက်က စံပယ်တင်မှဲ့ကလေးတစ်လုံးနှင့် ထူထဲသောမျက်ခုံးဝိုင်းစက်ပြီး ကော့ယှက်နက်မှောင်သော. . မျက်ဝန်းတောက်တောက်ကလေး၊ ဖြူစင်သောအကြည့်လေးက နှစ်လိုဖွယ်ရှိလွန်းလှသည်။

ကြာပြီ. . လွန်ခဲ့သောနှစ်ပေါင်း ဆယ့်ရှစ်နှစ်ခန့်က ရန်ကုန်-မုတ္တမအမြန်ရထားကိုစီး၍ မော်လမြိုင်ရှိ အဖိုးအဖွားများဆီအသွားတွင် ပတ်ဝန်းကျင်ရှုခင်းများကို ငေးမောကြည့်ရင်းလိုက်ပါလာသော သူ့မျက်နှာကို တစ်စုံတစ်ခုလာရောက် ဖုံးအုပ်သွားသည်။

"ဟင်. . "

နူးညံ့သောပိုးသားခေါင်းစီးပုဝါလေးတစ်ခု၊ ခရေပန်းရနံ့လေးက သင်းသင်းလေး ကပ်ညှိပါလာသေးသည်။ အပြာရောင်ပြောင်ပေါ်၌ လိပ်ပြာနှင့်ပြန်းကလေးများပါသော ပိုးသားပုဝါလေကို ဖြန့်ကြည့်နေမိသည်။

"ငါ့မောင်ဆီ ဖူးစားရေနတ်မင်းက ပို့လွှတ်လိုက်ပြီ ထင်တယ်"

အစ်မငယ်က ကျီဆယ်နောက်ပြောင်သည်။

သူနားမလည်။ အသက်ဆယ်နှစ်ဆိုသောကာလသည် သူတို့ခေတ်တုန်းက တိုးတက်မှုပဲ့နွေးကွေး၍လားမသိ၊ ထောင်ငါးရာအချစ်ဆိုတာကို မသိနားမလည်သေး ပီဘိကလေးတစ်ယောက်ပမာတည်း။





"အဲဒါ. . အဲဒါ. . မီးပုဝါလေးကိုကို၊ လေလွင့်သွားလို့ပါ. . ဦးဦးတောင်းပေးလေ"

ချစ်စရာကောင်းသော ပါးကွက်ကြားလေး၊ ဂျပန်ဆံထောက်ကလေးပေါ်၌ ခရေပန်းကုံးလေကို ဝိုက်ကာပန်ဆင်ထားသည့် မိမိနှင့်သက်တူရွယ်တူ မိန်းကလေးတစ်ဦးကို တွေ့လိုက်ရသည်။ လူကြီးတစ်ယောက်၏ လက်ကိုဆွဲကိုင်ကာ ရောက်ရှိလာခြင်းဖြစ်သည်။

"ကိုယ့်ဖာသာကိုယ်တောင်းပေါ့. . ကိုယ့်ဖာသာ ကိုယ့်အဆော့လွန်လို့လွင့်သွားတယ်၊ ရေအဆုံး. . ကုန်းတစ်ဝက်တဲ့အစ်ဝက်က သူပိုင်သွားပြီလေ"

လူကြီးက ဘာတွေပြောမှန်းမသိ။ အစ်မကလည်း. .

"ဟယ်. . ညီမလေးကချောလိုက်တာ ချစ်စရာလေးဘယ်၊ ညီမလေးပုဝါလား"

"ဟုတ်တယ်မမ. . ၊ ညီမလေး ပုဝါလေးကို ကိုင်ပြီးသေထဲမှာတလွင့်လွင့်ဖြစ်နေတာကို သဘောကျလို့ ပြူတင်းပေါက်မှလက်ထုတ်ပြီးကိုင်ထားတာ လွင့်သွားလို့. . ၊ ရထားထဲဝင်သွားတာတွေ့လို့ လိုက်ရှာတာ. . . "

"သြော်. . ဟုတ်လား ညီမလေးနာမည် ဘယ်လိုခေါ်သလဲ"

"မိခရေတဲ့"

"ချစ်စရာလေး နာမည်နဲ့လူနဲ့လိုက်တယ်၊ ခရေပန်းကုံးလေးနဲ့ မောင်လေးပေးလိုက်လေ"



www.burmeseclassic.com

www.burmeseclassic.com



သူမပေးချင်။ ငယ်စဉ်က ဘယ်လိုမှ မရိုးသားသောစိ
မရှိပါပဲလျှက်၊ ပိုးပုဝါဖြူကလေးကိုကော၊ ပုဝါရှင်ကောင်မလေ
ကိုပါ သူပိုင်ဆိုင်ချင်သည်။ အရောင်းဆိုင်မှ အရုပ်ကလေးတ
ရုပ်သာဆိုပါက သူလူကြီးတွေကို "ဝယ်ပေး.. ဝယ်ပေး"ဟု
တိုက်ပူဆာမိလိမ့်မည်ဖြစ်သည်။ ပါးကွက်ကျားမပြယ်တပြ
အောက်မှာ ဘယ်ဘက်ပါးပြင်ထက် မှဲ့နက်ကလေးကထင်လျှ

"ပေးလိုက်လေ.. ကောင်း.."

ငေးငိုင်နေသော သူ့ကို အစ်မကသတိပေးလိုက်သည်

ညာလက်ကိုဆန့်တန်းကာအပေး၌ ပုဝါးလေးကလ
လွင့်လိုက်ပါသွားသည်။ ကောင်မလေးက ဝမ်းသာအားရယူက
လည်မှာစည်းထားလိုက်ပြီး...

"ကျေးဇူးတင်ပါတယ် သွားတော့မယ်နော်.."

လူကြီးလေသံပြု၍ ပြောဆိုပြီး လာရာလမ်းအတိုင်
ယိမ်းထိုးနေသောရထားပေါ်၌ အလိုက်သင့်ပြန်သွားလေသည်

ရင်ထဲ၌ငိုချင်သလိုလို ရယ်ချင်သလိုလို ဟာတာတ
ကြီးကျန်ရစ်ခဲ့လေသည်။ ငယ်စဉ်က ထိုခံစားချက်တို့ကို ဘာမှ
အဓိပ္ပာယ်မဖော်တတ်။

ယခုထက်ထိ မေ့မရအောင်ဖြစ်နေသည်က အစွဲအ
လန်း တစ်ခုပင်။ လောကသံသရာတစ်ကွေ့ တဒင်္ဂကြုံတွေ့
ပေါင်း သောင်းခြောက်ထောင်ကိုသာ လိုက်လံစွဲလန်းနေကြမည
ဆိုပါက သံသရာစက်ဝန်းသည် ဒီထက်မက ရှုပ်ထွေးသွားနိုင်
သည်။ ကောင်းပိုင်ပျံ့လွင့်နေသော အာရုံကိုအတိတ်လွင်ပြင်ဆီ





ပြန်လည်ဆွဲယူလိုက်သည်။ လင်းထက်ထံ စိတ်ရောက်သွား
ပြန်သည်။

လင်းထက်သည် အိမ်ထောင်မပြုသေး.. ဘာကြောင့်
နည်း။ များသောအားဖြင့် သူငယ်ချင်းအပေါင်းအသင်းတွေထဲ
မှ သူတို့နှင့်သက်တူရွယ်တူများသည် အိမ်ထောင်ရက်သားကျ၍
သားသမီးများပင် ရနေကြလေပြီ။

လင်းထက်ထံမှ မနက်ဖြန်မှပြောပြမည်ဟူသော စကား
တွင် ထိုကိစ္စသည် အဓိကဖြစ်ပေလိမ့်မည်။ မနက်ဖြန်ကို ကောင်း
ပိုင်အမြန်ရောက်ချင်လှပြီ.. ၊ လင်းထက်နှင့် အချစ်ရေးနှင့်ပတ်
သက်သော အမြင်များကို ဆွေးနွေးကြည့်ချင်သည်။

မိသားစု အသိုက်အမြုံတစ်ခုနှင့်တော့ နေချင်လှပြီ။

လူ့လောကသက်တမ်းတစ်ခုလုံး၌ အလုပ်လုပ်ကာ ပိုက်
ဆံရှာဖွေနေရုံနှင့်မပြီး။ လူသားပီသစွာနေထိုင်တတ်ဖို့ကလည်း
လိုအပ်သည်ဟု ကောင်းပိုင် ထင်လေသည်။


သွားစရာနေရာက သိပ်စဉ်းစား၍မရ.. နေ့လည်စာ
ကော်ဖီကို အိမ်မှာဖျော်သောက်မည့်အစား၊ ဆိုင်တစ်ဆိုင်၌ သွား
သောက်ရတာပိုကောင်းမည်ဟု ကောင်းပိုင်တွေးမိကာ ကော်ဖီ
ခါးစိမ့်ကလေးကို မိမိသဘောကျဖျော်ပေးနိုင်သော နေခြည်ဆိုင်
သို့ ထွက်ခဲ့လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၄)

ကိုယ်ကာယ အလှသင်တန်းကို မွန်းလွဲပိုင်းရပ်နားလိုက်သည်။ ထမင်းကို ထုံးစံအတိုင်း အသားပြုတ်နှင့်အရွက်ကြော်ကိုသာ တစ်ဆုပ်စာလောက်စားလိုက်ပြီး အနားယူလိုက်သည်။ နေ့လည်စာအဖြစ် နေခြည်ဆိုင်၌ ကော်ဖီသောက်ရင်း ဟိုလူနှင့်တွေ့လိုတွေ့ငြား မျှော်လင့်ချက်ကလည်းပါလေသည်။

ကော်ဖီဆိုင်တွေ အမြောက်အမြား ရှိနေသော်လည်း





ရေကူးကန်လည်းရှိ အင်းလျားကန်ရေပြင်နှင့်လည်း ဆက်စပ်သျက်ရှိနေသော နေခြည်ကော်ဖီဆိုင်ကို သူနှစ်သက်သည်။

ယခု ပို၍နှစ်သက်ရပြီ။ သူ့နှလုံးသားကို ထိမှန်စေသော ပုဂ္ဂိုလ်နှင့်လည်း ဆုံဆည်းရာဖြစ်လေသည်။

"အိုင်. . . ညနေအချိန်မှီလာခဲ့မယ်. ."

သူငယ်ချင်းသုံးယောက်ရှယ်ယာဖြင့် ဖွဲ့စည်းထားသော စံကိုယ်ကာယ အလှသင်တန်းကျောင်းဝန်းထဲမှ သူထွက်ခဲ့လေသည်။ ပြိုင်ကားခရမ်းရောင်လေးကို ကေသာစံမောင်းထွက်ခဲ့သည်။ ကားထဲ၌ ခရမ်းရောင်မျိုးက ရှားသည်။ ပြိုင်ကားကိုလည်း လူမဆန့်သဖြင့် သိပ်စီးလေ့စီးထမရှိ။ ရှားပါးလေသည်။ ထို့ကြောင့် ကေသာစံကလည်း တမင်စီးခြင်းဖြစ်သည်။

နေခြည်ဆိုင် ကားပတ်ကင်၌ ကားကိုဖင်ဆုတ်ကာ ထိုးရပ်လိုက်သည်။ ထိုထဲ၌ထင့်ကနဲဖြစ်သွားသည်။ မိမိကားရပ်လိုက်သည့်ဘေး၌ LANDCRUISER 5x/5555 ကို တွေ့လိုက်ရသည်။

ဟိုနေ့က ဟိုပုဂ္ဂိုလ်နှင့်ဆုံဆည်းစဉ်ကလည်း ဤကားကိုတွေ့ရသည်။ ကေသာစံရင်ထဲ ထူးကဲသောသံစဉ်လှိုင်းတို့ လှုပ်ခတ်လာသည်။ ဒါ. . . အချစ်လား။

အချစ်. . . .

ကေသာစံ၏ ရင်ထဲ၌ အချစ်မွေးမဖွားသေးပါ။

မိမိကိုယ်ထက် ပို၍ချစ်နိုင်သောသူ ဤကမ္ဘာ၌ ရှိအံ့မထင်ခဲ့။ ယခုမှ ထူးထူးခြားခြား ထိုပုဂ္ဂိုလ်ပေါ် တိမ်းညွတ်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



ဆိုင်တံခါးကို တွန်းဝင်လိုက်ပြီး လျင်သောမျက်လုံးဖြင့် ဆိုင်အတွင်းသို့ ဝေ့ဝဲကြည့်လိုက်သည်နှင့် . . အား. . . တွေ့ပြီ။

ရင်ထဲ လှိုက်ခနဲဖိုတက်လာသည်။

တစ်ယောက်တည်းထိုင်နေသည်။

နေ့လည်ဆိုတော့ လူရှင်းသည်။

စားပွဲ၌ဝင်ခွင့်တောင်းကာ သွားထိုင်လိုက်လျှင် ရဲတင်းလွန်းရာများကြမလား။

ရှပ်အင်္ကျီလက်တို ကြည်ပြာရောင်ဖျော့ဖျော့ကလေးနှင့် ချည်ချောလုံချည် နက်ပြည်ရောင်အကွက်စိပ်စိပ်ကလေး ဝတ်ထားပြီး ကတ္တီပါဖိနပ် ရှားညိုရောင်လေးစီးထားသော ခြေထောက်ဖွေးဥဥ. . . ။

သူက တေးဂီတသံကိုနားဆင်ရင်း အတွေးအိမ်၌ လွင့်မျောလိုက်ပါနေပုံရသည်။

သူနှင့်မလှမ်းမကမ်း မျက်နှာချင်းဆိုင်၌ရှိနေသော မိန်းမချောလေးကို စိတ်ဝင်စားရကောင်းမှန်းမသိ။ အိမ်ထောင်သည်ယောကျ်ားတစ်ယောက်သည် အားလပ်ချိန်တွင် တစ်ယောက်တည်း ခုလိုနေရာမျိုး၌ လာရောက်အချိန်ဖြုန်းလိမ့်မည် မထင်။ လူပျိုလူလွတ်တစ်ယောက် စိတ်ကူးနှင့် အတွေးနယ်ချဲ့မှုများသာ ဖြစ်လိမ့်မည်။ စားပွဲထိုးလုလင်တစ်ဦးက. . .

"ဟိုတစ်နေ့က ကျကွဲတဲ့ပန်းကန်ရဲ့တန်ဖိုးယူပြီး ကျန်ငွေပါအစ်မ"

"ကိစ္စမရှိဘူး မင်းယူထားလိုက်ပါ"





အသံတို့က ခပ်တိုးတိုးမျှသာဖြစ်မည်။ သို့သော် စားပွဲချင်းကပ်ရက်ဖြစ်သောကြောင့် ထိုပုဂ္ဂိုလ်ကြားသွားဟန်တူသည်။ အတွေးအိမ်မှ လွတ်မြောက်လာပြီး စူးစမ်းသောအကြည့်ဖြင့် ကြည့်လာသည်။

မျက်မှောက်ချီသွားသည်ကိုက စိတ်ရှုပ်ထွေးသွားသည့် အသွင်ဆောင်သည်။

မိန်းမနှင့်ပတ်သက်၍ ကင်းရှင်းလိုသော မပတ်သက်လိုသော သဘောရှိသည်။

ဒါမှမဟုတ် ဤလူကြီး၌ အသည်းကွဲဝိညာဉ်သော်ငင်းဖြဟ္မာ၏ဝိညာဉ်သော်ငင်း ပူးကပ်နေ၍ဖြစ်ရမည်။

ကေသာစံ ဦးနှောက်ကို အစွမ်းကုန်အလုပ်ပေးလိုက်သည်။ ခုခေတ်ကြီးက ခြေတစ်လှမ်းနောက်ကျသွားတာနှင့် တစ်သက်တာဆုံးရှုံးမှုတွေက အများကြီးဖြစ်သွားလိမ့်မည်။ မသိသူကျော်သွား သိသူဖော်စားသော ခေတ်ပေကိုး။

ကေသာစံ ချက်ချင်းပင်ထလိုက်ပြီး ပုဂ္ဂိုလ်၏စားပွဲသို့ ရွှေ့ပြောင်းလိုက်သည်။

"ထိုင်ခွင့်ပြုပါနော်"

ပုဂ္ဂိုလ်ကရုတ်တရက် အံ့အားသင့်သွားသည်။ ချက်ချင်း မျက်နှာက စတော်ဗယ်ရီရောင်ပြေးသွားသည်။ ယောကျ်ားတစ်ယောက်၏ ရှက်တတ်သောပုံရိပ်က မိမိနှလုံးအိမ်၌ ထင်ဟပ်သွားသည်။

"ဟင်. . ဘာမှပြန်မပြောတာ ခွင့်မပြုဘူးလား. ."



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . မဟုတ်ပါဘူး ထိုင်ပါခင်ဗျာ. . "

နူးညံ့ယဉ်ကျေးသော ယောကျ်ားတစ်ဦး၏ ပုံသဏ္ဍာန်မျိုးအပြည့်ရှိနေသည်။

"စောစောက မြင်ဖူးပါတယ်လို့ထင်လိုက်သား ဝိတ်တာလေးက ကွဲသွားတဲ့ပန်းကန်ဖိုး လာရှင်းပေးတော့မှ မှတ်မိလိုက်တာ၊ အဲဒီနေ့က နည်းနည်းအစာမကျေတာတွေရှိလို့ ကျွန်မအပြုအမူ ရိုင်းသွားသလိုဖြစ်ခဲ့တယ်၊ ဒီအတွက် တောင်းပန်ပါတယ်. . ဦး. . ဦး. . ဘယ်သူ. . . "

"ကောင်းပိုင်ပါ"

"ဟုတ်ကဲ့ ဦးကောင်းပိုင်. . ကျွန်မကိုခွင့်လွှတ်ပါနော်"

နူးညံ့ယဉ်ကျေးသောလူကို နူးညံ့သိမ်မွေ့သောပုံစံလေးနှင့် ချဉ်းကပ်ရမည်။

"ရပါတယ်ဗျာ. . ကျွန်တော်ဘယ်လိုမှ မအောင်မေ့ပါဘူး"

အားနာတတ်တာကိုကပဲ သဘောကောင်းမှုကိုဖော်ပြနေသည်။

"ကျွန်မနာမည် ကေသာစံပါ ကျွန်မအများအတွက်တောင်းပန်တဲ့အနေနဲ့ ဒီနေ့ပိုင်းကို ကျွန်မရှင်းလိုက်မယ်နော်. . ၊ တစ်ခုခု ထပ်မှာပါဦးလား ဦးကောင်းပိုင်"

"ရပါတယ် ပြည့်စုံပါပြီ ကျွန်တော်ပဲရှင်းပါ့မယ် မကေသာစံ"

"ဘယ်ဖြစ်မလဲ ကျွန်မကမှားခဲ့တာလေ"





"ဒါပေမယ့် ကျွန်တော်ကခွင့်လွှတ်တာပဲ၊ ပြီးတော့ ကျွန်တော်က ယောကျ်ားဖြစ်နေတဲ့အတွက် မိန်းမတစ်ယောက်က ဒကာခံတာမျိုးကို မျိုမကျတတ်လို့ပါ၊ မကေသာစံ ကြိုက်တာမှာပါ ကျွန်တော်ပဲရှင်းပါရစေ. . . "

ကေသာစံလှပစွာ ပြုံးလိုက်မိသည်။ ထိုအပြုံးသည် ရိုးသားခင်မင်တတ်သောအပြုံးဟု ဦးကောင်းပိုင်ထင်မြင်စေရမည်။

"ကောင်းပြီလေ၊ ဒီလိုဆို ဦးကောင်းပိုင်ကို ရှင်းခွင့်ပေးလိုက်မယ် တစ်ချိန်ချိန်ပြန်ကြုံရင် ကျွန်မအလှည့်နော်. . "

ဦးကောင်းပိုင်က ပြုံးရုံသာပြုံးလိုက်သည်။ ဝန်ခံမှုမပြု။ ကတိကိုလွယ်လွယ်ကူကူပေးတတ်သော ယောကျ်ားမျိုးမဟုတ်မှန်း ကေသာစံသဘောပေါက်လိုက်သည်။

ကြည့်စမ်း။

အစားအသောက်ခြင်းကလည်း တူညီလိုက်တာ ကြက်တောင်ပံကင်နှင့်အားလူကြော်ကို နက်(စ်)ဘလက်(ခ်)ကော်ဖီနှင့် တွဲကာစားသုံးနေသည်။ မိမိမှာထားသော အစားအသောက်ကို ဝိတ်တာက လာချပေးသည်။

"ဒီစားပွဲမှာပဲ ချလိုက်တော့မယ်နော် အစ်မ"

"အေး. . . အေး. . "

ဦးကောင်းပိုင်ဆိုသော ပုဂ္ဂိုလ်ကြီး၌ ငြင်းစရာလမ်းစမမြင်ပဲ အပြုံးနှင့်လက်ခံလိုက်ရလေသည်။

စကားကို ကျောက်ခဲဆီညှစ်သလို တစ်လုံးချင်းညှစ်ထုတ်ယူမှ နိုင်ငံခြားသဘော်ကုမ္ပဏီတစ်ခု၌ စက္ကင်း အင်ဂျင်နီ



www.burmeseclassic.com

www.burmeseclassic.com

ယာအဖြစ် အမှုထမ်းနေကြောင်းသိလိုက်ရသည်။

မိမိလိပ်စာကဒ်ပေးတော့ ဒီတစ်ချီတွင်တော့ သူ၏ယောကျ်ားကိုင်ပိုက်ဆံအိတ်ထဲ ထည့်လိုက်လေသည်။

ကေသာစံစိတ်ချသွားပြီ။ ကြာကြာအချိန်ဆွဲ၍မဖြစ်။ စားသောက်ပြီးသည်နှင့်. . .

"ဒီနေ့ နေ့လည်စာအတွက်. . . ကျေးဇူးတင်ပါတယ် ဦးကောင်းပိုင် ကျွန်မသင်တန်းချိန်ရှိနေလို့ သွားခွင့်ပြုပါဦး"


"ဟုတ်ကဲ့ပါခင်ဗျာ"

မခွဲလိုသေးသော်လည်း ခွဲခဲ့ရသည်။ ယောကျ်ားတစ်ယောက်သည် မိမိကိုအထင်ကြီးနေဖို့ လိုအပ်သည်။ အထူးသဖြင့် မိန်းမအတွေ့အကြုံရှိသေးပုံမရသော ဦးကောင်းပိုင်လို လူစားနှင့်ဆို ပို၍သတိထားရမည်။ ကန္တာရစ္စာဖြင့် ကော်ဖီဆိုင်ထဲမှ ထွက်ခဲ့သည်။ ဦးကောင်းပိုင်၏ ကားဖြစ်ဟန်တူသော ခဲရောင် LANDCRUISER ကား၏နံပါတ်ကိုလည်း အလွတ်ကျက်မှတ်လိုက်လေသည်။

ပြန်ဆုံဖို့ဆိုတာ ကေသာစံအတွက်တော့ လွယ်လွယ်လေးပင်. . .။







# အခန်း (၅)

"အချစ်နဲ့ပတ်သက်ပြီး မင်းဘယ်လိုနားလည်ထားသလဲ ကောင်းပိုင်"

ကောင်းပိုင် အံ့အားသင့်သွားသည်။ လင်းထက်ထံမှ အချစ်အကြောင်း ကြားသိရလိမ့်မည်ဟု မျှော်လင့်ထားပြီးသားဖြစ်သည်။ သို့သော် လင်းထက်ထံမှ မေးခွန်းနှင့်ပတ်သက်၍. . သူ၌ ကြိုတင်စဉ်းစားထားခြင်းမရှိပါလေ။

"ငါဘယ်သိမလဲ လင်းထက်၊ ငါဟာအချစ်နဲ့ ပတ်သက်


www.burmeseclassic.com

www.burmeseclassic.com



လာရင် သူညကစရမယ့်လူတစ်ယောက်ပဲ"

"အင်း. . မင်းလည်း ကမ္ဘာကိုသာပတ်ခဲ့တယ်၊ အချစ် အတွေ့အကြုံမရှိဘူးဆိုတာ မဖြစ်နိုင်ဘူးလို့၊ ကြားရသမျှ လူ တွေကတော့ယုံတမ်းစကားထင်မှာပဲ. . ၊ ဒါပေမယ့် မင်းကိုငါ ယုံပါတယ် မင်းမှာ အချစ်နဲ့ပတ်သက်ပြီး ဖွင့်ပြောစရာမရှိရင်ထား တော့၊ ငါကတော့ ပြောစရာရှိနေတယ် ကောင်းပိုင်း"

"ငါဘွဲ့ရပြီး လက်ထောက်ဆရာဝန်ဘဝနဲ့ မြစ်ကြီးနား ဆေးရုံမှာ တာဝန်ကျတယ် အဲဒါမင်းသိတယ်နော်"

"အင်း. . သိပါတယ် နောက်ပိုင်းသာ စာချင်းအဆက် အသွယ်ပြတ်သွားကြတာကိုး"

"အဲဒီမှာ ငါနဲ့အတူတာဝန်ကျတဲ့ သူနာပြုဆရာမလေး တစ်ဦးနဲ့ဆုံခဲ့တယ်"

ကောင်းပိုင်စိတ်ထဲ၌ အားမလိုအားမရဖြစ်လာသည်။

"ဆုံတယ်ဆိုတာ ရည်းစားဘဝရောက်ခဲ့တာလား. ."

"မရောက်လိုက်ဘူး"

"ဟင်. . ."

ကောင်းခန်းရောက်မှ မီးပြတ်သွားသလို မချင့်မရဲ ဆန့် တင့်ငင့်ဖြစ်သွားရသည်။

"မင်းနားလည်အောင်ပြောရရင် ရည်းစားဘဝရောက်မှ ချစ်သူမဟုတ်ဘူး၊ တစ်ဦးစိတ်ကိုတစ်ဦး နားလည်ပြီး အပြန် အလှန်သံယောဇဉ်တွယ်တာမျိုးကိုလည်း ချစ်သူလို့ခေါ်မလားပဲ ငါတော့ အဲဒီလိုပဲယူဆတယ်"





ကောင်းပိုင်အတွက် ထိုစကားကိုလက်ခံချင်ပြီ။ သူ့ရင် ထဲ၌လည်း တိတ်တဆိုးသံယောဇဉ်နှင့် အချစ်မျှင်လေးက ဝိညာဉ် ...စ်ခုလို တွယ်ကပ်နေလေသည်။

"သူနဲ့ရှစ်လနီးပါ စိတ်တူကိုယ်တူ ဝါသနာတူနဲ့ အလုပ် ...လုပ်ခဲ့ရတဲ့နေ့ရက်တွေဟာ ငါ့အတွက် အပျော်ရွှင်ဆုံးနဲ့ ရင်ခုန် ...ဆုံးသောနေ့ရက်တွေပါပဲ. . ၊ ဒါပေမယ့် ငဲ့ကွက်ရတာက သူ့မှာ ...တ်ဝေဒနာစွဲကပ်နေတဲ့ မိခင်ရှိနေတယ်၊ မောင်နှမတွေရဲ့ တာ ...န်ကိုလည်း သူရုန်းကန်နေရရှာတယ်၊ အဲဒီအချိန်မျိုးမှာ ငါက ...ည်း ဟီးရိုးလုပ်ပြီး သူ့ကိုကယ်တင်ဖို့မဖြစ်နိုင်ဘူး၊ ငါ့အောက် ... နှစ်ကောင်ရဲ့ ပညာရေးဆုံးခန်းတိုင်ဖို့တာဝန် ငါ့ပုခုံးပေါ်မှာ ...နေသေးတယ်မှတ်လား"

"အင်းလေ. . ငါလည်းဒီလိုပဲ ရုန်းကန်ခဲ့ရတာပဲ၊ ငါနား ...ည်တယ် ဆက်ပြောပါဦး"

"ရင်ထဲမှာ တုန့်ပြန်မေတ္တာစေတနာတွေအပြည့်နဲ့ တစ် ...အခက်အခဲကို တစ်ဦးကဖြေရှင်းပေးခဲ့ကြတာ. . ၊ မိသားစု ...ခက်အခဲကြောင့်ပဲ သူ ရန်ကုန်ကိုပြောင်းသွားခဲ့တယ်"

"ဟင်. . မင်းဟာက စတာနဲ့အလွမ်းနဲ့ကိုး"

"ဟုတ်တယ် သူငယ်ချင်း၊ အစပိုင်းတော့ စာတွေရေး ...ဖြစ်သေးတယ်၊ နောက်ပိုင်းတော့ သူလည်းမအား ကိုယ်လည်း ...အားနဲ့ စာကျဲသွားတယ်၊ တစ်နှစ်လောက်အကြာမှာပဲ နောက် ...ဆုံးစာရောက်လာတာက သူလက်ထပ်လိုက်ပြီဆိုတာပဲ. ."

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပိုင် လင်းထက်ကို လုံးဝနားမလည်နိုင်တော့ပေ။ တရားဝင်ချစ်သူ ဖြစ်ခွင့်မရခင်၌ပင် လမ်းခွဲလိုက်ရသော လင်းထက်ကို ကောင်းပိုင်ရင်ထဲ စာနာသနားမိလေသည်။

"မင်းသူရဲဘောနည်းစွာ တွေဝေနေလို့ သူများနောက်ပါသွားတာပဲဖြစ်မယ်၊ ဖွင့်ပြောလိုက်ရင် ဒီလိုဖြစ်ချင်မှဖြစ်မယ်ထင်တယ်၊ သူ့အားကိုးရာရှာတာများလားကွာ. . မင်းမဟုတ်တာ"

"မင်းပြောတာမှန်တယ် သူ့မိသားစုတာဝန်ကြီး ငါမယူရဲဘူး. . ၊ ငါ့မိသားစုတာဝန်ကလည်း မပြတ်သေးဘူးလေ၊ ဒါပေမယ့် ငါ ရန်ကုန်ဆင်းရင် ဖွင့်ပြောတော့မယ်လို့ ရည်ရွယ်ထားခဲ့တာတွေဟာ အားလုံးပြီးဆုံးသွားခဲ့ပြီ သူငယ်ချင်း၊ ငါ့နှလုံးသားတွေ မီးလောင်ခဲ့တယ်၊ ငါ့နှလုံးသားမှာ အချစ်ဖူးလေး မပွင့်မီမှာပဲ မီးလောင်ခံလိုက်ရတာ. . ငါသိပ်ခံစားခဲ့ရတယ်"

လင်းထက်ကို သူငဲ့စောင်းကြည့်လိုက်သည်။ ငြိုးရိပ်ဆင်နေသော လင်းထက်မျက်ဝန်းရိပ်၌ ဆွေးရိပ်များ ဖုံးအုပ်ချက်ရှိသည်။

"ဒီနောက် မေမေတို့လည်းသဘောတူ ငါနဲ့လည်း စိန်းဘက်ချိဖြစ်တဲ့ နှင်းနှင်းနဲ့စေ့စပ်ခဲ့တယ်"

"ဟင်. . ငါလည်းမသိလိုက်ပါလား"

"မင်းပြန်မရောက်ခင် နှစ်လလောက်ကပဲ၊ ဖြစ်ပုံများ မပြောချင်ဘူး သူငယ်ချင်းရာ. . ၊ ပြီးခဲ့တဲ့လကမှ သံလျှင်ကို ငါ့လူနာတစ်ဦးပြောင်းသွားတယ်၊ အဲဒီလူနာကလည်း တစ်လက်ဆိုတော့ ငါပဲသံလျှင်အထိ လိုက်ကုသပေးရတယ်"





"မင်းလူနာက အဖိုးကြီးလား အဖွားကြီးလား"

"အဖွားကြီးပဲ မင်းဘယ်လိုလုပ်သိတာလဲ"

"အဖိုးကြီးအဖွားကြီးတွေက နဲနဲတယူသန်ပြီး အစွဲအလမ်းကြီးတတ်ကြလို့လေ မှန်းချေနဲ့ ရမ်းတုတ်တာပါ. . ၊ ကဲ. . ပြောပါဦး"

"အဲ. . . အဲဒီအဖွားကြီးဆီသွားအကုမှာ အဲဒီနားက မိန်းကလေးတစ်ဦးက လာပြေးခေါ်တယ်၊ လူနာအမောဖောက်နေလို့ အမြန်လိုက်လာကုပေးပါဆိုတော့. . ၊ ငါလည်းပြေးအပြည့် ငါရောက်သွားတော့ အသက်ထွက်နေပြီ"

"ဟင်"

"စိတ်မကောင်းစရာပဲ. . အဲဒီဘေးမှာငိုနေတဲ့ မိန်းမသား ငါသိပ်မြတ်နိုးတွယ်တာခဲ့ရတဲ့ မွန်ခဖြစ်နေတယ်လေ"

"မွန်ခ"

"ဟုတ်တယ် သူ့နာမည်မင်းကို မပြောမိဘူးထင်တယ် သူ့နာမည်က မွန်ခတဲ့၊ သိပ်ကိုဖြူစင်တဲ့ မိန်းကလေးပါ"

ကောင်းပိုင်ရင်ထဲပင်လျှင် နင့်ခနဲဖြစ်သွားသည်။ ကာလကံ့ရှင် လင်းထက်ရင်ထဲခံစားချက်က သူ့ထက်အဆပေါင်းများစွာပိုပေလိမ့်မည်။

"စိတ်မကောင်းစရာပဲ သူငယ်ချင်းရာ"

"စိတ်ဝေဒနာရောဂါနဲ့ နှစ်ပေါင်းများစွာ ဒုက္ခဝေဒနာခံစားနေရရှာတဲ့ သူ့မိခင်ကြီး ဆုံးသွားတာ. . . "



www.burmeseclassic.com

www.burmeseclassic.com



"သူ့ယောက်ျားနဲ့ကော တွေ့ခဲ့လား"

လင်းထက်ထံမှ ပင့်သက်ရှိုက်သံကို ကြားလိုက်ရပြီး အ
တန်ကြာမှ. . .

"တွေ့ခဲ့ပါတယ်. . အဲ. . မနေ့က အသုဘချတဲ့အချိ
မှာတွေ့တာ. . သူတို့ကကွာရှင်းပြတ်စဲထားကြတယ်. ."

"ဟင်"

ကောင်းပိုင်သည် ရှုပ်ထွေးနေသော လင်းထက်တို့
ဇာတ်လမ်းအတွက် ရင်မောစပြုလာသည်။ လင်းထက်အပူတွေ
သူ့ကိုဟပ်ကူးပြီထင်သည် သူရင်ပူစပြုလာလေပြီ။

"သားတစ်ယောက်က ရှိနေတယ်"

"အမေနဲ့ပဲလား"

"ဟုတ်တယ်. . ဒါပေမယ့် တစ်ပတ်မှာ တစ်ရက်တော့
တွေ့ခွင့်ပေးရတယ်၊ ကလေးရဲ့စရိတ်ကို လစဉ်မှန်မှန် ထောက်
နေတယ်"

"ဒုက္ခ. . မင်းနဲ့ သူ့ဇာတ်လမ်းက ပြီးဆုံးသွားခဲ့ပြီပဲကွ
မေ့ပစ်လိုက်တော့. . ."

လင်းထက်မှဲ့ပြုံးပြုံးကာ ခေါင်းခါလေသည်။

"အချစ်ဆုံးဟာ နှလုံးသားကို စူးမိသွားပြီးရင် နှုတ်ရသိ
ခက်တယ် သူငယ်ချင်း၊ ငဲ့ညာထောက်ထားခြင်းတွေကြောင့်
နှလုံးသားမှာ အချစ်ကိုတစ်ကြိမ် အဆုံးရှုံးခံရပြီးပါပြီ၊ အခု တ
ဖန်ထပ်မံဆုံးရှုံးရဦးမယ်ဆိုရင် ငါ့နှလုံးသားဟာ ခံနိုင်ရည်ရှိတော့
မှာ မဟုတ်ဘူး၊ မွမွကြေ ပျက်သုဉ်းကုန်လိမ့်မယ်ကွာ. ."





လင်းထက်က နှလုံးသားအက်ကွဲသံစဉ်နှင့် ပြောလိုက်
သည်။ ကောင်းပိုင်ရင်ထဲ၌ ထိရှနာကျင်သွားသည်။ သို့သော်
သူငယ်ချင်းကောင်းတို့၏ ဝတ္တရားအတိုင်း. . .

"မင်း. . နှင်းနှင်းနဲ့ စေ့စပ်ထားတဲ့ကိစ္စက ရှိသေးတယ်
လေ"

"အဲဒါကိုပြောတာပေါ့ ကောင်းပိုင်ရာ. . ၊ ထပ်လာပြန်
ပြီ ငဲ့ကွက်မှုတစ်ခုလေ၊ ငါ့ဘဝမှာ. . ဘယ်တော့မှ ကိုယ့်စိတ်နဲ့
ကိုယ့်ခန္ဓာ မဖြစ်ခဲ့ရဘူးကွာ. ."

လင်းထက်သည် ကံကြမ္မာကို စိတ်နာနေသူတစ်ဦးဖြစ်
လေသည်။

"မင်းနဲ့မွန်ခကို မိတ်ဆက်ပေးမယ်၊ ပြီးမှ အိမ်ရှာကြ
တာပေါ့ကွာ. . မွန်ခရဲ့ အေးချမ်းတဲ့မျက်နှာလေးကိုက ငါ့အ
တွက် မေ့လို့မရတဲ့ စွဲလမ်းမှုတစ်ခုဖြစ်နေတယ်"

"အစစအရာရာအတွက် စဉ်းစဉ်းစားစားလုပ်ပေါ့ကွာ"

"ဟုတ်တယ် ဒီတစ်ခါဖွင့်ပြောလိုက်တော့မယ်. . ငဲ့
ကွက်မှုတွေကြောင့် နှောင့်နှေးရတာမျိုး အဖြစ်မခံနိုင်တော့ဘူး"

"မင်းဟာက မဟုတ်သေးဘူးထင်တယ်၊ မင်းနဲ့နှင်းနှင်း
တို့စပြတ်သွားမှ စဉ်းစားသင့်တယ်၊ နှင်းနှင်းကိုဒုက္ခပေးဖို့တော့
မသင့်တော်ဘူး၊ ခုလည်း နာရေးကိစ္စကရှိသေးတယ် မှတ်လား"

ကောင်းပိုင် လင်းထက်ကို ဖြောင့်ဖျလိုက်သည်။ လင်း
ထက်နေရာက ခံစားကြည့်တော့လည်း သနားစရာပင်။ လင်း
ထက်သည် သာမန်လက်လုပ်လက်စားမိသားစု ဆရာဝန်ဖြစ်ဟာ



www.burmeseclassic.com

www.burmeseclassic.com



ခဲ့သူဖြစ်သည်။ မိဘများကလည်း လင်းထက်ဆရာဝန်ဖြစ်ရေး
အတွက် အဘယ်မျှ ရုန်းကန်လှုပ်ရှားခဲ့ရသည်ကို လင်းထက်
နားလည်ပြီး နှလုံးသားကိစ္စကိုဘေးချိတ်ကာ မိသားစုတာဝန်
ပါ ထမ်းရွက်ရရာပေမည်။


လင်းထက်လုပ်ခဲ့တာတွေ အမှားမရှိဘူးဟု သူမြင်
သည်။ သို့သော်. . ယခုကိစ္စမှာတော့ သူကိုယ်တိုင်လည်း တိ
ကျကျ မတိုက်တွန်းရဲချေ။

"ရောက်ပြီ. . ရှေ့ခြံပဲ၊ ခြေရင်းကလူနာဆီ အရင်သွာ
လိုက်ဦးမယ်. . ပြီးမှ မွန်ခတို့ခြံဘက်ကူးတာပေါ့"

တစ်ထပ်တိုက်ပုလေးရှိနေသော ခြံကိုကျော်ကာ
ထပ်တိုက် ရှေးဟောင်းပုံစံအိမ်ဆီသို့ ဦးတည်လိုက်လေသည်







## အခန်း (၄)

"ဟယ်. . ဆရာ၊ မနေ့ကဘာဖြစ်လို့ မလာတာလဲဟင်"

ဘယ်ဘက်ပါးပြင်၌ စံပယ်တင်မဲ့ကလေးနှင့် ဝိုင်းစက်
သောမျက်လုံး၏ အကြည့်ဓာတ်အားကောင်းမှုက ကောင်းပိုင်၏
င်ကို လှုပ်ခတ်စေသည်။

"ဪ ဧည့်သည်ပါလာတာကိုး. . ကြွပါဆရာ"

"မနေ့က အိုတီဝင်နေရတယ် မိတ်ဆက်ပေးရဦးမယ်.



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်နဲ့ညီအစ်ကိုလိုနေတဲ့ အချစ်ဆုံးသူငယ်ချင်း ကောင်းပိုင်တဲ့. . ၊ ကောင်း. . သူက မွန်ခတဲ့"

"တွေ့ရတာဝမ်းသာပါတယ်. . . ဒေါ်မွန်ခ"

"ဟာ. . ဦးကောင်းပိုင်ကလည်း ဒေါ်တွေဘာတွေ လုပ်ပါနဲ့၊ ကျွန်မကို ဆရာခေါ်သလို မွန်ခပဲခေါ်ပါ. ."

စကားပြောလိုက်သည့်အခါ ပြုံး၍ပြောတတ်သော မွန်ခကို ငေးကြည့်ရင်း သူစွဲလန်းခဲ့ရသော ခရေကိုသတိသွားသည်။ စိတ်ထင်သလိုဖြစ်ပါလိမ့်မည်။ ဘယ်ဘက်ပါးပြင်၌ စံပယ်တင်မှဲ့ပါသော မိန်းကလေးတွေ အများကြီးရှိနိုင်တာပဲ။

အချောအလှကြီးမဟုတ်သော်လည်း စွဲဆောင်မှုအား ကောင်းသော မိန်းမတစ်ယောက်ဖြစ်သည်။

"ခဏလေးနော် ဆရာ. . ဆရာတို့ဒီမနက်စာ ထမင်း ဒီမှာသုံးဆောင်ရမယ်"

"ဘာမှမလုပ်ပါနဲ့. . ကိုယ်တို့ ခြံဝယ်ချင်လို့ လိုက်ကြည့်တာ. . ၊ မွန်ခဦးလေးက ဒီလမ်းထဲမှာရှိတယ်ဆိုသလားလို့"

"လေးလေးပြောတယ်ဆို ဟုတ်မှာပါ. . ၊ လေးလေးကို ဖုန်းဆက်ခေါ်ပေးမယ်လေ"

"အားနာစရာဖြစ်နေပြီ"

"ဆရာကလည်း. . ဆရာနဲ့ကျွန်မကြားမှာ အားနာတယ်ဆိုတာ ရှိသင့်လို့လား"

"သားကော"

"ဒီနေ့ ပိတ်ရက်လေဆရာ"





မွန်ခ မျက်နှာအနည်းငယ်ညှိုးသွားသည်။ သို့သော်. . အဒင်္ဂပင် ချက်ချင်းပင် အပြုံးလေးပေါ်လာပြီး. . .

"ခဏနော်ဆရာ"

ဟုဆိုကာ တယ်လီဖုန်း ထဆက်သည်။

နောက်. . မီးဖိုဘက်ဝင်ကာ တစ်စုံတစ်ခုသွားစီစဉ်ပုံရသည်။ နောက်ပြန်ထွက်လာသည်။ မြန်မာအမျိုးသမီးထဲတွင် ရှားပါးသောအရပ်အမောင်းနှင့် မိခင်ကောင်းတစ်ယောက်၏ ခန္ဓာကိုယ်အချိုးအဆက်ပေါက်မျိုးကိုလည်း ပိုင်ဆိုင်ထားသည်။ ယုပသော ပိတုန်းရောင်ဆံကေသာ နောက်တွဲဆံထုံးလေးတွင် ခရေပန်းကုံးကလေးက နေရာယူထားသည်ကိုတွေ့လိုက်ရသော အခါ ကောင်းပိုင်ရင်ထဲ လှုပ်ရှားမှုက ပိုလာသည်။

ဆယ်နှစ်အရွယ်ကကလေးမနှင့် အသက်နှစ်ဆယ့်ရှစ်နှစ်၊ သုံးဆယ်အရွယ်မိန်းမ၏ ရုပ်သွင်ကွာခြားမှုကို သူခန့်မှန်းပုံဖော်ဆက်စပ်ကြည့်၍ကော ရနိုင်မည်လား။

စံပင်တင်မှဲ့၊ မျက်ခုံးကောင်းကောင်း၊ မျက်ဝန်းဝိုင်းဝိုင်း ကလေးနှင့် ခရေဟူသော အမည်နာမလေးတစ်ခုသာ သူ့ရင်ထဲက ကျန်ရစ်ခဲ့လေသည်။ ဒါကိုခုချိန်မျိုး၌ သူဆက်စပ်၍ မကောင်းချေ။

ပြီးတော့. . မွန်ခနှင့်လင်းထက်။

ကောင်းပိုင်သက်ပြင်းချလိုက်သည်။

လင်းထက်က သူသက်ပြင်းချသံကိုကြားလိုက်ပြီး တစ်မျိုးထင်သွားပုံရသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်း ငါ့အတွက် စိတ်မောသွားပြီလား"

"မဟုတ်ပါဘူး. . . မင်းစွဲလန်းမယ်ဆိုလည်း စွဲလန်း
လောက်ပါတယ်"

"သူ့သားက ပိတ်ရက်ဆိုရင် သူ့အဖေလာခေါ်သွားတာ
လေ. . ၊ မင်းကိုငါပြောပြတဲ့အထဲ ပါတယ်ထင်တယ်"

ထိုစဉ် ကော်ဖီပန်းကန်များထည့်ထားသော ဗန်းက
လေးကိုင်ကာ မွန်ခရောက်လာသည်။

"ဆရာကတော့ နွားနို့နဲ့ကော်ဖီရောဖျော်တာကို ကြိုက်
တတ်တာ ကျွန်မသိလို့ ဖျော်လာခဲ့ပေမယ့် ဦးကောင်းပိုင် အ
ကြိုက်တော့မသိလို့ ဖျော်မလာဘဲ. . "

"ကောင်းက ဘက်(ခ်)ကော်ဖီကို သံပုရာစိတ်ကလေးနဲ့
ညှစ်သောက်တဲ့လူလေ"

"ဟာ. . အတော်ပဲ၊ ကျွန်မဘာဘက်(ခ်)ပဲဖျော်လာတာ
သံပုရာစိတ်ကလေးညှစ်လိုက်ရုံပဲ၊ ရွှေမိရေ သံပုရာစိတ်ကလေး
ယူခဲ့ကွယ်"

စကားပြောသည့်အခါ ပြုံးပြောတတ်ပုံလေးက ခရေ
နှင့်တူနေသည်။ ပြုံးရောင်သန်းနေသော မျက်ဝန်းလေးကလည်း
စွဲမက်စရာပင်။

"ရပါတယ် ညှော်သည်လုပ်တဲ့အခါတော့ ဂျီးမများတတ်
ပါဘူး"

"ရပါတယ် ဦးကောင်းပိုင်ရယ်၊ စိတ်တိုင်းကျဖြစ်တော့
ပိုမကောင်းဘူးလား. . ကျွန်မလည်း အပန်းကြီးတာမှ မဟုတ်





ဘာ"

ခြံထဲ၌ ပန်းစိုက်ခင်းလေးက ရစ်ဝဲလာသော ပန်းရနံ့တို့
ကို ရှူရှိုက်ရင်း ကောင်းပိုင် သံလျှင်၌ပင် ခြံကိုရအောင်ဝယ်ယူ
ရန် ဆုံးဖြတ်လိုက်လေသည်။

ကော်ဖီသောက်ပြီး ခြံသို့ မွန်ခကလိုက်ပြသည်။ နှင်းဆီ
စံပယ်နှင့် သပြေ၊ သစ္စာပန်း၊ ဂန္ဓမာပန်း၊ စိန်ခြယ်၊ ဒေါနဲ၊ နှင်းပန်း
စသည်ဖြင့် ဘုရားပန်းပေါင်းစုံစိုက်ခင်းကို တွေ့ရသည်။

"ဘုရားဈေးကပန်းသည်တွေ ဖောက်သည်လာယူတယ်
လေ ယတြာချေချင်တဲ့သူတွေလည်း တခါတရံ တိုက်ရိုက်လာ
ဝယ်ကြတယ်"

"ဟင်. . ခရေပင်ကြီးပါလား"

ခြံ၏ထောင့်တစ်နေရာ၌ ခရေပင်ကြီးတစ်ပင်ကို တွေ့
လိုက်ရသဖြင့် လင်းထက်က တအံ့တသြပြောလိုက်သည်။

"ဟုတ်တယ် ဆရာ. . ၊ ခရေကို အိမ်ခြံဝန်းထဲစိုက်ရင်
ခိုက်တယ်လို့ပြောကြပေမယ် ကျွန်မကအယူမရှိပါဘူး၊ ပြီးတော့
ခရေပန်းကိုလည်းအရမ်းကြိုက်တော့ ခုတ်မပစ်ရက်ဘူးလေ. . ၊
ဒီခြံဝယ်ဖြစ်သွားတာ. . ဒီခရေပင်ကို သဘောကျလို့ ဝယ်ဖြစ်
သွားတာ. . "

"ဒီခြံဝယ်တော့ မွန်ခတို့ ဒိုင်ပို့စ်လုပ်ပြီးပြီလား"

"လုပ်ပြီးပါပြီ. . လုပ်ပြီး သူပေးတဲ့မယားစရိတ်ထဲကနေ
ဝယ်ဖြစ်လိုက်တာပါ"

"ဩော်. . . "



www.burmeseclassic.com

www.burmeseclassic.com



မွန်ခမျက်လုံး၌ အပြောင်းအလဲမဖြစ်ချေ။ ကွာရှင်း ခြင်း၊ တစ်ခုလပ်ဖြစ်ခြင်းအပေါ်၌ မွန်ခသည် ခံစားချက်မရှိ ဘူလား။

"ဆရာ့ကို ကျွန်မအကူအညီတစ်ခုတောင်းရဦးမယ်"

"ဘာလဲပြော"

"လက်ထပ်ပြီး အလုပ်ထွက်ခဲ့ရတယ်၊ ကွာရှင်းပြီး အ လုပ်ပြန်လုပ်ချင်ပေမယ့် အမေ့ရောဂါကြောင့် ကျွန်မအလု ထွက်မလုပ်နိုင်ခဲ့ဘူး၊ ခု အမေဆုံးသွားတော့. . သားကိုလည် အေးခက ဆရာမဖြစ်နေတော့ တာဝန်ယူစောင့်ရှောက်ပေးနို တယ်"

"အလုပ်ပြန်လုပ်ချင်တယ် ဆိုပါတော့"

"ပုဂ္ဂလိကဆေးရုံတစ်ခုခုမှာ အိုတီနာပ်စ့်အနေနဲ့ ပြန်ဝ ချင်ပါတယ်ဆရာ"

လင်းထက်မျက်နှာပြုံးရွှင်စွာဖြင့် မိမိအားလှမ်းကြည့် လိုက်သည်။ ကောင်းပိုင်က နားလည်စွာ ခေါင်းညိတ်လိုက်သည်

မွန်ခက သူတို့မျက်နှာကို တလှည့်စီကြည့်ပြီး နားမလည် ဟန်ဖြင့် မျက်လုံးကလေး ကလည်ကလည်ရှိနေသည်။

"ရေကန်အသင့် ကြာအသင့်ပဲ မွန်ခ. . ဟောဒီပုဂ္ဂိုလ် ဟာ ကောင်းဆေးရုံရဲ့ ရှယ်ယာဝင်တစ်ဦးပဲ၊ သူ့အစ်မနဲ့ ယော ဖက ဆေးရုံအုပ်တွေပဲ"

"ဟင်. . ဟုတ်လား၊ ဆရာကော အဲဒီမှာ အလုပ်လု သလားဟင်"





"လုပ်တာပေါ့ဗျာ"

"ဒီလိုဆို ဦးကောင်းပိုင်ကိုပဲ တောင်းပန်ရတော့မှာပဲ"

ကောင်းပိုင် အလိုလိုပြုံးမိလေသည်။ မွန်ခ၏ ဝမ်းသာမှု န်မဆောင်နိုင်သော အပြုံးကလေးက လင်းထက်နှင့် ကောင်း ိုင်တို့နှစ်ဦး၏ ရင်ကိုပါ ကူးစက်စေသည်။

"ရပါတယ် မွန်ခရယ် လင်းထက်နဲ့ ပတ်သက်လာသူ န်သမျှကို ကျွန်တော့်မှာငြင်းပယ်နိုင်တဲ့ အင်အားမရှိပါဘူး"

လင်းထက်ကျေနပ်စွာပြုံးပြီး. .

"ဒီလိုဆို မွန်ခ ညည်းရဲ့လက်မှတ်တွေ၊ ထောက်ခံစာ တွေယူပြီးရင် ရက်ကောင်းရက်မြတ်သာရွေးပြီး 'ကောင်း'ကိုပြေး တော့၊ ကိုယ့်သူငယ်ချင်းက ကူညီမယ်ဆို ထိထိရောက်ရောက် ကူညီတတ်တယ်. . "

"စိတ်ချပါ. . မွန်ခ လာမယ့်ရက်ကိုသာ အကြောင်း ကြားလိုက်ပါ၊ ကျွန်တော်ကိုယ်တိုင်လာခေါ်ပြီး လိုက်အပ်ပေးပါ့ မယ်. . ၊ ခုလည်း ပြန်ရောက်တာနဲ့ ကြိုပြောထားပါ့မယ်. . "

"ဝမ်းသာလိုက်တာ ဆရာတို့ရယ်. . ၊ ကျွန်မဘယ်လို ကျေးဇူးတုန့်ပြန်ရမှန်းတောင် မသိတော့ဘူး"

ခံစားတတ်သော နှလုံးသားပျော့ပျော့ကလေးကို ပိုင် ဆိုင်ထားသူဖြစ်ဟန်တူသည်။ ဝမ်းသာလွန်းတော့လည်း မျက် ရည်လည်ရှာသည်။

ဟုတ်ပါတယ်။ စွဲငြိခဲ့သော အပြုံးလှလှလေးက သူ၏ ခေါင်းစီးပဝါလေးကိုရှ၍ ကျေးဇူးတင်ဝမ်းမြောက်သွားသော



www.burmeseclassic.com

www.burmeseclassic.com



အပြုံးနှင့်တူလိုက်တာ။

"မိခရေ. . ဘယ်မှာလဲ'

"ရှင်. . . လေးလေး. . မီးဒီမှာ"

လူတစ်ဦးက အိမ်ဘက်ဆီမှ ကျယ်လောင်စွာ လှမ်းအသံပြုလိုက်သည်။

ရိုးသားပွင့်လင်းသော ဟန်ပန်များထက် ကောင်းပိုင်ရင်ကို ပို၍လှုပ်ရှားသွားစေသည်က "မိခရေ"ဟူသော အသုံးအနှုန်းလေးပင်။ တိုက်ဆိုင်လိုက်တာ။

ကောင်းပိုင် မွန်ခကို တအံ့တသြငေးကြည့်ကာ ငယ်ရုပ်ကို ထပ်မံဖမ်းယူလိုက်သည်။

"ညည်းက လုပ်လိုက်ရင်အသည်းအသန်ကြီးပဲ၊ မနေ့ကမှ မမကြီးရက်လည်ပြီးလို့ အနားရမလားအောင့်မေ့ပါတယ်၊ ခုအရေးတကြီးခေါ်ရတဲ့ အကြောင်းရင်းက. . . ဩော်. . ဒေါက်တာလည်း ရောက်နေတာကိုး"

"ဟုတ်ကဲ့ဦးလေး. . ဦးလေးကိုခေါ်ရတာ ကျွန်တော်ကြောင့်ပါ. .၊ ဟိုနေ့ကရောင်းဖို့ အပ်ထားတဲ့မြေကွက်တွေ ဦးလေးဆီမှာရှိတယ် ကြားမိလိုက်သလားလို့. ."

မွန်ခ၏ဦးလေးဆိုသူ၏ ပုံပန်းသဏ္ဍာန်ကတော့. . . ကောင်းပိုင်မျက်လုံးအိမ်၌ ပုံရိပ်ထင်မကျန်ခဲ့သဖြင့် မမှတ်မိ။ သို့သော်. . 'မိခရေ'ဟူသောအသံကတော့ စွဲထင်ခဲ့ရသည်မှာ ထိုဦးလေးဆိုသူက သူနှုတ်ကျိုးနေသော အိမ်နာမည်ဖြစ်ပေလိမ့်မည်။





"ရှိတယ် ဒေါက်တာ ယူမလို့လား. . အိမ်ပါသလား"

"ကျွန်တော့်မှာ အဲဒီလောက် ငွေပိုငွေလျှံမရှိသေးပါဘူး ဒီကကျွန်တော့်သူငယ်ချင်းအတွက်ပါ. . ရေကြောင်းအင်ဂျင်နီယာဦးကောင်းပိုင်ပါ. . သူလိုချင်တာ"

"ရှိပါတယ် အကျယ်အဝန်းက ဘယ်လောက်လိုချင်တာလဲ အပန်းဖြေရုံသက်သက်လား. . ဦးကောင်းပိုင်"

"ဖြစ်နိုင်ရင် ရေမဝပ်ပဲ ပန်းပင်လေးတွေ စိုက်ပျိုးလို့ရတဲ့ ဒီခြံလိုမျိုးပေါ့ဗျာ. ."

"အဲဒီလို မထူးပါဘူး မိခရေ ညည်းခြံပဲရောင်းလိုက်ပါလား မမကြီးလည်းရှိတော့တာမှမဟုတ်ပဲ. .၊ ညည်းတို့ညီအစ်မနှင်ယောက်ထဲဆိုတော့ ငါလည်းစိတ်မချဘူး. . ."

"ဟာ. . မလုပ်ပါနဲ့. . ဒါလေးဟာ မီးရဲ့ဘဝလေးပါ"

မွန်ခသည် ဤအိမ်ခြံကို အတော်တွယ်တာမြတ်နိုးပုံရသသည်။

"မလုပ်ပါနဲ့ဗျာ၊ သူမရောင်းချင်တာကို ကျွန်တော်လည်းမလိုချင်ပါဘူး. .၊ ဖြစ်နိုင်ရင် တစ်ဧက ဒါမှမဟုတ် နှစ်ဧကအကျယ်အဝန်းလောက်ကို လိုချင်တယ်၊ ကုန်းဖြစ်ချင်ဖြစ်ပါစေ"

"ဒီလိုဆို ဒေါက်တာတို့ အခုလိုက်ကြည့်မလား ကျွန်တော်လိုက်ပြပေးမယ်"

"ဟာ. . အဆင်ပြောတာပေါ့ဗျာ"

"လေးလေး. . ဆရာတို့ကို ဒီမှာမနက်စာထမင်းကျွေးဖို့ စီစဉ်ထားတယ်နော်၊ လေးလေး အဝေးကြီးခေါ်မသွားနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အေးပါဟ"

"လေးလေးလည်း ဒီမှာပဲစား"

"အေးပါဟ. . ကိုင်း. . ဒေါက်တာ နေမမြင့်ခွင့် လိုက် ကြည့်လိုက်ရအောင်. .၊ ဒါထက် အဝယ်ဘက်ကပွဲခက မိခရေရဲ့ ဒေါက်တာနဲ့ တစ်ဝက်စီပေါ့. . ဟုတ်လား. . ဒေါက်တာ"

မွန်ခ(ခေါ်)မိခရေ၏ ဦးလေးသည် ဘွင်းဘွင်းရှင်းရှင်း ပြောတတ်ပုံရသည်။ ပွင့်လင်းစွာမေးလေသည်။

"ဟာ. . ဟုတ်ပ. . ဦးလေးမေးမှပဲ ကျွန်တော်သတိရ တော့တယ်၊ အဲဒီအတိုင်းပဲပေါ့ ဦးလေးရာ. . ဦးလေးကကော အရောင်းဘက်က ဘယ်နှစ်ဦးခွဲတန်းရှိသေးလဲ"

"မရှိဘူး. .၊ ကျွန်တော့်ကိုအပ်ထားတာ ခုနစ်ကွက် လောက်ရှိတယ်၊ ပိုင်ရှင်ကိုယ်တိုင် တိုက်ရိုက်ဆိုတော့ အဲဒီအ ကွက်တွေဖြစ်ပါစေလို့ပဲ ဆုတောင်းရမှာပဲ"

"ဖြစ်မှာပါဗျာ"

ကောင်းပိုင်သည် အရောင်းအဝယ်ကိစ္စများ၏ သဘော ကိုတော့ သိနေပြီဖြစ်သည်။

ပြန်လာတိုင်း ကားဝယ်စီး ပြန်ထွက်ခါနီး ပြန်ရောင်း သည်။ အိမ်ခန်းလည်း တစ်ခန်းမကြိုက် တစ်ခန်းနှင့် ခုနောက်ဆုံး တိုက်ခန်းကတော့ သက်ဆိုးရှည်နေလေသည်။

ခုလောလောဆယ် ကောင်းပိုင်အတွက် သံလျင်၌မြေ တစ်ကွက်ရဖို့ အင်မတန်အရေးကြီးနေသည်။

မြေကွက်ကို ကြိုက်နှစ်သက်သော အနေအထားရ





က် ဖြစ်နိုင်လျှင် မွန်ခခြံရှိသောနေရာနှင့် အနီးဆုံးဖြစ်ဖို့ အဓိ ဖြစ်နေသည်။

သေသေချာချာကြည့်ပြန်လည်း မိမိအစွဲအလန်းသည် ကူးယဉ်သက်သက်မျှသာ ဖြစ်နေလေသည်။

လွန်ခဲ့သော ဆယ့်ရှစ်နှစ်ခန့် သူ့ခေါင်းစည်းပုဝါလေးကို သူကပြန်ပေးခဲ့သော ချာတိတ်ကို မိခရေက ဘယ်မှတ်မိ ပါ့မည်နည်း။ နောက်. . . လင်းထက်. . . ။

အချစ်ဆုံးသူငယ်ချင်း လင်းထက်က နှစ်နှစ်ကာကာ ခင်စွဲလန်းနေသော မိန်းမဖြစ်သည်။ ဒီအချက်ကို ကောင်းပိုင် ည့်မတွက်၍မဖြစ်။

လင်းထက်တိုက်တွန်းချက်လည်းပါ၊ မိမိကိုယ်တိုင်က ည်း ဖိုးကျိုင်းတုတ်ဖြစ်နေပြီဖြစ်သော တစ်ဧကခွဲခန့်သာရှိ သော ခြံကိုယူဖို့ ဆုံးဖြတ်လိုက်သည်။ ရှိရင်းစွဲပါလာသော တစ် တိုက်ကိုတော့ ဖြိုပစ်ကာ အသစ်ပြန်ဆောက်ရန် ဆုံးဖြတ် ပြီး ထိုနေ့မှာပင် စရန်သတ်ဖြစ်လိုက်လေသည်။

"မင်း ဘယ်သူ့ကိုမှ မတိုင်ပင်တော့ဘူးလား ကောင်း"

"ကိုယ်နေမှာလေ ကိုယ်ကြိုက်ရင်ပြီးတာပဲမှတ်လား"

"မင်းကတော့ စံပါပဲ"

မင်းက စံပါပဲဟု ပြောသောလင်းထက်ကို မိမိကလည်း ရလေသည်။

လင်းထက်က သူရသောပွဲခကို လုံးဝမယူပဲ မွန်ခကိုသာ သောအခါ မွန်ခက လက်မခံပဲ ငြင်းလေသည်။



www.burmeseclassic.com

www.burmeseclassic.com



"ညည်းက ကိုယ့်ကိုငြင်းရဲသလား။ အိုတီဝင်လို့ အော

ဆိုက်ရရင် ညည်းတို့ကို ကိုယ်မုန့်ဖိုးပေးခဲ့တာ မေ့နေပြီလာ

ကိုယ့်သူငယ်ချင်းဆီက ပွဲခယူရင် ကိုယ့်လောက်မိုက်ကန်းတဲ့

ရှိနိုင့်ပါ့မလား ရော့ . . ယူ"

ဟုဆိုကာ ဖွတ်ပေးခဲ့လေသည်။

လင်းထက်၏ စေတနာကို သိရှိနားလည်ထားပုံရသေ

မွန်ခမှာ မငြင်းရဲတော့ပေ။

အပြန်လမ်း၌ လင်းထက်စကားကြောင့် ကောင်းပိုင်

ထဲ မီးတောက်သွားရလေသည်။

"ဘယ်နဲ့လဲ မွန်ခကိုမင်းဘယ်လိုမြင်သလဲ"

"ဖြူစင်ပုံရတယ် ဆွဲဆောင်မှုကောင်းတဲ့ မိန်းမပဲ"

"ဟုတ်တယ် ဖြူစင်ရိုးသားမှုလေးကိုကပဲ ဆွဲဆောင်

ကောင်းနေတာ ဘာပဲဖြစ်ဖြစ် ငါတော့နှင်းနှင်းနဲ့ ဆွေးနွေးကြ

လို့ပြေလည်ရင် မွန်ခကိုဖွင့်ပြောလိုက်တော့မယ်၊ ဒုတိယံပိ မဖေ

ချင်တော့ဘူးကွာ. . ."


ကောင်းပိုင် ဆိတ်ဆိတ်နေလိုက်သည်။

အချစ်ရေး၌ ကြားမဝင်ခြင်းသည်သာ အကောင်းဆုံး

နည်းလမ်းဖြစ်လေသည်။







# အခန်း (၇)

မွန်ခက မြင်ကွင်းမှပျောက်ကွယ်သွားသောကားကို

ငေးဆငေးကြည့်နေမိသည်။ ဒေါက်တာလင်းထက်. . .

မိမိဘဝ၌ အကူအညီအပေးဆုံးနှင့် မေတ္တာစာတ်ပေး

ပြီး စောင့်ရှောက်နိုင်ဆုံးသော သူစိမ်းယောကျ်ားတစ်ဦးဖြစ်

သည်။

ဆရာရင်းတပည့်လိုတစ်မျိုး၊ မောင်နှမလိုမျိုး စောင့်

ရှောက်မှုပေးသည့် ဒေါက်တာလင်းထက်ထံမှ ပွင့်လန်းလာမည့်



www.burmeseclassic.com

www.burmeseclassic.com



မေတ္တာပန်းကိုစောင့်မျှော်ရင်း. . ချစ်ခြင်းမေတ္တာဖူးငုံလေး. . ကံကြမ္မာပိုးထိုးခြင်းခံရ၍ နွမ်းကြွေသွားရသည်။

မွန်ခ အိမ်တံခါးကိုပိတ်လိုက်သည်။ ထိုးလက်စ တင်းစလေးကို ပြန်ကောက်ကိုင်လိုက်သည်။ ကျောင်းပိတ်ရက် နှစ်ရက်၌ သားမရှိသဖြင့် အိမ်သည်ခြောက်သွေ့နေသည်။

ညီမအေးခက ပိတ်ရက်လည်းမနားရ။ ကျောင်းကို နှင့် ကျူရှင်ကိစ္စက ဆက်နေသည်။ အဖော်မိန်းကလေးနှင့် စောင့်ဖထီးတို့ လင်မယားကိုသာ အားထားအဖော်ပြုရသည် မောင်တွေကလည်း အားမကိုးရ၊ အတောင်အလက်စုံတော့ သန်းသွားကြလေသည်။ အငယ်ဆုံးညီမ အေးခတစ်ယောက် တည်းသာ မိမိနှင့်အတူ စိတ်ဝေဒနာသည်မိခင်ကို စောင့်ရှောက် ပေး၍ တော်သေးသည်။

ထိုစဉ်. . ခေါင်းလောင်းမြည်သံကြောင့် တံခါးဝသို့ လျှောက်လိုက်သည်။ အေးခက စက်ဘီးကိုပေါ်တီကိုအောက်မှ ကပ်ရပ်ရင်း ခေါင်းလောင်းကြိုးကို လှမ်းဆွဲလိုက်ခြင်းဖြစ်သည်။

"အေးခ. . . စောသားပဲ"

"တပည့်ကျော်တွေက ဒီနေ့ရန်ကုန်ထဲသွားမှာမို့ ခွင့် တောင်းလို့လေ"

ကျူရှင်ဆရာမလုပ်ရတာလည်း သိပ်တော့လွယ်အုံး ထင်။ တပည့်တွေ၏ဆန္ဒကိုလည်း လိုက်လျောသင့်သလောက် လိုက်လျောပေးရလေသည်။

"လမ်းထိပ်မှာ ဆရာနဲ့တွေ့လိုက်လို့ လှမ်းနှုတ်ဆက်





သွားသေးတယ်၊ အရမ်းကောင်းတဲ့ကားကြီးနဲ့ပါလား မမကြီး"

"သူ့သူငယ်ချင်းကားပါ. . ခြံလာဝယ်တာ၊ တို့တောင် သေးလေးနဲ့ တစ်ဝက်ဆီ ပွဲခရလိုက်သေးတယ်"

"တယ်ဟုတ်ပါလား"

"အေးခ လက်ကောက်ထပ်လုပ်ချင်တယ်ဆို လုပ်လိုက် လေ"

"နေပါစေမမကြီးရာ. . ၊ ဒါထက် ဆရာ့ဘေးက လူကြီး က အတော်ချောတာနော်. . ကားကသူ့ကားလား၊ ခြံက သူဝယ် တာလား"

"ဟုတ်တယ်ထင်တယ် ခြံကသူဝယ်တာ သိန်းငါးရာနဲ့ သေး၊ တယ်လီဖုန်းလည်း ပါပြီးသားဆိုတော့ တန်ပါတယ်. . ၊ သူကတော့ အကုန်အစုတ်တံတိုင်းခတ်ပြီး အကျအန ပြန်ဆောက် ယ်ထင်တယ်. . ."

"အဲဒီလူကြီးက လူပျိုလား"

"ဘယ်သိမှာလဲ"

အေးခက ပြုံးစစလေးလုပ်ကာ. . .

"ဆရာကတော့ လူပျိုပဲနော်"

"အေးခ ဘယ်လိုဖြစ်နေတာလဲ"

"စတာပါ မမကြီးရာ"

အေးခက သူ့အခန်းထဲဝင်ရောက်သွားမှ မွန်ခလည်း င့်သက်ရှိုက်မိသည်။

အေးခလည်း အသက်နှစ်ဆယ့်နှစ်နှစ်ရှိပြီး အပေါ်ယင်



www.burmeseclassic.com

www.burmeseclassic.com



တတိယနှစ်ရောက်ပြီ။ ဘွဲ့ရလျှင်တော့. . သင့်တော်သော အိ
ထောင်တစ်ခုချပေးလိုက်လျှင် မိမိတာဝန်ပေါ့သွားလိမ့်မည်။

မိမိကကော. .

မိမိဘဝ၌ သားရှိလျှင် ပြီးပြည့်စုံပြီ။

မိမိ၏ဘဝကို ဝါသနာပါသောလုပ်ငန်းနှင့် ဖြည့်စွ
ကာ အထီးကျန်ခြင်းကို ကုန်ဆုံးစေလိုက်မည်။

"အေးခရေ. . ငါဆေးခန်းတစ်ခုခုမှာ အိုတီနာပ်(စ်)ပြ
လုပ်တော့မယ်"

"ဟင်"

"နိုက်ဂျူတီပါ ဆင်းရမှာပေါ့"

"အေးလေ. . လိုအပ်ရင် တို့တွေ တိုက်ခန်းကျဉ်းလေ
တစ်ခု ငှားနေရအောင်လား"

"ဘယ်က အဆက်အသွယ်ရသွားတာလဲ ဆရာ့စနက်
ထင်တယ်"

"ဒါပေါ့"

ညီအစ်မနှစ်ယောက် အိပ်ခန်းအတွင်းအပြင် လှမ်း
ကားပြောနေကြသည်။

"ဆရာဦးလင်းထက်ကတော့ မမကြီးအတွက် လိုတ
နတ်တစ်ပါးလို့ပဲနော်. . ၊ စိတ်ကူးမလွဲနဲ့နော် ပရိုပို့(စ်)လုပ်ရ
ချက်ချင်းသာ ခေါင်းညိတ်လိုက်. . သိလား. . ."

"ကောင်မလေး တောက်တီးတောက်တဲ့"

ဟုသာ မာန်လိုက်ရသည် ရင်ခုန်သံက သစ်လွင်ချ





သည်။ ထိုထက်ပိုဆိုးတာရှိသည်။

ဦးကောင်းပိုင်၏မျက်ဝန်း. . . .

မိန်းမသားတစ်ဦး၌ သင်စရာမလိုပဲ တတ်သောပညာ
ခု အလိုလိုရှိနေသည်။ ထိုပညာက သူစိမ်းယောကျ်ားတစ်ဦး
မျက်ဝန်းရိပ်ထဲ၌ ပေါ်ပေါက်လာသောမိမိအား စိတ်ဝင်စား
းဟူသော အသိပညာတစ်မျိုးကိုဖြစ်သည်။

ဦးကောင်းပိုင်အကြည့်၌ မိမိအားစိတ်ဝင်စားသော
ကြည့်များ ယှက်သန်းနေသည်မှ အတိတ်ဘဝပေါင်းများစွာက
ွာနေသော ချစ်သူကိုပြန်လည်ဆုံတွေ့သည့် အကြည့်မျိုး. ။

ချမ်းသာလွန်းသောလူတွေကို မွန်ခကြောက်ပါပြီ။

မိအေးနှစ်ခါနာဘဝမျိုး အဖြစ်မခံနိုင်။

အေးအေးချမ်းချမ်းဘဝလေးတစ်ခုပဲ တည်ဆောက်နေ
င်ချင်ပြီ။ ဦးကောင်းပိုင်သည် လူပျိုလူလွတ်ဖြစ်ကြောင်း စရန်
တ်အရောင်းအဝယ်စာချုပ်ချုပ်စဉ်မှာ သိလိုက်ရသည်။

"တစ်ယောက်တည်းနာမည်နဲ့ပဲချုပ်မှာလား ဇနီးနာမည်
ာမထည့်တော့ဘူးလား"

ဟု ဦးလေးက ဘွင်းဘွင်းမေးလိုက်စဉ်က မျက်နှာနီရဲ
ားပြီး. . .

"ကျွန်တော့်မှာဇနီးမရှိပါဘူး"

ဟုမဝံ့မရဲဖြေလိုက်သည်။

"သူလည်း ကျွန်တော့်လိုပဲ လူပျိုလူလွတ်ပါဦးလေး"

ဟု ဆရာလင်းထက်က ဝင်ဖြေလိုက်သေးသည်။



www.burmeseclassic.com

www.burmeseclassic.com

အေးခက 'တစ်ပင်လဲလို့ တစ်ပင်ထူတာ အပြစ်မဟ
ဘူး. . . ကိုယ်ချစ်သူချစ် နှစ်ကိုယ်ချစ်တွေ့ရင် ယူသာယူမ
ဟု မြောက်ထိုးပင့်ကော် အားပေးနေသူဖြစ်သည်။

မွန်ခ ဦးဇော်အောင်ကို ယူခဲ့တုန်းကလည်း ထွက်ပေ
တစ်ခုအနေနှင့်သာ ဖြစ်သည်။ ချစ်ခြင်းမေတ္တာမပါခဲ့။

စိတ္တဇဝေဒနာသည် မုဆိုးမမိခင်၊ မိမိအောက်မှကျေ
နေကြသော မောင်နှစ်ယောက်၊ ညီမနှစ်ယောက်၏ ပညာ
အတွက် မွန်ခမချစ်သော်လည်း အောင့်ကာနမ်းဆိုသကဲ့
လက်ထပ်ရန်ကမ်းလှမ်းလာသော ဦးဇော်အောင်ကို လက်ထ
လေသည်။

ဦးဇော်အောင်က မိမိအားအလုပ်ထွက်စေပြီး အလ
အရပ်သက်သက်တစ်ခုပမာ ရှိုးကေ့(စ်)ထဲ၌ထားကာ ကြွားဝါ
သည်။ သူသည် အရာရာကို ငွေနှင့်သာဖန်တီးရှုသက်သက်
ဘောထားသည်။

မိခင်နှင့် မောင်နှမတွေအတွက် လုံလောက်သော
ကြေးထောက်ပံ့မှုကိုတော့ ပေးပါသည်။ သို့သော် ဘယ်မှသွ
လာခြင်းကိုမကြိုက်။ သူကတော့ မွန်ခမတိုင်မီ မယားနှစ်ဦး
သေးသည်။ တစ်ဦးကသေဆုံးပြီး၊ တစ်ဦးက ကွာရှင်းခဲ့သည်
သိရသည်။ သားမွေးပြီးမကြာခင် ဦးဇော်အောင်၏ အသစ်
ဆန်းခုံမင်တတ်သော စရိုက်ကပြလာပြန်သည်။ မွန်ခအပေါ်
စွတ်စွဲချက်တင်သည့်စကားမှာ တစ်ခွန်းတည်းဖြစ်သည်။

"အချစ်မပေးနိုင်တဲ့ မိန်းမတစ်ယောက်ကိုယူရတာ





စက္ကူပန်းတစ်ပွင့်ကို နမ်းရှိုက်ရသလိုပဲ ဘာမှအနှစ်သာရမရှိဘူး၊ အဓိပ္ပါယ်မရှိဘူး. . ခံစားလို့မရဘူး"

ဟူသော အကြောင်းပြချက်ဖြင့် ကွာရှင်းခွင့်တောင်းသည်။ မွန်ခသည် ဦးဇော်အောင်ပေးသော မယားစရိတ်ကို ဘာမှစောဒကမတက်ပဲယူလိုက်ပြီး သားအတွက် နှစ်စဉ်ထောက်ပံ့မှုနှင့် အပတ်စဉ် စနေနေ့နံနက်မှ တနင်္ဂနွေနေ့ညနေအထိ ခေါ်တွေ့မှုကိုလည်း ငြင်းပယ်စရာမရှိသဖြင့် လက်ခံလိုက်သည်။

ဦးဇော်အောင် နောက်အိမ်ထောင်ပြုသွားသည်။

နောက်အိမ်ထောင်နှင့် သားသမီးမရသေး။ အရင်အိမ်ထောင်နှင့်လည်းမရ။

သားအပေါ်၌ ဦးဇော်အောင်၏ မေတ္တာတွေက စုပြုံနေသည်။ ဦးဇော်အောင်နှင့် ကွဲကွာခြင်းအတွက် မွန်ခ၌ ခံစားချက်အလျဉ်းမရှိခဲ့။

သို့သော် ဦးဇော်အောင်၏ ကျေးဇူးကိုတော့ မွန်ခသဘောပေါက်သည်။ တိုးချဲ့ရပ်ကွက်တစ်ခု၏ တဲကုတ်သာသာအိမ်ကလေး၌မောင်နှမတွေအတွက် ကုန်းရုန်းရှာပြီး အကြွေးအိုက်နေသော မိမိဘဝ၏ကယ်တင်ရှင်မှာ ဦးဇော်အောင်ဖြစ်သည်။

ယခုကဲ့သို့ တင့်တောင်းတင့်တယ် အခြေအနေ ပြောင်းလွဲခြင်းမှာ ဦးဇော်အောင်၏ကျေးဇူးဟု နားလည်ထားသည်။

သားကလည်း အဖေကို တွယ်တာသည်။

ဦးဇော်အောင်သည် သားကိုခေါ်တွေ့သည့် စနေ၊ တနင်္ဂနွေနေ့ရက်များတွင် ဘယ်သူ့ကိုမှ အချိန်မပေးသကဲ့သို့ သူ၏



www.burmeseclassic.com

www.burmeseclassic.com



သီးခြားပိုင် ဝင်ဒါမီယာကခြံတွင်သာ သားနှင့်သူနှစ်ယောက် တည်းနေသည်။ အိမ်၏ ဟာရိယ အလုပ်သမားများမှအပ နောက် စတုတ္ထမြောက်မယားပင်လျှင် ထိုအိမ်သို့လာခွင့်မရှိပေ။ မွန်ခ ကိုယ်တိုင်လည်း ထိုအိမ်ရှိကြောင်းမသိ။

ဦးဇော်အောင်၏ ပထမ မယားကြီးနှင့် ဦးဇော်အောင် နေခဲ့သောအိမ်ဖြစ်သည်။ ပထမ မယားကြီးသည် သားဦးလေး မွေးဖွားရင်း မိခင်ကော ရင်သွေးပါ ဆုံးရှုံးသွားခဲ့ခြင်းဖြစ်သည်ဟု သိရသည်။


အချို့က ဦးဇော်အောင်၌ စိတ္တဇဝေဒနာရှိသည်ဟုပင် စွတ်စွဲကြသည်။ ဒါတော့ မဖြစ်နိုင်. . .။

စီးပွားရေးလောက၌ အောင်မြင်ကျော်ကြားနေသော ဦးဇော်အောင်လို ဦးခေါင်းမျိုး၌ စိတ္တဇဝေဒနာလာရောက် မကပ် ညိနိုင်။ နှလုံးသား စိတ္တဇနာတော့ဖြစ်နိုင်သည်။

မွန်ခ လွင့်မျောနေသော အတွေးအိမ်တို့ကို ရှင်းလင်း ဖြစ်ရန် ခြံထဲသို့ ဆင်းလိုက်သည်။ ဖထီးနှင့် အမိုးတို့နှင့် စကား သွားပြောလိုက်တာပဲကောင်းမည်။ ဒါမှ ညစ်နွမ်းနေသော အာရုံ သည် လန်းဆန်းသွားနိုင်မည်။







အခန်း (၈)

ကောင်းပိုင်အစ်မက တအံ့တဩနှင့်. . .

"ကောင်းမှာ မိန်းကလေးသူငယ်ချင်းရှိတယ်လို့ မလတ် သည်းတစ်ခါမှ မကြားမိပါလား. . ."

"လင်းထက်နဲ့ပတ်သက်ပြီး ခင်မင်သွားတာပါ"

ကောင်းပိုင်မိသားစုက များသည်။ မောင်နှမခြောက် ယောက်ရှိသည်။ ကောင်းပိုင်အထက်၌ အစ်မသုံးယောက်၊



www.burmeseclassic.com

www.burmeseclassic.com



အစ်မသုံးယောက်အထက်၌ အစ်ကိုသုံးယောက်ရှိသည်။

ကောင်းပိုင်က အငယ်ဆုံးဖြစ်သဖြင့် အစ်ကိုများနှင့် အတွဲမညီခဲ့။ တစ်ယောက်တည်းနေတတ်ပြီး အတွဲဆုံးမှာ လင်းထက်တစ်ယောက်တည်းရှိသည်။

ထို့ကြောင့် လင်းထက်ကလည်း သူ့အား အိမ်သားများခေါ်သလို "ကောင်း" ဟုသာခေါ်ခြင်းဖြစ်သည်။

"ကောင်း ခန့်စေချင်ရင် ခန့်ရမှာပေါ့၊ အရည်အချင်းရှိရင်ပြီးတာပါပဲ"

"ရှိပါတယ်"

"ကောင်းက ဒီဆေးရုံရဲ့ ရှယ်ယာအများဆုံးဘော့(စ်)ပဲဟာ ဆေးရုံရဲ့ အကောင်းအဆိုးကို မလတ်တို့လက်ထဲ အပ်ထားပေမယ့် မလတ်တို့ကလည်း လက်လွှတ်စပယ်မလုပ်ပါဘူး ကောင်းရဲ့ ဂုဏ်သိက္ခာကို အမြဲမြင့်စေချင်တယ်"

"လတ်ကလည်း ရှည်လိုက်တာကွာ. . ၊ ကောင်းနဲ့ပတ်သက်လာတဲ့ ဒေါက်တာလင်းထက်လည်း ဘယ်လောက်တော်သလဲ၊ လင်းထက်ကော ကောင်းကောနဲ့ ပတ်သက်မှတော့ ဒီအိုတီနာပ်(စ်)လည်း အားကိုးရမှာပါ. . . "

"အစ်ကိုစမ်းကြည့်လေ. . ၊ မကြိုက်ရင်ဖြုတ်နိုင်တယ်"

ကောင်းပိုင် မွန်ခအတွက် ရဲရဲတင်းတင်းပင် အာမခံပေးလိုက်သည်။

ဉာဏ်ရည်ထက်မြတ်ပုံရသော မွန်ခအတွက် လုပ်ရည်ကိုင်ရည်လည်း တော်လိမ့်မည်ဟု ကောင်းပိုင်ယုံကြည်သည်။





"ဒါဖြင့် ဘယ်နေ့လောက် သူလာတွေ့မှာလဲ"

"မနက်ဖြန်"

"ကောင်းတယ် စောစောဝင်နိုင်လေ ကောင်းလေပဲ သူလိုနေတယ်"

ရေကန်အသင့် ကြာအသင့် ရှိလိုက်လေဟုသာ လင်းထက်ကြုံးရင့်သလို သူပါလိုက်ကြုံးရင့်မိလေသည်။

"ကိစ္စရှိလို့ ဆေးရုံကိုမရောက်စဖူး ရောက်လာတာကိုး ထက်. . ကောင်း မြေဝယ်မယ်ဆို ဝယ်ပြီးပြီလား"

"ပြီးပြီ"

"ဘယ်မှာလဲ မြောက်ဒဂုံမှာပဲလား"

"မဟုတ်ဘူး သံလျင်"

"အင်း. . မဆိုးပါဘူး စိုက်ပျိုးရေးကောင်းတယ် ကိုင်း သတ်ဝေါင်း(ရ်)လိုက်ဦးမယ်"

"အင်းအင်း"

'ကောင်း'အထူးကုဆေးရုံထဲမှ သူထွက်ခဲ့သည်။ ခြောက်ထပ်အဆောက်အဦး၊ မြေအောက်ခန်းပါဝင်သည်။ ဤပုံစံကို သူကိုယ်တိုင်ပုံစံရေးဆွဲကာ တည်ဆောက်ခဲ့သည်။ သို့သော် ငွေကြေးရှယ်ယာဝင်ခဲ့သည်မှအပ ထိုဆေးရုံ၏ စီမံအုပ်ချုပ်မှုပိုင်း၌ သူလုံးဝမပါဝင်ခဲ့ အမြတ်ငွေအချိုးကျယူရုံမှအပ သူသည် လုံးဝဝင်ရောက်စွက်ဖက်ခြင်းမရှိပဲ မြန်မာပြည်၌ လေးလလောက်နားပြီး နှစ်လောက်ပြန်ထွက်နှင့် လေးခေါက်မျှထွက်အပြီးတွင် သူငွေရေးကြေးရေး အတော်စုဆောင်းမိလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ဒါကလည်း မိဘကိုယ်တိုင် ကုံလုံကြွယ်ဝသကဲ့သို့ အ
ကိုများနှင့် အစ်မများကလည်း ပညာအရာကော၊ စီးပွားရေ
ဘက်မှာပါ ရှာဖွေနိုင်သူများဖြစ်သဖြင့် အငယ်ဆုံးသူ၌ ဘာတ
ဝန်မှမရှိပဲ သူရှာသမျှသည် သူ့အတွက်သာလျှင်ဖြစ်နေသည်။

သူ့အတွက်ဆိုလျှင် သူ့သားမယားအတွက်ချည်းသ
ဖြစ်ပေမည်။ သူ့အိမ်ထောင်ဘက်သည် သူ နှစ်နှစ်ကာကာချ
သော မိန်းမသာလျှင်ဖြစ်ရမည်။ ဒါမှ သူ့ဘဝကိုပုံအပ်နှင်းသက
သို့ သူ့စည်းစိမ်ကိုပါ ပုံအပ်နှင်းနိုင်မည်။

မိခရေ. . .

အတွေးစ၌ ဂျပန်ဆံတောက်နှင့် ကောင်မလေးကို သွ
မြင်သည်။ နောက်. . .

မွန်ခ. . .

မွန်ခသည် လှပချောမောသော ဆွဲဆောင်မှုရှိသော
မိန်းမတစ်ဦးဖြစ်နေလေသည်။

သို့သော် သားလေးတစ်ယောက်နှင့် တစ်ခုလပ်တဲ့။
ဘွဲ့ထူးကို ဘယ်မိန်းမမှ ကြိုက်နှစ်သက်လိမ့်မည်မဟုတ်။

ဘာဖြစ်၍များ မွန်ခ ထိုဘွဲ့ထူးကို လက်ခံလိုက်ရသ
နည်း။ သူ့ခင်ပွန်းကပဲ ဆိုး၍လား။ မွန်ခကပဲ လွန်တာလား။

ဒါတွေကို ကောင်းပိုင်မသိချင်။

ကောင်းပိုင်သိသည်က မွန်ခသည် မိခင်နှင့် ညီအစ်ကို
မောင်နှမများအတွက် အစ်မကြီးအမိအရာပီသစွာဖြင့် သူဌေး
ဦးဇော်အောင်ကို လက်ထပ်လိုက်ခြင်းဖြစ်သည်ဟု. . .။





သူဌေးဦးဇော်အောင်ဆိုသည်နှင့် စီးပွားရေးလောက
တွင် ရေပန်းစားသူတစ်ဦးဖြစ်သည်။ မိန်းမလည်း နံပါတ်စဉ်တပ်
၍ရှိသော ပုဂ္ဂိုလ်တစ်ဦးဖြစ်သည်။

ဒီအတွက် ကိုယ်ထင်လျှင်ကုတင်ရွှေနန်းပင်။

မွန်ခအလွန်မဟုတ်ဟု ယူဆလိုက်မိသည်နှင့်. . မိခရေ
အပေါ် စွဲလန်းမှုမှသည် မွန်ခအပေါ် သနားဂရုဏာသက်မှုလေး
က ပိုမိုလာလေသည်။

"ဟယ်. . ဦးကောင်းပိုင်"

ဓာတ်လှေကားမှအထွက်တွင် ဝင်ရန်စောင့်ဆိုင်းနေ
သော မိန်းမလှလေးတစ်ဦးနှင့် တန်းတိုးသည်။ ရှောင်လွှဲ၍မရ။

"သြော်. . ကေသာစံ"

"ဦးကောင်းပိုင် ကိစ္စရှိလို့လာတာလား"

"ဆိုပါတော့ မင်းကော"

ကေသာစံ ဓာတ်လှေကားထဲသို့ မဝင်သေးပဲ သူ့အား
စကားရပ်ပြောနေသေးသည်။

ဤမိန်းကလေးနှင့်ကလည်း တိုက်ဆိုင်လွန်းလှသည်။

"သူငယ်ချင်းတစ်ယောက် ဆေးရုံတက်လို့လာကြည့်
တာပါ"

"ကိုင်း. . ဒါဖြင့်သွားတွေ့လိုက်ဦး"

"ဟုတ်. . ဦးကောင်းပိုင် ဘယ်နေ့အားသလဲ"

"ဘာဖြစ်လို့ မေးတာလဲ"

"အကြွေးဆပ်ရဦးမယ်လေ"



www.burmeseclassic.com

www.burmeseclassic.com



"မဆပ်နဲ့ဦး"

"ဘာဖြစ်လို့"

"မအားသေးလို့ပါ။ အားတော့. . ကေသာစံဆီကို ဖုန်းဆက်ပါ့မယ်"

"အိုကေ သွားတော့မယ်"

ဓာတ်လှေကားထဲ လှစ်ခနဲဝင်ရောက်ပျောက်ကွယ်သွားလေသည်။

အသက်နှစ်ဆယ်ခန့်သာရှိသေးသော ကေသာစံလို မိန်းကလေးမျိုးကို သူစိတ်မဝင်စားမိခြင်းကလည်း ကိုယ့်ကိုကိုယ် လူထူးဆန်းလို ဆန်းစစ်မိသည်။

မိခရေနှင့်ယှဉ်လျှင် ကေသာစံမှိန်သင့်သည်မှာ သဘာဝကျသည်။ မွန်ခနှင့်ယှဉ်လျှင်တော့ ကေသာစံသည် တောက်ပြောင်နေလေသည်။


သို့သော် ဘာကြောင့်ရယ်မသိ အကြွေပန်းလေး မွန်ခသာလျှင် သူ့အာရုံဝယ်တောက်ပြောင်နေသည်။

သူသက်ပြင်းချကာ. . ကားရပ်ထားရာဆီသို့ ဦးတည်လိုက်သည်။









# အခန်း (၄)

မွန်ခ ခြံထဲဝင်လိုက်ရသည်နှင့် ရင်ခုန်သံစဉ် မြင်းရိုင်း ကဆုန်ပေါက်လာချေပြီ။ ဖွင့်ထားသော အိမ်တံခါးမကြီး လင်းလက်သော အလှပန်းကလေးက ပွင့်လန်းလာသည်။

အစွမ်းကုန်ပွင့်နေသော ပန်းတစ်ပွင့်နှင့်တူလွန်းလှသည့် ကို ကောင်းပိုင်တရှိုက်မက်မက်ငေးကြည့်ရင်း ကားကို ပေါ် ကိုအောက် လိမ့်ရုံလိမ့်ပြီးရပ်လိုက်သည်။ ကားစက်သပ်



www.burmeseclassic.com

www.burmeseclassic.com



ကားသော့တန်းလန်းကိုဖြုတ်မယူပဲ ဘေးမှာချထားသော လ
ကိုင်အိတ်ကိုသာ ကောက်ယူလိုက်သည်။ ဒါတွေအားလုံး လ
ကသာလှုပ်ရှားနေခြင်းဖြစ်သည်။ မျက်ဝန်းကတော့ မလှုပ်ရှ
ချေ။

"ဆရာမပါဘူးလား ဦးကောင်းပိုင်"

ရင်ထဲ နင့်ခနဲဖြစ်သွားသည်။

မွန်ခနှင့် ပတ်သက်လာလျှင် သူ့နှလုံးသားက နုလွ
လှသည်။ အထိအရှလုံးဝမခံနိုင်။ လင်းထက်လောက် ခင်
တွယ်တာမှုမျိုးကို မိမိအားမပေးနိုင်ဘူးလားဟု အားငယ်
တွေးလိုက်မိသည်။ အချစ်နှင့်ပတ်သက်လာလျှင် သူ့နှလုံးသ
သည် ပျော့ပြောင်းလွန်းလှပါတကား။ အထိအရှမခံချင်။

"လင်းထက်မပါရင် ကျွန်တော်မလာရဘူးလား မွန်

မွန်ခမျက်နှာလေး အားနာသွားသောအရိပ်ရောင်
ယှက်သန်းသွားသည်။ ဝိုင်းစက်သောမျက်လုံးကလေး ပိုမို
သွားပြီး. . .

"ဟာ မဟုတ်ပါဘူးရှင် စကားအဖြစ်မေးတာပါ ကြ
ဦးကောင်းပိုင်"

"မဝင်တော့ပါဘူး မနက်ဖြန် ကောင်းဆေးရုံပါစင်န
အင်တာဗျူးသွားတွေ့ဖို့ လာပြောတာပါ ဒီမှာလိပ်စာကဒ်နဲ့
ချိန်ပါရေးထားပေးတယ်"

မွန်ခမျက်နှာလေး ဝင်းပသွားသည်။

"မြန်လိုက်တာ ဦးကောင်းပိုင်ရယ် ကျေးဇူးတင်လို





ရှင်"

"ဦးကောင်းပိုင် လိုက်ပို့ပေးမယ်ဆို" ဟု ကန့်ကွက်ယလေး
လိုက်ပါလားဟု သူတောင့်တမိသည်။ သို့သော် မွန်ခသည်
သာစံလို အရွယ်မျိုးမဟုတ်တော့ပေပဲ။ မိမိနှင့်ရွယ်တူလို
နေပြီ။ ပိုဆိုးတာက ကလေးတစ်ယောက်မိခင် တစ်ခုလပ်
နေခြင်းပင်။ ထိန်းချုပ်စရာရှိသည်တို့ကို ပို၍ထိန်းချုပ်နိုင်
ရှိပေလိမ့်မည်။

"သွားတတ်ရဲ့လား"

"တက္ကစီငှားသွားပါမယ်"

"ကိုယ်လာခေါ်ပေးချင်တယ် မွန်ခခွင့်ပြုရင်ပေါ့ဗျာ. . "

မွန်ခက ဖျတ်ခနဲလှမ်းကြည့်လိုက်သည်။ မွန်ခအကြည့်
ရိုးရိုးကလေးသာဖြစ်သည်။ သို့သော် ထိုအကြည့်ကိုပင်လျှင်
င်းပိုင် နှစ်သက်မိသည်။

"ကိုယ်ကတော့ မြန်မာပြည်ပြန်ရောက်တာနဲ့ အားနေ
သူဆိုတော့ အလုပ်မရှိအလုပ်ရှာနေမိတာပဲ"

"ခက အားနာလို့"

'ခ'ဟု သုံးစွဲမှုလေးက ရုတ်တရက်ထွက်သွားဖြစ်သည်။

"သူ့ကိုယ်သူ စကားပြောရင် 'ခ' 'ခ' နဲ့ပြောတတ်တယ်
င်းပါလို့ငါ့ကိုတောင် ကျွန်မဖြစ်နေတယ်. . "

ဟု လင်းထက်က မွန်ခအကြောင်း မမောနိုင်မပန်းနိုင်
ခဲ့လေသည်။

"ဘာအားနာစရာရှိသလဲ၊ အလုပ်ရှာနေတဲ့လူကို အ



www.burmeseclassic.com

www.burmeseclassic.com

လုပ်ပေးတဲ့အတွက် ကျေးဇူးတင်ရဦးမယ်၊ ဥပမာ မွန်ခ အလု
ရတော့ ကိုယ့်ကိုကျေးဇူးတင်သလိုမျိုးပေါ့ မဟုတ်လား"

မွန်ခ သွားတက်ကလေးများပေါ် အောင် ပြုံးလိုက်ပြ

"ဟုတ်ကဲ့ပါရှင် ဦးကောင်းပိုင် အိမ်ထဲဝင်ထိုင်ပါဦးလာ

"မထိုင်တော့ဘူး အိမ်ဆောက်ဖို့အတွက် လိုအပ်တ
တွေသွားလုပ်ရဦးမယ်၊ မနက်ဖြန်ခုနစ်နာရီခွဲအရောက်လာခေ
ပေးမယ်. . လင်းထက်အားရင် သူပါပါလိမ့်မယ်"

"ကျေးဇူးတင်ပါတယ် ဦးကောင်းပိုင်"

မွန်ခအနားက မခွာချင်သေးသော်လည်း ရွှေစွန်ညိ
ခြင်း၏သိသာမှုကို ပြရမှာရှက်သေးသည်။ ဆယ်ကျော်သက်
လို သတ္တိမရှိတာတော့ သေချာသည်။

အချစ်ကိုအလေးအနက် တန်ဖိုးထားတတ်တာလည်
ပါသည်ကိုး. . . ။

"သွားမယ်"

အပြုံးကလေးနှင့် ခေါင်းညိတ်လိုက်သည်။ လှလို
ယဉ်လိုက်တဲ့မိန်းမပဲ။ ရင်ကိုအေးမြစေသည်။ ဒီလိုမိန်းမ
ကွာရှင်းပြတ်စဲသော ယောကျ်ားမျိုးလည်း ရှိသေးသည်ဟု
တအံ့တဩတွေးကာ မွန်ခအား နှမျောစိတ်ကလေးနှင့်အ
ဂရုဏာသက်မိလေသည်။

သူ့အတွက် လမ်းစရပြီမှန်သော်လည်း လင်းထက်
ငဲ့ရမည်။ လင်းထက် ဆုံးဖြတ်ချက်ချပြီးမှ သူ့အတွက် လျော
သင့်သည့်လမ်းကိုရွေးချယ်ရမည်။






အချစ်ရေးသည် လွယ်မယောင်ယောင်နှင့် အတော်
ခက်ခဲပါလား။ အသက်ကြီးလာလေလေ စဉ်းစားမှုကပိုလာ
လေလေ ထင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၀)

ညနေစောင်း၌ လင်းထက် သူနှင့်အချိန်းအချက်

ကာ သူတိုက်ခန်းသို့ ရောက်လာသည်။

"မင်း နှင်းနှင်းနဲ့တွေ့ပြီးပြီလား"

"တွေ့ပြီးပြီ အကျိုးအကြောင်းရှင်းပြတယ်"

"ဒီတော့ ဘာပြောသလဲ"

သူစိတ်အားထက်သန်စွာပင် လင်းထက်ဆက်ပြော





ကို မစောင့်ပဲ မေးမိလေသည်။ လင်းထက်မျက်နှာက ရွှင်ရွှင်

မရှိ။

"သူငိုတယ်ကွာ"

လင်းထက်အသံက အဖျားခတ်တုန်ရီနေသည်။ နှင်း

နှင့်သူက သူငယ်ချင်းဖြစ်သည်။ ဆေးပညာသင်စဉ် ကာလ

စ်နှစ်လုံးလုံး သူငယ်ချင်းဘဝ တရင်းတနှီးရှိခဲ့သည်။ ထောင့်

ရာအချစ်မျိုးမပါသော်လည်း သန့်စင်သော ငါးရာနှစ်ဆယ့်

ဖြင့် အခြေတည်ခဲ့သည်။ ပိုစတင်ကျတော့ ကွဲသွားကြသည်။

နောက် ရန်ကုန်၌ အခြေပြန်ချမိကြတော့ ပြန်တွေ့ကြ

ည်။ နှစ်ဦးစလုံးကလည်း အိမ်ထောင်မပြုရသေးတော့ လင်း

က်မိဘကပင် နှင်းနှင်းမိဘကို ကြောင်းလမ်းသည်။ နှစ်ဦးစလုံး

လည်း သံယောဇဉ်ရှိပြီးသားဖြစ်သဖြင့် ခေါင်းညိတ်ခဲ့ကြသည်။

နှင့် လူသိရှင်ကြား စေ့စပ်ကြောင်းလမ်းဖြစ်သည်။ ရင်းနှီးမှုက

လာသည်။ လက်ထပ်ရက်ကို ရွေးနေကြသည့် အချိန်လည်း

သည်။

"သနားပါတယ်ကွာ"

"ငါ့ရင်ထဲမှာ ကိုယ့်ကြောင့် တစ်ဖက်သားနစ်နာသွား

မျိုးကို ဥပေက္ခာပြုရက်တဲ့ အသဲနှလုံးမရှိဘူး. . ၊ ဒါပေမယ့်

အားရအောင်ငိုပြီးတော့မှ လင်းသဘောပါတဲ့. . ၊ သူစိတ်

ဖြေနိုင်အောင် ကြိုးစားနေပါ့မယ်လို့ ပြောတယ်ကွာ၊ အဲဒီ

မှာ ရင်ထဲကနှလုံးသားကို လှီးသွားထက်ထက်နဲ့ ထိုးစိုက်

သလိုပဲ ခံစားလိုက်ရတယ်၊ ရင်နာလိုက်တာကွာ. . ငါ



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်တိုင်ကြေကွဲရတယ်. .၊ သူ့မျက်ရည်တွေကို ငါသုပ်ပေးတော့. . သူက မချိပြုံးပြုံး လက်ကိုဆွဲဖယ်တယ်၊နောက်. . ရပါတယ်လင်းရယ် ဒီလိုအချိန်ပေါင်းများစွာကို နှင်းကျော်ဖြတ်နေရဦးမှာပါတဲ့လေ”

လင်းထက်သည် ပြောပြောဆိုဆိုနှင့် အရုပ်ကြိုးပြတ်သည့်အလား ဆိုဖာဆက်တီရှည်ပေါ် သို့ လှဲချလိုက်သည်။

ကောင်းပိုင်ကတော့ သက်ပြင်းရှည်ကြီးကိုသာချလိုက်သည်။

“မင်းသဘောအရဆိုရင်ကော. . ကောင်း”

ကောင်းပိုင် တုန်လှုပ်သွားသည်။ ကောင်းပိုင် ရှေ့ဆက်ရမည့်ခရီးလမ်းဝယ် လင်းထက်က အခရာဖြစ်နေသည်။ လင်းထက်ကိုဖယ်ရှားပစ်လိုက်လျှင် သူ့အတွက် မွန်ခအချစ်ကိုရဖို့ အလွယ်တကူဖြစ်သွားလိမ့်မည်။

“ငါမပြောတတ်ဘူးကွာ၊ မင်း မွန်ခကိုစွဲလန်းမယ်ဆိုရင်လည်း စွဲလန်းလောက်ပါတယ်၊ ဖြူစင်ရိုးသားမှုကိုက ဆွဲဆောင်မှုလိုဖြစ်နေတယ်. .၊ ဒီကိစ္စမှာ ယုန်သူငယ်နာစေးပါရစေတော့ လင်းထက်ရာ. . ”

တတ်နိုင်သမျှ ယုန်ထင်ကြောင်ထင်မဖြစ်ရလေအောင် ထိန်းထိန်းသိမ်းသိမ်းပြောလိုက်သည်။

“ငါ့မိဘတွေသိရင် ငါ့ကိုခွင့်လွှတ်မှာမဟုတ်ဘူး၊ နှင်းနှင်းကလည်းပြောမှာ မဟုတ်ဘူး၊ ငါဖွင့်ပြောရခက်နေတယ်. . အထူးသဖြင့် နှင်းနှင်းက နားလည်စွာနောက်ဆုတ်ပေးလေ ငါ့ရင်မှာ





နာကျင်လေ၊ ခံရခက်လေဖြစ်နေတယ်. . ”

“နှင်းနှင်းနဲ့မင်းတွေ့ခဲ့တဲ့ ရင်းနှီးခဲ့တဲ့သက်တမ်းကလည်း နည်းမှမနည်းပဲကိုး. .၊ သံယောဇဉ်ကြိုးကတော့ ခိုင်မာပြီးသားပေါ့ကွာ. . ”

“ဟုတ်တော့ဟုတ်ပါတယ် မွန်ခနဲ့က နှစ်နှစ်လောက်ပဲ ရင်းနှီးခဲ့တာ. .၊ ငါးစဉ်းစားခြင်းမှာ အပျိုစင်၊ တစ်ခုလပ်၊ မုဆိုးမဆိုတဲ့ ဘွဲ့ထူးတွေဟာ အရေးမကြီးဘူးဆိုတာ တစ်ခုပဲစဉ်းစားမိခဲ့တာကိုး၊ သံယောဇဉ်နှောင်ကြိုးနဲ့ ဂုဏ်သိက္ခာတစ်ခုကို ငါမစဉ်းစားမိဘူး၊ နှင်းနှင်းကခွင့်လွှတ်ပေးလို့ ငါတို့စေ့စပ်ကြောင်းလမ်းတာပျက်သွားရင် နှင်းနှင်းမှာစိတ်ထိခိုက်ရမယ်၊ လူပုံအလယ်မျက်နှာပျက်ရတဲ့ ဂုဏ်သိက္ခာကျဆင်းစေတာမျိုးလည်း ဖြစ်သွားမှာစိုးတယ်၊ ငါ့အတ္တအတွက် နှင်းနှင်းကိုအပြစ်မရှိပဲ ငါဒုက္ခမပေးသင့်ဘူးလို့ ငါတွေးမိလာပြီ ကောင်းပိုင်”

“အချိန်ယူစဉ်းစားနိုင်လေ အမှားနည်းလေပေါ့ကွာ. . ဖြေးဖြေးမှဆုံးဖြတ်ပါ. . . ”

“အေး. . ဒါပေမယ့် မဖြစ်သေးဘူးကွာ. . နှင်းနှင်းမှာ သိပ်စိတ်ထိခိုက်နေမလားမသိဘူး. . ဖုန်းဆက်ဦးမယ်ကွာ”

လင်းထက် နှင်းနှင်းအပေါ်၌ ရက်စက်နိုင်သော အင်အားမရှိသကဲ့သို့ မွန်ခကိုပိုင်ဆိုင်လိုစိတ်ကလည်း ရှိနေသည်။ တပြိုင်နက် ငါးမြားချိတ်တစ်ခုနှင့် ငါးရံ့နှစ်ကောင်ဖမ်းချင်၍ ရှိုင်ပုံ့မလား။

“ကျွန်တော်ပါ လင်းပါ၊ နှင်းကော. . အန်တီ”



www.burmeseclassic.com

www.burmeseclassic.com



". . . ."

"ဟုတ်လား. . ၊ နေမကောင်းဘူးလို့ ပြောတယ်လား အန်တီ"

". . . ."

"ဒါဖြင့် ကျွန်တော်လာခဲ့မယ်၊ ခုချက်ချင်းလာခဲ့မယ်လို့ ပြောပေးပါအန်တီ"

လင်းထက်က ဆက်တီပေါ် မှဝုန်းခနဲထပြီး. . .

"ပြန်လာကတည်းက နေမကောင်းလို့ အိပ်ချင်တယ်ဆိုပြီး အိပ်ခန်းထဲတန်းဝင်သွားတာ ခုထက်ထိပဲတဲ့၊ ကောင်း. . ငါလိုက်သွားမယ်ကွာ၊ နှင်းကိုငါ ဒုက္ခမပေးတော့ဘူး. . မင်းလိုက်ခဲ့ဦးမလား"

"မလိုက်တော့ပါဘူး ဒီအချိန်မျိုးမှာ ကြားလူဟာ ဆေးရိုးသည်ဖြစ်တတ်တယ်၊ ကိုင်း. . ကွပေတော့. . ဪ. . မွန်ခကို ငါဆေးရုံမှာလိုက်အပ်ပေးပြီးပြီသူငယ်ချင်း. . ၊ မလတ်တို့ကလည်း ကြိုဆိုတယ်"

"အေးပါကွာ. . မွန်ခကိုတော့မင်းလက်ပဲ ဝကွက်အပ်ရတော့မှာပဲ. . အကြွေပန်းပေမယ့် ရွှေနန်းထိုက်ပါတယ်ကွာ"

ပြောပြောဆိုဆိုနှင့် အောက်ထပ်သို့ ပြေးဆင်းသွားလေသည့်လင်းထက်ကို တုန့်ပြန်စရာ စကားရှတ်တရက်မပေးနိုင်လိုက်ပေ။

သို့သော်. . သူ့ရင်ထဲ၌ တဒိတ်ဒိတ်နှင့် သွေးခုန်နှုန်းက ရုတ်တရက်မြန်ဆန်သွားလေသည်။





လင်းထက်က မွန်ခနှင့်သူ့ကို သဘောတူသည့်စကားမျိုးပြောသွားသည်ဆိုတော့ မွန်ခကိုလင်းထက်က လက်လျှော့လိုက်ပြီဟူသော သဘောပင်။

တခါတရံအချစ်သည် သံယောဇဉ်အတိုင်းအတာ နက်ရှိုင်းမှုပေါ်၌လည်း အခြေခံတတ်သည်ထင်ပါသည်။

မည်သို့ဆိုစေကာမူ. . .

လင်းထက်နှင့် နှင်းနှင်းအဆင်ပြေသွားပါစေ။


ဒါမှ မွန်ခအပေါ် သူ၏စွဲလန်းမှုအတိုင်းအတာကို မွန်ခအားရင်ဖွင့်ကာ ချစ်ရေးဆိုရမည်ဟု တွေးမိတော့ ကောင်းပိုင်ရင်ထဲ ပုဇွတ်ဆိတ်ကလေးများ တဆတ်ဆတ်ခုန်နေလေပြီ. . ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၁)

နေခြည်ကာဖီဆိုင်က ကောင်တာစာရေးနှင့် ကေသာစံ မိတ်ဖွဲ့ထားလိုက်သည်။ မိတ္တဗလပညာကို ကေသာစံကျွမ်းကျင်ပြီးသားဖြစ်သည်။

"ဟဲလို. . ကေသာစံပြောနေပါတယ်"

"အစ်မပြောတဲ့ လူကြီးမင်း ခုပဲဆိုင်ထဲဝင်လာပါတယ် ခင်ဗျာ"





"သူတစ်ယောက်တည်းလား"

"ဟုတ်ကဲ့. . တစ်ယောက်တည်းပါ"

"ကောင်းပြီ. . ကျေးဇူးကမ္ဘာ"

ကေသာစံ ဖုန်းကိုပိတ်လိုက်သည်။ ဦးကောင်းပိုင်နှင့် တွေ့သည့်အချိန်မျိုး၌ ဘယ်သူ့ထံမှ ဆက်သွယ်မှုမျိုးမှမလိုချင်။ ကေသာစံအနာဂတ်သည် ဦးကောင်းပိုင်သာဖြစ်ရမည်။

ကေသာစံပြိုင်ကားလေးကို မောင်းထွက်ခဲ့သည်။

'နေခြည်'ကိုတော့ စိမ်းကားမနေတော့။ 'နေခြည်'သို့ အတွဲ သုံးလေးတွဲပြောင်း၍ရောက်ဖူးနေခဲ့သည်။ ဒီကြားထဲ အတွဲမပါပဲ ဦးကောင်းပိုင်ကိုလာစောင့်ရသောအလုပ်ကို ကေသာစံနှစ်ကြိမ်မျှနှင့် ငြီးငွေ့သွားသဖြင့် အပိုင်နည်းကိုကြံရွယ်ကာ ကောင်တာစာရေးအကူအညီကို ရယူလိုက်သည်။ ဦးကောင်းပိုင် နေခြည်ဆိုသို့ ရောက်ရောက်ချင်း တယ်လီဖုန်းဆက်ပါဟုပြောပြီး ချက်ချင်းပင် ဖုန်းတစ်လုံးမရမက အမြန်ဆုံးဝယ်ယူကာ သွားလေရာ ယူဆောင်သွားခြင်းဖြင့် ဦးကောင်းပိုင်နေခြည်ဆိုင်သို့ ရောက်အလာကို မျှော်လင့်ခဲ့သည်။

ဟော. . မျှော်လင့်တုန်း ကြော့ဆုံးလာချေပြီဟု ခေတ်ကာလပြောင်းပြန်တွေးလိုက်မိသည်။ ဦးကောင်းပိုင်ရောက်နေပြီဟု သိလိုက်ရသည်နှင့် ရင်ခုန်ခြင်းနှင့်အတူ နေခြည်ကော်ဖီဆိုင် ယာဉ်ရပ်နားရန်နေရာ၌ ကားကိုရပ်ရင်း ဦးကောင်းပိုင်၏ ကားကို မျက်ဝန်းထောင့်တနေရာကလည်း ရှာဖွေလိုက်သည်။ တွေ့လိုက်ရသဖြင့် ကျေနပ်သွားသည်။ ကောင်တာစာရေးလေး



www.burmeseclassic.com

www.burmeseclassic.com



ကို ဘောက်ဆူးကောင်းကောင်းတော့ ချပေးရဦးမည်။

ဆိုင်ထဲတန်းဝင်လိုက်သည်နှင့် ထူးခြားစွာ သန့်ပြန့်ခန့်ညားသော ရုပ်အသွင်သဏ္ဍာန်ရှိသည့် ဦးကောင်းပိုင်ကို တန်းတွေ့လိုက်ရသည်။ ကော်င်တာစာရေးကို နှစ်ဦးချင်းသာ သိနားလည်နိုင်သော အပြုံးရိပ်ကလေး လှစ်ခနဲ ပြုံးပြလိုက်ပြီး ဦးကောင်းပိုင်ရှိရာသို့ပင် တည့်တည့်လျှောက်သွားလိုက်သည်။

ဒီတစ်ခါတော့ ဦးကောင်းပိုင်ဆီမှ အသိအမှတ်ပြုသော အကြည့်ကိုရလိုက်သည်။

"ဒီတစ်ခါတော့ ကျွန်မတောင်းဆိုမှုကို ဦးကောင်းပိုင်လက်ခံတယ်မှတ်လား"

"ဒီတစ်ခါလည်း ငြင်းရဦးမယ်"

"ဘာဖြစ်လို့လဲ"

"ဒီနေ့မပြေလည်တဲ့ကိစ္စတစ်ခု ပြေလည်သွားတဲ့ အထိမ်းအမှတ်အဖြစ် ဝမ်းသာစွာ စိတ်ကူးနဲ့ ပျော်ရွှင်နေတယ်၊ ဒါကြောင့် ကျွန်တော့ကပဲ ဒကာခံပါရစေ ကေသာစံ"

စကားပြောပုံကအစ ရည်မွန်သော ဦးကောင်းပိုင်ကို ကေသာစံ နှစ်လိုစွာပြုံးပြပြီး ခေါင်းညိတ်လိုက်သည်။

"ဒီတစ်ခါလည်း ကျွန်မကပဲ လျှော့ရပြန်ပြီပေါ့"

"တစ်နေ့ကြုံဦးမှာပါ. . ကျွန်တော်ကဒီဆိုင်က ကော်ဖီကိုပဲကြိုက်တော့ ဒီမှာပဲလာသောက်တတ်တယ်၊ မင်းလည်းလာတတ်တယ်ဆိုတော့ ဆုံကြဦးမယ် တစ်နေ့နေ့ပေါ့၊ ဥပမာ. . ကျွန်တော် ပိုက်ဆံအိတ်မေ့လာတဲ့အခါမျိုး. . ."





"အဲဒီလိုမျိုးဖြစ်တတ်မယ့် ရုပ်မျိုးမဟုတ်ပါဘူး"

"မင်းမဆိုးဘူး. . ဒါပေမယ့် ကျွန်တော်ကချည်းပဲ ကျွေးချင်တဲ့ဆန္ဒ ပျောက်သွားမဲ့နေ့မျိုးတော့ ရောက်လာအုံးမယ်ထင်တယ်"

"ဒီလိုဆို ကျွန်မက ဒီမှာ ဦးကောင်းပိုင်နဲ့ ဆုံဆည်းရမယ့်ကာလကို ရှောင်လွှဲရမလိုဖြစ်နေပြီပေါ့၊ ကျွန်မကလည်း ကျွေးတိုင်းအလကားမစားချင်ဘူး. . ၊ တစ်ခုခုတုန့်ပြန်မှုပေးချင်တယ်"

ဦးကောင်းပိုင်က ခန့်ညားသောအပြုံးကို လှစ်ခနဲပြုံးလိုက်ပြီး. . .

"ကြုံဦးမှာပါ. . ခုတော့စိတ်ကြည်လင်စွာနဲ့ သုံးဆောင်ပေးပါ"

မိမိထက်ငယ်ရွယ်သူ ဖြစ်သော်လည်း တလေးတစားပင် သုံးနှုန်းပြောဆိုဆက်ဆံတတ်သည်က ထူးခြားနေသည်။

ကြက်တောင်ပံကင်ကို နှစ်ခြိုက်စွာအမြဲစားတတ်ပုံရသည်။ အားလူးရိုစ်ကို ငရုတ်ဆီလေးနှင့် တို့စားတတ်သည့် ဦးကောင်းပိုင်သည် အရာရာကို စွဲစွဲမြဲမြဲရှိတတ်ပုံပေါ်သည်။

ဒီအချက်ကတော့ မိမိနှင့်မတူ။ မိမိက ရိုးလွယ်၊ အီလွယ်တတ်သည်။ အကောင်းတကာ့အကောင်းကိုသာ ရှာဖွေတတ်သည်။

သို့သော်. . ဦးကောင်းပိုင်နှင့်တွေ့ဆုံပြီးနောက် မိမိစိတ်တို့သည် ထူးခြားစွာ ပြောင်းလဲလာခဲ့သည်။

ဦးကောင်းပိုင်ကလွဲပြီး. . ဘယ်သူစိမ်း ယောကျ်ားကိုမှ



www.burmeseclassic.com

www.burmeseclassic.com



ခေါင်းထဲအဝင်မခံတော့ချေ။ ထို့အတူ ယခုလိုကော်ဖီသောက်တာကအစ ဦးကောင်းပိုင်အကြိုက်အတိုင်း လိုက်စားပေးလိုက်သည်။ အရာရာကို စွဲစွဲမြဲမြဲမရှိတတ်သော မိမိအတွက်တော့ အထူးအပင်ပန်းခံစရာမလိုပေ။

"မင်း ကျောင်းနေသလား"

"Distance (အဝေးသင်) စက္ကန်းရိုးယား ဖြေထားတယ်"

"ဘာမေဂျာလည်း"

"ဖလော်"

ဦးကောင်းပိုင်ထံမှ မိမိအားစူးစမ်းမှုရှိလာခြင်းကိုပင် ကေသာစံရင်ထဲ ကြိတ်၍ ဝမ်းသာနေမိသည်။

"မင်းတစ်ယောက်တည်းပဲ သွားလာတတ်သလား ကေသာစံ"

"ဦးကောင်းပိုင်ကော"

"ကိုယ်မေးတာ အရင်ဖြေဦးလေ"

ကေသာစံ ပုခုံးကိုတွန့်လိုက်ပြီးမှ. . .

"ဆောရီး. . ကျွန်မမှားသွားပါတယ်၊ ဖြေမယ်. . ကျွန်မ အားလပ်ချိန်နဲ့ သူငယ်ချင်းတွေအားလပ်ချိန် မတူညီတဲ့အခါမျိုးမှာ တစ်ယောက်တည်းသွားလာတတ်တယ်၊ အားလပ်ချိန်ခြင်းကြုံတဲ့အခါတော့ အတူတကွဆုံဆည်းသွားလာ ရုပ်ရှင်ကြည့်၊ ဈေးဝယ်၊ စားသောက်ကြတယ်. . ၊ ကိုင်း. . ကျွန်မဖြေပြီးပြီ. . ဦးကောင်းပိုင်အလှည့်"

"ကိုယ်မြန်မာပြည် ပြန်ရောက်တဲ့အခါမျိုးမှာ အိမ်





ဆောင်ရက်သားကြပြီး သားမယားကျွေးမှုတွေနဲ့ မအားလပ်တဲ့ သူငယ်ချင်းတွေနဲ့ ဆုံဆည်းဖို့ရာ သိပ်မလွယ်ကူလို့ မဆုံဖြစ်ဘူး၊ ကိုယ်ပြန်ရောက်ကြောင်း ပါတီပေးတဲ့အခါမျိုးတောင် အချိန်လုလာကြသလို ပြန်ထွက်ခါနီး ပါတီပေးလည်း ဒီအတိုင်းပဲ၊ ကြားကာလတော့ ဒီလိုပဲ တစ်ယောက်တည်းသွားလာတတ်တယ်၊ ထားပါ. . ကိုယ်ကယောကျ်ား တစ်ယောက်တည်းသွားလာလို့ ဘာမှမဖြစ်ဘူး၊ မင်းက မိန်းကလေး တစ်ယောက်တည်းသွားလာစားသောက်နေတာ ကိုယ်တို့မြန်မာမျက်စိထဲတော့ သိပ်သဘောမတွေ့လှဘူး. . ."

ကေသာစံပြုံးမိသည်။

ကျေနပ်သောအပြုံး။ မိမိအားဆရာလုပ်ကာ ဆုံးမည့်သူ ပေါ်ပေါက်လာပါလားဟု ကျေနပ်မိသည်။ ဆုံးမခြင်း၌ ဂရုဏာပါပေမည်။ သံယောဇဉ်ပါမည်။ မေတ္တာပါမည်။ ဤသည်ကပင် ကေသာစံအတွက် အလိုအပ်ဆုံးသောအရာပင်။

"ယဉ်ကျေးမှုရှိတဲ့ တိုင်းပြည်တစ်ခုမှာ လုံခြုံစိတ်ချမှုတွေရှိပါတယ် ဦးကောင်းပိုင်၊ ကျွန်မ ညဘက်မထွက်ဘူး၊ လူပြတ်တဲ့နေရာကိုလည်း တစ်ယောက်တည်းသွားလာခြင်း မရှိပါဘူး. . ၊ ကျွန်မအတွက် အန္တရာယ်ဆိုတာ တခါမှမဖြစ်ပေါ်ဖူးပါဘူး"

ကေသာစံ အေးဆေးစွာဖြေလိုက်သည်။ ဦးကောင်းပိုင်မျက်ဝန်း၌ စိတ်ဝင်စားမှုအရိပ်အယောင်များ တွေ့ရသည်။

"ညီအစ်ကိုမောင်နှမတွေကော မရှိဘူးလား၊ မိဘကကော ဘာလုပ်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကေသာစံရင်ထဲ၌ နာကျင်လာသည်။ တစ်နေ့နေ့၌ ဤမေးခွန်းများကို ရင်ဆိုင်လာရမည်ကိုသိသည်။ သို့သော် အခုလောက်စောစီးစွာ ရင်ဆိုင်ရလိမ့်မည်ဟုတော့ မထင်မှတ်ခဲ့သဖြင့် ကြိုတင်ပြင်ဆင်မှုတွေ မရှိသေးသောအခါ မျက်စိပျက် မျက်နှာပျက်ဖြစ်ရသည်။

"တစ်ကောင်ကြွက် တစ်မျက်နှာပဲ. . မိဘမရှိဘူး၊ ညီအစ်ကိုမောင်နှမ မရှိဘူး၊ အမေရင်းထင်ခဲ့တဲ့အဒေါ်ကလည်း လွန်ခဲ့တဲ့ နှစ်နှစ်လောက်က ဆုံးသွားပြီ၊ ကျွန်မရယ် ကျွန်မကို သံယောဇဉ်ရှိတဲ့ အဒေါ်ကြီးရယ်နေတယ်. . ဒါပါပဲ ဦးကောင်းပိုင်"

ယောကျ်ားတစ်ယောက်ဆီမှ ဂရုဏာမျက်ဝန်းကို မလိုချင်ခဲ့။ သို့သော်ဦးကောင်းပိုင်ထံမှ ဂရုဏာမျက်ဝန်းကိုတော့ဖြင့် လိုလားစွာပင် လက်ခံမိလေပြီ။

"ဖြစ်ရလေ. . ဒါကြောင့် မင်းဟာ စိတ်သွားတိုင်းကိုယ်ပါ ဖြစ်နေတာကိုး. .၊ ကောင်းပြီ. . ဒီလိုဆို. . မင်းလက်ခံမယ်ဆိုရင် မင်းကိုကိုယ်. . ညီမလေးတစ်ယောက်လို့ လက်ခံမယ်၊ မင်းအစ်ကိုကြီးအဖြစ် ငါ့ကိုသဘောထားပါ. .၊ မင်းလိုအပ်လာတဲ့အခက်အခဲ၊ အကြံဉာဏ်၊ အကူအညီတွေကို ကိုယ်ပေးမယ်၊ ဘယ်နှယ်လဲ"

ဖြူစင်သော မေတ္တာကို ဦးကောင်းပိုင်ကပေးသည်။ မိမိက မလိုချင်. . . မိမိလိုချင်သော မေတ္တာက. . .

"ဟင့်အင်း. . ကျွန်မ မလိုချင်ဘူး"





ဦးကောင်းပိုင်သည် သူ၏ပြင်းဆန်မှုအပေါ်၌ မျက်လုံးပြူးသွားသည်။

"ဟော. . ဘာဖြစ်လို့"

"အနှောင်အဖွဲ့ရှိတဲ့ သံယောဇဉ်မှန်သမျှကို ကျွန်မမလိုချင်ဘူး. .၊ ကျွန်မစိတ်ကိုကျဉ်းကျပ်စေမယ် ချုပ်နှောင်မှုတွေကို ကျွန်မလက်ခံနိုင်မှာ မဟုတ်ဘူး. .၊ ဦးကောင်းပိုင်ကို ကျွန်မ မိတ်ဆွေအဖြစ်ပဲ ဆက်ဆံနိုင်တယ်"

မိမိကပဲ မိုက်မဲလေသလား၊ ငါးရာနှစ်ဆယ့်ရှစ်မေတ္တာအပေါ် အယုံအကြည်မရှိတာလား၊ ထောင့်ငါးရာမေတ္တာပေါ်တွင်လည်းခံစား၍ မရနိုင်လေသလား၊ ကေသာစံ မိမိကိုယ်ကို မခွဲခြားတတ်ချေ။

ဦးကောင်းပိုင်က အထူးအဆန်းသဖွယ် လေ့လာစူးစမ်းလာသော မျက်ဝန်းရိပ်ကြောင့် ကေသာစံကပြုံးလိုက်ပြီ. .

"ကျွန်မကို မခင်ချင်လည်းရပါတယ် ဦးကောင်းပိုင်. .၊ ဒါပေမယ့် ကျွန်မကတော့ ဦးကောင်းပိုင်ကိုခင်သွားပြီ. .၊ ကျွန်မအပေါ် ညီမလေးတစ်ယောက်လို သဘောထားမယ်ဆိုကတည်းက ခင်သွားတာ"

"ကောင်းပြီ. . မင်းသဘောပဲ၊ သောက်လိုက်ပါဦး ကိုယ်တအောင့်နေရင် ပြန်မှဖြစ်မယ်. .၊ သူငယ်ချင်းတစ်ယောက်နဲ့ သွားတွေ့ရမယ်"

"ဟုတ်. ."

ယောကျ်ားလား ၊ မိန်းမလားဟု သိချင်သော်စိတ်ကို



www.burmeseclassic.com

www.burmeseclassic.com



ချိုးနှိမ်လိုက်ရသည်။

မိမိရဲ့လွတ်လပ်မှုကို အနှောင့်အယှက်ပေးတာ မကြိုက်လျှင်၊ သူတစ်ပါးလွတ်လပ်ခွင့်ကိုလည်း အနှောင့်အယှက်မပေးသင့်ဟုထင်သည်။ စိတ်ကိုထိန်းချုပ်တတ်အောင် ကျင့်ကြံအားထုတ်နေရသည်။ မိမိဘဝ အနေအထားအရသာဆိုလျှင် လောကကြီး၌ အောင်မြင်စွာရပ်တည်ဖို့ မလွယ်။

"ကြက်တောင်ပံကင်လေး ပူတုန်းစားလိုက်ပါဦးလေ"

"ဟုတ်"

"မင်းအိမ်ကို ကိုယ်လာလည်လို့ရမလား"

"ဟာ. . ရပါတယ်. .၊ ဦးကောင်းပိုင်က တကယ်လာလည်မှာလား"

"အင်း. . ."

"ဒီလိုဆိုဘယ်နေ့အားမလဲ. .၊ ညနေစာ ထမင်းဖိတ်ကျွေးမယ်"

"မင်းက ချက်တတ်လို့လား"

"ဒေါ်ကြီးက ချက်တတ်တယ်. . . လက်ရာကောင်းမှကောင်း"

"ကောင်းပြီး သဘက်ခါ ညနေစာ ကိုယ်လာစားမယ် ကိုယ်ကခြောက်နာရီဆို ညနေစာစားတယ်"

"အိုကေ ရယ်ဒီဖြစ်စေရမယ်"

"ရော့. . ကိုယ့်ကိုဆက်သွယ်ဖို့. . ."

လိပ်စာကပ်ကို ယခုမှထုတ်ပေးဖော်ရသည်။ ဘာပဲ





ဖြစ်ဖြစ် ကေသာစံကျေနပ်ပျော်ရွှင်သွားသည်။

သို့သော် ကေသာစံအတွက်က စည်းစိမ်ဥစ္စာက အရေးမကြီးပါ. . ချစ်ခြင်းမေတ္တာတရားက အရေးတကြီးလိုအပ်နေသည်။

"ပြီးပြီ. . . ဦးကောင်းပိုင် သွားကြရအောင်"

စားသောက်ပြီးသည်နှင့် ကေသာစံကပင် လောဆော်လိုက်သည်။ ဦးကောင်းပိုင်က နှစ်လိုစွာပြုံးပြီး. . .

"မင်းက ကားပါသလား"

"ပါပါတယ်"၊

"ဒါဖြင့်လည်းပြီးရော. . မပါရင် လိုက်ပို့ပေးမလို့"

"ကျေးဇူးတင်သွားပြီ ကားဝပ်ရှော့(ပ်)ပို့ရတဲ့ အခါမျိုး အကူအညီလှမ်းတောင်းရင်သာ. . မအားဘူးမလုပ်နဲ့နော် ဦးကောင်းပိုင်"

"စိတ်ချလက်ချသာ ဆက်သွယ်ပါ"

နေခြည်မှထွက်လာပြီး လမ်းခွဲလိုက်ကြသည်။ သို့သော် ကေသာစံသည် တကြော့ပြန်ကာ ကောင်တာစာရေးအား ငွေသားလက်ဆောင်ပြန်ပေးလိုက်သည်ကို ဦးကောင်းပိုင်ကတော့ သိအံ့မထင်ချေ။






www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၁၂)

လင်းထက်က နှင်းနှင်းနှင့်လက်ထပ်ရန် ဆုံးဖြတ်ချက်ချလိုက်ကြောင်း ကြားသိလိုက်ရသည်နှင့် ကောင်းပိုင်ရင်ထဲ ကြိတ်၍ပျော်မြူးသွားသည်။

"ကိုယ့် အင်ဂေ့ချ်သတင်း ညည်းမတွေ့လိုက်ဘူးလား"

"မတွေ့လိုက်ဘူးဆရာ"

မွန်ခကလည်း မျက်နှာမပျက်။ အပြုံးမပျက်ပေ။ မွန်ခ





လင်းထက်အပေါ် မျှော်လင့်ချက်ထားခဲ့ခြင်းရှိမရှိကို မွန်ခကလွဲပြီး ဘယ်သူမှမသိနိုင်။

"မနက်ဖြန် ကောင်းကို သူလာလိမ့်မယ်. . ၊ ညည်းနဲ့ဆုံပေးမယ်"

လင်းထက်၏ပြတ်သားမှုကို ကောင်းပိုင်အံ့သြရသည်။ လင်းထက်၏ ရွေးချယ်မှုမှန်ကန်သည်ဟု ကောင်းပိုင်ယုံကြည်သည်။

နှင်းနှင်းက လင်းထက်အပေါ် စွဲလန်းခဲ့သည်မှာ ဆယ်နှစ်ဆယ်မိုးမှ မကတော့ပေပဲ. . ။ မွန်ခနှင့်မတွေ့ခင် ခုနစ်နှစ်လောက်ကတည်းကဆိုတော့ နှင်းနှင်းမေတ္တာကို လင်းထက်လျှော့မတွေးသလို နှင်းနှင်း၏ ဂုဏ်သိက္ခာကိုလည်း ငဲ့ကွက်သည်။ ဤဆုံးဖြတ်ချက်က လင်းထက်၏အနာဂါတ်ကို ထွန်းလင်းစေနိုင်သည်ဟု ကောင်းပိုင်ယုံကြည်သည်။

"ချောသလားဆရာ. . ၊ ဆရာနဲ့ ရှေ့သွားနောက်လိုက်ညီရင်တော့ ချောမှာပဲ"

"အံ့မယ်. . တိုယ့်ကိုကပ်မြှောက်မနေနဲ့၊ မြှောက်မှန်းသိရက်နဲ့လည်း မြှောက်တတ်တယ်၊ ခေါင်းနဲ့အမိုးနဲ့ ထိလို့ ခေါင်းကျိန်းလှပြီ. . ."

ကောင်းပိုင် အိမ်ကိုငွေအပြီးသပ်ချေကာ အုတ်တံတိုင်းကာရန်ဖို့ ဒေသခံဖြစ်သော မွန်ခတို့ ဦးလေးကို အပ်လာကပ်ရှလေပြီ။

ယခုလို မွန်ခဆီမကြာခဏ ရောက်လာစရာအကြောင်း

www.burmeseclassic.com



တွေက သူ့ထံ၌တစ်ခုပြီးတစ်ခု တန်းစီနေသည်။

"လေးလေးက ရပ်ကွက်လူကြီးလည်းဖြစ်တော့ သူဒီကိစ္စကို စီစဉ်ပေးနိုင်မှာပါ"

"ဒီလိုဆို အဲဒီအိမ်မှာပဲပေးနေလိုက်မယ်. . ၊ အုတ်တံတိုင်းခတ်ပြီးမှ တခါထဲအလုပ်သမားတန်းလျားနဲ့ ကားဂိုဒေါင်ဆောက်ပြီးရင် အိမ်ဖြိုမယ်. . ၊ ဖြစ်နိုင်ရင် ကိုယ့်အတွက် ခြံစောင့်အဖြစ် တစ်ခါတည်းလိုချင်တယ်မွန်ခ ဖြစ်မလား. . ၊ မွန်ခရဲ့ဖထီးနဲ့ အမိုးလိုလူမျိုးရရင် သိပ်ကောင်းမယ်. . "

"ကြိုးစားပေးပါ့မယ်. . ဦးကောင်းပိုင်"

ထိုအချိန်၌ ကောင်းပိုင် ဖျတ်ခနဲသတိရလိုက်သည်။ ကေသာစံဆီ ညစာစားဖို့ သွားရန်။

"လင်းထက်. . ငါသွားစရာရှိတယ်၊ မင်းပြန်လိုက်မလား တစ်ခေါက်လာခေါ်ပေးရမလား"

"ရပါတယ်. . ငါလည်း တစ်ပါတည်းလိုက်မယ်"

"ဒါဖြင့် ပြန်ဦးမယ် မွန်ခ၊ မနက်ဖြန်ဂျူတီဝင်ရမယ်ထင်တယ်"

"ကျွန်မ မရှိလည်းလာလိုက်ပါ လေးလေးရှိနေမှာပါ"

"အိုကေ"

ထိုစဉ် စက်ဘီးတစ်စီးနှင့် ဝင်ရောက်လာသော ဆရာမနှင့် ကလေးတစ်ဦးကို တွေ့လိုက်ရသည်။

"ဟေ. . သားပြန်လာပြီ"

သားသမီးမျက်နှာ သော်တာငွေလမင်းပုံပမာပင်။ မြင်





တွေ့လိုက်ရသည်နှင့် မိခင်၏ စိတ်နှလုံး ရွှင်ပြုံးသွားပြီး သားကို ပြေးကြိုပြေးချီနှင့် အလုပ်ရှုပ်သွားသည်။

"မေ့သားကြီးကို မိတ်ဆက်ပေးရဦးမယ်. . မေမေ့မိတ်ဆွေတွေလေ ဒီဦးဦးကိုသားသိပြီးသားနော်"

"ဟုတ်ကဲ့"

"ဒီဦးဦးက ဦးဦးကောင်းတဲ့"

"ဟုတ်ကဲ့"

"ဦးကောင်းပိုင်. . ခသား သုခဇော်ပါ'

"သားကလူချောပဲ ဘယ်နှစ်တန်းရောက်ပြီလဲ"

"သူငယ်တန်းပါခင်ဗျာ"

"သားကအသွက်ပဲ နောက်တခါ ဦးဦးလာမှ သားအတွက်အရုပ်တွေအများကြီး ဝယ်ခဲ့မယ်နော်. . "

"မဝယ်နဲ့ ဦးဦး. . သားမှာအရုပ်တွေအများကြီးရှိတယ် သားဖေဖေဝယ်ပေးထားတာ သားအခန်းထဲမှာ အပြည့်ပဲ"

ကောင်းပိုင်ရင်ထဲ တမျိုးဖြစ်ပေါ်ခံစားလိုက်ရသည်။ ကလေး၏ဖခင်ပေါ်ထားသော မေတ္တာသည်မသေးလှ။ ကလေးဖခင်ကော ဘယ်လိုလူစားနည်း။ ကောင်းပိုင်စိတ်ဝင်စားသွားသည်။

"ဒါဖြင့် သားသားဘာကြိုက်သလဲ ချော့ကလက် ကြိုက်သလား"

ကောင်းပိုင်တစ်မျိုးစည်းရုံးကြည့်သည်။ မရ။

"သားသားမှာ မုန့်တွေလည်းအများကြီးပဲ သားဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



ဝယ်ပေးတာ. . ."

အဖေနှင့်အမေအတူမနေခြင်းကလွဲလျှင် သူ၌ဖခင်ရှိနေသည်ဟူသောအသိတရားက အပြည့်အဝခံစားဖြစ်ပေးနေစေရန် ဖခင်ကဖန်တီးပေးထားသည်ထင်ပါသည်။

"ဒါ. . ခညီမအငယ်ဆုံး အေးခပါ၊ အေးခ ဦးကောင်းပိုင်လေ"

"ဟုတ်ကဲ့ ဟိုနေ့ကတော့ လှမ်းမြင်လိုက်ပါတယ်"

"ဒါဖြင့် သိပြီးသားပေါ့၊ မမကြီးမရှိလည်း ဦးကောင်းပိုင်ရောက်လာရင် လိုအပ်တဲ့အကူအညီရှိတာပေးနော် အေးခ"

ကောင်းပိုင်က ကေသာစံနှင့် ချိန်းထားသောအချိန်ကို အတိအကျမရောက်မှစိုးသဖြင့် ခွင့်တောင်းကာပြန်ခဲ့လေသည်။

"မင်း. . . သုခအပေါ် ဘယ်လိုမြင်သလဲကောင်း"

"ကလေးပဲကွာ. . ဖခင်အပေါ် တွယ်တာတာ မဆန်းပါဘူး"

"ဖခင်က သူ့အပေါ် ခင်တွယ်နေအောင် လုပ်နိုင်တဲ့အစွမ်းကိုက သူ့ဖခင်ကိုယ်တိုင် ကလေးအပေါ် အလေးထားမှုကသာနေတယ်လို့ မင်းမထင်ဘူးလား. . ."

"သူတို့အိမ်ထောင်ရေးမှာ အကြောင်းတစ်ခုခုတော့ ရှိလိမ့်မယ်. . ဒါထက် ကလေးအဖေက ဘယ်သူလဲ"

"ဦးဇော်အောင်တဲ့. . ၊ ဇော်အင်တာပရိုက်ကုမ္ပဏီလီမိတက်ပိုင်ရှင်လေ. . ."

"သြော်. . ငါသိတယ်၊ ညစာစားပွဲတစ်ခုမှာ ဆုံဖူးတယ်၊





လူချောလူခန့်တစ်ဦးပဲ. . ၊ ကိုယ်တို့ထက်တော့ ကြီးမယ်ထင်တယ်"

"ငါတော့ မမြင်ဖူးဘူး"

"မင်းကိုဘယ်ပို့ပေးရမလဲ"

"နှင်းနှင်းအိမ်ပဲပို့ပေးခဲ့တော့. . ၊ ကိုယ်ကားတစ်စီးပြန်ဝယ်ဖြစ်လိမ့်မယ်. . အလတ်ကောင်ငွေပို့လိုက်ပြီ"

လင်းထက်က ကားရောင်းကာ ညီတစ်ဦးကို နိုင်ငံခြားပို့ပေးခဲ့သည်။ ခုညီက ကားဝယ်နိုင်ရန် ပြန်ပို့ပေးသည်။ တော်သေးသည်. . ကျေးဇူးသိတတ်သည့်ညီဖြစ်၍. . ။ လင်းထက်ကလည်း ယခုမှမိသားစုတာဝန်က ကင်းလွတ်ရှာသည်။

"နှင်းနှင်းက ငါ့အပေါ် နားလည်မှုရှိပါတယ်၊ ငါကိုယ်တိုင်ကလည်း နှင်းနှင်းအပေါ် သံယောဇဉ်ရှိရင်းစွဲဆိုတော့ မရက်စက်နိုင်ဘူး. . ၊ သူစိတ်ဒုံးဒုံးချနိုင်အောင် လက်ထပ်ရက် အမြန်ဆုံးရွေးလိုက်တာပဲ. . ."

"ကောင်းပါတယ် လင်းထက်၊ နှင်းနှင်းလို အဖက်ဖက်က ပြည့်စုံပေမယ့် မောက်မာမှုမရှိပဲ စိတ်ရင်းစေတနာကောင်းပြီး အပြစ်အနာအဆာမရှိတဲ့ မိန်းမမျိုးရတာ. . မင်းလောက်ကံကောင်းတဲ့လူ ရှိနိုင်မလား. . "

"အေးပါကွာ သူ့ရဲ့ချမ်းသာမှုထက် ငါက သူ့ရဲ့မေတ္တာတရားကိုလေးစားသွားတာ. . ၊ သူအနစ်နာခံမယ်လို့ ဆုံးဖြတ်ပေးလိုက်တာကိုပဲ ငါကသဘောကျသွားတာ. . ၊ အရေးကြီးတာစိတ်ထားလှဖို့ပဲ. . . ၊ နှင်းနှင်းမှာ အဲဒီစိတ်ရှိနေတာကိုပဲ ငါ့အ



www.burmeseclassic.com

www.burmeseclassic.com



တွက်ရွေးချယ်မှုဖြစ်သွားတယ်၊ နောက်တစ်ချက်က မိဘလည်း စိတ်ချမ်းသာ ငါလည်း စိတ်ချမ်းသာနိုင်တယ်. . ၊ မွန်ခနဲ့တော့ ရေစက်မပါဘူးလို့ပဲ ဖြေသိမ့်လိုက်ပြီ သူငယ်ချင်း. . ၊ တစ်ကြိမ် ကွဲပြီးသားအသည်းမှာ ဒဏ်ရာထပ်ရလို့ကတော့ နာတာထက် ထုံနေတာက ပိုသွားမယ်ထင်ပါတယ်. . "

လင်းထက်စကားကြောင့် ကောင်းပိုင်ရင်ထဲ ပေါ့ပါးသွား ခဲ့သည်။

ဒီတစ်နှစ်လောက်တော့ လူ့ဘဝတစ်သက်တာအတွက် အရေးကြီးသော လုပ်ငန်းတစိတ်တဒေသဖြစ်သည့် အိမ်ထောင် ပြုသည့်အလုပ်အတွက် အချိန်ပေးရဦးမည်။ အိမ်ထောင်ရေးကို အချစ်တစ်ခုတည်းနှင့် တည်ဆောက်ချင်တိုင်း တည်ဆောက်၍ မရနိုင်ကြောင်းကိုလည်း သင်ခန်းစာတစ်ခုတော့ ရလိုက်လေပြီ။

လင်းထက်ရွေးချယ်မှု မှန်ကန်သလို၊ သူ့ရွေးချယ်မှု လည်း မှန်ကန်ဖို့လိုသည်။

သက်နှင်းကျွန်းကွစ်တွံအိမ်ရာ၏ တိုက်ခန်းကို သူလွယ် လင့်တကူပင် ရောက်ရှိသွားသည်။ လင်းထက်ကို လှည့်ပို့ပေးရ သဖြင့် ခြောက်နာရီထိုးခါနီးမှ ရောက်သွားသည်။

"ကိုယ်နောက်ကျသွားတယ်"

"မကျပါဘူး ဦးကောင်းပိုင် ခြောက်နာရီထိုးဖို့ လိုသေး တာပဲ. . "

"ရောက်ရောက်ချင်း ထမင်းတန်းစားဖို့ မဟုတ်ဘူး၊ ငါးနာရီခွဲလောက်မှာ ရောက်အောင်လာပြီး စကားပြောမယ်





ဆိုပြီး ရည်ရွယ်ခဲ့တဲ့လူအတွက်တော့ နောက်ကျသွားတာပေါ့ ကေသာစံ"

ဤမိန်းမသည် ဘာမှလိမ်းချယ်ထားမှုမရှိလည်း လှပ သည်။ အတော်အကြည့်ခံသည့်အလှပင်။ စပို့ရှပ်အနက်ကလေး နှင့် မော်ဒယ်စိမ်းရောင် ဖြောင်လုံချည်လေးတွဲဖက်ဝတ်ဆင်ထား သည်။ ငယ်ဂုဏ်လေးဖြင့် တောက်ပနေသည်။

"စားရင်းပြောလို့ရပါတယ်. . ၊ လာ. . ဦးကောင်းပိုင် တစ်ခါထဲ တန်းစားရအောင်လာ. . . "

"ဇွန်နဲ့ခက်ရင်းနဲ့စားမှာဖြစ်ပေမယ့် ကိုယ်လက်ဆေးမှ ဖြစ်မယ်၊ ကိုယ် ခြံထဲ ဟိုကိုင်ဒီကိုင်နဲ့လုပ်ပြီး တန်းလာခဲ့တာ"

ကောင်းပိုင် ထမင်းစားခန်း၌ရှိသော ဘေဇင်၌ လက် ဆေးလိုက်သည်။

အသက်ငါးဆယ်ခန့်ရှိသော ရုပ်ရည်သန့်ပြန့်သည့် အ မျိုးသမီးကြီးနှင့် မိတ်ဆက်ပေးသည်။

"ဒေါ်ကြီး. . ဒါကျွန်မမိတ်ဆွေ ဦးကောင်းပိုင်ပါ. . . ၊ ဦးကောင်းပိုင် ကျွန်မရဲ့ ဒေါ်ကြီးလေ. . . "

"တွေ့ရတာ ဝမ်းသာပါတယ်. . ၊ ဒေါ်ကြီးလက်ရာတွေ ပဲ ဖြစ်လိမ့်မယ်ထင်တယ်. . "

"ဦးကောင်းပိုင်က ဘယ်လိုလုပ်ခန့်မှန်းမိသလဲ"

"မင်းပုံစံက မီးဖိုချောင်ဝင်မယ့်ပုံစံမျိုးမှ မဟုတ်ပဲ. . ကော်ဖီကိုတောင် ဆိုင်မှာသောက်တာဆိုတော့. . ၊ ကိုယ်ခန့်မှန်း တာမဟုတ်လို့လား"



www.burmeseclassic.com

www.burmeseclassic.com



ကေသာစံက ကလေးဆန်ဆန်ပုခုံးလေးတွန့် လျှာလေး တစ်လစ်လုပ်လိုက်ပြီး. . .

"မငြင်းပါဘူး. . .၊ ကိုင်း . . ကျွန်မလက်ရာမဟုတ်တဲ့ ညစာကို စိတ်ချစွာနဲ့ မြိန်ရည်ယှက်ရည်သုံးဆောင်ပါ"

"စိတ်ချပါ. . သူစိမ်းမဆန်ချင်လို့ လာစားပြီပဲ. . ၊ မင်းနဲ့ကိုယ်ကြားမှာ အကြွေးမရှိတော့ဘူးထင်တယ်. . ၊ မင်းခဏ ခဏ အကြွေးမတောင်းနဲ့တော့နော်"

ဤမိန်းကလေးအပေါ် ဘာကြောင့်ရယ်မသိ။ သံယောဇဉ်ထားမိသည်။ ညီ,ညီမ မရှိသော သူ့အတွက် ညီမလေးတစ်ဦးကောက်ရထားသလို သဘောထားမိခြင်းဖြစ်သည်။

လူနေမှုအဆင့်အတန်း အပြည့်အစုံနှင့် ရှင်းသန့်မှုရှိသော တိုက်ခန်းအနေအထားကို ကောင်းပိုင်အကဲခတ်မိသည်။

ကေသာစံသည် အလှအပကို မြတ်နိုးတတ်သူတစ်ဦး ဖြစ်သည်။

"ဦးကောင်းပိုင် စောစောက ခြံထဲသွားတယ်ပြောတယ် ခြံဝယ်ထားတာလား"

"ခုမှ ဝယ်ဖြစ်တာဆိုတော့ ရှင်းရလင်းရ တည်ဆောက်ရမှာတွေရှိတယ်"

"ဘယ်မှာလဲ"

"သံလျင်မှာ"

"သံလျင်. . ကျွန်မလည်းစိတ်ကူးရှိတယ်၊ လိုက်ကြည့်ချင်တယ် ခေါ်မလား"





"ခေါ်ပါတယ်"

ကောင်းပိုင်အတွက် လျှို့ဝှက်စရာကိစ္စဘာမှမရှိ။ ကေသာစံလည်း ရည်ရွယ်ချက်ရှိလိမ့်မည်။

"ပန်းစိုက်ချင်လို့လား"

"ဟင်အင့်. . ဆိတ်ငြိမ်တဲ့ရပ်ကွက်တစ်ခုမှာ အေးအေးဆေးဆေးအပန်းဖြေချင်လို့"

"ကိုယ်က အဲဒီအချက်အပြင် စိုက်ပျိုးရေးလုပ်ချင်တာလည်းပါတယ်၊ ဒါကြောင့် သံလျင်ကိုရွေးလိုက်တာ"

"ဘယ်တော့သွားမှာလဲ"

"နေ့တိုင်းသွားတယ်"

"ဘယ်အချိန်လဲ"

"စိတ်ကူးပေါက်တဲ့အချိန်"

"ဒါဆိုဦးကောင်းပိုင် စိတ်ကူးပေါက်တဲ့အချိန်. . ကျွန်မဆီကိုဖုန်းဆက်လိုက်လေ၊ ကျွန်မအားလပ်ချိန်ကြုံရင် လိုက်ခဲ့မယ်. . လိပ်စာသာပေးလိုက်"

"အိုကေ"

"အိမ်ဝယ်ဖို့ မဝယ်ဖို့တော့ လေ့လာဦးမှာနော်"

"ကိုယ်လည်း ပွဲစားမဟုတ်ပါဘူး"

"သိပါတယ်"

ကေသာစံနှင့် စကားပြောရတာ ပွင့်လင်းမှုရှိသည်။ ရဲတင်းမှုရှိသဖြင့် ဟန်ဆောင်စရာ ထိန်းချုပ်စရာမလိုပေ။

"မင်းတို့ တူဝရီးကို ကိုယ့်မိဘအိမ်က ဝါဆိုသင်္ကန်းကပ်

www.burmeseclassic.com

www.burmeseclassic.com



ဆွမ်းကျွေးကိုဖိတ်ရမယ်. . လာမလား"

"ဖိတ်ရင် လာမှာပေါ့"

"အိုကေ ဒါဆိုဖိတ်မယ် ဘယ်နေ့လုပ်ဖြစ်သလဲဆိုတာ တိတိကျကျသိရင် ကိုယ်ဖိတ်မယ်"

ထမင်းလည်းစားကောင်းသည်။ အချိုပွဲအသီးအနှံလေးများလည်းစားကောင်းသည်။ သို့သော်. . ထိုခံစားမှုကို ကောင်းပိုင်တသက်လုံး ခံစားနိုင်မည်မဟုတ်။ မွန်ခကိုယ်တိုင် ချက်ပြုတ်ခူးခပ်ကျွေးခဲ့သော ထမင်းပွဲနှင့်မလဲနိုင်သကဲ့သို့ 'သဘော်သီးကခစိုက်ထားတဲ့အပင်လေ အရမ်းချိုတာပဲ၊ သုံးဆောင်ပါ. . . ဦးကောင်းပိုင်'ဟူသော အိမ်ရှင်မ,ဆန်သော မိန်းမဆန်သောစကားသံလေးတွေကိုသာ သူနှစ်သက်သည်။ တမ်းတသည်။

သို့သော်. . သူစိမ်းယောကျ်ားကြီးများအပေါ် နှစ်သက်ပုံမရသော မွန်ခသားလေးကို စည်းရုံးဖို့ကလွယ်ပါ့မလား။

မွန်ခ ခင်ပွန်းဟောင်းဦးဇော်အောင် ဘယ်လိုလူစားနည်း။ သူတို့အရေးစိုက်ဖို့ မလိုပါဘူး. .၊ မွန်ခက အခရာပါ. .၊ မွန်ခစိတ်ကို အရင်ဦးဆုံး လေ့လာရမည်။

"ကိုယ်. . မေမေဆီညနေဘက်လာခဲ့မယ် ပြောထားလို့သွားတော့မယ်"

"ဦးကောင်းပိုင်က ကလေးလိုပဲနော်. . မိဘကိုမေမေလို့ခေါ်တုန်း. ."

"ဟာ. . မေမေဟာ မေမေပေါ့၊ မေမေမခေါ်လို့ ဘယ်လိုခေါ်ရမှာလဲ၊ ဖေဖေကိုလည်း ဖေဖေပဲ"





"တော်ပါတော့ ဦးကောင်းပိုင်. . ဆက်မပြောပါနဲ့တော့၊ ကျွန်မ အဲဒီဖေဖေဆိုတဲ့အသံကို မခံစားနိုင်ဘူး"

ကေသာစံသည် မျက်စိမျက်နှာပျက်ကာ လှမ်းဟန့်တားလေသည်။ ကောင်းပိုင် အံ့အားသင့်သွားသည်။

"ဟင်. . ဘာဖြစ်လို့လဲ ကေသာစံ"

ကေသာစံ၌ ထူးခြားသော အတိတ်ဇာတ်လမ်းတစ်ခုရှိနေလိမ့်မည်။ ကေသာစံ ခံစားချက်က သူ့ဘဝနှင့်သက်ဆိုင်ပေမည်။ ကောင်းပိုင်. . ကေသာစံ၏ဘဝကို စိတ်ဝင်စားသွားသည်။

ဒေါ်ကြီးကလည်း မျက်နှာပျက်သွားသည်။ ထူးခြားသည်က ဧည့်ခန်း၌လည်း နှင်းဆီပန်းခင်း ပန်းချီကားကြီးနှင့် အလှပန်းအိုးများကလွဲ ဘာဓာတ်ပုံမှမရှိချေ။

"မမေးပါနဲ့ ဦးကောင်းပိုင် ကျွန်မနဲ့ခင်မင်မှု ရှည်ကြာချင်ရင်. . ကျွန်မရဲ့မိသားစုကိစ္စနဲ့ပတ်သက်ပြီး ဘာမှထပ်မမေးမိပါစေနဲ့"

"ကောင်းပြီလေ. . . ကိုယ်မင်းကိုခင်တယ်၊ မိတ်ဆွေကောင်းတစ်ယောက်လို ခင်မင်ခြင်းဖြစ်တဲ့အတွက် မင်းမှာအခက်အခဲရှိမယ်ဆိုရင်လည်း ကိုယ်ကူညီဖြေရှင်းပေးမှာပါ. .၊ ကိုင်းသွားမယ်. . ဒေါ်ကြီးပဲ တံခါးလိုက်ပိတ်ပေးပါတော့"

ခံစားမှုတစ်ခုခုကြောင့် အရုပ်ကြိုးပြတ်ဖြစ်နေသော ကေသာစံကို ကရုဏာသက်စွာ တစ်ချက်ကြည့်ပြီး သူခြံခန်းလှည့်ထွက်ကာ ပြန်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကေသာစံအပေါ်ထားမိသော သူ့သံယောဇဉ်သည်လည်း မသေးကြောင်း ကိုယ့်ကိုကိုယ် သဘောပေါက်မိလိုက်သည်။ လျှော့နှစ်ဘက်နင်းသလို မဖြစ်မိဖို့ပဲ အရေးကြီးသည်။

ကိုယ့်စိတ်ကို ကိုယ်နားလည်အောင် ကြိုးစားရမည်။ ကေသာစံလို လှပငယ်ရွယ် ချောမောလှပသော အပျိုစင်မျိုးကို နှစ်သက်မည်မှာ ယောကျ်ားသဘာဝဖြစ်ကောင်းဖြစ်လိမ့်မည် မှန်သော်လည်း မိမိနှလုံးသား၌ စွဲလန်းခဲ့သည့် မိခရေကိုလည်း စိတ်ထဲစွဲလန်းမှုက လျော့ပါးမသွားချေ။ သို့သော် အကြွေပန်းကို ရွေနန်းထိုက်ဖို့ကတော့ အခက်အခဲမျိုးစုံကို ရင်ဆိုင်ရပေလိမ့်မည်။

ရင်ဆိုင်ရမည်က မိဘညီအစ်ကိုမောင်နှမများနှင့် ဖြစ်သည်။ ဒီအရွယ်ထိ မိန်းမမယူပဲ ဂျိုးများခဲ့သောသူ့အတွက် ယူသောမိန်းမသည် အချောအလှထွန်းခေါင်ဖြစ်ပြီး အပြစ်အနာအဆာကင်းသော အပျိုစင်ကလေးဖြစ်စေချင်ကြသည်။ ကလေးတစ်ယောက်မိခင် တစ်ခုလပ်တစ်ယောက်နှင့်တော့ ဘယ်နည်းနှင့်မှ သဘောတူမည်မဟုတ်ပေ။

ထို့အတူ ကလေးက ဖခင်၏ အုပ်ထိန်းမှု ထောက်ပံ့မှုနှင့် လုံးဝလွတ်ကင်းခြင်းကလည်း မရှိ။ ပထွေးဟူသော နေရာတွင် သူမေတ္တာထားတတ်ဖို့ သည်းခံတတ်ဖို့လည်းလိုသည်။

နောက်. . . ပတ်ဝန်းကျင်. . . ။

ပတ်ဝန်းကျင်က ပစ်ခတ်လာမည့် ပါးစပ်စက်သေနတ်များကို သူကြံ့ကြံ့ခိုင်ရင်ဆိုင်နိုင်ရမည်။





မွန်ခထံကအချစ်ကိုရဖို့ တစ်ခုတည်းနှင့်တော့ မပြီး။ လက်ထပ်ဖို့အရေးကိုပါ ထည့်စဉ်းစားရမည်။

လွယ်တော့တကယ်မလွယ်ကူသော ကိစ္စတစ်ခုပင်။

စစ်မရောက်ခင်က မြှားကုန်နေ၍လည်း မဖြစ်သေး။ ချစ်ခြင်း၏ အတိမ်အနက်ကလည်း ရှိသေးသည်။ မေတ္တာတရားက နက်ရှိုင်းလေလေ. . အခက်အခဲဟူသမျှ ကျော်လွှားနိုင်လေဖြစ်မည်။

ဘာပဲပြောပြော. . . ကောင်းပိုင်နောက်မဆုတ်ပဲ ရှေ့သို့သာတိုးရန် စဉ်းစားလိုက်သည်။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၃)

"မိတ်ဆွေဆိုတဲ့ အဆင့်လောက်ဆိုရင်တော့ မလတ် အနေနဲ့ ဘာမှပြောစရာမလိုဘူး၊ ဒါပေမယ့်. . လွတ်လပ်သူ အချင်းချင်းတွေ့ဆုံမှုက သိပ်ရင်းနှီးလာရင် မကောင်းဘူးထင် တယ်. . သဒ္ဓါလွန်တော့ တဏှာကျွန်ဖြစ်တတ်တယ် ကောင်း"

မလတ်က စတင်၍ သတိပေးလာသည်။ ခြံကို အုတ် တံတိုင်းခတ်နေစဉ် နေ့တိုင်း ကောင်းပိုင် မွန်ခတို့အိမ်၌ ထမင်း



www.burmeseclassic.com

www.burmeseclassic.com



စားဖြစ်သည်။ မွန်ခမရှိလည်း အမိုးနှင့်ဖထီးကို ဟင်းချက်စရာများ စီးတီးမတ်၌ ဝင်ဝယ်သွားပြီး ပေးကာ ချက်ခိုင်းလေ့ရှိသည်။

ကိုယ်တိုင်ကြီးကြပ်၍ တည်ဆောက်သဖြင့် သူလိုချင်သောပုံသဏ္ဌာန်အနေအထား အတိုင်းအတာကိုရရှိသည်။

"ကိုကောင်း ခြံတောင်အတော်ပြီးပြီပဲ အတော်ကောင်းတာပဲ"

မွန်ခက သူ့အား အခေါ်အဝေါ် ပြောင်းလာသည်။ လောလောလတ်လတ် ပူပူနွေးနွေး မလတ်၏ သတိပေးစကားကို ပြန်လည်ကြားယောင်ရင်းက ဆေးရုံမှဂျူတီထွက်လာသော မွန်ခကို ကြည့်မိသည်။ ပင်ပန်းရှာပေမည်။ ည ခွဲခန်းဝင်ခဲ့ရလျှင် အိပ်ပျက်ရှာမည်။ သို့သော် မွန်ခမျက်နှာ၌ နွမ်းနယ်မှုမတွေ့ရ။ ဝါသနာပါသောအလုပ်ကြောင့်ထင်သည်။ ရွှင်လန်းတက်ကြွကာ ဖျတ်လတ်နေသည်။

"ဒီနေ့ အော့ဖ်ပေါ့"

"ဟုတ်တယ် . . ကိုကောင်း . . ဒီနေ့ဘာစားချင်သလဲ ပြော"

"အမိုးကို စီးတီးမတ်က တွေ့တာတွေဆွဲချလာခဲ့တာပဲ ပေးထားတယ် . . ၊ သင့်တော်ရာသာချက်ထားပါ . . ဩော် . . ကိုယ့်ညီမလိုခင်တဲ့ မိန်းကလေးတစ်ယောက်က ကိုယ့်ခြံလာကြည့်ချင်တယ်ဆိုလို့ ကိုယ်ခေါ်ထားတယ် သူ့ကိုပါထမင်းကျွေးမလားလို့ . . ဖြစ်မလား"

"ဖြစ်ပါတယ် . . ကိုကောင်း၊ ခ ညကသိပ်အိပ်မပျက်ဘူး





သန်းခေါင်အထိပဲအိုတီဝင်ရတယ်၊ မနက်ငါးနာရီမှ ဆက်ဝင်ရတာဆိုတော့ အိပ်ရေးဝတယ်၊ ညေသည်ကို အားမနာနဲ့ ခေါ်ခဲ့နော်"

လေးခြံသာခြားသော မွန်ခံခြံသို့ ကားနှင့်လိုက်ပို့မည်ဆိုခြင်းကို မွန်ခက ဘယ်တော့မှလက်မခံ။

"ခ အညောင်းပြေလျှောက်ပါရစေ ကိုကောင်း"

"အေးခတို့ တူဝရီးတော့ ကျောင်းသွားကြပြီ"

"ဟုတ်ကဲ့ ကျောင်းကိုဝင်ကြည့်ခဲ့သေးတယ် . . ၊ သွားမယ်နော်"

"ကိုယ့်အတွက် များများစားစား မချက်နဲ့နော် တမယ်ကောင်းဆိုရပါတယ်"

မွန်ခကို အနားကထွက်ခွာမသွားစေချင်သေးပါ။ သို့သော်လည်း မတားရက်ပေ။ တစ်နေ့နဲ့တစ်ည ဂျူတီဝင်၊ တစ်နေ့နဲ့တစ်ညနား စနစ်မျိုးခွဲပေးထားသော 'ကောင်း'၏ အလုပ်ခွင်ဇယားတာဝန်ချိန်များသည် လူအတွက် သိသာသောအနားယူချိန်များကို ပြည့်ပြည့်ဝဝခံစားရရှိနိုင်သလို နှစ်ဆယ့်လေးနာရီပုံမှန်မပြတ် လည်ပတ်နေနိုင်သည်။ ဆေးရုံဟူသောနေရာသည် လူတစ်ယောက်၏ အသက်အန္တရာယ်ကို စက္ကန့်မျှပင် နောက်မကျစေပဲ ကယ်တင်ပေးနိုင်သောနေရာဖြစ်သဖြင့် အခြားအလုပ်ရုံလို ထား၍မရ။

'ကောင်း'အထူးကုဆေးရုံသည် လူနာတွေအတွက် စိတ်ချမ်းသာမှု အပြည့်အဝရစေရန် ကောင်းပိုင် စီမံကိန်းရေးဆွဲပေး



www.burmeseclassic.com

www.burmeseclassic.com

ခဲ့သည်။ သို့သော် တကယ်တန်းတော့ ဩဇာအာဏာရှိသော သမားတော်ကြီးများကသာ အုပ်ချုပ်ပေးခဲ့သည်။ အကြံကောင်း ဉာဏ်ကောင်းများ ထပ်ဆင့်ပံ့ပိုးပေးသဖြင့် နာမည်ရလာသော ပြင်ပဆေးရုံတစ်ခုဖြစ်သည်။

မလတ်တို့ လင်မယားကော ခွဲခန်းတာဝန်ခံ ဆရာဝန်ကြီးများကပါ မွန်ခကိုသဘောကျကြသည်။ မွန်ခသည် သူနာပြုသင်တန်းကျောင်းမှာကတည်းက နာမည်ရသင်တန်းသူတစ်ဦးဖြစ်သည်။ မွန်ခနှင့် သူရင်းနှီးမှုအဆင့်အတန်းက တိုးတက်လာသည်။ မွန်ခက သူ့အား "ကိုကောင်း" ဟုခေါ်လေပြီ။

ဒီကြားထဲ ကေသာစံနှင့်ကမတွေ့ဖြစ်။ သို့သော် သူမက ဖုန်းမကြာခဏဆက်လေသည်။ သံလျင်ခြံကို လာခဲ့ဖို့ ဂျီကျတတ်လေသည်။ ကောင်းပိုင် ကေသာစံကို ဖုန်းလှမ်းဆက်လိုက်သည်။

"ဟဲလို"

"ကေသာစံ"

"ရှင်. . ဦးကောင်းပိုင်"

"မင်း. . အားသလား"

"အခုတော့ မအားဘူး"

"ဘယ်တော့ အားမလဲ"

"နေ့လည်တစ်နာရီ"

"ကောင်းပြီ. . အဲဒီအချိန် မင်းသံလျင်ကိုလာခဲ့လို့ ရမလား"

"နှစ်နာရီအချိန်ရတယ်၊ ကောင်းပြီ ကျွန်မလာခဲ့မယ်"





"အိုကေ"

တယ်လီဖုန်းကို ချလိုက်သည်။ ကေသာစံနှင့်ပတ်သက်မှုကိုတော့ ဘယ်သူမှမသိကြသေး။ လင်းထက်ပင်မသိ။ အခုတလော လင်းထက်ကလည်း အလုပ်ရှုပ်နေလေသည်။ နှင်းနှင်းနှင့် နှစ်ပါးဂဟေဆက်ရန် မင်္ဂလာရက်မြတ် ရွေးချယ်ပြီးပြီဆိုတော့ ဖိတ်စာရိုက်၊ ဟိုတယ်ရွေး၊ ဝတ်စုံရွေးနှင့် အလုပ်ရှုပ်နေသည်။

ဒီကိစ္စနှင့်ပတ်သက်၍ မွန်ခမှာ မျက်နှာပျက်ယွင်းခြင်း လုံးဝမရှိသဖြင့် မွန်ခ လင်းထက်အပေါ် ထားရှိသော သံယောဇဉ်ဘ ဖြူစင်သည်ဟု လင်းထက်ကော သူပါသဘောပေါက်မိသည်။ လင်းထက်က 'ငါ့ရွေးချယ်မှု မှန်ကန်သွားပြီ' ဟုစိတ်ချမ်းသာစွာ ကောက်ချက်ချလိုက်နိုင်လေသည်။

မွန်ခကဲ့သို့ ဖထီးနှင့် အမိုးတို့ လင်မယားလို စိတ်ချရသော ယုံကြည်အားကိုးရသော ခြံစောင့်လင်မယားမျိုးမရပဲ ညစောင့်သာရသဖြင့် နေ့ခင်းသူနှင့်အလုပ်သမားများသာရှိသည်။ ထို့ကြောင့် သူမှာ ဖထီးကို အကူအညီခေါ်ရသည်။ သူအပြင်ထွက်ချိန်မျိုး မအားလပ်ချိန်၌ ဖထီးကစောင့်ကြည့်ပေးသည်။

ဆယ်တစ်နာရီလောက်တွင် ဖထီးရောက်လာသည်။

"ဆရာကောင်း. . ဖထီးထမင်းစားခဲ့ပြီးပြီ၊ လူလေးကို မွန်လေးစောင့်နေတယ် သွားလိုက်တော့"

"ဟုတ်ကဲ့ ဖထီး၊ ကျွန်တော်အခုပဲ သွားလိုက်ပါ့မယ်"

မွန်ခ စောင့်နေတယ်ဟူသော စကားလေးတစ်ခွန်းကပင်လျှင် သူ့အတွက်အားဆေးတစ်ခွက်လိုဖြစ်နေသည်။


www.burmeseclassic.com

www.burmeseclassic.com



ကောင်းပိုင် မဆိုင်းမတွပင် ဖထီးအား မှာစရာရှိတာမှာကြားပြီး ထွက်ခဲ့လေသည်။ မွန်ခကို အခွင့်သာလျှင် ဖွင့်ဟပြောကာ လက်ထပ်ခွင့် တောင်းမည်ဟု စဉ်းစားလိုက်တိုင်း. . . သူခဇော်ကို ပြေးမြင်မိသည်။

သူခဇော်သည် သူ့အားမကပ်၊ သူလာလျှင်လည်း မလှမ်းမကမ်းမှနေကာ ကစားလျှင်ကစား. . မကစားလျှင် အိမ်စာလုပ်နေတတ်သည်။ လုံးဝတော့ရှောင်ရှားမသွား။

အေးခကလည်း အိမ်မှာမရှိတာများလေသည်။ ဒီနေ့တော့ ကျောင်းပိတ်ရက်ဖြစ်သည်။ သို့သော် သူခဇော်အိမ်မှာရှိမည်မဟုတ်။ မနက်ကတည်းက ဦးဇော်အောင်လာခေါ်သွားလိမ့်မည်။ ကောင်းပိုင် ကြိုတင်တွက်ထားသလိုပင် အိမ်ဖော်ကောင်မလေးနှင့် အမိုးကလွဲ၍ အေးခမရှိ။

မွန်ခကိုကြည့်ရသည်မှာ ငယ်စဉ်ကရုပ်သွင်ကို သွားသတိရသည်။ သနပ်ခါးပါးကွက်ကျားလေးနှင့် ခရေပန်းကုံးကလေးနှင့်ပါလား။ ကောင်းပိုင် ရင်ခုန်လာသည်။

"ကိုကောင်းက ဆယ့်တစ်နာရီလောက်မှာ မနက်စာစားနေကြဆိုပေမယ့် နည်းနည်းနောက်ကျသွားတယ်"

"ရပါတယ်. . ကြုံရင်ကြုံသလိုပဲစားလိုက်တယ်၊ ခကိုတောင် ကိုယ်ကအားနာနေတာ. . နားရမယ့်အချိန်"

"ညက အိပ်ရေးဝခဲ့ပါတယ်၊ ဒါထက် ဧည့်သည်ကော"

"မအားသေးဘူးတဲ့ တစ်နာရီမှအားမယ်၊ ကိစ္စမရှိဘူး သူက ကိုယ်ခြံဝယ်ထားတာ လာစပ်စုရုံသက်သက်ပါ. . ၊ သူ့ကို





လည်း ထမင်းစားဖိတ်မထားပါဘူး. . ၊ ကြုံရင်သာကျွေးလိုက်ဖို့ပါ"

ကောင်းပိုင် မွန်ခကိုလိုသည်ထက်ပို၍ ရှင်းပြလိုက်သည်။ ဖွယ်ဖွယ်ရာရာပြင်ဆင်ပေးထားသော ထမင်းစားပွဲဝယ် သူတစ်ယောက်တည်းသာ စားရသည်။ မွန်ခက ဘယ်တော့မှသူနှင့် အတူမစား။ စားပြီး မကြာခင်. . .

"ကိုယ်သွားတော့မယ်"

"နေဦး ကိုကောင်း. . ၊ နေ့လည်စာအတွက် ကော်ဖီနဲ့မုန့်ရယ်၊ ရေနွေးဗူး. . လက်ဘက်အစ် ပြင်ဆင်နေတယ်"

"ဟာ . . အားနာစရာကြီး ခရယ်"

"အားနာစရာကြီးဆိုတဲ့စကားကို မသုံးပါနဲ့ ကိုကောင်းရယ်. . ၊ ကိုကောင်းကျေးဇူးက ခ အပေါ်မှာရှိတာပဲ၊ ခုလည်း လုပ်အားလေးပဲ ခတို့က ကျေးဇူးပြုရတာ ကိုကောင်းဝယ်လာတာတွေနဲ့ပဲ ပြန်ပြင်ဆင်ပေးရတာ၊ ခတို့ ကိုကောင်းကိုဘာမှ အတုံ့အလှည့် ကျေးဇူးမပြုရသေးပါဘူး"

"မလိုပါဘူး. . ကိုယ်က နှုတ်၏စောင်မခြင်းပဲပြုခဲ့တာပါ။ ကိုယ်တစ်ခုမေးချင်တယ် ခ. . သေသေချာချာစဉ်းစားပြီးမှ ဖြေပေးပါ"

လသာတုန်းဗိုင်းငင်မှဖြစ်မည်။ အခွင့်အရေးပေးခိုက်သူငယ်စဉ်ကအစွဲအလန်းလေးတစ်ခုနှင့် သံသယကို ရှင်းလင်းလိုက်ချင်သည်။ ထို့ကြောင့် စကားကိုတစ်ဆက်တည်း ပြောလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မွန်ခက မျက်လုံးကလေးဝိုင်းဝိုင်းလည်သွားပြီး တအံ့တသြနှင့်. . . .

"ဟင်. . . ကိုကောင်းက ခကိုမေးစရာရှိနေတယ်"

"ဟုတ်တယ် ခ"

"မေးပါ ကိုကောင်း၊ ခဖြေသင့်တာဆိုရင်ဖြေမယ်"

မွန်ခသည်. . စဉ်းစားဉာဏ်နည်းသော မိန်းမတစ်ယောက်မဟုတ်ချေ။ ဖြေပုံကိုပဲကြည့်။ "ဖြေသင့်တာဆိုရင် ဖြေမယ်" ဟုသာ ပြောသည်။

ကောင်းပိုင်သက်ပြင်းချလိုက်သည်။

မိမိသည် အစွဲအလန်းကြီးလွန်းတာပဲ ဖြစ်မည်။

"ခတို့ မိဘဘိုးဘွားဇာတိက ဘယ်ဇာတိလဲ"

"မုဒုံပါ"

ကောင်းမွန်ရင်ထဲ မျှော်လင့်ချက် ဝင်းပသွားသည်။

"ခုရှိကြသေးလား"

"နှစ်ဝမ်းကွဲ သုံးလေးဝမ်းကွဲတွေတော့ ရှိကြဦးမှာပါ. .၊ အရင်းအချာတွေကတော့ ရန်ကုန်မှာချည်းပဲ. .၊ ဘာဖြစ်လို့ မေးတာလဲ ကိုကောင်း. . ."

မွန်ခအမေးကို မဖြေသေးပဲ. .

"လွန်ခဲ့တဲ့ နှစ်နှစ်ဆယ်လောက်ကကော. . "

"အဲဒီအချိန်တုန်းက အဘိုးအဘွားတွေ မုဒုံမှာရှိသေးတယ်၊ ကျောင်းပိတ်ရက်တိုင်း သွားသွားလည်ရတာ သိပ်ပျော်တာပဲ"





ကောင်းပိုင် ရင်ခုန်လာသည်။ သေချာပါပြီ။

"ခ. . ငယ်နာမည်ရှိသေးလား"

"ငယ်နာမည်ရယ်တော့ မဟုတ်ပါဘူး. .၊ ခက ခရေသိပ်ကြိုက်တော့ ခကို ထိန်းကျောင်းပေးတဲ့ဦးလေးတို့ အဒေါ်တို့က မိခရေလို့ ချစ်စနိုးခေါ်တာပါ"

ကောင်းပိုင် နှစ်ခြိုက်စွာ ပြုံးလိုက်မိသည်။ တဆက်တည်း ရန်ကုန်-မော်လမြိုင် အမြန်ရထားတစ်စီးပေါ်က ပုံပြင်လေးတစ်ပုဒ်ကို ပြောပြလိုက်သည်။ စကားဆုံးတော့. . .

မွန်ခ၏ မျက်လုံးကလေးများသည် သောက်ရူးကြယ်ညီနောင်အလား ဝင်းပသွားလေသည်။

"ခဏနော်. . ကိုကောင်း" ဟုဆိုကာ အိပ်ခန်းထဲ လှစ်ကနဲဝင်ပြီး ပြန်ထွက်လာသောအခါ ခေါင်းစည်းပုဝါးလေးပါလာသည်။

"ဒီပုဝါလေးလား"

"ဟင်. . ဟုတ်တယ်. .၊ ခဟာ တကယ်ပဲ မိခရေကိုး"

ကောင်းပိုင်ရင်ထဲ လှိုင်းခတ်သံကို ညံစီနေလေပြီ။

"ခက ဒီပုဝါလေးကို သိမ်းထားတယ် ဘာကြောင့်လဲ"

မွန်ခ မျက်နှာလေး အိုးတိုးအန်းတန်းဖြစ်သွားသည်။ ရှက်စနိုးရိပ်တို့ စွန်းထေးလေပြီ။

အတန်ကြာငြိမ်သက်ကာ စဉ်းစားပြီးမှ တည်ငြိမ်စွာဖြင့်

"ခပိုင်တဲ့ ပစ္စည်းလေးတွေကို မပျက်စီးသေးသရွေ့ အမှတ်တရ သိမ်းဆည်းထားတတ်တယ်"



www.burmeseclassic.com

www.burmeseclassic.com



ကောင်းပိုင် မယုံကြည်။ မွန်ခ၌ ဖုံးကွယ်မှုတစ်ခုခုရှိလိမ့်မည်။ သို့သော် မွန်ခမျက်ဝန်းလေးကတော့ ပြောင်းလွဲသွားလေပြီ။ ကောင်းပိုင်ကိုကြည့်သောအကြည့်၌ ကြေကွဲမှုပါလာလေပြီ။ လွမ်းဆွတ်ခြင်း၊ တမ်းတခြင်း၏ အရိပ်အရောင်လည်း စွန်းထေးနေလေပြီ။

"ခ. . ကိုယ်အိမ်ထောင်မပြုသေးတာ ဘာကြောင့်လဲ သိလား"

မွန်ခ ခေါင်းခါလိုက်သည်။ နောက် သူ၏ အဓိပ္ပာယ်မျိုးစုံဖော်ကျူးနေသော မျက်ဝန်းကို ရင်ဆိုင်ရန်မဝံ့ရဲသဖြင့် ခေါင်းငုံ့လိုက်သည်။

"ကိုယ်. . မိခရေကို ပြန်တွေ့လိမ့်မယ်လို့ မျှော်လင့်ခဲ့သလို ပိုင်ဆိုင်ခွင့်လည်းရပါစေလို့ တိတ်တဆိတ် ဆုတောင်းထားတဲ့အတွက်ကြောင့်ပါ"

"ဒါပေမယ့် ဖြစ်မလာနိုင်တော့ဘူးမှတ်လား ကိုကောင်းရယ်. .၊ အစွဲအလန်းဆိုတာ လူကိုဥပဒ်ရောက်စေပါတယ်. .၊ မေ့လိုက်ပါ"

မွန်ခက လောကစံကို သူ့ထက်ပို၍ ရင်ဆိုင်ထားသူဖြစ်သဖြင့် သူ့အား အေးဆေးစွာပင် တရားပြလေသည်။

"မေ့လို့မှမရပဲလေ၊ ဘာပဲပြောပြော. . ခု ခဟာ လွတ်လပ်သူ. . ကိုယ်ဟာလည်း လွတ်လပ်သူပဲ၊ ကိုယ်တို့ဘဝနှစ်ခုပေါင်းစည်းလို့ ဖြစ်နိုင်နေပြီပဲ. ."

မွန်ခက ခေါင်းရမ်းလိုက်ပြီး. . သူ့အားမော့ကြည့်လိုက်





သည်။ နောက်မှ အေးအေးဆေးဆေးပင်. . .

"ခ ဘဝဟာ ခုမှအေးချမ်းကာစပဲ ရှိပါသေးတယ်. . ကိုကောင်းရယ်. .၊ ခ အေးအေးဆေးဆေးနေပါရစေဦး. .၊ ခကို စိတ်ကျဉ်းကြပ်စေတဲ့ အနှောင်အဖွဲ့မျိုး လုံးဝမပေးပါနဲ့ဦး၊ ခ ကိုကောင်း ခံစားချက်ကို နားလည်ပါတယ်၊ ဒါပေမယ့် ခကို စဉ်းစားခွင့်ပေးပါ. .၊ ဒီကြားထဲ ခအပေါ် မိတ်ဆွေကောင်းတစ်ယောက်လိုပဲ ပုံမှန်ဆက်ဆံပေးပါနော်"

ကောင်းပိုင် သက်ပြင်းချကာ. . နားလည်ခွင့်လွတ်ပြုံးလေး ပြုံးလိုက်သည်။

"ကိုယ် အတင်းအကျပ်ဘာကိုမှ မတောင်းဆိုပါဘူး၊ ကိုယ့်ဆန္ဒနဲ့ မျှော်လင့်ချက်ကို ခနားလည်ပေးရင် ကိုယ်ကျေနပ်ပါတယ်၊ ကိုယ်စိတ်ရှည်ပါတယ်. . ဒါပေမယ့် ခကို ကိုယ်တစ်ခုတောင်းဆိုပါရစေ. .၊ ခ ကိုယ့်ကို ကိုကြီးတပ်မခေါ်ပါနဲ့၊ ကိုယ့်မိသားစုနဲ့ သူငယ်ချင်းတွေခေါ်သလို "ကောင်း" ပဲခေါ်ပါ၊ ခနဲ့ကိုယ်က ရွယ်တူပဲဟာ. ."

"ကောင်းပါပြီ ကောင်းရယ်. .၊ ခကလည်း ဆရာကောင်းကို ကောင်းတစ်လုံးတည်းခေါ်ကတည်းက ကောင်းလို့ပဲခေါ်ချင်နေတာပါ"

မွန်ခထံမှ ချစ်စရာကောင်းသော အပြုံးအေးမြမြလေးနှင့် စကားသံလေးက သူ့ရင်ကို နွေးထွေးစေသည်။ စွဲလန်းရကျိုးနပ်လေပြီ။

"ဝမ်းသာတယ် ခရာ၊ ဘာပဲဖြစ်ဖြစ် . . ကိုယ်သိပ်ပျော်



www.burmeseclassic.com

www.burmeseclassic.com



သွားပြီ သိလား. . ၊ ကိုင်း. . ကိုယ်သွားမယ်. . ခ နားတော့၊ ဒီပဝါလေးပိုင်ဆိုင်ခွင့်ရမယ်အချိန်ကို ကိုယ်စောင့်မျှော်နေမယ်"

ကောင်းပိုင် ပြောပြောဆိုဆို ထထွက်ခဲ့လေသည်။

မွန်ခသည် သူ့အားကားပေါ် အထိ လိုက်ပို့ပေးရင်း. .

"အမှတ်တမဲ့ဆုံဆည်းမှုလေးတစ်ခုကို ကောင်းက အစွဲအလန်းကြီးစွာနဲ့ ရင်ထဲမှာ သိမ်းဆည်းထားတယ်နေတယ်. . ၊ ခ သိပ်အံ့ဩပြီး မယုံကြည်နိုင်အောင် ခံစားရတယ်"

"ခ ဒီထက်ပိုပြီး အံ့ဩရဦးမှာ. . ၊ ကိုယ့်ရဲ့ အစွဲအလန်းဟာ နှစ်နှစ်ဆယ်မကဘူး. . တစ်သက်တာအတွက်ပဲဆိုတာ သိရင်လေ"


ပြောပြောဆိုဆိုပင် သူကားမောင်းထွက်ခဲ့သည်။

မွန်ခ ဘာပဲပြောနေပြောနေ သူကျေနပ်သည်။

သူ. . . မွန်ခကို အတိတ်ပုံပြင်လေးပြောပြရုံနှင့် မွန်ခမျက်နှာဝင်းပပြီး မွန်ခ ချက်ချင်းမှတ်မိသည်ဆိုကတည်းက. . မွန်ခသည်လည်း ပုံပြင်လေးကို မေ့မရခဲ့ပဲ မှတ်မိနေမှာ ကျိန်းသေသည်။ ကောင်းပိုင်စိတ်ထဲ ပီတိဖြာလျက်. . .







# အခန်း (၁၄)

မွန်ခ. . ကောင်းပိုင်ကားလေး မြုံပြင်ရောက်သွားမှ အိမ်ထဲပြန်ဝင်ခဲ့သည်။ လေးလေးက မွန်ခကို ငယ်စဉ်ကတည်းက ချိုပိုးထိန်းကျောင်းခဲ့သူဖြစ်သည်။ ပြီးတော့. . အနောက်အပြောင်၊ ကျီးစယ်သန်သည်။

"ရေအဆုံး. . ကုန်းတစ်ဝက်တဲ့ ဒီပဝါကို ပိုင်တာ ညည်းတစ်ယောက်တည်း မဟုတ်တော့ဘူးနော် မိခရေ. . ၊ ဟိုကောင်ချောလေးလည်း တစ်ဝက်ပိုင်တယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုလုပ်မလဲ လေးလေးရဲ့ တစ်ပိုင်းဆီသွားပေးရင် ခပဝါ ဘယ်လိုလုပ်သုံးမလဲ"

"အေးလေ. . သုံးချင်သုံး၊ ဒါပေမယ့် တစ်ဝက်က သူ ပိုင်ဆိုင်မှုရှိတယ်လို့ ညည်းမှတ်ထား၊ အဲဒါ ညည်းရဲ့ဖူးစာရှင်ပဲ"

လေးလေးက တော်တော်မဟုတ်တရုတ် ပြောတတ်သည်။ ထိုစဉ်က မွန်ခက ကလေးဆိုတော့ နားမလည်။

"ဖူးစာရှင်ဆိုတော့ ညည်းအရွယ်ရောက်လာရင် လက်ထပ်ရမယ့်လူလို့ ပြောတာပေါ့. . ."

"ဟင်. . လေးလေးကလည်း ဟုတ်လည်းဟုတ်ပဲနဲ့"

"ဟုတ်တယ်. . တကယ်ပြောတာ၊ မယုံရင် ညည်း ပဝါလေးကို သေသေချာချာသိမ်းထား၊ တစ်နေ့နေ့ ညည်းနဲ့ အဲဒီကောင်လေးပြန်ဆုံရင် ညည်း သူ့ကို အဲဒီပုဝါလေးပြလိုက်၊ သူချက်ချင်းမှတ်မိလိမ့်မယ်. . ညည်းကို သူက တော်ကောက်သွားရောပေါ့"

"တော်ကောက်တယ်ဆိုတာ ဘာလဲ"

"လက်ထပ်တယ်ပြောတာ"

"ဟာ. . လေးလေးကလဲ ဘာတွေလျှောက်ပြောနေမှန်းမသိဘူး"

"ဟိုကောင်. . ကလေးကို မဟုတ်တရုတ်တွေ လျှောက်မပြောနဲ့စမ်း"

မေမေက လှမ်းဟန့်လိုက်မှ လေးလေးဇက်ပုကာ ငြိမ်ကုတ်သွားသည်။ သို့သော် လေးလေးက တခါတရံ. . .





"ဟိတ်ကောင်မလေး. . ညည်းရဲ့ပဝါရှင် မတွေ့သေးဘူးလား" ဟု သတိရသည့်အခါ နောက်ပြောင်တတ်သည်။

"ဒီပဝါတစ်ဝက်ပိုင်ရှင်ကလည်း ဘယ်ချောင်မှာများသွားအိပ်နေသလဲမသိပါဘူး၊ ရုပ်ကတော့ သူဌေးဖြစ်မယ့်ရုပ်ပဲ၊ ငါ့တူမရုပ်ကလည်း သူဌေးကတော်ဖြစ်မယ့် ရုပ်ပဲဆိုတော့. ."

"လေးလေးနော်"

လေးလေး၏ ကျီးစယ်မှုများကြောင့်ပဲလားမသိ မွန်ခအတွက် ပဝါလေးကို သိမ်းဆည်းထားလာတတ်သလို၊ ပဝါကိုနှမြောသလို၊ မပေးချင်ပေးချင်နှင့် ပေးလာသော ကောင်းလေး၏ရုပ်ကို မေ့မရသကဲ့သို့ ရှိခဲ့သည်။ သို့သော် လောကဓံ၏အလှည့်အပြောင်းက မွန်ခ၏ စိတ်ကူးယဉ်အိပ်မက်ကလေးကို ဖျက်ဆီးခဲ့လေသည်။

မွန်ခ ဆယ်တန်းနှစ်မှာ အဖေနှင့်အမေ စီးသွားသော ကားမှောက်ရာ အဖေပွဲချင်းပြီးဆုံး။ အမေက အဖေ့၏ပိုးစိုးပက်စက် မြင်ကွင်းနှင့် ထိခိုက်ဒဏ်ရာတို့ကြောင့် ရူးသွပ်သွားသည်။ မောင်နှမခြောက်ယောက်၏ တာဝန်သည် မွန်ခပခုံးပေါ် ကျရောက်လာသောအခါ စိတ်ကူးယဉ်အိပ်မက်ကလေး မက်ခွင့်ပင် မရခဲ့ပါချေ။

သူနာပြုသင်တန်းတက် မိခင်ကိုပြုစု မောင်နှမတွေအတွက်လည်း ရှိစုမဲ့စုလေးကို တိုးပွားအောင်လုပ်ရင်း ဘဏ်တိုးလေးနှင့်ငှင်း၊ မိမိအောက်ညီမက စက်ချုပ်၍ငှင်း၊ ကျန်မောင်နှမများကို ပညာရေးဘဝတက်လမ်းကို ရှန်းကန်ပေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



ဒီကြားထဲ ဒေါက်တာလင်းထက်နှင့် တွေ့ဆုံသောအခါ မျှော်လင့်ချက်ရောင်ခြည်ကလေး သန်းခဲ့သော်လည်း မိမိနှင့်ဘဝတူလိုဖြစ်နေသော ဆရာကို စာနာကာမေတ္တာပွားမိသည်မှအပ ဆရာသည် စိတ်ကူးယဉ်ထဲမှ အိပ်မက်မင်းသားမဟုတ်ခဲ့ချေ။

ဦးကောင်းပိုင်. . .။ စိတ်ကူးယဉ်ထဲက ဘုရင်ကြီးဖြစ်လာသည်။ တိုက်တိုက်ဆိုင်ဆိုင် ဆယ်ကျော်သက်က စိတ်ကူးယဉ်မင်းသားလေးလည်း ဖြစ်နေပြန်သည်။ သို့သော်. . .

မိမိ၏ လက်ရှိအနေအထားသည် စိတ်ကူးယဉ်လောကသော တော်ဝင်သဇင်ပန်းမဟုတ်ပြီ။ ခရေပန်းကိုမက်မောခဲ့သော မိမိဘဝသည်လည်း ခရေလို ကြွေကျမြေခခဲ့ရလေပြီ။

အချစ်အတွက် မိမိဘဝမရှင်သန်ခဲ့ရ။

စားဝတ်နေရေးအတွက်သာ ရှင်သန်ခဲ့ရသည်။

"ကောင်း" ဘက်မှဘယ်နည်းနှင့်မှ သဘောတူလိမ့်မည်မဟုတ်။ စဉ်းစားစရာမလို။


နှလုံးသားကိုဦးစားပေးရမည့် အရွယ်မှ မဟုတ်ပေပဲ။

မှန်ခ. . ရင်ထဲထိရှိနာကျင်လာသည်။ သို့သော် ဘဝ၌ဒုက္ခမျိုးစုံ ကြုံတွေ့လာခဲ့ရသော မိမိအတွက်တော့ အချစ်ဝေဒနာဒုက္ခကိုလည်း ပြတ်သားစွာကျော်လွှားနိုင်လိမ့်မည်ဟု ကိုယ့်ကိုကိုယ် ယုံကြည်ချက်အပြည့်ထားလိုက်ရလေသည်။









# အခန်း (၁၅)

ကေသာစံ ဦးကောင်းပိုင်ခြံကို လွယ်လင့်တကူပင် မှန်းဆလိုက်သည်။ ကားကိုတွေ့ရသည်။ ခမ်းခမ်းနားနားပင် အုတ်တံတိုင်း ကာရံနေသောခြံသည် ဦးကောင်းပိုင်၏ခြံသာ ဖြစ်ရမည်။

ကေသာစံ ဦးကောင်းပိုင်ကို သဘောကျသည့်အချက်တွင် သန့်ရှင်းသပ်ရပ်ခန့်ညားစွာ အမြဲရှိတတ်ခြင်းက အဓိက



www.burmeseclassic.com

www.burmeseclassic.com



အချက်ဖြစ်သည်။

ခြေထောက်ပဲကြည့်ကြည့် ခြေသည်းလေးများသည် အပိုရှည်ခြင်းမရှိ. . ဂျိုးညှော်မရှိ. .၊ မွှေးညင်းစိမ်းကလေးများဖြင့် နီရောင်ပြေးကာ စိမ်းဖန့်ဝါညက်နေသည်။ ထိုကြီးသော်လည်း ဖောင်းအိသော ခြေဖမိုး၌ ရှားရောင်ကတ္တီပါဖိနပ်၌လည်း ဖုန်မရှိ သေသပ်နေသည်။ ဖြူသောအသားနှင့် ကတ္တီပါဖိနပ်မှာ အထူးပန်းရလှသည်။

"ကေသာစံ. . ကိုယ့်ကားဘေးကနေရိပ်မှာ သွားရပ်ထားလိုက်"

ဦးကောင်းပိုင်၏အသံကို လှမ်းကြားလိုက်သည်။ လူကိုမတွေ့ရသေး၊ ကားရပ်ပြီးမှ မိမိထံလျှောက်လာသောလူကို တအံ့တသြကြည့်မိသည်။

ဆိုက်(၁)ထဲဆောင်းထားသော ဦးထုပ်၊ ရှပ်လက်ရှည်နှင့် စတိုင်ဘောင်းဘီ၊ ဝေါကင်းရှူးတို့ကို စီးထားသော ဦးကောင်းပိုင်ကို အထူးအဆန်းအနေနှင့် တွေ့လိုက်ရသည်။

"ထမင်းစားခဲ့ပြီလား"

"စားခဲ့ပြီ. . ကိုးနာရီခွဲဆို ထမင်းစားပြီး ဒုတိယအဆိုင်းသင်တန်းကိုသွားတယ်. .၊ ခုချိန်မှာ နေ့လည်စားစားတယ်. .၊ မုန့်တော့ဝယ်လာတယ်. .၊ ဦးကောင်းပိုင် ကျွန်မတို့နေ့လည်စာကျွေးဖို့ကော အစီအစဉ်ရှိရဲ့လား"

"ရှိပါတယ်. . ပျော်ပွဲစားသဘောပေါ့၊ လာ. . အိမ်ပောင်းထဲမှာပြင်ထားတယ်"





"နေဦး. . ဒီခြံဘယ်လောက်နဲ့ ဝယ်လိုက်တာလဲ"

"တယ်လီဖုန်းပါတယ်၊ တစ်ဧကခွဲရှိတယ် သိန်းငါးရာ"

"မဆိုးဘူး တန်တယ်"

"ကေသာစံ ဝယ်မယ့်အစီအစဉ်ရှိလား"

"ကျွန်မလည်း ဒီလောက်အကျယ်အဝန်းမျိုးပဲ လိုချင်တယ်၊ ဒါပေမယ့် ထိန်းသိမ်းနိုင်မှာမဟုတ်သလို အိမ်ဆောက်ဖို့လည်း အချိန်ပေးနိုင်မှာမဟုတ်သေးဘူးဆိုတော့ စဉ်းစားနေတာ"

"မင်းငယ်ပါသေးတယ်၊ အချိန်တွေလည်းရှိသေးတယ်"

ကေသာစံမျှော်လင့်သောစကားမျိုး ဦးကောင်းပိုင်ဆီမှ ရမလာချေ။ ဦးကောင်းပိုင်သည် ခပ်တုံးတုံး၊ ခပ်နန ယောက်ျားတစ်ဦးမဟုတ်ပါ။ ကေသာစံ၏ ချဉ်းကပ်မှုခြေအနေကိုလည်း ရိပ်မိနိုင်သည်။ သို့သော်. . ဥပက္ခာပြုကာ မသိကျိုးနွံပြုပြီး ညီမတစ်ယောက်လို သာမန်မိန်းကလေးမိတ်ဆွေတစ်ယောက်လိုသာ သဘောထားဆက်ဆံသည်။

ဦးကောင်းပိုင်၌ ရည်မှန်းထားသူများရှိနေပြီလား။

"ဟုတ်ပါတယ်. . ကျွန်မလည်း အဲဒီအချက်ကို တွေးမိတယ်၊ ခုနေသံလျှင်မှာ ဦးကောင်းပိုင်ဝယ်လို့ အားကျပြီး မြေကွက်ကို လိုက်ဝယ်မိပါတယ်၊ နောက်လေးငါးနှစ်များ ပြင်ဦးလွင်မှာဝယ်ချင်လာမယ်၊ တောင်ကြီးမှာဝယ်ချင်လာမယ်ဆို ဒီကရောင်းမထွက်တာတို့ ဘာတို့ဖြစ်လာရင် စိတ်ရှုပ်ရမယ်"

"ဟုတ်တယ်. . တကယ်နေမယ်လို့ စိတ်ကူးရှိုင်ဝယ်၊



www.burmeseclassic.com

www.burmeseclassic.com



ငွေပိုလို့ ပြန်ရောင်းဖို့ မြှုပ်နှံချင်တာမျိုးဆိုရင်လည်းဝယ်၊ မနေသေးဘူး၊ ငွေလည်းမကစားချင်သေးဘူးဆိုရင်တော့ မဝယ်သေးတာပဲ ကောင်းတယ်၊ ကိုင်းလာ နေပူတယ် အိမ်ထဲဝင်ရအောင်"

ရှေးပုံစံကျကျ အိမ်အိုတစ်လုံးထဲဝင်လိုက်သည်။ ဧည့်ခန်း၌ ပလပ်စတစ်ဆက်တီတစ်စုံရှိနေသည်။ ဒရင်းဘတ်တစ်လုံး

"ကိုယ်က မိုးလင်တာနဲ့ ဒီမှာပဲ စတည်းချနေရတယ်"

"ခြံအရင်ခတ်တယ်နော်"

"ခြံအရင်ခတ်တော့ ပစ္စည်းတွေချထားတဲ့အခါ လုံခြုံမှုရှိတယ်လေ. . ၊ ပြီးရင် ကားဂိုဒေါင်နဲ့ အလုပ်သမားတန်းလျားဆောက်မယ်. . ဒီအိမ်ဖြိုမယ်၊ အိမ်ကြီးကို စိတ်တိုင်းကျဆောက်မယ်"

ဦးကောင်းပိုင်က အိမ်တည်ဆောက်မှုတွင် စိတ်ပါဝင်စားမှုရှိလေသည်။

"သင်္ဘောပြန်မထွက်ဘူးလား"

"မထွက်ဘူး. . အိမ်ပြီးမှထွက်မယ်"

"ဒါဖြင့် ဦးကောင်းပိုင် ဒီအိမ်ကြီးကို ပိတ်ထားခဲ့ရမှာပေါ့"

"ခြံစောင့်နဲ့ထားခဲ့မယ်လေ၊ တစ်နှစ်လောက်ပဲ သင်္ဘောလိုက်ပြီး ပြန်လာခဲ့မှာပေါ့. . ၊ နောက်ပိုင်း ဒီမှာပဲ လုပ်ငန်းအခြေတကျလုပ်မယ်၊ ကိုယ်ပိုင်လုပ်ငန်းတစ်ခုခုပေါ့. . အသက်လေးဆယ်ကျော်ရင်တော့ သင်္ဘောမလိုက်တော့ဘူး"

"ဦးကောင်းပိုင်ရဲ့ စီမံကိန်းထဲမှာ အိမ်ထောင်ပြုဖို့ကော





ပါရဲ့လား"

ကေသာစံက မတုန်မလှုပ်သံမဏိရုပ်ကို တမင်ပင် မေးလိုက်သည်။

ထိုမေးခွန်းအတွက် မိန်းမတစ်ယောက်၏ အိန္ဒြေသိက္ခာကိုထိပါးလိမ့်မည်ဟုတော့ မထင်ပါ။ အဘယ်ကြောင့်ဆိုသော် မောင်နှမလိုဟု ဦးကောင်းပိုင်က ခံယူထားသကဲ့သို့ မိမိကိုယ်တိုင်ကလည်း မိတ်ဆွေလို့ယူဆထားသည်ပဲ။ မိတ်ဆွေဆိုသည်မှာ မေးပိုင်ခွင့် ပြောပိုင်ခွင့်တွေရှိနေသည်။

"ဟ. . . ပါတာပေါ့၊ ဒါကြောင့် ဒီအိမ်ကိုဆောက်တာလေ. . မိသားစု ကျယ်ကျယ်ဝန်းဝန်းနေနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်ပါတယ်"

ကေသာစံရင်ထဲ ထင့်ခနဲဖြစ်သွားသည်။ ဤလူကြီးသည် လူလည်သာဖြစ်ရမည်။

"ရည်ရွယ်ထားသူ ရှိနေပြီလား"

ဦးကောင်းပိုင်က ဟက်ခနဲတစ်ချက်ရယ်လိုက်ပြီး. .

"ကိုယ်ဘက်ကတော့ ရာခိုင်နှုန်းပြည့် ရည်ရွယ်ထားသူရှိပြီးသားပဲ၊ ဒါပေမယ့် သူ့ဘက်ကတော့ တုန့်ပြန်မှုမပေးဘူး"

"ဘုရားရေ. . . ဦးကောင်းပိုင်လိုလူမျိုးကို တုန့်ပြန်မှုမပေးတဲ့မိန်းမ ရှိသေးလား"

"ချစ်ခြင်းမေတ္တာနဲ့ ပတ်သက်လာရင် ဆန်းကြယ်မှုတွေရှိတတ်တယ်၊ ဒီလိုပဲ အိမ်ထောင်ရေးမှာလည်း ဖူးစာမပါရင် တည်ဆောက်လို့မရဘူး၊ ချစ်ခြင်းမေတ္တာရယ် ဖူးစာဖက်ရယ် နှစ်



www.burmeseclassic.com

www.burmeseclassic.com



မျိုးစလုံးပါဝင်မှ အဓိပ္ပာယ်ပြည့်စုံတဲ့ အိမ်ထောင်ရေးတစ်ခုကို တည်ဆောက်မိကြမှာ. . ၊ ပေါ့ပေါ့လေးတွေးပြီး တည်ဆောက်လို့မရဘူး. . .”

ဦးကောင်းပိုင်သည် ရင်းနှီးလာသောအခါ၌ စိတ်ရှည်လက်ရှည်စကားပြောသော ယောကျ်ားတစ်ဦးဖြစ်လာသည်။

“ကိုင်း. . ကော်ဖီသောက်. . ၊ လက်ဖက်စားတတ်ရင် လည်းစား”

“ကျွန်မ  လက်ဖက်မစားတတ်ဘူး. . ကော်ဖီနဲ့မုန့်ပဲ စားတော့မယ်”

“ကိုယ်ကတော့ လက်ဖက်ကြိုက်တယ်၊ သဘော်လိုက်ရင် မေမေကလူကြုံနဲ့ လက်ဘက်နဲ့ငပိကြော်တော့မပြတ် ပို့ပေးရတယ်”

ဦးကောင်းပိုင်သည် လက်ဖက်နှင့်ရေနွေးကြမ်းကို မြိန်ရည်ယှက်ရည်ပင်စားသောက်လေသည်။

“နေခြည်မှာလို နားအရသာခံ လျှာအရသာခံဖို့ အချိန်မပေးနိုင်တော့ဘူး  ကေသာစံ၊ မင်းတွေ့တဲ့အတိုင်းပဲလေ. . ဘိလပ်မြေနဲ့ သဲအချိုးအစပ်ကအစ ကိုယ့်စိတ်တိုင်းကျ ကြီးကြပ်တယ်”

“ဦးကောင်းပိုင်ကိုရတဲ့ မိန်းမကတော့ ကံကောင်းမှာပဲထင်ယ်. . ကျွန်မမြင်ဖူးချင်လိုက်တာ”

“စေ့စပ်တဲ့နေ့ရောက်ရင် မင်းတွေ့ရမှာပေါ့”

“ဒါဖြင့်. . အဲဒီနေ့ကို ပျင်းရိစွာစောင့်ဆိုင်းရမယ်ထင်





တယ်”

ကေသာစံက ဟန်မပျက်ပြောလိုက်သည်။ အမှန်ဆို ကေသာစံရင်ထဲ မီးတောက်နေပြီ။ ယောကျ်ားတစ်ဦးအပေါ်တွင် ဤမျှလောက်အထိ စိတ်ရှည်လက်ရှည် မဆက်ဆံဘူးခဲ့သော မိမိအတွက် ဤမျှအထိ အချိန်ပေးရသောယောကျ်ားမှာ ဦးကောင်းပိုင် တစ်ယောက်တည်းရှိသည်။

ယခု. . ကေသာစံလိုမိန်းမကို ကျော်ခိုင်းနိုင်လောက်အောင် ဆွဲဆောင်နိုင်သောမိန်းမ ရှိနေသည်ဆိုခြင်းကို ကေသာစံမယုံကြည်နိုင်။ အိပ်မက်ပင်မက်နေတာလားဟု ထင်မှတ်မိသည်။ ထိုမိန်းမ ဘယ်သူနည်းဟု ကေသာစံ သိချင်လာသည်။


ကေသာစံအတွက် လုပ်ဆောင်ရမည့် လုပ်ငန်းတစ်ခုတိုးလာလေပြီ။ ထိုလုပ်ငန်းမှာ ဦးကောင်းပိုင် လက်ထပ်မည့်မိန်းမ ဘယ်သူနည်းဆိုတာ သိအောင်ကြိုးစားရခြင်းပင်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၆)

ကောင်းပိုင်ထံ မမျှော်လင့်သော ဧည့်သည်တစ်ဦး ရောက်လာခဲ့သည်။ ဤပုဂ္ဂိုလ်ကို မြင်ဖူးပါသည်။

"ကိုယ့်ကို မှတ်မိသလား. . ."

"စိတ်မရှိပါနဲ့ ဇဝေဇဝါပဲဗျာ. ."

ကောင်းပိုင်သည် ဟန်ဆောင်ခြင်းကို မနှစ်သက်တတ်သောသူတစ်ဦးဖြစ်သည်။





"ကိုယ်. . ဦးဇော်အောင်ပါ"

"ဟာ. . ဆောရီးဗျာ. . ကျွန်တော်တို့ ပါတီတစ်ခုမှာ ဆုံတွေ့ဖူးကြတာပဲ၊ ထိုင်ပါဗျာ. . ရုတ်တရက်ဆိုတော့ မမှတ်မိလိုက်ဘူး. ."

ကောင်းပိုင်က နေရာချထားပေးရင်း. . ပျာပျာသလဲ တောင်းပန်လိုက်သည်။

"လူချင်မမှတ်မိရင်သာနေမှာပါ၊ ကိုယ့်နာမည်ကိုတော့ မောင်ရင် ရင်းနှီးပြီးသားဖြစ်နေမှာပါ. ."

ကောင်းပိုင်စိတ်ထဲ ထင့်ခနဲဖြစ်သွားသည်။ အသက်လေးဆယ့်ငါးနှစ်ခန့်ရှိပြီဖြစ်သော ဦးဇော်အောင်သည် နုပျိုချောမောခန့်ညားဆဲဖြစ်သည်။

မသိသူများကဆိုလျှင် သူနှင့်မိမိကို ရွယ်တူဟုထင်ပေလိမ့်မည်။ အဲဒီလောက်အထိ နုပျိုသည်။ မိန်းမတွေကျလောက်သောရုပ်မျိုးဖြစ်သည်။

"မွန်ခအိမ်မှာ ဦးဇော်အောင်နဲ့ကျွန်တော် မဆုံဖြစ်ကြဘူး"

"ကိုယ်ကတော့ တမင်မရှောင်ပါဘူး၊ လာနေကျ အချိန်အတိအကျအတိုင်းပဲလာတယ်၊ အိမ်ထဲဝင်ထိုင်လေ့လည်း ရှိမှမရှိပဲကိုဗျာ. ."

ကောင်းပိုင်ရင်ထဲ၌ ထင့်ထင့်ရှိလာသည်။ အစစအရာရာ ဆင်ဆင်ခြင်ခြင်ပြောမှဖြစ်မည်ဟု သတိထားလိုက်သည်။

"အမွန်နဲ့ မောင်ရင် အခြေအနေတိုးတက်မှုရှိပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဗျာ"

ကောင်းပိုင်လုံးဝမျှော်လင့်မထားသော မေးခွန်းဖြစ်နေ၍ ရုတ်တရက်အဖြေမပေးနိုင်။

"တစ်ခုလပ်ဆိုတဲ့ ဂုဏ်ပုဒ်ရသွားတာကလွဲရင် အမွန်က လွတ်လပ်သူမိန်းမတစ်ယောက်ပဲ အရွယ်လည်းရှိ ရုပ်ရည်လည်း ရှိတယ်လေဗျာ. . ၊ ဒါကိုမောင်ရင်လက်ခံတယ်မှတ်လား"

ကောင်းပိုင် ခေါင်းညိတ်ရုံသာ ညိတ်လိုက်သည်။

"အဲဒီလို မိန်းမတစ်ယောက်ဆီကို နိစ္စဓူဝဝင်ထွက်သွားလာနေတဲ့ သူစိမ်းယောကျ်ားတစ်ယောက်မှာ ဘာမျှော်လင့်ချက်မှ မရှိဘူးဆိုတာ ဖြစ်နိုင်ပါမလား"

"မှန်ပါတယ်. . ကျွန်တော် မွန်ခကို ပရိုပို့(စ်)လုပ်ထားပါတယ်"

ဦးဇော်အောင်က ပြုံးလိုက်သည်။

"ဒီလိုပဲဖြစ်ရမှာပေါ့. . ၊ ဒါပေမယ့် ခင်ဗျား ဒုတိယဇော်အောင်လိုတော့ ဒုက္ခခံစားရမယ် မထင်ဘူး"

"ဗျာ. . ဦးဇော်အောင်က မွန်ခကိုယူခဲ့လို့ ဒုက္ခခံစားခဲ့ရတယ်လို့ ဆိုလိုတာလား"

"မှန်တာပေါ့ဗျာ. . ၊ မောင်ရင်လည်းအတွေ့အကြုံရှိတဲ့ အဲ. . အတွေ့အကြုံဆိုတာ ကမ္ဘာပတ်နေတဲ့လူတစ်ယောက်အနေနဲ့ အမြင်ကျယ်တဲ့အတွေ့အကြုံကိုပြောတာနော်၊ ကိုယ့်စကားကိုတခြားလည်းမထင်နဲ့ဦး. . "

ကောင်းပိုင် နားလည်စွာ ခေါင်းညိတ်ပြီး. .





"ခဏဗျာ. . ဦးဇော်အောင်နဲ့ ကျွန်တော် စကားတွေ အများကြီးပြောဖို့ရှိလိမ့်မယ်. . ၊ သောက်တတ်တယ်မှတ်လား ဘီယာလား ဝီစကီလား. . "

"ကိုယ်က ဝီစကီသမား"

"ကျွန်တော်နဲ့တူတယ်. . ခဏနော်"

တစ်ယောက်တည်း လွတ်လပ်စွာနေ သုံးလေးရက်တစ်ခါတော့ မေမေက သူ့အိမ်မှအလုပ်သမားကိုလွှတ်ကာ အိမ်သန့်ရှင်းရေးလုပ်ခိုင်းသည်မှအပ သူ့အား လုံးဝအနှောက်အယှက်မပေး လွှတ်ထားသည်။

ညနေကဝယ်လာသော အမြည်းများကိုပါထည့်ယူပြီး သူတို့၏ ယမကာဝိုင်းလေးကို စတင်လိုက်သည်။

"ကိုင်း. . စကားဆက်မယ်နော် မောင်ရင်"

ယစ်ရွှေရည်က တစ်ငုံနှစ်ငုံဝင်သွားသည်နှင့် ပြောရဆိုရသည်မှာ ပိုမိုရှင်ပြ၊ ပိုမိုအာသွက်လာလေပြီ။

"အမွန်ကိုယ့်ကိုဘာကြောင့် လက်ထပ်ခဲ့သလဲဆိုတာ. . မောင်ရင်သိရဲ့လား. . ၊ သိမှာမဟုတ်ဘူး. . ခုအမွန်အနေအထားနဲ့ အရင်ကအမွန်အနေအထားက တစ်ခြားစီကိုး၊ အမွန်ဟာ သူ့မိသားစုအတွက် ကိုယ့်ကိုလက်ထပ်ခဲ့တာ၊ အဲ. . ကိုယ်ဆိုတဲ့ ဦးဇော်အောင်ကြီးထက် ဦးဇော်အောင်ရဲ့ငွေကို လက်ထပ်ခဲ့တာ"

ကောင်းပိုင်ရင်ထဲ ဆစ်ခနဲ နာကျင်သွားသည်။

"ဦးဇော်အောင်ကကော ဘာကြောင့်လက်ထပ်ခဲ့သလဲ"

"ကိုယ်ကယောကျ်ားလေ၊ ယောကျ်ားဆိုတော့ ငွေးပေး



www.burmeseclassic.com

www.burmeseclassic.com



မီးယူအဖော်လိုတယ်၊ ပွဲတက်မယားလိုတယ်. . ၊ အိမ်ထောင်ထိန်းဖို့လိုတယ်. . ၊ တပင်လဲလို့ တပင်ထူတယ်၊ မမ သေသွားတယ်. . မမနေရာ ဒုတိယမယားကို အစားထိုးတယ်. . မရဘူး၊ နောက်. . အမွန်. . ငယ်ဂုဏ် အလှဂုဏ်က ကိုယ့်ကိုဖမ်းစားတယ်. . ၊ ကိုယ့်ဘဝကိုပုံပြီး လက်ထပ်ယူခဲ့တာပါ. . ၊ ဒါပေမယ့် သူက ကိုယ့်ကိုလက်ထပ်တာ မဟုတ်ဘူး ငွေကိုလက်ထပ်တာကွ. . ၊ ဒါကြောင့် စက္ကူပန်းကို နမ်းရှိုက်ရသလို ခံစားမှုမျိုးကို ကိုယ်နေ့စဉ်ခံစားနေရတဲ့အဖြစ် မောင်ရင်တွေးကြည့်စမ်း"

"တော်ပါတော့ ဦးဇော်အောင် ကျွန်တော် နားလည်ပါပြီ"

ကောင်းပိုင်မကြားရက်။ ရင်တွင်းမချိအောင် နာကျင်မိလေသည်။ လွန်ခဲ့သော ခြောက်နှစ် ခုနစ်နှစ်လောက်စောပြီး တွေ့ခဲ့ပါတော့လား မွန်ခရယ်ဟု တမ်းတမိလေသည်။

"ဒီလိုမိန်းမတစ်ယောက်ကို ဆက်မပေါင်းနိုင်တာ သူ့ကိုလည်း ဒုက္ခမပေးချင်ဘူး ကိုယ့်ဒုက္ခကိုလည်း ကိုယ်မခံစားနိုင်တော့ဘူး. . . ၊ ဒါကြောင့် သူ့ကို သူကျေနပ်တဲ့ လျော်ကြေးပေး ကွာရှင်းခဲ့တယ်. . ၊ ဒါ ကိုယ်မှားသလား မောင်ရင်. . "

"ကျွန်တော့်မှာ အိမ်ထောင်ရေး အတွေ့အကြုံလုံးဝ မရှိဘူး. . ဦးဇော်အောင်၊ ဒါကြောင့် ဦးဇော်အောင်တို့ကို ကျွန်တော်ဘာမှ ဝေဖန်ခြင်းမပြုနိုင်ပါဘူး"

ကောင်းပိုင် လိမ္မာပါးနပ်စွာဖြင့် စကားကို ရှောင်တိမ်းလိုက်သည်။





"ထားပါတော့ လက်ခုပ်ဟာ နှစ်ဘက်တီးမှမြည်တယ်ဆိုလည်း ကိုယ်ဝန်ခံပါတယ်. . ၊ ကိုယ်အခု မိန်းမငါးယောက်အထိ တရားဝင်လက်ထပ်ယူခဲ့သလို တရားဝင်ကွာရှင်းခဲ့တယ်၊ ခုလောလောဆယ်လည်း ပဉ္စမတစ်ယောက်နဲ့ ကွာရှင်းဖို့ စကားပြောခဲ့ပြီ"

ကောင်းပိုင်ရင်ထိတ်သွားသည်။ ဦးဇော်အောင် ရောက်လာကတည်းကိုက ကောင်းပိုင်အတွက် ရင်ထိတ်စရာဖြစ်ခဲ့ရသည်။ ဘာရည်ရွယ်ချက်နှင့် လာသနည်း။

လောလောဆယ် မွန်ခနှင့် ဦးဇော်အောင်အကြား၌ 'သားသမီးရတနာ' ဟူသော အင်မတန်ခိုင်မာသည့် နှောင်ကြိုးက ရှိနေသည်။ တရားဝင် ကွာရှင်းပြတ်ရှင်းကြပြီးပြီ ဆိုသော်လည်း သားနှင့်ပတ်သက်၍ ဆက်နွယ်မှုကရှိနေသေးသည်။

"သားနဲ့ ပတ်သက်၍ အမွန်ကိုပါပုတ်ခတ်၊ ကိုယ့်သိက္ခာကို ထိပါးတာမျိုး ကိုယ်လက်မခံနိုင်လို့ ကိုယ်ကွာပေးလိုက်ဖို့ဆုံးဖြတ်လိုက်ပြီ၊ ကိုယ်တစ်ခုစဉ်းစားမိတာရှိတယ် ဆဋ္ဌမမြောက်ဆိုတာ မရှိစေချင်ဘူးလေ၊ အရွယ်ကလည်းရလာတော့ ကိုယ်အေးချမ်းမှုကိုပဲ လိုချင်လာပြီ၊ အချစ်ရဲ့ ပူလောင်မှုတွေကို ကိုယ်ခါးသီးစွာရင်ဆိုင်လာခဲ့ရတဲ့နှစ်တွေ မနည်းတော့ဘူး"

ကောင်းပိုင် ဦးဇော်အောင်စကားများကို အသက်ပင်မရှူဝံ့ပဲ နားထောင်နေမိသည်။

"ဒီတော့ မေတ္တာတရားရဲ့ အေးချမ်းခြင်းကိုပဲ ကိုယ်အလိုရှိလာတယ်. . ၊ ကိုယ်အမွန်အပေါ် နားလည်ခွင့်လွှတ်နိုင်



www.burmeseclassic.com

www.burmeseclassic.com



တယ်၊ ညီမတစ်ယောက်လိုပဲ သဘောထားနိုင်ပြီ. . ၊ ဒါကြောင့် အမွန်ကို မောင်ရင်လက်ထပ်မယ်ဆိုရင် ကိုယ်ကတောင် အမွန်ရဲ့ အစ်ကိုကြီးတစ်ယောက်လို ဆောင်ရွက်ပေးနိုင်ပြီ၊ မောင်ရင် အမွန်ကို တကယ်ပဲ လက်ထပ်ယူဖို့ ဆုံးဖြတ်ပြီးပြီလား"

ခုမှ ကောင်းပိုင်ပင့်သက်ရှိုက်နိုင်တော့လေသည်။

ဦးဇော်အောင်၏ သဘောထားကို ရှင်းရှင်းလင်းလင်း သိလိုက်ရသည့်အတွက် သူကျေနပ်ရသည်။

ဦးဇော်အောင်သည် လူချောလူဖြောင့်တစ်ဦးဖြစ်သည်။ မျက်နှာက ကြည်လင်သည်။ မိန်းမတွေကျလောက်သော ရုပ်ရည်ရှိသည်။ သို့သော် ကောက်ကျစ်သော ကျားငစဉ်းလဲလို လူစားမဟုတ်မှန်းတော့ လူအများနှင့် တွေ့ဆုံဆက်ဆံနေခဲ့ရသော ကောင်းပိုင်၏ အတွေ့အကြုံအရ ခန့်မှန်းမိသည်။

"ကိုယ်မေးတာဖြေလေမောင်ရင်၊ အကယ်၍ မောင်ရင်ဟာ အပျော်သဘောချဉ်းကပ်နေတယ်ဆိုရင်တော့ ကိုယ်ခွင့်လွှတ်နိုင်မှာ မဟုတ်ဘူး"

"ဒီကိစ္စမှာ ဦးဇော်အောင်နဲ့ မဆိုင်တော့ဘူးထင်တယ်"

"ဘာကွ. . ဒါဆိုမင်းက"

ဝီစကီဖန်ခွက်ကို ဆောင့်ချလိုက်ပြီး စူးရှသော မျက်လုံးအစုံဖြင့် စိုက်ကြည့်လာသည့် ဦးဇော်အောင်၏ အရှုတ္တကို ကောင်းပိုင်တွေ့မြင်လိုက်လေပြီ။

ဦးဇော်အောင်သည် မွန်ခအပေါ်၌ သံယောဇဉ်အမျှင်တန်းဆဲဟု။





"ဟုတ်. . ကျွန်တော်က ဦးဇော်အောင်ကို စမ်းတာပါဗျာ. . ၊ ကျွန်တော်ဟာ ဘယ်လိုလူစားလဲဆိုတာ ခုလောက်ဆို ဦးဇော်အောင်လေ့လာပြီးလောက်ပြီထင်တယ်"

"ဟုတ်တယ် မောင်ရင်ဟာ ဆွေဂုဏ်၊ မျိုးဂုဏ်မြင့်မားတဲ့ ပညာတတ်အသိုင်းအဝိုင်းက ဆင်းသက်လာတဲ့ လူချမ်းသာတစ်ဦး၊ ဒါကြောင့် မောင်ရင်နဲ့ အမွန်ယှဉ်လိုက်ရင် ဆီနဲ့ရေလို ကွာခြားလိမ့်မယ်"

"ဆီထက် ရေက ပိုပြီးအဖိုးတန်ပါတယ် ဦးဇော်အောင်၊ ချစ်ခြင်းမေတ္တာဟာ ဖြူစင်တယ်၊ ဂုဏ်ပကာသနကသာ ချစ်ခြင်းကို ဖျက်ဆီးတဲ့ ဆိုးဆေးတစ်မျိုးလို့ ကျွန်တော်မြင်တယ်၊ မွန်ခက အပြစ်ကင်းစင်ပါတယ်၊ မိသားစုအတွက် သူ့ဘဝကို ဦးဇော်အောင်လက်ထဲထည့်ခဲ့ရတာဟာ အပြစ်မဟုတ်ပါဘူး၊ ပြီးတော့ ဦးဇော်အောင်နဲ့လည်း ကင်းကင်းရှင်းရှင်းပြတ်စဲပြီးကြပြီပဲ၊ ကျွန်တော့် မိသားစုအသိုင်းအဝိုင်းက ဘာပဲပြောပြော ကျွန်တော့်အိမ်ထောင်ရေးမှာ ကျွန်တော် အခရာပါ၊ ကျွန်တော်ပေါင်းဖော်ရမှာ အနာခံလည်း အတူတူ၊ အသာစံလည်း အတူတူပေါ့ဗျာ. . ကျွန်တော် မွန်ခကိုချစ်လို့ လက်ထပ်ဖို့ ရည်ရွယ်တာပါ"

ကောင်းပိုင် ရှည်ရှည်ဝေးဝေးပင် ရှင်းပြလိုက်သည်။

ဦးဇော်အောင် ရောက်လာခြင်းကပင် ကောင်းပိုင်အတွက် ရင်ဖွင့်ခွင့်ရရှိခြင်းအတွက် ဦးဇော်အောင်ကိုပင် ကျေးဇူးတင်နေမိသည်။

"သောက်ဦးမလား ဦးဇော်အောင်"



www.burmeseclassic.com

www.burmeseclassic.com



"နေနေ. . တော်ပြီမောင်ရင်၊ ကိုယ်က ဘယ်အရာကိုမှ အတိုင်းအဆမဲ့ မလုပ်ဘူး၊ သူလစ်မစ်နဲ့သူထားတယ်. . အစွဲအလန်းဆိုလို့ ကိုယ့်ရဲ့ချစ်ရည်စားဦး ချစ်ဇနီး"မမ"တစ်ယောက်တည်းကိုပဲ လင်မစ်မရှိ အတိုင်းအဆမရှိချစ်မိတယ်. .၊ ခုထက်ထိ သူ့နေရာကို ဘယ်သူမှ အစားမထိုးနိုင်သေးဘူး၊ ကိုယ်ရဲ့အားနည်းချက်က ဒီတစ်ခုထဲရှိတယ်"

ကောင်းပိုင်ကလည်း ဝီစကီ သုံးပတ်လောက်ဝင်ပြီဆိုတော့ အာရှင်နေလေပြီ။

"လေးစားတယ်ဗျာ. .၊ ဒီအချက်မှာတော့ အစ်ကိုကြီးကျွန်တော်နဲ့တူသွားပြီ"

မွန်ခရဲ့ အစ်ကိုကြီးတစ်ယောက်လို့ ဆောင်ရွက်ပေးမယ့် ခင်ပွန်းဟောင်းကြီး ဦးဇော်အောင်ကို သူအစ်ကိုဟုပင်တရင်းတနှီးပြောင်းသုံးလိုက်သည်။

"ကျွန်တော့်ကို အစွဲအလန်းကြီးတယ်လို့ပဲပြောပြော၊ ကျွန်တော်မြတ်နိုးစွဲလန်းမိတဲ့ အရာတစ်ခုဆိုရင် သေတဲ့အထိတိုင်အောင် ကျွန်တော်စွန့်ပစ်မှာမဟုတ်ဘူး၊ မရရအောင် ယူတတ်သလို မြတ်နိုးတန်ဖိုးထား သိမ်းဆည်းတတ်ပါတယ်၊ ကျွန်တော်လေ. . မွန်ခကို စွဲလန်းတာက ဟိုးငယ်ငယ်ကလေး. . "

အရက်မူးတော့ ကျွဲခိုးပေါ်ပြီ။ သူမွန်ခကို မိခရေအနေနဲ့ ရန်ကုန်-မော်လမြိုင်ရထားလေးပေါ်မှာ စွဲလန်းမိသည့် အစွဲအလန်းပုံပြင်ကလေးကို သူပြောပြလိုက်မိသည်။

"ခင်ဗျားလည်း အချစ်ဦးကို စွဲလန်းတယ်. . ကျွန်တော်လည်း မိခရေကိုစွဲလန်းတယ်. .၊ ဒါဆို ခင်ဗျားနဲ့ကျွန်တော့်ကြားမှာ ဘာမှဖုံးကွယ်ထားစရာ မလိုတော့ဘူး၊ အစ်ကိုကြီး ကျွန်တော်ကိုလာတွေ့ရတဲ့ အကြောင်းရင်းက. . "

"မောင်ရင် အမွန်ကို တကယ်နှစ်သက်မြတ်နိုးတယ်ဆိုရင် အမွန်မှာ မိဘတွေမရှိတော့ မိဘတွေကိုယ်စား သူ့အစ်ကိုကြီးတစ်ယောက်အနေနဲ့ မောင်ရင်တို့ မင်္ဂလာကိစ္စဖြစ်မြောက်အောင် ကူညီဆောင်ရွက်ပေးမယ်ဆိုတာ လာပြောတာ"

"သဘောထားကြီးလှချည်လား အစ်ကိုကြီးရာ"

"အမွန်ဟာ အကြွေပန်းပေမယ့် သင်းရနံ့က မင်းကြိုက်တဲ့ခရေလိုပဲ ပန်ထိုက်တဲ့ ပန်းပါကွာ"

"ကြိုက်သွားပြီ၊ ဒါပေမယ့် မွန်ခက ကျွန်တော့်ကို လက်မခံသေးဘူး သားအတွက်ငဲ့နေပုံရတယ်၊ ပထွေးနေရာကို ကျွန်တော်ယူပေမယ့် သူ့ခဇော်ကို ကျွန်တော့်ရဲ့သားအရင်းလို စောင့်ရှောက်သွားမယ်ဆိုတာ သူမယုံဘူးဖြစ်နေတယ်၊ အစ်ကိုကြီးကော ယုံရဲ့လား"

"ဒီကိစ္စအတွက် မောင်ရင်ပူစရာကို မလိုတာ"

"ဗျာ. . ဘာဖြစ်လို့လဲ"

ကောင်းပိုင် မူးပေမယ့် အသိအာရုံလုံးဝချွတ်ယွင်းခြင်းမရှိပါ။ အာရှင်ရုံလောက်သာပါ။ ဘာဖြစ်၍ ဦးဇော်အောင်စကားကို နားမလည်ရအောင် တုံးဝေးရသနည်း။

"သူနဲ့ ကိုယ်ကွာရှင်းကတည်းက. . စာချုပ်ထဲမှာ သူနောက်အိမ်ထောင်ပြုရင် သားကို ကိုယ်တာဝန်ဆက်ယူသွား







www.burmeseclassic.com

www.burmeseclassic.com



မယ်လို့ ထည့်ပေးထားတယ်"

"ဟာ. . ဒါတော့မဖြစ်နိုင်ဘူး မွန်ခကို ချည်နှောင်လိုက်တာ၊ ဒီအချက်နဲ့ မွန်ခကို အစ်ကိုကြီးချည်နှောင်ထားတာ၊ အဲဒီအချက်ဖျက်သိမ်းပေးမှဖြစ်မယ် အစ်ကိုကြီး ဖျက်ပေးဗျာ ခုလိုပဲ သားကို အစ်ကိုကြီးတွေ့လို့ရနေတာပဲ"

ဦးဇော်က ရယ်သည်။

"မင်းက အငယ်ဆုံးထင်တယ် ကလေးဆိုးလိုပဲ၊ ကောင်းပြီ ကိုယ်တို့စဉ်းစားတိုင်ပင်ကြတာပေါ့၊ အချိန်တောင်အတော်လင့်နေပြီ. . ကိုယ်ဧည့်သည်တွေနဲ့ ချိန်းထားတာရှိလို့ သွားမယ် မောင်ရင်၊ ဒီမှာ ကိုယ့်ကိုဆက်သွယ်ဖို့"


သူက နည်းနည်းဟန်ပျက်သည်။

ဦးဇော်အောင်က လုံးဝဟန်မပျက် စမတ်ကျကျပင် သူ့အားနှုတ်ဆက်ပြီး ထွက်သွားလေသည်။ သူက တံခါးကိုပိတ်ပြီး ဆိုဖာဆက်တီသို့ မနည်းလျှောက်လာပြီး လှဲအိပ်ချလိုက်လေသည်။ သူသည် သောက်လေ့သောက်ထသိပ်မရှိ ညစာစားပွဲအခမ်းအနားများမှ အလွန်ဆုံး ဝမ်းပတ်လောက်သာ သောက်သည်။ ယခု ဘယ်နှစ်ပတ်မှန်းမသိလိုက် မဟန်နိုင်တော့။

"မိခရေ. . မင်းကြောင့် ဒီကောင် ရူးပြီကွာ"







# အခန်း (၁၇)

ကေသာစံအတွက် အလွန်အံ့အားသင့်စရာကောင်းသော စကားတစ်ခွန်းကို ကြားလိုက်ရသည်။ ဒေါက်တာနှင်းနှင်းသည် မိမိ၏စံကိုယ်ကာယ အလှသင်တန်းကျောင်း၌ ကျန်းမာရေးလေ့ကျင့်ခန်းကို နံနက်စောစောလေးလာလုပ်ပါရစေဟု ခွင့်ပန်ပြီး ရောက်လာသူဖြစ်သည်။

ကျန်လူများကို ဒုက္ခမပေးချင်သဖြင့် ဒေါက်တာနှင်းနှင်း



www.burmeseclassic.com

www.burmeseclassic.com



အား မိမိ၏ နေ့စဉ်နံနက်ကစားချိန်ကိုပေးကာ အတူတကွ ကစားဖို့ကို ခွင့်ပြုလိုက်သည်။ ရက်သိပ်မကြာလှ မိန်းမသားတို့၏ သဘောပီပီ စပ်မိစပ်ရာလေးများ ပြောမိကြရင်းမှ. . .

"မမနှင်းက မကြာခင် လက်ထပ်တော့မှာလေ. . ၊ ဝဲလ်ဒင်ဒရက်(စ်)ဝတ်လို့ မလှမှာလည်း စိုးရိမ်တယ် ခန္ဓာကိုယ်ပေါ်မှာ မလိုအပ်တဲ့ အဆီပိုတွေကြောင့် မောင်တော်စိတ်ကုန်သွားမှာလည်း စိုးရိမ်တယ်၊ ဒါကြောင့် လာကစားရတာ"

"မမနှင်းက တကယ့်ရှည်ရွယ်ချက်ကြီးနဲ့ကိုး၊ ကျွန်မကတော့ ယောကျ်ားတွေရဲ့ အဖြည့်ခံအဖြစ် ဘယ်တော့မှ မနေနိုင်ဘူး၊ အဲဒီဘဝမျိုးကိုလည်း အင်မတန်မုန်းတီးတယ်၊ ယောကျ်ားတွေနဲ့အတူ မိန်းမတွေက တန်းတူရင်ဘောင်တန်းနေတဲ့ခေတ်ကြီးမှာ အိမ်မှုကိစ္စကျတော့ ကိုယ်တော်တွေက မပါဝင်ဘူး၊ အိမ်ဦးနတ်အနေနဲ့ မိန့်မိန့်ကြီးနေကြပြီး သူတို့ဖောက်ပြန်ချင်တော့ မိန်းမကို အပြစ်ရှာတယ်၊ ကျွန်မတော့ ယောကျ်ားယူဖို့ မရည်ရွယ်ပါဘူး မမရယ်"

ဒေါက်တာ နှင်းနှင်းကပြုံးကာ. . .

"မမလည်း မိဘဂုဏ်၊ ကိုယ်တိုင်ကလည်း ဆရာဝန်ဆိုတော့ ဂုဏ်နဲ့ ညီမလိုပဲ မာန်တက်ခဲ့တာပါပဲ. . ၊ ဒါပေမယ့် အချစ်နဲ့တွေ့လာတော့လည်း မာန်မာန ဆိုတာတွေ ဘယ်ကိုလွင့်ပြယ်သွားမှန်း မသိတော့ပါဘူး. . ၊ ယောကျ်ားတွေဟာ ထူးခြားလိုက်တာ. . အပျိုစင်ထက် တစ်ခုလပ်ကိုစွဲတဲ့ ယောကျ်ားမျိုးလည်း ရှိသေးတယ်"





ကေသာစံ အိမ်ထောင်ရေးကိစ္စတော့ နားမလည်။

နားလည်တာက ယောကျ်ားတွေသစ္စာမရှိဘူး၊ ချစ်ခြင်းမေတ္တာကို တန်ဖိုးမထား၊ သွေးသားဆန္ဒသာယာမှုကိုသာ အလေးထားသည်ဟူသော အသိတစ်ခုသာ ရှိနေသည်။

ထိုအသိဖြင့် ယောကျ်ားတွေကို အရှုံးလုပ်တန်းကစားခဲ့သည်။ အလှမာယာကွန်ဖြင့် ထောင်ဖမ်း၊ မိမိကြောင့် အသည်းကွဲသွားသည်ဟုဆိုလျှင် ရယ်မောကာကျေနပ်နေမိသည်။

"မဖြစ်နိုင်တာ"

"ဖြစ်တာပေါ့ ညီမရယ်၊ မမအမျိုးသားက မမနဲ့ စေ့စပ်ဖျက်သိမ်းဖို့ တစ်ခါပြောသေးတယ်၊ သူစွဲနေတဲ့ မိန်းမကို ပြန်တွေ့ပြီး ကလေးတစ်ယောက်နဲ့ တစ်ခုလပ်ဖြစ်နေပေမယ့် သူလက်ထပ်ယူချင်တယ်၊ မမနဲ့ စေ့စပ်တာ ဖျက်သိမ်းပေးဖို့ ပြောဖူးတယ်လေ. ."

"ဟင်"

မယုံကြည်နိုင်လွန်းသဖြင့် အလေးမနေရာမှ အလေးကို ချထားလိုက်ပြီး ချွေးသုတ်ကာ. .

"ဟုတ်ရဲ့လား မမရယ်. . မမကို သွေးတိုးစမ်းတာများလား"

"တကယ်ပြောတာ နပ်(စ်)တစ်ယောက်ပဲ ချောတယ် လှတယ်၊ ခန္ဓာကိုယ်ကလည်း ဟိုခေတ်က မယ်ကိုယ်လုံးမျိုးဆိုတော့ အပျိုစင်နဲ့ တစ်ခုလပ် မလဲနိုင်ဖြစ်တာထင်တယ်"

"မမလည်း လှတာပဲ၊ ဒီကိစ္စဘယ်လိုရှင်းလိုက်သလဲ"



www.burmeseclassic.com

www.burmeseclassic.com



ကေသာစံ ဒေါက်တာနှင်းနှင်းကိုကြည့်ကာ စိတ်ဝင်စားစွာမေးလိုက်သည်။

"ဘယ်လိုရှင်းရမလဲ သဘောထားကြီးစွာနဲ့ နောက်ဆုတ်ပေးလိုက်တော့ ကိုယ်တော်က ဘယ်လိုဖြစ်သွားသလဲ မသိပါဘူး၊ မမကိုပဲ လက်ထပ်ခွင့်တောင်းတယ်"

"ထူးဆန်းလိုက်တာ"

"ထူးဆန်တာပေါ့၊ ဒါနဲ့ မမလည်း ဘဝင်မကျနိုင်တာနဲ့ သေသေချာချာစုံစမ်းတော့ အံ့အားသင့်ဖို့ကောင်းလိုက်တာကွယ် သိပ်ချမ်းသာပြီး မိဘမျိုးရိုးဂုဏ်လည်း အတော်ကြီးတဲ့သူ့သူငယ်ချင်းကပါ အဲဒီတစ်ခုလပ်ကိုကြိုက်လို့ သူ့ချစ်သူကောင်းစားရေးအတွက် သူက မသိမသာ နောက်ဆုတ်ပေးလိုက်တာ ဖြစ်နေရော. . ."

"ဟောတော်"

"စောစောက ညီမပြောသလို၊ ဩော် ငါဟာ အဖြည့်ခံပါလား ဆိုသလိုဖြစ်နေပြီ ညီမရေ. ."

"အဲဒီအမျိုးသမီးက တော်တော်လှသလား၊ ဘယ်မှာလုပ်သလဲ ကျွန်မတွေ့ဖူးချင်လိုက်တာ. . ဘယ်အရွယ်လဲ"

ယောကျ်ားနှစ်ယောက်ကို တပြိုင်နက်ဆွဲဆောင်နိုင်သော မိန်းမတစ်ယောက်ကို ပြိုင်ဘက်တစ်ဦးလို ကေသာစံ တွေ့ချင်လာပြီ။ ထိုမိန်းမ၌ ဘာများထူးခြားသော အရည်အချင်းတွေရှိနေသနည်း။ မိမိထက်ဘာသာသနည်း။

နှစ်လသုံးလဟူသော အချိန်ကာလအထိ မိမိအပေါ်





တွင် ထူးခြားသော စိတ်ဝင်စားမှုရှိမလာသေးသည့် ဦးကောင်းပိုင်အပေါ် ပိုမိုမကျေမနပ်ဖြစ်လာသည်။

"နေတာကသံလျှင်မှာ အလုပ်လုပ်တာ ကောင်း အထူးကုဆေးရုံမှာလေ"

"ဟင်"

ကောင်းဆေးရုံကို လူနာတစ်ယောက် သတင်းမေးရောက်ဖူးခဲ့သည်။ ဦးကောင်းပိုင်နှင့်တောင် ဆုံခဲ့သေးသည်။

"အဲဒီဆေးရုံကို ရှယ်ယာအများဆုံးထည့်ဝင်ထားတဲ့ ပိုင်ရှင်ကိုယ်တိုင်ပဲ အဲဒီမှာ အလုပ်ပေးထားတာ၊ အဲဒီပိုင်ရှင်ပေါ့ သူကို တန်းတန်းစွဲတာ. ."

"ပိုင်ရှင်က ဘယ်သူလဲ"

"ဦးကောင်းပိုင်တဲ့၊ မမအမျိုးသားနဲ့ ညီအစ်ကို နေတဲ့ သူငယ်ချင်းလေ"

နောက်ဆက်တွဲစကားတွေကို ကေသာစံ မကြားမိအောင် ဖြစ်သွားသည်။ ဦးကောင်းပိုင်တဲ့လား။

သူက ဒါကြောင့် မိမိအပေါ်၌ ညီမတစ်ယောက်လိုပဲ သဘောထားတယ်လို့ ပြတ်သားစွာ ကြေညာခဲ့တာကိုး။

တခုလပ်နဲ့ အပျိုစင်။ ယောကျ်ားတွေ့ရဲ့ ရွေးချယ်မှုက ဘာလဲ။ ကေသာစံ အံ့ဩသွားသည်။

"မမ အမျိုးသားလည်း အဲဒီဆေးရုံမှာပဲ အချိန်ပိုင်းလုပ်တယ်၊ မမလည်း ကောင်းကိုပြောပြီး အခုဝင်လုပ်နေတယ်၊ လွှတ်မထားရဲတော့ဘူးလေ၊ တော်ကြာ ခွဲစိတ်ခန်းနားသွားရစ်နေ



www.burmeseclassic.com

www.burmeseclassic.com



မှာစိုးလို့. . ."

"နာမည် ဘယ်သူလဲ"

"မွန်ခတဲ့ မမတို့အရွယ်ပဲ"

"ဟင်"

ပို၍ အံ့အားသင့်စရာပင်။ အသက်သုံးဆယ်အရွယ်နှင့် အသက်နှစ်ဆယ် ဘယ်လိုများယှဉ်ကြည့်လိုက်တာလဲ ဦးကောင်းပိုင်။

"ကျေးဇူးတင်လိုက်တာ မမရယ်"

"ဟင်. . ဘာဖြစ်လို့လဲ မမကသာ ညီမကို ကျေးဇူးတင်ရမှာ"

ကေသာစံ လှပစွာ ပြုံးလိုက်သည်။

"ယောက်ျားတွေရဲ့ ထူးခြားတဲ့ အပြုအမူတွေ သိခွင့်ရလိုက်တဲ့ အတွက်ပေါ့"

"ဩော်. . ဒါလား ရှိဦးမှာ. . ရှိဦးမှာ ယောက်ျားတွေအကြောင်း၊ လောလောဆယ်တော့ သဘောထားကြီးပြီး မျက်ရည် ခံထိုးပြလိုက်တဲ့မမကို သနားစိတ်နဲ့ အလေးသာသွားခဲ့တာလက်တွေ့၊ ယောက်ျားတွေရဲ့ နှလုံးသားကို မျက်ရည်ခံမြားနဲ့ ပစ်ခွင်းလိုက်လို့လည်းရတယ်ဆိုတဲ့ သင်ခန်းစာတစ်ခုတော့ မမရထားပြီး. . အလှမက်တယ်. . ဒါကြောင့် လှအောင်လာကြိုးစားတာ ညီမရေ. ."

"ကြိုးစား. . ကြိုးစား. . မမ လှဖို့ ကျွန်မတာဝန်ယူတယ်၊ မမလူကို သူများလက်မပါအောင် ထိန်းဖို့ကတော့ မမရဲ့





အရေးအကြီးဆုံး မဟာတာဝန်ကြီးပဲနော်"

"ဟုတ်ပ. . ဟုတ်ပ"

ရယ်မောခြင်းလေးများနှင့် အဆုံးသတ်လိုက်ကြသည်။

မဟာဖိုယောက်ျားများကို ကြိုးကိုင်နိုင်ဖို့ မဟာတာဝန်ယူရမည့်လက်မှာ မိန်းမသားများ၏ နူးညံ့ပျော့ပျောင်းမှုပေလား. . .

ကေသာစံခေါင်းထဲ ထိုအာရုံကို ထည့်သွင်းလိုက်လေသည်။ ဒါကြောင့်ကိုး ဦးကောင်းပိုင်. . .

ရှင့်နှလုံးသားကို သံမဏိနှလုံးသားလားလို့ ထင်ထားတာ လက်စသတ်တော့ ဦးကောင်းပိုင်နှလုံးသားက ဖယောင်းသာသာပါလားဟု သိလိုက်ရလေပြီ. . . .


ကေသာစံအတွက် ဒေါက်တာနှင်းနှင်းနှင့် အကျွမ်းတဝင်ရှိလိုက်ခြင်းမှာ အမြတ်ရသွားလေပြီ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၈)

ကသောစံ မလွဲသော မရှောင်သာသဖြင့် ကြီးကြီးအိမ်သို့ ရောက်ရှိခဲ့လေသည်။ ရေနံချေးဝနေသော နှစ်ဆောင်မြိုင် အိမ်ကြီး၏ မှုန်ကုတ်ကုတ်အကြည့်ဝယ် ကေသာစံစိတ်တို့ ညစ်ညူးသွားသည်။ ချုံနွယ်ပိတ်ပေါင်းတို့ ထူထပ်နေသော လမ်းအတိုင်း ဖြတ်ကျော်မောင်းလာခဲ့ပြီး ပေါ်တီကိုအောက် ကားရပ်လိုက်သည်။





ထုံးစံအတိုင်း သံပန်းတံခါးကြီး၌ ကြေးသော့ခလောက်ကြီးက ပိတ်လျက်သား။ တီတီ. . . တီတီ. . . တီတီ. . .

အိမ်ထဲ၌ ဘယ်သူရှိဦးမှာလဲ။ ဦးရုပ်ဆိုးနှင့် ဒေါ်ခါးကုန်းတို့ လင်မယားကတော့ အရိုးဆွေးသည်အထိ သစ္စာရှိစွာ ကြီးကြီးအပါး၌ တာဝန်ထမ်းဆောင်နေပေလိမ့်မည်။

လျှပ်စစ်ခေါင်းလောင်းကို တီးလိုက်သည်။

ဒေါ်ခါးကုန်းကြီးထွက်လာသည်။ ကေသာစံကိုမြင်တော့ မျက်လုံးမျက်ဆန်ပြူးပြူးနှင့် လှမ်းကြည့်သည်။

"မိန်းကလေး"

"တံခါးအမြန်ဖွင့်စမ်းပါ ဒေါ်ကုန်းရာ. . ပူလောင်လိုက်တာ အညာနေမထိတာ ကြာနေပြီ"

"ဘုရားရေ တစ်ယောက်တည်းလား"

တံခါးဖွင့်ပေးရင်း ကားကိုလှမ်းကြည့်ကာ ပြောလိုက်သည်။ ခရီးဆောင် အိတ်အသေးလေးတစ်လုံးနှင့် သစ်သီးခြင်းမှအပ အပိုပစ္စည်းဘာမှမပါသော၊ လူပိုမပါသော ကေသာစံကို ဒေါ်ခါးကုန်းက တအံ့တဩဖြစ်နေသည်။

"တစ်ယောက်တည်းပေါ့ ဘာဖြစ်လို့လဲ. . ၊ ဒေါ်ကြီးက အိမ်စောင့်နေခဲ့တယ် ကြီးကြီးကော"

"အပေါ်ထပ်မှာ ပုတီးစိပ်နေတယ် ပြီးတော့မှာပါ"

"ကြီးကြီးတို့အလုပ်ကတော့ အဲဒါတွေပဲ"

ကေသာစံစိတ်ပျက်ငြီးငွေ့ရသည့်အကြောင်းရင်းတွေ အဲဒီကိစ္စပါရှိလေသည်။ မကွေးမြို့ပေါ်၌နေသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



ပတ်ဝန်းကျင်နယ်တစ်ကြောတွင် လယ်ယာမြေ၊ ဧကပေါင်းများစွာကို သီးစားအငှားချထားသည်။ သနပ်ခါးခြံရှိသည်။ ဆီစက်ရှိသည်။ ဆန်စက်ရှိသည်။ မောင်အိမ်ထောင်ကျသွားတော့ ဆီစက်ကော ဆန်စက်ကောပေးလိုက်ရ၍ တာဝန်ပေါ့သွားသည်။ သို့သော် စပါးအထွက်ကောင်းဖို့ မြေပဲအထွက်ကောင်းဖို့၊ နှမ်းအထွက်ကောင်းဖို့၊ ပဲအမျိုးမျိုးအထွက်ကောင်းဖို့ကိုင်း၊ သီးစားခမှန်မှန်ရဖို့ကိုင်း စိတ်ပူနေရသည်။

မရှိတာလည်းမဟုတ်၊ ချမ်းသာမှုကို လူမသိရ၊ နေထိုင်တာက အိမ်အိုအိမ်ဟောင်း၊ ကားအိုကြီးတစ်စီးနှင့် သစ္စာရှိသောလူယုံများ. . အဘိုးဦးရှပ်ဆိုးနှင့် ဒေါ်ခါးကုန်း။

ဘယ်နေရာကြည့်ကြည့် အိုမင်းခြင်းတွေကြား၌ ကေသာစံ မနေနိုင်။ မေမေဆုံးပြီး တစ်လမတိုင်မီ ဤအိမ်ကြီးကိုကြောခိုင်း ထွက်ခွါခဲ့သည်။

မေမေက ရုတ်တရက် ဦးနှောက်သွေးကြောပြတ်ကာ သေဆုံးခြင်းဖြစ်ကြောင်း၊ ကေသာစံ၏ ဘဝမှန်နှင့်ပတ်သက်၍ ဘာဆိုဘာမှမသိလိုက်ရ။ သို့သော် "မေမေမရှိရင် ကေကေသိချင်တာ လိုချင်တာတွေရှိရင် ကြီးကြီးဆီမှာတောင်းပါ. .၊ အစ်မက ဆူဆူပူပူလုပ်တတ်ပေမယ့် သဘောကောင်းပါတယ်. .၊ ကေကေအပေါ် စိုးရိမ်စိတ်လွန်ကဲလို့ ဂရုဏာဒေါသော ပြောဆိုမိတာပါကွယ်"ဟု သေခါနီးလူ၏ နမိတ်စကားတစ်ခွန်း ကေသာစံ အတွက် ထားပေးသွားခဲ့သည်။

ခု ကေသာစံအတွက် သိချင်တာ၊ လိုချင်တာတွေ ရှိလာ





လေပြီ။ ထို့ကြောင့် ကြီးကြီးထံ ခေတ္တပြန်လာခြင်းဖြစ်သည်။

"မိန်ကလေး ဘာလုပ်နေသလဲ"

"အလုပ်လုပ်နေတာပေါ့"

"ဘာအလုပ်လဲ"

"ဒေါ်ကုန်းပြောလို့သိမှာလား ကိုယ်ကာယ အလှပြင်သင်တန်း"

"ကိုယ်ကာယအလှက ပြင်လို့ရသလား. .၊ ဒါဆို ဒေါ်ကုန်းခါးဖြောင့်အောင် လုပ်ပေးပါလား"

"ရတယ် လမ်းကြိတ်စက်နဲ့ ကြိတ်လိုက်ရုံပဲ"

ဒေါ်ခါးကုန်းရယ်လေသည်။ ခါးကုန်းရုံမက ရှပ်ဆိုးသော ကွမ်းချိုးများတက်နေသော ပါးစပ်ကြီးဖြင့် ရယ်မောခြင်းကို ကေသာစံ စိတ်ပျက်စွာ မျက်နှာလွှဲပြီး. . .

"ညောင်းတယ် လှဲချင်တယ်၊ ကျွန်မအိပ်ခန်းရှင်းထားလား"

"ရှင်းထားတယ် လက်ရာမပျက် ခြေရာမပျက် အမြဲထားပေးတယ်၊ ဖုန်သုတ်ပေးရုံကလွဲလို့လေ. . ."

"ဟင်း. . ဒါဆို မလျှော်မဖွတ်ဖူးပေါ့"

"လျှော်ထားပါတယ် သွားကြည့်ပါလား၊ ကေကေ လာလည်တာလား အပြီးပြန်လာတာလား"

"လာလည်တာ"

"ဟင်"

"မဟင်နဲ့. . ဖြစ်နိုင်ရင် အားလုံးကို ရန်ကုန်ကိုခေါ်သွား



www.burmeseclassic.com

www.burmeseclassic.com



ချင်တာ လူတွေကိုပြောနေတာနော်"

သံယောဇဉ်ဆိုတာကတော့ ရှိစမြဲပင်။

ရုပ်ဆိုးသော်လည်း မိမိကို ချိုပိုးထိန်းကျောင်းယုယ အလိုလိုက်ခဲ့သော သူများကိုတော့ ကေသာစီ ချစ်ခင်မြဲပင်။

ကေသာစံဖိတ်ဖိတ်တောက်နေသော လှေခါးကြီးပေါ် ပြေးတက်ခဲ့သည်။

ကြမ်းတိုက်နေသော ကောင်မလေးနှစ်ယောက်က ကေသာစံကို တအံ့တသြငေးမောကြည့်ကာ အချင်းချင်း လက်တို့ ပြောကြလေသည်။

"လှချက်တော်"

ဘုရားခန်းကိုလည်း သွားချောင်းမကြည့်တော့ဘဲ အိပ်ခန်းထဲတန်းဝင်ကာ ထိုးအိပ်လိုက်လေသည်။

ကားကို ပြည်မှနေ၍ နံနက်စောစောထပြီး တောက်လျှောက်မောင်းလာခဲ့ရသည်မှာ ညောင်းညာနေပြီ။

ကြီးကြီးက မိမိအပေါ် ဒေါသတကြီးများ ဆက်ဆံနေဦးမှာလား။ ကြီးကြီး ဆူပူတာလောက်ကတော့ ရိုးနေပြီ။ ပန်းနှင့်ပေါက်တယ်ဟုသာ သဘောထားလိုက်ရုံပဲ. . . ။

ဦးကောင်းပိုင် ခင်ဗျားကြီးဟာ အရှုးပဲ၊ ဘာမဟုတ်တဲ့ သာမန်အညတြမိန်းမ၊ ကလေးတစ်ယောက်မိခင် တစ်ခုလပ်မကိုများ စွဲစွဲလန်းလန်းဖြစ်နေရတယ်လို့ တော်တော်အံ့သြစရာကောင်းလောက်အောင်ကို ခင်ဗျားကြီး ရူးသွတ်နေတာပဲ"

ကေသာစံဟာ ဘယ်လိုမိန်းကလေးလဲဆိုတာ ခင်ဗျား





ကြီးမကြာခင်သိရမှာပါ။

ဦးကောင်းပိုင်ကို မကျေမနပ်ဖြစ်ရင်း ကေသာစံ အိပ်ပျော်သွားခဲ့လေသည်။




www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၃)

အိပ်ပျော်နေသော ကေသာစံကိုကြည့်ပြီး ဒေါ်တင်တင်ကြီး မျက်ရည်များကျလာသည်။ သုံးနှစ်လုံးလုံး အဆက်အသွယ်ဖြတ်တောက်ကာ နေရက်သော တူမချောကို တစ်နေ့မှ မေ့မရခဲ့။ ဒင်းကလေး၏ ဘေးအန္တရာယ်ကင်းရှင်းစွာ ရှိနေကြောင်းကို မယ်အေးက စာရေးအကြောင်းကြားသဖြင့် သိရှိနေခဲ့ရသည်။ သို့သော် ကေသာစံက ပြန်လည်မဆက်သွယ်သရွေ့ သူဘက်က



www.burmeseclassic.com

www.burmeseclassic.com



စ၍ မဆက်သွယ်။ ရောင့်တက်မှာစိုးရိမ်သည်။

ဒီလောက် ဖိနှိပ်ချုပ်ချယ်ထားသည့်ကြားကတည်းက လွတ်လပ်စွာ အပျံသင်သွားသည်။ အတောင်ညောင်းတော့ ပြန်လာလိမ့်မည်ဟု ယုံကြည်မျှော်လင့်လျက် စောင့်ဆိုင်းနေခဲ့သည်။

ယခု မျှော်လင့်ထားသလို ရောက်ရှိလာလေပြီ။ မျက်ရည်ကို အသာသုတ်ပြီး တူမချောကို တစိမ့်စိမ့်ကြည့်မိလေသည်။ နောက်ကုတင်ခြေရင်းမှ ချည်စောင်လေးကို အသာယူကာ ခြုံပေးပြီး အိပ်ခန်းထဲမှ ထွက်ခဲ့သည်။

နိုးလာမှ သူ့ကိုလာတွေ့ပါစေတော့ဟု စဉ်းစားကာ အောက်ထပ်သို့ ဆင်းခဲ့သည်။ မောင်ဖြစ်သူကို တယ်လီဖုန်းလှမ်းဆက်လိုက်သည်။

"မောင်မောင်ကြီးလား၊ မောင့်တူမ ပြန်ရောက်လာပြီ"

"ဟုတ်လား အပြီးပြန်လာတာလား"

"ဟုတ်မယ်မထင်ပါဘူး၊ မယ်အေးလည်းပါမလာဘူး အဝတ်အစားကလည်း လေးငါးစုံပဲယူလာတယ်"

"ကောင်းပြီလေ မမကြီး၊ ကျွန်တော် အခုပဲလာခဲ့မယ် မယ်ရှင်တို့သားအမိတော့ ခေါ်မလာတော့ဘူး၊ သားက အခုမှ အဖျားကျခါစရှိသေးတယ်"

"အေးအေး. . သူနောက်နေ့လိုက်တွေ့လိမ့်မှာပေါ့၊ မင်းသာလာခဲ့လေ"

ဒေါ်မမကြီး တယ်လီဖုန်းချလိုက်သည်။ နောက် မီးဖိုထဲဝင်ကာ ဒေါ်ခါးကုန်း ညနေစာအတွက် ဘာတွေစီစဉ်ထားသ





နည်းဟု ကြည့်ရသေးသည်။ ကေကေအကြိုက်တွေ ဖြစ်ရဲ့လား၊ ငါးခြောက်ထောင်း အချိုကြော်ကို ကေကေအလွန်ကြိုက်သည်။

"ကေကေ ပြန်လာမယ်မှန်းသိရင် အလုပ်သမားတွေ ခေါ်ပြီး ခြံထဲရှင်းခိုင်းထားပါရဲ့ မမကြီးရယ်"

"အေးလေ ဘယ်သိမှာလဲ ပြဿနာတစ်ခုခုတော့ သယ်ဆောင်လာပုံရတယ်၊ ဒါထက်. . ."

"ရုပ်ဆိုးနဲ့ ဘအို စပါးသွားရောင်းတာ ပြန်မလာကြသေးဘူးလား"

"လာမှာပါ မမကြီးရယ်၊ နည်းနည်းစောပါသေးတယ်"

ပူပန်ရတဲ့ ပူပန်မှုတွေကို ငြိမ်းအေးချင်ပြီ။ ပစ္စည်းများများပိုင်ဆိုင်လေ များများပူရလေပဲဟု အသက်ခြောက်ဆယ်နားကပ်လာသည်နှင့် ဒေါ်တင်တင်ကြီး တရားရစပြုလာသည်။

"ထမင်းပွဲပြင်ပြီးရင် ညည်းတူမကို သွားနှိုးလိုက်တော့ မယ်ကုန်း. . ."

"နိုးနေပြီ ရေချိုးနေတယ်"

"ဘုရားရေ. . ရေပြောင်း မြေပြောင်း ညနေဘက်ကြီး ရေချိုးရသလား ဖျားနာနေဦးမယ်"

လာပြန်ပြီအပူ၊ အင်းပူပန်နေ၍မဖြစ်၊ ဒင်းက ရန်ကုန်မှာတောင် တစ်ယောက်တည်းသွားနေနေသေးတာပဲ။

ထိုစဉ် ကားသံများကြားလိုက်ရသည်။

"မောင်မောင်ကြီးလာပြီထင်တယ်၊ ဟဲ့. . ဘအိုတို့ ကားသံကြားတယ် အတော်ပဲ အားလုံးခြေလက်ဆေးခိုင်းပြီး ထမင်း



www.burmeseclassic.com

www.burmeseclassic.com



တခါတည်းဝင်စားခိုင်း၊ ကေကေပြန်လာတဲ့ အထိမ်းအမှတ်ပေါ့"

ပြောပြောဆိုဆို. . ဒေါ်တင်တင်ကြီး အိမ်ရှေ့ထွက်ခဲ့သည်။ ဒေါ်တင်တင်ကြီးအတွက် ယနေ့သည် မင်္ဂလာရှိသောနေ့တစ်နေ့အဖြစ် ထူးခြားနေသည်။

"လာကြ. . အဆင်ပြေရဲ့လား"

"ပြေပါတယ်"

"အေးအေး. . ညရောက်မှအပ်တော့၊ ရုပ်ဆိုးပဲသိမ်းထားလိုက်ဦး ထမင်းတခါတည်းစားရအောင် ခြေလက်သွားဆေးကြ ကေကေပြန်ရောက်လာပြီ"

"ဘယ်မှာလဲ"

အားလုံး မျက်နှာဝင်းပသွားကြသည်။ အိမ်ဆည်းလွဲလေး ကေသာစံသည် မကွေးမြို့ရှိ "နန်းသဇင်" ခြံကြီး၏ ထိပ်တင်ပင်တိုင်စံ မင်းသမီးတစ်ပါးနှယ် တင့်တယ်အရေးပေး ခံရပါလျက် ချုပ်ချယ်သည်၊ ကျဉ်းကျပ်သည်၊ မွန်းကျပ်သည်၊ ရွှေအိမ်စံလှောင်ချိုင့်ကြီးနှင့်တူသည်ဟူသော စွတ်စွဲချက်များနှင့် ထွက်သွားခဲ့လေသည်။ ယခုပြန်လာပြီ။

ဧည့်ခန်း၌ ဒေါ်တင်တင်ကြီးနှင့် မောင်မောင်ကြီး နှစ်ယောက်တည်း ကျန်ရစ်ခဲ့စဉ် ကေသာစံလှေခါးပေါ်မှ ဆင်းလာသည်။

မောင်နှမနှစ်ယောက်စလုံး ကေသာစံကို တအံ့တဩကြည့်မိသည်။ အလှအပအားလုံးကို စုဝေးရာ ကေသာစံဖြစ်နေပါရောလား။ လှပသော ဆံပင်ရှည်ကြီးကို ဒီအတိုင်းချထားသည်။





"ဟဲ့. . နေဝင်ချိန် ဖားလျားမချကောင်းဘူး၊ ဖုတ်ကပ်တတ်တယ်" ဟုလည်း မပြောရဲတော့၊ ခုခေတ်က ဖားလျားခေတ်ဖြစ်နေပြီကို။ ကေသာစံငြိုငြင်ပြီး ပြန်သွားမှာစိုးရိမ်သဖြင့် မပြောပဲ ငေးကြည့်နေစဉ်. . .

"ကြီးကြီး ဘဘမောင်"

ကေသာစံ မာနဖြင့် ကြောခိုင်းသွားခဲ့သော်လည်း သတိရအောက်မေ့ခဲ့သည်ကိုတော့ ကေသာစံမှအပ ဘယ်သူမှ မသိနိုင်ပြီ။

"လာ. . ကေကေ ထမင်းတခါတည်းစားရအောင်"

"အတော်ပဲ ဗိုက်ဆာနေတာ"

ကေသာစံက ဒေါ်တင်တင်ကြီးနှင့် ဦးမောင်မောင်ကြီး၏ လက်တစ်ဖက်ဆီကိုတွဲကာ ထမင်းစားခန်းသို့ ဦးတည်လိုက်သည်။ အရွယ်ရောက်လာကတည်းက ခုလိုလက်ပွန်းတသီးနေခွင့်မရခဲ့သော ကေသာစံသည် ယခုတော့ ဘယ်သူကြိုက်ကြိုက် မကြိုက်ကြိုက် ရဲတင်းစွာပင်နေလိုက်သည်။ ဘာမှမပြောကြပေ။

ကေသာစံဟင်းများကို ဦးချပြီး. . ငါးခြောက်ထောင်းကြော်နှင့် စတင်စားလေသည်။

"ဒေါ်ကုန်းလက်ရာကို. . ဒေါ်ကြီးမမှီတာ ကျိန်းသေတယ်"

"မယ်အေးကို ဘာဖြစ်လို့ တစ်ပါတည်းမခေါ်ခဲ့တာလဲ"

"ဒီလာမှာတောင် မပြောခဲ့ဘူး"

"ဟင်. . ဘာဖြစ်လို့လဲ. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စရှိလို့ပေါ့ ကြီးကြီးရယ်၊ သူ့ကို ဒါဏ်ပေးချင်တာလည်းပါတယ်"

"ဘုရားရေ လူကြီးကို"

"ကန်တော့. . ကန်တော့ ဒေါ်ကြီးက ကျွန်မနဲ့သာနေတာ ကြီးကြီးတို့အပေါ် သိပ်သစ္စာရှိတာပဲ. . ၊ ကျွန်မသိချင်လို့မေးတာတွေ ဘာတစ်ခွန်းမှ မေးလို့မရဘူး ကြီးကြီးကိုပဲ မေးလို့ပြောတယ်"

ဒေါ်တင်တင်ကြီး ကြိုတင်မျှော်လင့်ထားပြီးသားပင်. . မောင်မောင်ကြီးကို လှမ်းကြည့်လိုက်တော့ မောင်မောင်ကြီးက ခေါင်းညိတ်ကာ. . .

"ကေကေက ဘာသိချင်တာလဲ"

"ကေကေရဲ့ မျိုးရိုးအစစ်အမှန်ကို ကေကေသိပ်သိချင်တယ်၊ ကေကေဟာ တစ်ကောင်ကြွက်တစ်မျက်နှာဘဝ မဖြစ်နိုင်ဘူးလို့ထင်တယ်"

ဒေါ်တင်တင်ကြီးတို့ မောင်နှမ မျက်စိမျက်နှာပျက်သွားကြသည်။ သို့သော်. . .

"ကေကေ သိချင်တာတွေ ကြီးကြီးအကုန်ပြောပြမှာပါ ကြီးကြီးတို့ မေးတာတွေလည်း အမှန်အတိုင်းဖြေဖို့ ကေကေကတိပေးရမယ်"

ကေသာစံ မျက်နှာဝင်းပသွားသည်။

"တကယ်လားကြီးကြီး"

"ဝမ်းသာလိုက်တာ ခုမှ သတိရတယ်၊ ဘဘမောင်. .





သားသားကော ကြီးရှင်ကော ပါမလာပါလား"

"သာသား နေမကောင်းလို့ လိုက်မလာတာ၊ ဒိကောင်ချူချာတာ ကေကေသိသားနဲ့"

"ကေကေစကားမှ နားမထောင်တာ"

ဒေါ်တင်တင်ကြီးတို့ မောင်နှမ မျက်စိမျက်နှာပျက်သွားကြပြန်သည်။ လွန်ခဲ့သော ခြောက်နှစ်ခန့် ဦးမောင်မောင်ကြီးလက်ထပ်ခါနီးကာလကို ပြန်ပြောင်းသတိရကြလိမ့်မည်။ ဦးမောင်မောင်ကြီး လက်ထပ်မည့်သူက ဒေါ်တင်တင်ကြီးတို့ စိတ်တိုင်းကျ ရွေးချယ်သော အမျိုးထပ်မှ မြတ်သည်ဟူသော ရှေးအစွဲအလန်းနှင့် နှစ်မဝမ်းကွဲတော်စပ်သူ ဒေါ်ရှင်နှင့်ဖြစ်သည်။

ပတ်ဝန်းကျင်ကို စာတွေ့နှင့်သာ သိခွင့်ရနေသော မြို့ကောင်ပေါက်အရွယ် ကေသာစံက "ဟာ. . အမျိုးခြင်းမယူရဘူး အမျိုးခြင်းသွေးနှောရင် ဆေးပညာအရ မွေးလာတဲ့ ကလေးမှာ ချို့ယွင်းချက်တစ်ခုခု ရှိတတ်တယ်၊ လူစဉ်မမှီတာတို့ ကြက်မျက်သင့်ရောဂါတို့၊ ဉာဏ်ရေစဉ်မဖွံ့ဖြိုးတာတို့ ဖြစ်တတ်တယ်တဲ့" ဟုပြောခဲ့စဉ်က အားလုံးဆူပူကာ ကျိန်းမောင်းခဲ့ကြသေးသည်။

အသက်ကြီးမှယူပြီး ပထမသားဦးပျက်ကျပြီး ဒုတိယသားမွေးတော့ တကယ်ပင် ကြက်မျက်သင့်ရောဂါ မွေးရာပါလာသည်။ ကျန်းမာရေးကမကောင်း ချူချာလေသည်။ နောက်ကလေးကလည်း မမွေးနိုင်တော့ နွားအိုနောက်ကျ သားချူချာသည်လေးကိုပင် ပိုးမွေးသလို မွေးထားရရှာလေသည်။

"ဟော. . လာ. . ဘအုံ. . ဦးဆိုး. . ."



www.burmeseclassic.com

www.burmeseclassic.com



"ကေကေ"

ထမင်းဝိုင်းလေး စည်ကားသွားသည်။

ကေသာစံအတွက်လည်း ပထမဦးဆုံးသော ပြောင်းလဲမှုကို စတင်သတိထားမိကာ ကျေနပ်သွားလေသည်။ ဘအို၊ ဦးဆို၊ ဒေါ်ကုန်းတို့သည် ကြီးကြီး မိမိနှင့် ဝိုင်းဖွဲ့စားသောက်ခွင့်ရခြင်းပင်၊ မင်းမျိုးမင်းနွယ်၏ အဆင့်အတန်းခွဲခြားမှုသည် သံဝေဂနောက်ဝယ် ပျောက်ဆုံးသွားလေပြီလား။ ကေသာစံ လာရကျိုးနပ်မည်ထင်ပါသည်။

ညဘက် ကြီးကြီးနှင့် နှစ်ယောက်တည်းတွေ့ဆုံရမည့်အချိန်ကို စိတ်လှုပ်ရှားစွာစောင့်ရင်း မေးသမျှအတွေ့အကြုံများကို ပြောပြရလေသည်။

"တက္ကသိုလ်တက်နိုင်ရက်နဲ့ အဝေးသင်ယူရသလားကွယ်"

"ကေကေက အလုပ်လုပ်ချင်တာကိုး၊ အလုပ်လုပ်တော့အမြင်ကျယ်တယ်. . ၊ ဒေးတက်လည်း ဒီဘွဲ့ အဝေးသင်တက်လည်း ဒီဘွဲ့ပဲ၊ တက္ကသိုလ်ကျောင်းသူလေးလုပ်ပြီး ကျောင်းတက်နေရမယ့် အချိန်တွေကို ကေကေနှမြောတယ်၊ အဲဒီလိုအချိန်မျိုး ကေကေ ဘာလုပ်သင့်သလဲ. . ၊ သူများတွေဘာလုပ်နေသလဲ ဆိုတာတွေလေ့လာခွင့်ရသလို ငွေရှာဖို့အချိန်လည်း ပိုရတာပေါ့"

"ကေကေ ငွေလိုရင် ကြီးကြီးပေးနိုင်ပါတယ်"

"ကေကေက ကိုယ်ပိုင်ပိုက်ဆံပဲ လိုချင်တာ. . ၊ ကိုယ့်အစွမ်းအစနဲ့ ကိုယ်ရတဲ့ငွေအပေါ်မှာပဲ ပီတိခံစားချင်တာ၊ ကဲပါ





ဘဘမောင်နဲ့လိုက်သွားပြီး သားသားကို ပန်းသီးသွားကျွေးဦးမယ်၊ ပြန်လာမှပြောမယ်. . ကေကေ့ပြိုင်ကားနဲ့ပဲ မောင်းသွားမယ်"

ဒေါ်တင်တင်ကြီးဘာမှ မတားမြစ်ရဲတော့၊ ကေသာစံနှင့် ခွဲနေရခြင်း၏ အရသာခါးခါးများကို ငေးမောရင်း ကျန်ရစ်ခဲ့လေသည်။

"ဟဲ့. . ဘအို မနက်ဖြန် အလုပ်သမားဆယ်ယောက်လောက်ရှာပြီး ခြံကို မနက်ပိုင်းအပြီးရှင်းကွယ်၊ ရုပ်ဆိုးက ခြံစည်းရိုးဆေးပြန်သုတ် အဝင်အဝခြံတံခါးလည်း အသစ်ပြန်တပ်တော့၊ သမီးပျိုရှိတဲ့ အိမ်ဆိုတာ သစ်လွင်တောက်ပ လုံခြုံနေမှကောင်းတာ"

"မမကြီးရဲ့တူမက အမြဲနေမှာမို့လို့လားဗျာ"

"အို. . နေချင်အောင် သူ့အလိုလိုက်ပြီး ဆွယ်ရမှာပေါ့ဟဲ့. . ."

ကေသာစံသည် ဒွေးတော်မိကြီးများ၏ စေတနာ၊ မေတ္တာ တရားကို နားလည်ခံစားတတ်မည်ဆိုပါက နန်းသဇင်မိသားစုလေးဘဝသည် အဘယ်မျှ ချမ်းမြေ့စရာကောင်းလိုက်မည်နည်း။ ဒေါ်တင်တင်ကြီးမှာ မျှော်လင့်ချက်ကြားက ရတက်မအေးနိုင်ပဲ ပင့်သက်ရှည်ကြီးရှိုက်လိုက်မိလေသည်။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၀)

နန်းသဇင်၏ နောက်ဆုံးမျိုးဆက်ဖြစ်သော ဦးဝဏ္ဏနှင့် ဒေါ်ထိပ်တင်လေးတို့၌ သားသမီးလေးယောက် ထွန်းကားခဲ့လေသည်။

တင်တင်ကြီး၊ ခင်ခင်လတ်၊ မောင်မောင်ကြီးနှင့် မမလေး တို့ဖြစ်သည်။ ရှေးဆန်သည့် ခြေတလှမ်းကုဋေတစ်သန်းဟူသော အယူအဆနှင့် သမီးမိန်းကလေးများကို အိမ်ထဲက





အိမ်ပြင် မထွက်စေချင်။ တင်တင်ကြီး ဆယ်တန်းအောင်သော နှစ်၌ ဦးဝဏ္ဏဆုံးသည်။ တင်တင်ကြီးနှင့် ခင်ခင်လတ်တို့က ကျောင်းထွက်ကာ မိခင်နှင့်အတူ ဖခင်၏ ဆန်စက်၊ ဆီစက်တို့နှင့် လယ်ယာဥယာဥ်ခြံများ အုပ်ချုပ်သည်၊ မောင်မောင်ကြီး ဆယ်တန်းအောင်တော့လည်း ထိုနည်းတူပင်။

မမလေးကထိုသို့မဟုတ် ဆယ်တန်းအောင်ပြီး တက္ကသိုလ် တက်ဖို့တောင်းဆိုသည်။ မန္တလေးတက္ကသိုလ်၌ ပေးထားလိုက်သည်။ ယောကျ်ားလေးသူငယ်ချင်းရှိလာခြင်းကို တားမြစ်သော်လည်း အနောက်တိုင်းဆန်ပြီး ခေတ်ရှေ့ပြေးနေသော ဇော်အောင်လိုလူမျိုးကို ကြည့်မရ။ တားမြစ်ထားသည့် ကြားက ပထမနှစ် စားမေးပွဲအပြီး လိုက်ပြေးသွားကြသည်။ ထိုစိတ်ဖြင့် မိခင်ဒေါ်ထိပ်တင်လေး ဆုံးပါးသွားသည်။

မမလေးကို သေခန်းပြတ် သတင်းစာထဲမှ စွန့်လွှတ်ကြောင်း ကြေညာခဲ့လေသည်။

သတင်းစာဖြတ်ပိုင်းများကိုကြည့်ပြီး ကော်သာစံအတွက် ထူးဆန်းသော ဒဏ္ဍာရီတစ်ပုဒ်ကို နားထောင်နေရသကဲ့သို့ ဖြစ်လေသည်။ ဖြတ်ပိုင်းများထဲတွင် ရန်ကုန်မြို့ တရားရုံးတစ်ခု၌ နှစ်ဦးသဘောတူ လက်ထပ်ပြီးစီးကြောင်း ဇော်အောင်နှင့် မမလေး၏ သတင်းလည်းပါရှိလေသည်။

ဇော်အောင်တဲ့. . ဦးဇော်အောင်၊ ဒီနာမည်ကို သိပ်မကြာသေးခင်ကာလကမှ ကြားဖူးထားသော အမည်တစ်ခုပင်။

"နောက်တစ်နှစ်ခွဲအကြာမှာပဲ မမလေးဟာ ကိုယ်ဝန်



www.burmeseclassic.com

www.burmeseclassic.com



အရင့်အမာကြီးနဲ့ ပြန်ရောက်လာခဲ့တယ်. . ၊ ဇော်အောင်ပါမလာတော့ မဖြတ်နိုင်တဲ့ သံယောဇဉ်နဲ့ ကြီးကြီးတို့ လက်ခံခဲ့လိုက်တယ်"

ဇောအောင်က ဖော်ပြန်လို့ ညလေးက စိတ်နာပြီး ပြန်လာတာတဲ့၊ ရောက်ပြီးမကြာဘူး ညလေးဟာ အမွှာသားနဲ့ သမီးကိုမွေးပြီး ဆုံးပါးသွားတယ်"

"ဟင်"

ကေသာစံအတွက် ခြောက်ခြားစရာကောင်းလွန်းသော အတိတ်တစ်ခုပါလား။

"အမွှာအနက် အငယ်သားလေးက အသက်ပါမလာဘူး. . ကေကေတစ်ယောက်တည်း ရှင်ရက်ကျန်ရစ်ခဲ့တာ"

"ဒီမှာပဲ မလတ်က အကြံရပြီး. . မမလေး သားတစ်ယောက်တည်းမွေးတယ်ဆိုတဲ့သတင်းကို လွှင့်ပြီး သားအမိနှစ်ယောက်စလုံး ဆုံးသွားတယ်ဆိုတာ ပါတ်ဝန်းကျင်ကို ကျေညာလိုက်တယ်. . ၊ ကေကေလေးကိုတော့ အိမ်ကြီးရဲ့ အပေါ်ထပ်မှာ တိတ်တဆိတ်ထားတယ် နာနီတို့ နာပ်(စ်)တို့နဲ့ပေါ့. . ဘယ်သူမှ မသိစေရဘူး. ."

"ဦးဇော်အောင်ဆိုတဲ့လူက လိုက်မလာဘူးလား ကြီးကြီး"

"လိုက်လာပါတယ်၊ ခြံထဲတောင်အဝင်မခံပဲ ညလေးနဲ့ သားလေးဂူကို ရုပ်ဆိုးနဲ့လိုက်ပြခိုင်းလိုက်တယ်၊ သူနဲ့ တစ်စခန်းပြတ်ပြီလေ. . ."





"ဘာဖြစ်လို့ ကေကေကို မွေးစားခဲ့တာပါလို့ ပြောရတာလဲ ကြီးကြီး"

"အင်း. . ပါတ်ဝန်းကျင်ကို အချိန်တန်အရွယ်ရောက်ရင် ကေကေကိုပြရတော့မယ်. . ၊ ဇော်အောင်သမီးဆိုတာ သိသွားရင် သူလာတောင်းမှာကို စိုးရိမ်တယ်လေ. . ၊ ဒါကြောင့် မလတ်က ကေကေသုံးလသားလောက်မှာ တောင်ကြီးဘက်ခရီးထွက်ရင်းက ကလေးတစ်ယောက်မွေးစားလိုက်တဲ့ ပုံမျိုးလုပ်ပြီး မိဘနေရာမှာ ဦးကိုကိုသန့် ဒေါ်မမလတ်လုပ်ပြီး သမီးကို လူလောကထဲ မလတ်သမီးအနေနဲ့ ထုတ်ပြလိုက်တာ၊ ဦးကိုကိုသန့်ဆိုတာ လုပ်ဇာတ်ရဲ့ ကေကေဖခင်အမည်ပေါ့ကွယ်၊

ဒါတွေ ကေကေ အချိန်တန်အရွယ်ရောက်လာရင် ပေးသိမယ်လို့ ကြီးကြီးတို့မောင်နှမ ဆုံးဖြတ်ခဲ့ပြီးသားပါ. . ၊ ဒီအတွက် ကေကေကြီးကြီးတို့အပေါ် စိတ်နာမယ်ဆိုလည်း နာနိုင်ပါတယ်ကွယ်. . ၊ တစ်ယောက်ပြီးတစ်ယောက် စွန့်ခွာသွားကြတာ ကြီးကြီးလည်း သေရင် ဘာမှယူသွားလို့မရဘူး၊ မသေချင်ပဲ သံယောဇဉ်ရှိသူတွေ ဖက်တွယ်ထားလို့ မရဘူးဆိုတာလည်း သိနေပြီ"

ကေသာစံ၌ ကျစရာမျက်ရည်မရှိတော့။ ကေသာစံ နားလည်ထားသည်က ဒေါ်ခင်ခင်လတ်သည် မွေးစားအမေ ဤမိသားစုကြီးနှင့် မိမိဘာမှမပါတ်သက်ဟု။ ယခုတော့. . ကြီးကြီးဘဘမောင်သည် တကယ့်ကို ကေသာစံ၏ ကြီးတော်ဘကြီးတွေပါလား. . . ။



www.burmeseclassic.com

www.burmeseclassic.com



လောကကြီး၌ ကေသာစံတစ်ကောင်ကြွက်ဘဝမဟုတ်။ ကေသာစံသည် မိဘရှိသည်။ ဆွေမျိုးသားချင်းရှိနေသည်ပဲ။

"ကေကေကို စောစောကပြောပြခဲ့ပါလား ကြီးကြီးရယ် ကေကေက နားလည်လာချိန်မှာ ပတ်ဝန်းကျင်က မွေးစားသမီးဆိုတာလောက်အသိနဲ့ ကေကေရင်မှာ အနာတရ တွေဖြစ်ခဲ့ရတာ"

"ကဲ. . အားလုံးသိပြီပဲ. . သမီးဘာကြောင့် သိချင်လာရတာလဲ၊ သမီးကေကေမှာ ဘာအခက်အခဲရှိပြီလဲ. . ကြီးကြီးတို့ ဘာတွေဖြေရှင်းပေးရမလဲ"

ကေသာစံက စိတ်အားထက်သန်စွာဖြင့် မေးလိုက်သော ဒေါ်တင်တင်ကြီး၏ မေးခွန်းများကြောင့် အားတက်သွားလေသည်။

"ပြောမှာပေါ့ ကြီးကြီးရယ်၊ ကေကေမှာ ဖွင့်ဟတိုင်ပင်စရာဆိုလို့ ကြီးကြီးပဲရှိတာပဲဟာ"

ကေသာစံရင်၌ မိဘနှစ်ပါးဘယ်သူဆိုတာ တိကျစွာသိလိုက်ပြီဆိုတော့ ရှေ့လျှောက်လာလုပ်သင့်သည်ကို စိတ်ကူးနှင့် စီမံကိန်းချလိုက်ဦးမည်. . ။ လောလောဆယ်တော့. . .

"ကေကေ့ဘဝဟာ တစ်ကောင်ကြွက်မွေးစားသမီးဆိုပြီး မျက်နှာသိပ်ငယ်ခဲ့တာ. . ၊ ကေကေ လူတစ်ယောက်ကိုချစ်မိသွားတယ်ကြီးကြီး"

"ဘုရားရေ. . အမေလိုပါပဲလား. . ၊ ရုပ်ကသာ အမေနဲ့မတူပဲ အဖေနဲ့တူတာ၊ စိတ်က အမေစိတ်ပဲ၊ ချစ်မိရင်လည်း





တန်းတန်းစွဲပါလား. . ."

ဒေါ်တင်တင်ကြီး ရင်ဘတ်ကိုဖိကာ ရတက်ပွေ့ရလေပြီ၊ ကေသာစံက ပြုံးကာ. . .

"ဒါပေမယ့် အဲဒီလူက အသိုင်းအဝိုင်းသိပ်ကြီးတော့ ကေကေကို သူ့မိသားစုက လက်မခံမှာစိုးပုံရတယ်. . ကေကေထက် ဆယ်နှစ်လောက်လည်းကြီးတော့ ချင့်ချိန်နေပုံရတယ်"

ဒေါ်တင်တင်ကြီး ဆူဆူပူပူလုပ်သည့် ဝသီသည် ကေသာစံထွက်သွားကတည်းက ကေသာစံနှင့်အတူ လိုက်ပါသွားပုံရလေသည်။

"ကြီးကြီးသဘောပေါက်ပြီ၊ ကေကေ ဘာလိုချင်သလဲ ဘာလုပ်ပေးရမလဲ"

"ဟင့်အင်း. . ဘာမှလုပ်ပေးဖို့မလိုဘူး ကေကေပြန်သွားမယ်. . ၊ မကြာခင် သူတို့မိသားစု ဘုရားဖူးလာထဲ့အခါ ဒီမှာဝင်တည်းဖို့ ကေကေဖိတ်ခေါ်ခဲ့မယ်. . ."

ဒေါ်တင်တင်ကြီး ရင်ထဲနွမ်းလျသွားသည်။ ပြန်သွားဦးမှာ။ သူတို့ကိုထပ်ခွဲသွားဦးမှာပါလား။

ဦးဇော်အောင်. . ဒီနာမည်ကြားဖူးပါတယ်။ ဪ. . သိပြီ ဒေါ်မွန်ခ၏ ခင်ပွန်းဟောင်းအမည်က ဦးဇော်အောင်ပေပဲ။ ကေသာစံအဖေနှင့်များ တစ်ယောက်တည်းဖြစ်နေမလား။

"ကြီးကြီး"

"ဘာလဲသမီး"

"ကြီးကြီးမှာ ဦးဇော်အောင်ဓါတ်ပုံရှိသလား"



www.burmeseclassic.com

www.burmeseclassic.com



"မရှိဘူး. . ဒါပေမယ့် ညလေးပါလာတဲ့ ဆွဲကြိုးကအသဲပုံလော့ကတ်ထဲမှာ ညလေးပုံရယ်. . ဇော်အောင်ပုံရယ်တော့ရှိတယ်. . ၊ ရော့. . သော့. . သမီးထုတ်ယူလိုက်. . ၊ အဲဒီထဲမှာ ကေကေလိုချင်တဲ့ ပစ္စည်းမှန်သမျှယူသွား၊ ဒါပေမယ့် ကေကေ ပြန်ရင်တော့ ဘအိုကိုထည့်ပေးလိုက်မယ်၊ ရန်ကုန်မှာ ကေကေ ကြိုက်တဲ့အိမ်ရှိရင်ပြော. . ကြီးကြီးဝယ်ပေးမယ်၊ တိုက်ခန်းနဲ့တော့ မနေနဲ့တော့နော်"

ကေသာစံကို ဒေါ်တင်တင်ကြီးက ချော့ချော့မော့မော့ စည်းရုံးနေသည်။

ကေသာစံက ဒါတွေကို စိတ်မဝင်စား မီးခံသေတ္တာဖွင့်တော့ ဖိတ်ဖိတ်တောက်နေသော စိန်ရွှေရတနာပုံကြီးကိုလည်း မမက်၊ ထိုထဲမှ အသဲပုံလော့ကတ်ကလေး တန်းလန်းနှင့် ဆွဲကြိုးကုံးကိုသာ ရှာဖွေပြီး ယူလိုက်သည်။

လော့ကတ်ကိုဖွင့်လိုက်သည်။ ညာဘက်အခြမ်း၌ ချောမောခန့်ညားသော ယောကျ်ားတစ်ဦးကို တွေ့လိုက်ရသည်။ ဘယ်ဘက်ကလည်းမိန်းမချောတစ်ဦး မိမိ၏ မိဘနှစ်ပါးပါလား။

"ကေကေ. . ဒီတစ်ကုံးပဲယူမယ်ကြီးကြီး. . "

မီးခံသေတ္တာသော့ကို ပြန်ပိတ်ပြီး ဒေါ်တင်တင်ကြီး လက်သို့ ထည့်ပေးလိုက်သည်။

ဒေါ်တင်တင်ကြီး သက်ပြင်းချလေသည်။ ယခုခေတ်ကလေးများက စိန်ရွှေငွေထက် အတတ်ပညာတွေ ဆန်းသစ်မှုတွေကို ပိုမိုမက်မောတတ်ပါလားဟု သဘောပေါက်လိုက်မိ





သည်။ ဆွဲကြိုးကို ဆွဲလိုက်လေသည်။

"ကြီးကြီးပါ ရန်ကုန်လိုက်ခဲ့ပါလားဟင်. . "

ဒေါ်တင်တင်ကြီး ဝမ်းသာသွားလေသည်။ သို့သော်. .

"နောက်မှပဲ၊ ဒီမှာ အိမ်ကိုနည်းနည်းပါးပါး ခြယ်မှုန်းလိုက်ဦးမယ်. . ၊ ဧည့်သည်တွေခေါ်လာမယ်ဆို. . "

"ဟုတ်. . အဲဒါပြီးရင် လိုက်ခဲ့ရမယ်နော်. . ၊ ကြီးကြီး ဝယ်စရာမလိုပါဘူး. . နောက်လေးငါးခြောက်လလောက်ဆိုရင် အိမ်ကြီးတစ်လုံးနဲ့ ကေကေပိုင်ဆိုင်ချင်သူကို ပိုင်ဆိုင်ခွင့် ရသွားမှာပါ"

"ကေကေရယ်. . ယောကျ်ားမရှားပါဘူး"

"ဒါပေမယ့် အချစ်ကရှားတယ်၊ ကေကေ သူ့ကိုပဲချစ်တယ်. . ၊ ချစ်တဲ့လူကိုပဲ. . ပိုင်ဆိုင်ချင်တယ် ကြီးကြီးရယ်၊ ကေကေကို ဝိုင်းကူပေးနော်"

ဒေါ်တင်တင်ကြီးက သက်ပြင်းချပြီး ခွင့်လွှတ်. .

"ဒါဖြင့် အဲဒီလူဟာ ဘယ်လိုလူစားမျိုးလဲ ဆိုတာပြောပြပါဦး"

ကေသာစံ ဦးကောင်းပိုင်အကြောင်းကို မွန်ခအားကြိုက်နေသည်ဟူသော ကိစ္စကိုချိန်လှပ်၍. . အားလုံးအိတ်သွန်ဖာမှောက် မမောနိုင်မပန်းနိုင် ပြောလိုက်လေသည်။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၁)

ကောင်းပိုင်အခုတလော ကေသာစံကို သတိရမိသည်။ ဖုန်းဆက်မေးတော့ ပြည်သွားသည်ဟု သိရသောအခါ စိုးရိမ်ပူပန်မိသည်။ တစ်ယောက်တည်း ခရီးဝေးကို သွားရသလားဟု။

ညစဉ်လိုလို ဖုန်းဆက်မေးသောအခါ ပြန်မရောက်သေးဟုသာ သိရသည်။ ဒီကြားထဲ မွန်ခကလည်း ခုထက်ထိ ခေါင်းမညိတ်သေး။





အိမ်အပေါက်ဖြစ်ပြီး အသစ်ဆောက်ဖို့ ပန္နက်ချနေစဉ် မြင်ကားခရမ်းရောင်လေးဝင်လာသည်။

"ကေသာစံ"

သူ့နှုတ်မှ အသံပင်ထွက်သွားသည်။ ညိမဆိုးလေးတစ်ယောက်ပြန်လာတာကို တွေ့လိုက်ရသော အစ်ကိုတစ်ယောက်၏ ခံစားမှုမျိုးနှင့် ဆီးကြိုမိသည်။

"ပျောက်နေတာ ဆယ်ရက်တောင်ရှိပြီနော် ကေသာစံ"

"ဒေါ်ကြီးက ဦးကောင်းပိုင်ဆက်တယ်ပြောလို့ အရေးတကြီးကိစ္စရှိလို့လား. . ကျွန်မထမင်းတောင် မစားရသေးဘူး"

ကေသာစံ၏ ပွင့်လင်းမှုကိုတော့ ကောင်းပိုင် သဘောကျသည်။ ငယ်ရွယ်သူဆိုတော့ ရိုးသားပွင့်လင်းမှု ရဲတင်းမှုတို့ကတော့ ရှိပေမည်ပေါ့။

"ထမင်းစားဖို့ အဆင်ပြေပါတယ်. .၊ ဟိုတန်းလျားမြီးသွားပြီးစားရုံပဲ၊ ခြံစောင့်လင်မယားရလို့ ချက်ပြုတ်ကျွေးနေပြီလေ"

"အလုပ်သမားတန်းလျားတောင်မှ အတော်သားနားတာပဲ"

"ကဲ. . နေပူတယ်လာ အဲဒီမှာသွားနားရအောင်၊ တော်သေးတယ် ညဘုရားကိုးဆူကိုမှီလို့. . . "

"ဟုတ်လား ဒီညလား"

ကေသာစံသိသားပဲ. . ရောက်နေတာ သုံးရက်ရှိပြီဖြစ်သော်လည်း ဒေါ်ကြီးကို တမင်မရောက်သေးဘူးပြောခိုင်းထား



www.burmeseclassic.com

www.burmeseclassic.com



ခြင်းဖြစ်သည်။ ဒါမှ ဦးကောင်းပိုင်၏ စိတ်သဘောထားကို သိခွင့်ရမည်။ ဦးကောင်းပိုင်သည် မွန်ခသာမရှိခဲ့လျှင် ကေသာစံပေါ်၌ စိတ်အဝင်စားဆုံးဖြစ်နိုင်သည်။

"မေမေတို့ကိုတောင်ပြောထားပြီး ရောက်မလာရင် မေးတော့မှာ . . တော်သေးတယ် . . ။ တစ်ယောက်တည်းပဲ လျှောက်သွားနေတာလား"

"ဒါပေါ့ . . လူဆိုတာ မွေးလာတည်းက တစ်ယောက်တည်း"

ပြောရင်း အမွှာအစ်ကို သားလေးဟုသာ ကဗ္ဗည်းထိုးထားသော ဂူသေးသေးကို မြင်ယောင်သတိရလိုက်သည်။ ထို့ကြောင့် စကားပြတ်သွားပြီး အတန်ကြာမှ . .

"သေတော့လည်း . . အင်း . . သေခြင်းအကြောင်းကို မပြောချင်သေးဘူး . . ကျွန်မက ငယ်သေးတာပဲ၊ ဦးကောင်းပိုင် မနက်ဖြန် ကျွန်မနဲ့ တစ်နေရာရာကို အဖော်လိုက်ပေးနိုင်မလား"

ကောင်းပိုင်က ကေသာစံကို စူးစမ်းသောအကြည့်နှင့် ကြည့်လိုက်သည်။

"ကျွန်မ ဘဝအတွက် အရေးကြီးတဲ့ လူတစ်ယောက်နဲ့ တွေ့ဖို့ရှိတယ်၊ ညစာစားဖို့ ဟိုတယ်နီကိုးမှာ ချိန်းထားတယ် အဲဒါလိုက်ခဲ့ပေးနိုင်မလားလို့ပါ"

"လူတစ်ယောက်ဆိုတော့ ယောကျ်ားကြီးတစ်ယောက်ပေါ့"

"မှန်ပါတယ် အသက်လေးဆယ်ကျော် ရှိပြီဖြစ်သော





သူစိမ်းယောကျ်ားတစ်ဦးဖြစ်နေတဲ့အတွက် ကျွန်မက အဖော်ခေါ်သွားသင့်တယ်ထင်လို့ အဖော်ခေါ်တာပါ"

"ဘယ်သူလဲ"

"တွေ့တော့သိရမှာပါ၊ ကျွန်မတောင် မမြင်ဖူးသေးဘူး"

ကောင်းပိုင်က ကေသာစံကို တအံ့တသြကြည့်လိုက်လေသည်။

"မမြင်ဖူးသေးတဲ့ လူတစ်ယောက်ကို မင်းချိန်းရဲတယ်"

"ချိန်းရဲတာပေါ့ . . ။ မမြင်ဖူးပေမယ့် ကျွန်မက သူဘယ်သူလဲဆိုတာ သိနေတော့ ချိန်းရဲတာပေါ့ . . ။ ဘာလဲ ဦးကောင်းပိုင်က အဖော်မလိုက်ရဲဘူးလား"

ကောင်းပိုင် ဆုံးဖြတ်ချက်တစ်ခုကို ပိုင်နိုင်စွာ ချလိုက်လေပြီ။

"လိုက်မယ် . . လိုက်ပေးမယ် ဒီညနေတော့ မင်းဖာသာ မင်းလာခဲ့တော့ကွာ . . ။ ကိုယ် ဝိုင်းဧည့်ခံပေးစရာရှိနေတယ်"

"ဖြစ်ပါတယ် . . ဘယ်အချိန်လဲ"

"ဖိတ်စာထဲမှာကတော့ ညနေငါးနာရီကနေ ညဆယ်နာရီအထိပဲ၊ ဩော် . . ဖိတ်စာတောင် မပေးရသေးဘူး ကားပေါ်မှာ"

"ရပါတယ် လိပ်စာသိနေပြီပဲ"

"ဘယ်ဟုတ်မလဲကွာ ပေးရမှာပေါ့၊ ပြန်တော့ယူသွား"

"ပြန်တော့မှာ . . "

"ဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ခရီးပန်းလာတာ မနားရသေးဘူး"

ကောင်းပိုင် ကေသာစံကို တအံ့တသြကြည့်မိပြန်သည်။ နွမ်းလျခြင်းကို လုံးဝမတွေ့ရ။ ဘယ်အချိန်ကြည့်ကြည့် လိုက်တိုင်း တက်ကြွလန်းဆန်းနေတတ်သည်။ ဒါကိုပဲ ဆွဲဆောင်နိုင်သော အလှကျက်သရေတစ်မျိုးပင်. . .။

"ထမင်းစားသွားမယ်ဆို"

"အလကားပြောတာ ဒေါ်ကြီးက အားလုံးချက်ပြီးသား ဦးကောင်းပိုင်အားရင် လိုက်စားပါလား"

"ကျေးဇူးတင်ပါတယ်၊ ကိုယ်လည်းဒီနေ့ စောစောပဲပြန်ရမှာ"

ကေသာစံအား ကားရှိရာသို့ လိုက်ပို့ပေးရင်းမှ သူ့ကား ဒက်ချ်ဘုတ်ပေါ်မှာ ဖိတ်စာစာအိတ်လေးကို ယူပေးလိုက်သည်။

"ဒေါ်ကေသာစံ မိသားစုတဲ့. . အဟုတ်"

လှပသော ယောကျ်ားလက်ရေးကို ကေသာစံက သဘောကျစွာကြည့်ပြီး ရေးထားပုံကြောင့် ရယ်သွေးသွမ်းလိုက်သည်။

"ဒေါ်ကြီးပါခေါ်ခဲ့လေကွာ၊ ဒေါ်ကြီးဟာ မင်းမိသားစုပဲ မဟုတ်ဘူးလား ကေသာစံ"

"ဟုတ်တယ်. . ဒါပေမယ့် သိပ်ကြီးမားတဲ့ မိသားစုကိုတော့ ဖိတ်ဖို့အချိန်မမှီတော့ဘူး"

"သိပ်ကြီးမားတဲ့ မိသားစုဆိုတာ"

"ဟုတ်တယ် ကျန်မိသားစုတွေက မကွေးမှာလေ. .၊





ကိုင်းပြန်ပြီ. . ညနေမှ ထပ်ဆုံတာပေါ့"

လက်ကလေးပြပြီး ကားပေါ်တက်ကာ မောင်းထွက်သွားသော ကေသာစံကို ငေးမောကျန်ရစ်ခဲ့လေသည်။

ဒီမိန်းကလေးနှယ် လာလိုက်လျှင်လည်းခဏပဲ။ ပျောက်ချင်လည်း ပျောက်နေတတ်သည်။ တွေ့ရင်လည်း သူပြောချင်တာပြောပြီး ပြန်သွားတတ်သည်။ တကယ်တော့ ကလက်တက်တက်အမူအယာမျိုး၊ ယောကျ်ားတွေကို ညှို့ဖမ်းစားသော မျက်ဝန်းမျိုးနှင့်လည်း မကြည့်တတ်ပါပဲလျက် အဘယ်ကြောင့် အသည်းစား ဘုရင်မလေးဟု နာမည်ကြီးရသနည်း။

ဒီတစ်ခါ ကြာကြာကလေးတွေ့မှ မေးကြည့်တော့မည်။

ဪ. . မနက်ဖြန်တွေ့လျှင် အချိန်ပေးနိုင်မည်ထင်သည်။ ပေးနိုင်ပါ့မလား၊ ဘယ်လိုပုဂ္ဂိုလ်မျိုးဖြစ်၍ အရေးတကြီး တွေ့ဆုံရသနည်း။ ပဟေဠိတွေဖွတ်ကာ မိမိအား ဆန့်တငင်ငင် ဖြစ်အောင်လုပ်သွားတာ တော်တော်ဆိုးသည့် ကလေးမ. .။

ကောင်းပိုင် အတွေးအိမ်ကို တော်တော်များများ စိုးမိုးသွားအောင်တော့ ပြုလုပ်နိုင်စွမ်းရှိသူမှာ ကေသာစံဖြစ်သည်။

မနက်ဖြန်ညနေဟူသော အချိန်အတွက် သူစိတ်လှုပ်ရှားမိသည်တော့အမှန်ပင်။ မြင်သူငေးလောက်အောင် အလှကြွပြီး ရဲရင့်ဖျတ်လတ်သော အပျိုစင်မိန်းမချောလေးကို စိတ်မဝင်စားသောယောကျ်ားသည် မိုက်မဲသောသူ(သို့မဟုတ်)ခပ်ကြောင်ကြောင်လူသားဖြစ်ပေမည်။ သူလည်း စိတ်ဝင်စားပါသည်။

သို့သော် ငယ်စဉ်ကစွဲလန်းခဲ့သော အစွဲအလန်းကို



www.burmeseclassic.com

www.burmeseclassic.com



တော့ ပျောက်ကွယ်သွားအောင် ကေသာစံမစွမ်းဆောင်နိုင်ချေ။

ထိုစဉ် ဖုန်းမှ ခေါ်သံထွက်ပေါ်လာသည်။

"ဟဲလို"

"မလတ်ပါ . . ကောင်း"

"ဘာကိစ္စရှိလို့လဲ မလတ်"

"ဦးဇော်အောင်ကို ဖိတ်ပြီးပြီလား"

"စင်္ကာပူသွားတယ် ဒီညဖလိုက်နဲ့မှ ပြန်ရောက်မှာလို့ သူ့အိမ်ကပြောတာပဲ ဖိတ်စာတော့ ပို့ခိုင်းလိုက်တယ် ဘာဖြစ်လို့လဲ . ."

"ဘာမှမဖြစ်ပါဘူး ဦးဇော်အောင်ဟာ မွန်ခရဲ့ ခင်ပွန်းဆို . . ."

"တရားဝင်ကွာရှင်းပြတ်စဲပြီးတဲ့ ခင်ပွန်းဟောင်းတစ်ယောက်ပါ မလတ်"

ဘာကြောင့်များ မွန်ခနှင့် ပတ်သက်၍ လေ့လာစုံစမ်းမှုတွေပြုလုပ်နေရသနည်း၊ ကောင်းပိုင်မကျေနပ်ချင်။ မွန်ခ ဂျူတီရက်ဖြစ်၍ မွန်ခကို ဘုရားကိုးဆူကို မဖိတ်တော့၊ ဖိတ်လျှင်လည်း လင်းထက်ကို ခေါ်ခိုင်းမှဖြစ်မည် . .၊ လင်းထက်ကိုခေါ်ခိုင်းလျှင် လက်ထပ်ခါနီးဆဲဆဲဖြစ်သော နှင်းနှင်း၏ မကျေနပ်မှုတွေ မနာလိုမှုတွေနှင့် စိတ်ရှုပ်စရာ၊ စိတ်ညစ်စရာတွေဖြစ်ခဲ့လျှင် မွန်ခ စိတ်ထိခိုက်အားငယ်သွားမှာစိုးသည်။

နောက် မိမိ၏မိသားစုသည် မလတ်မှတဆင့် မွန်ခအပေါ် မိမိစိတ်ဝင်စားတာ အလေးထားမှုကို သိရှိပြီးဖြစ်၍ မွန်ခ





အပေါ် အာရုံစူးစိုက်မှုတွေ ပိုနေမည်။ မွန်ခအနေခက်ရှာမည်။ သိမ်ငယ်စိတ်ဝင်သွားရှာမည်။

"အေးလေ . . ဘာပဲဖြစ်ဖြစ် ဦးဇော်အောင်ကလည်း လူလွတ်တစ်ယောက်ဖြစ်နေပြီပဲ အနှောင်အဖွဲ့ကင်းမဲ့သူ လင်ဟောင်း၊ မယားဟောင်းတွေ့ဆုံတွေ့မိကြရင် သံယောဇဉ် လက်ကျန် . . ."

"တော်ပြီ . . မလတ် ကျွန်တော်မအားလူး"

ကောင်းပိုင် ဒေါကန်ကန်နှင့် ခတ်ဆတ်ဆတ် ပြောပြီး ဖုန်းခလုတ်ကိုပိတ်ပစ်လိုက်သည်။ မွန်ခကိုများ ဖိတ်လိုက်လေသလား။ မွန်ခက လာမှာမဟုတ်ပါဘူး။ မွန်ခက ဂုဏ်ပကာသနအသိုင်းအဝိုင်းကို ကြောက်လန့်၍ ခပ်အေးအေးလေးနေချင်သူပင်။


မွန်ခကိုက ကံဆိုးရှာတာပါ။ မွန်ခအပေါ်တွင် ကောင်းပိုင်၏ ဂရုဏာစမ်းရေက တသွင်သွင်စီးလျှက် . . .။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၂)

ဘုရားကိုးဆူပွဲသို့ ကေသာစံရောက်ရောက်သွားခြင်း မြင်သူတိုင်းက "လှလိုက်တဲ့ မိန်းကလေး"ဟု အချို့က နှုတ်မှငှင်း၊ အချို့ကလည်းစိတ်တွင်းမှငှင်း ကောက်ချက်ချမိကြလေသည်။

ကေသာစံတစ်ယောက်တည်း မဟုတ်။ ဒေါ်ကြီးအဖော်ပါလာသည်။ ဒေါ်ကြီး၏ ဝတ်စားဆင်ယင်မှုကလည်း ဂုဏ်သရေရှိ အမျိုးသမီးကြီးများကဲ့သို့ပင် စိန်ရောင်. . ရွှေရောင် လွှမ်း





ထားသည်။ ကေသာစံက ဇာအနက်လှလှနှင့် ပိုးသားအနက်ရောင် ခြောင်လုံချည်လေးဝတ်ထားသည်။ စိန်တစ်လုံး နားကပ်ကလေးတစ်ရံနှင့် စိန်တစ်လုံးပါသော လောကတ်ကို ဆွဲကြိုးသေးသေးမျှင်ကလေးမှလွဲ၍ ဘာလက်ဝတ်လက်စားမှ ဝတ်မထား။ သို့သော် ဝင်းအိသောအသား နက်မှောင်သော ဆံကေသာအလှတတော့ ထူးခြားစွာ ပေါ်လွင်နေသည်။

ကောင်းပိုင် ရောက်နေရာမှ အပြေးအလွှာပင် သွားပြီး ဂရုတစိုက် ကြိုဆိုလိုက်သည်။

"လာ. . . ကေသာစံ၊ ဒေါ်ကြီး နည်းနည်းနောက်ကျတယ်"

"ဘယ်မှာနောက်ကျလို့လဲ အခုမှ ရှစ်နာရီပဲရှိသေးတာ"

"ဟုတ်ပ. . ကျွန်တော်မျိုး စကားမှားသွားတာပါ၊ တခါတည်းဝင်စားမလား"

"ဘုရားအရင်ဖူးမှာပေါ့"

ဘုရားခန်းသို့အသွားတွင် ကောင်းပိုင်အစ်ကိုအစ်မများနှင့် ကြုံလျှင်ကြုံသလို မိတ်ဆက်ပေးသွားသည်။

အစ်ကိုများကော ယောင်မများရော၊ အစ်မခဲအိုများကပါ. . .

"ကောင်းမှာ ဒီလောက်လှတဲ့ မိတ်ဆွေမလေးရှိမှန်း ခုမှသိရတော့တယ်"

"ကောင်း. . လျှို့ထားတယ်"

"ကောင်းကတော့ တကယ့်ကို အထူးအဆန်းလုပ်တာတ်



www.burmeseclassic.com

www.burmeseclassic.com



တယ်. . ၊ ဒီလောက်လှတဲ့ မိတ်ဆွေမလေးရှိကြောင်းကို လျှို့ဝှက်ထားတယ်"

စသည်ဖြင့်. . . .

ကောင်းပိုင်၏ ဖြူဝင်းသော အသားသည် နီရောင်ပြေးရလေသည်။ ရှက်ရမှာလား၊ ဂုဏ်ယူရမှာလား သူရင်ဖိုခြင်းကိုတော့ ခံစားရသည်ကို အသေအချာသိသည်။ ယောကျ်ားတစ်ယောက်၏ သာယာကြည်နူးမှုကို သူခံစားနေရတာမျိုးလား။

"မေမေ. . ကေသာစံလေ၊ ကောင်းပြောပြောနေတဲ့. . ကောင်းမိတ်ဆွေ ချာတိတ်မလေးလေ. . ကေသာစံ ဒေါ်ကြီး"

ကောင်းပိုင်မိခင် မျက်နှာဝင်းပသွားလေပြီ. . .

"ဟယ်. . သမီးကလှလိုက်တာဟယ်၊ ကြည့်စမ်း ချောမှချော. . ဖအေကြီး ဒီမှာကြည့်စမ်း ကောင်းမိတ်ဆွေမလေး'

ကေသာစံလက်ကို မလွှတ်တမ်းဆွဲကာ ကောင်းပိုင်ဖခင်နှင့် မိတ်ဆက်ပေးလေသည်။

ကေသာစံက ပန်းနုရောင်ပြေးသွားသော မျက်နှာလှလှလေးနှင့် ကောင်းပိုင်မိခင်လက်ဆွဲခေါ် သွားရာ နောက်တတန်းတန်းလိုက်နေရလေသည်။ နောက် ကောင်းပိုင်ပင် အနားကပ်ခွင့်မရတော့ပဲ ကောင်းပိုင်မိဘ အစ်ကိုအစ်မများ၏ တလှည့်စီ ဧည့်ခံမှုကို ခံယူနေရစဉ်. . .

"ဟယ်. . . အလှဆုံး မိန်းကလေးကို ဘယ်သူလဲလို့ကြည့်လိုက်တာ ချစ်ညီမလေး ကေသာစံပါလား"

ဒေါက်တာနှင်းနှင်းက ကေသာစံအနားရောက်လာ





သည်။ ဒေါက်တာလင်းထက်နှင့် ကောင်းပိုင်က နှင်းနှင်း နောက်ခါးကပ်၍ပါလာရာ တအံ့တဩဖြစ်ကုန်သည်။

"ကောင်းနဲ့ ကေသာစံက သိနေကြတာ"

"ကောင်း. . . မင်းလျှို့ထားတယ်၊ ငါ့ကို ကေသာစံအကြောင်း တခါမှမပြောဖူးပါလား"

"ဩော် ကေသာစံနဲ့ငါနဲ့က သံလျင်မှာ ငါအိမ်ဝယ်ခါနီးမှ မိတ်ဆွေဖြစ်ကြတာ. . ၊ မင်းကလည်း အိမ်လိုက်ဝယ်ပေးပြီးကတည်းက ငါ့ဆီကောရောက်လာလို့လား၊ နှင်းနှင်းနဲ့ပဲ မင်္ဂလာကိစ္စ အလုပ်ရှုပ်နေပြီးတော့ကွာ. . ငါ့ကိုပဲအပြစ်တင်ရတယ်လို့ ကေသာစံနဲ့ ငါနဲ့ကော ဘယ်နှခါများ တွေ့ဆုံဖူးသလဲ မေးပါဦး"

"ဟုတ်ပါတယ်၊ ဦးကောင်းပိုင်နဲ့ကျွန်မ လေးငါးခြောက်ခါလောက်ရှိမလားပဲနော် ဆုံဖြစ်တာ"

"အင်း. . ဒီနေ့နဲ့ဆို ခုနစ်ခါတိတိပဲ"

ကောင်းပိုင်၏ မသိစိတ်၌ ကေသာစံနှင့်ပါတ်သက်၍ ဘာကြောင့်များ အမှတ်တရရှိနေရတာလဲ။ ကေသာစံ မိမိအားတိုက်မိသွားသောနေ့ကိုပင် အမှတ်တရ တစ်ကြိမ်ထည့်ရေတွက်ထားသည်။

ဒါတောင် တယ်လီဖုန်းနှင့် စကားပြောခြင်းကိုတော့ ထည့်တွက်မထား။

ကေသာစံရင်ထဲ ဖျတ်ခနဲဖြစ်သွားရသည်။ ရင်ခုန်သံစဉ်မြန်လာသည်။ သို့သော် ချက်ခြင်းပင် ထိုအာရုံကို ဖျောက်တာ ဟန်မပျက်ပင် ဒေါက်တာနှင်းနှင်းနှင့် စကားပြောလိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။

"ဒါကြောင့် ရှေ့စကားရှိတာကို နေ့ပြောနောက်ကြည့် ညပြောအောက်ကြည့်ဆိုတာလေ. . မမနှင်းတော့ သင်ခန်းစာ တစ်ခုရသွားပြီ ညီမ" ဟုဒေါက်တာနှင်းနှင်းက ကေသာစံနားနားကပ်ကာ တိုးတိုးပြောလေသည်။

ကေသာစံကလည်း ဒေါက်တာနှင်းနှင်းဆိုလိုချက်ကို နားလည်ပါသည်။ ကောင်းပိုင်နှင့် မွန်ခ ပတ်သက်သည် သတင်းကို သူပေးထားမိသည့်အဖြစ်အတွက် မလုံမလဲဖြစ်ပေမည်။

ကေသာစံအတွက် နာပါသည်။ မိမိအနေအထားနှင့် ဘာမှမဟုတ်သော အကြွေပန်းတစ်ပွင့်နှင့် ယှဉ်ပြိုင်ရသည့် အနေအထား ရှက်စရာပင်ကောင်းနေသည်။ သို့သော်. . ယှဉ်ပြိုင်မှုကို မိမိကလွဲ၍ ဘယ်သူမှမသိစေရ။ ထို့ကြောင့် မွန်ခ ရုပ်သွင်နှင့် သွားလာလှုပ်ရှားမှုကို တိတ်တခိုးလေ့လာကြည့်ရှုခြင်းမှအပ သွားရောက်တွေ့ဆုံခြင်းမျိုး လုံးဝမလုပ်ခဲ့။ ပါးနပ်စွာဖြင့်ပင် မွန်ခနှင့် ကေသာစံသည် မျက်နှာချင်းဆိုင်စရာမလိုပဲ ကိစ္စတစ်ခု အောင်မြင်စွာ ပြီးဆုံးသွားစေရမည်။

"သမီးလေး. . ဇာတိက မကွေးဆို"

"ဟုတ်ပါတယ်"

"အတော်ပဲသမီးရယ် နောက်သုံးရက်လောက်ဆို အန်တီတို့က ပုဂံဘုရားသွားမလို့ သမီးမကွေးမြသလွန်ပါ ဝင်ဖူးရင်း မကွေးမှာ တစ်ညအိပ်မှာ. . သမီးမှာစရာရှိမှာလိုက်နော်"

ကောင်းပိုင် မိခင်ရောက်လာပြီး ကေသာစံပေါ် အရေး





တယူပြောလာသောစကားကို ကေသာစံအလွန်ကျေနပ်သွားသည်။ ခင်းထားသော လမ်းကိုလျှောက်လိုသူများ လျှောက်လာကြလေပြီ။

"စိတ်သာချ အန်တီ ကျွန်မကိုယ်တိုင် လိုက်ပို့ပေးဖြစ်ရင်ဖြစ်. . မဖြစ်ရင်တောင် ဒေါ်ကြီးတစ်ခေါက်ပြန်ပို့ အစီအစဉ်ရှိနေတာ ဒေါ်ကြီးကိုထည့်ပေးလိုက်မယ်"

"ဟာ. . အဆင်ပြေလိုက်တာကွယ်၊ သား ကောင်းကိုတောင် လိုက်ခိုင်းနေတာ၊ အဲဒီရက် အိမ်ဆောက်တဲ့အလုပ်ကို နားခိုင်းထားတာ"

"ဟုတ်သားပဲ ကောင်း မင်းလိုက်သွား၊ ကိုယ်ကြည့်ပေးထားမယ်"

ကောင်းပိုင်ပြုံးကာ. . .

"မဖြစ်သေးပါဘူး မေမေတို့ပဲသွားပါ၊ မလတ်တို့ မိသားစုပါတာပဲ"

ကေသာစံကလည်း ဦးကောင်းပိုင် လိုက်ပါလားဟု တစ်ခွန်းမပြော။ သူလိုက်မည်ဟုလည်း ယတိပြတ်ဆုံးဖြတ်ချက် မချရသေး။ ကောင်းပိုင်ရင်ထဲ တွေဝေနေသည်။

ကေသာစံအလှကို ယစ်မူးချင်သော်လည်း မွန်ခကို စွဲလန်းစိတ်က နှလုံးသား၌ နက်ရှိုင်းစွာ အမြစ်တွယ်နေသည်။ ထိုကြားထဲ ဂရုဏာပါဆင့်လိုက်တော့ ကောင်းပိုင်က အင်အားများလွန်း၊ သာလွန်သော ကေသာစံပေါ် အလေးမသာ. . .

အင်အားနည်းသူကို ဖေးမချင်တတ်သော ကောင်းပိုင်



www.burmeseclassic.com

www.burmeseclassic.com



၏ စိတ်ကိုက ခက်နေသည်။

မိဘညီအစ်ကိုမောင်နှမတွေနှင့်တော့ အတိုက်အခံဖြစ်ရဦးမည်။ ယခုအနေအထားအရ ကေသာစံသည် ပြိုင်ဘက်မရှိရာခိုင်နှုန်းပြည့် သဘောတူညီမှုရနေပြီ။

• "ကောင်းဟာ ဦးနှောက်တစ်ခန်း ပျက်နေတယ်ထင်တယ်၊ ဒီလောက် မိုးကျနတ်သမီးလေးလို လှပတဲ့ အပျိုစင်လေး ရှိလျက်နဲ့မျှားကွယ်၊ ဒုက္ခမခံဘူးတော့ ခံချင်တယ်ထင်တယ်. "ဟု မကြီးနှင့်မလတ်က အချင်းချင်းပြောသလိုနှင့် သူ့အားကြားစေရန် တမင်ပြောလိုက်ကြောင်း ကောင်းပိုင်သိလိုက်လေသည်။

ကောင်းပိုင် အကြိမ်ကြိမ်သက်ပြင်းချလိုက်မိသည်။ မှားသွားပြီထင်တယ်။ ကေသာစံကိုခေါ်မိတာ မှားသွားလေပြီ။

အမှန်တော့ မွန်ခအပေါ်ရောက်နေသော အာရုံတွေကို လွှဲပြောင်းပေးဖို့ ကေသာစံကို ပစ်မှတ်ထားပေးလိုက်ရန်သာ ရည်ရွယ်သည်။ သို့သော်. . ပစ်မှတ်က စင်ပေါ်သို့ ပြိုင်ဘက်မရှိ ရောက်သွားပြီ။

ကေသာစံကလည်း ဒီနေ့မှ ထူးထူးခြားခြား ပိုမိုတောက်ပြောင်ကာ လှနေရတယ်ရယ်လို့. . . ။

ကောင်းပိုင်က ကေသာစံကို လှမ်းကြည့်လိုက်သည်။

"ဟင်"

အကြည့်ချင်းဆုံသွားသည်။ ကေသာစံဆီမှ မြင်ခဲ့သော အပြုံးလှလှလေးကို တွေ့မြင်လိုက်ရသည်။

သွားတက်ကလေးများနှင့်အတူ ညီညာသော ပုလဲသွား





စွယ်တန်းလေးက ဝင်းလက်ကာ တောက်ပသွားသည်က အလှကို ကျက်သရေဆင့်ပေးလိုက်သည့်နှယ် ဖြစ်သွားပြန်သည်။

ကေသာစံဆီမှ အပြုံးလှကို ယခုမှ သူမြင်ဖူးသဖြင့်. . တဒင်္ဂတော့ မှင်သက်သွားလေသည်။

ကေသာစံတကယ်ပင် နှစ်ခြိုက်စွာပြုံးပြလိုက်ခြင်းဖြစ်သည်။ ဦးကောင်းပိုင်တော့ ပင့်ကူအိမ်၌ ငြိတွယ်သွားသော ပိုးဖလံနှယ် မိမိအလှကွန်ယက်၌ အငိုက်မိသွားလေပြီကို ကေသာစံ သိလိုက်လေပြီ။






www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၂၃)

"ကိုကောင်း ခတို့အိမ်ကို ခဏခဏမလာပါနဲ့လားဟင်"

မွန်ခက ညည့်ခန်းသို့ ထွက်လာပြီး မြင်မြင်ခြင်းဆောက်နဲ့ထွင်းသလို စကားနှင့်ဆီးကြိုကာ ရင်ဝကို စုံကန်လေသည်။

"ဟင်. . ဘာကြောင့်လဲ"

ကောင်းပိုင် ဆက်တီက ထထွက်ပြေးရန်သိုးဖြစ်နေလေသည်။ မွန်ခမျက်နှာမကောင်း ယခင်မြင်တွေ့နေရသော တက်





ကြွလန်းဆန်းရိပ်မျိုးမရှိ။

"ခ. . ကိုကောင်းကို လက်မခံနိုင်ပါဘူး"

"ဘာကိုလက်မခံနိုင်တာလဲခ၊ ကိုယ့်အချစ်ကိုလား ကိုယ်လာလည်တာကိုလား"

ကောင်းပိုင်က ရင်နာနာနှင့် ကြားကရှင်းလင်းစွာမေးလိုက်လေသည်။ မွန်ခ မျက်နှာပြင်ပေါ်မှ ပါးချိုင့်ကလေး ပျောက်ဆုံးသွားသည်။ သို့သော် အရာလေးကတော့ ထင်ဟပ်နေဆဲ။ အပြုံးမျက်နှာရှိသည့် မိန်းမတစ်ယောက်၏ ဘဝလမ်းကြောင်းသည် သောကဝက်ပါခရုပတ်သဖွယ်ပါတကားဟု ကောင်းပိုင်တွေးကာ ဂရုဏာမိုးစွေရသည်။

"ခရယ် ဖြေလေကွာ"

"စွဲလန်းခြင်းဟာ ပူလောင်ပါတယ်၊ အချစ်ဆိုတဲ့မီးဟာလည်း ပူလောင်လွန်းတယ်၊ ခပူလောင်ခြင်းရဲ့ဒါဏ်ကို မခံနိုင်တော့ဘူး ကိုကောင်းရယ်. ."

"ခ ဘာတွေဆိုလိုတာလဲ ကိုယ်ကိုရှင်းရှင်းလင်းလင်းပြောပါ"

"ခ. . ကိုကောင်းကို လက်မထပ်နိုင်ပါဘူး၊ ကိုကောင်းမှမဟုတ်ဘူး ဘယ်ယောကျ်ားကိုမှ လက်မထပ်နိုင်တာပါ. ."

ကောင်းပိုင် တောင်ထိပ်ရောက်လုရောက်ခင်မှ ပြုတ်ကျခံရသောသူပမာ အမောဆို့သွားလေသည်။ သောကလုံးသည် လည်ချောင်း၌ တစ်ဆို့သွားသည်။

"ခ. . ဘဝလမ်းကို ခတစ်ယောက်တည်းပဲ လျှောက်



www.burmeseclassic.com

www.burmeseclassic.com



လှမ်းချင်ပါတယ်၊ 'ခ' ကတော့လေ ပြိုင်ဘက်ရှိလာရင်တောင် ခကပဲ အရှုံးပေးလိုက်ချင်တယ်၊ အေးအေးချမ်းချမ်းလေးပဲ အမြဲ နေသွားသွားချင်တယ်၊ ဒါကြောင့် ပူလောင်ရမယ့်အချစ်မျိုးကို 'ခ' မလိုချင်ဘူး၊ အေးမြတဲ့ မေတ္တာတရားကိုပဲ 'ခ' ပိုင်ဆိုင်ချင် တယ်၊ 'ခ'ကို အေးမြတဲ့ မေတ္တာကိုပဲ ပေးနိုင်ရင်ပေးပါ၊ မပေးနိုင် ရင်လည်းရပါတယ် 'ခ' ဖြေတတ်ပါတယ်"

"မင်း ဘာတွေပြောနေတာလည်း မွန်ခရယ်၊ မဟုတ် သေးပါဘူးကွာ"

"ကျွန်မ ဒီနေ့ ပင်ပန်းလာတယ် ကိုကောင်း. . ၊ အလုပ် လုပ်ရတာ ကျွန်မပျော်တယ်၊ ကျွန်မဘဝကို သားနဲ့ အလုပ်ထဲ မှာပဲ နစ်မြှုပ်ခွင့်ရခြင်းကို ကျွန်မကျေနပ်တယ်. . ၊ အလုပ်သွင်း ပေးတဲ့ ကိုကောင်းကို ကျွန်မ မိတ်ဆွေတစ်ယောက်အနေနဲ့ ကျေး ဇူးရှိသူတစ်ယောက်အနေနဲ့ အမြဲအမှတ်ရနေမှာပါ၊ အခါအခွင့် သင့်တဲ့အခါ ကျေးဇူးတုန့်ပြန်မှာပါ. . ."

"ခ စကားတွေ ကိုယ်နားမလည်းဘူး၊ ကိုယ်က မိခရေ့ ဘဝကနေ စွဲလန်းခဲ့တာပါ"

"ဆယ်ကျော်သက်အရွယ်က ရှင်းသန့်တဲ့စွဲလန်းမှုကို ကိုကောင်းက အရောင်ဆိုးပစ်လိုက်တာကိုး၊ ကျွန်မ ကိုကောင်း ကို မိတ်ဆွေတစ်ယောက်ထက် ပိုပြီးမခင်တွယ်နိုင်တာကို ခွင့် လွှတ်ပါ. . ၊ ကျွန်မကို နားခွင့်ပြုပါ. ."

မွန်ခ ပြောပြောဆိုဆို အိပ်ခန်းထဲဝင်သွားသည်။

ဂုဏ်သရေရှိ လူကြီးလူကောင်းအဖြစ် ကဗ္ဗည်းတင်ထား





ခံရသော ကောင်းပိုင်သည် ဇွတ်အဓ္ဓမပဟန့်တားခြင်းကို မပြုလုပ် ရဲ ရင်မှာလောင်ကျွမ်းလျက် မွန်ခအိမ်ထဲမှ ပြန်ထွက်ခဲ့ရလေ သည်။

နှလုံးသားရေးရာ၌ အတွေ့အကြုံနည်းလွန်းသော သူ သည် ခံရခက်သော ဝေဒနာရပ်ကြောင့် ဆိုက်(ဒ်)ထဲကို ကြီးကြပ် ရေးမှူးနှင့်သာ အပ်နှံပြီး တိုက်ခန်းသို့ ပြန်လာခဲ့သည်။

အိပ်ရာထဲ လူးလှိမ့်ရင်း. . အချိန်တို့ကုန်ဆုံးမှန်းမသိ ကုန်ဆုံးသွားရာ ဖုန်းမြည်လာမှ ကေသာစံနှင့်ချိန်းဆိုထားခြင်းကို သတိရလိုက်သည်။

"ဟဲလို"

"ဘယ်လိုလဲ ဦးကောင်းပိုင် ကျွန်မ အဆင်သင့်ဖြစ်နေ ပါပြီ"

"ကောင်းပြီ. . ကိုယ်အခုပဲ လာခဲ့မယ်"

"ကိစ္စမရှိပါဘူး. . အခုပဲ နိုကိုးကိုထွက်ခဲ့ပါတော့ ကျွန်မ ကို ဝင်မခေါ်နဲ့တော် ကျွန်မ နိုကိုးရှေ့မှာပဲ စောင့်တော့မယ်"

"အိုကေ. . အိုကေ"

ကေသာစံ ဖုန်းချသွားသည်နှင့် သူကမန်းကတန်း ရေ ထချိုးပြီး အဝတ်လဲ ခေါင်းဖီးကာ ထွက်ခဲ့လေသည်။

ကေသာစံကို တောင်းပန်ရဦးမည်။ အနည်းငယ်နောက် ကျသွားသောသူသည် အချိန်ကို မလေးစားသူအဖြစ် ရောက်ရှိ သွားလေပြီ။ ကေသာစံအထင်သေးခြင်းကို သူမကြောက်သော် လည်း ကိုယ့်ကိုကိုယ် အထင်သေးခြင်း မဖြစ်စေရန်တော့ ဝေ



www.burmeseclassic.com

www.burmeseclassic.com



ဒနာကို ထိန်းချုပ်နိုင်စွမ်းရှိအောင် အစစအရာရာ သတိရှိအောင် သတိထားရပေတော့မည်။ အချစ်သည် သတိစွမ်းအင်ကိုလည်း ချေမှုန်းပြစ်နိုင်သော အန္တရာယ် စိတ္တဇနာမ်တစ်မျိုးပါလား. . .

ဟိုတယ်နီကိုးအရောက်တွင် ဧည့်ကြိုဟိုတယ်ဝန်ထမ်းများနှင့်အတူ လှပသော ကေသာစံကို တွေ့လိုက်ရသည်။ကေသာစံကို သူအပြုံးနှင့် တောင်းပန်လိုက်သည်။ ကေသာစံက. .

"ကျွန်မ ပိုပိုလိုလို ဧည့်သည်ထက် နာရီဝက်စောစီစဉ်ထားတဲ့အတွက် ကိစ္စမရှိပါဘူး. .၊ လာ. . ကျွန်မတို့ စားပွဲမှာပဲ သွားစောင့်ရအောင်"

ဒီနေ့ ကေသာစံအလှက တစ်မျိုးပင် ပို၍နုနယ်သည်။ ကျစ်ဆံမြီးနှစ်ဖက်ကျစ်ထားသည်။ ရယ်ဒီမိတ်အင်္ကျီအဝါနုလေးနှင့် အနက်ပေါ်၌အဝါလုံးလေးများပါသော လုံချည်လေးကို ရှိန်းရှိန်းစင်းစင်းလေး ဝတ်ထားသည်။ အထက်တန်းကျောင်းသူသာသာရုပ်ကလေးနှင့် အချယ်အမှုန်းလုံးဝမရှိ ပိုက်ဆံအိတ်က အနက်ရောင် လက်ကိုင်အိတ် ခတ်သေးသေးပင်။ ဒီလိုပုံစံမျိုး ဒီ တစ်ခါပဲတွေ့ဖူးသဖြင့် ကောင်းပိုင်အတွက် တစ်မျိုးထူးခြားနေပြန်သည်။

"ပြင်ရတော့မလား. . ခင်ဗျာ"

"ဧည့်သည်တစ်ယောက်မရောက်ခင် အားလုံးအဆင်သင့်ရှိနေစေချင်တယ်. .၊ ဦးကောင်းပိုင်ကော ဧည့်သည်ကော အတွက်တော့ ကျွန်မ ယမကာ သောက်သုံးခွင့် မပြုနိုင်ဘူး. . ဒီအတွက် နားလည်ခွင့်လွှတ်ပေးပါ"





"ကိုယ် နားလည်ပါတယ်"

"ကိုယ်ရေးကိုယ်တာစကားကို ဘာမှုးယစ်တွေဝေခြင်းနဲ့မှ မရောနှောချင်ဘူးလေ. .၊ ဒီမှာ ဦးကောင်းပိုင်က ကျွန်မအတွက် သက်သေတစ်ဦးဖြစ်နေတော့ ခေါင်းကြည်လင်စေချင်တယ်. ."

နားလည်ရခက်ပါလား ကေသာစံ။

ကေသာစံသည် သူ့ကို တစ်ခါတွေ့တစ်မျိုး ပဟေဠိပေးဖို့ ရည်ရွယ်ချက်တွေနဲ့များ တမင်စတန့်ထွင်လေသလားဟုပင် ကောင်းပိုင် တွေးမိလေသည်။

ဟင်းတွေ အငွေ့တစ်ထောင်းထောင်း. . ရောက်လာသည်။ အအေးက ဆန်းကစ်မှုသာဖြစ်သည်။ ဧည့်သည်ကိုတွေ့ချင်သည့်ဆန္ဒက စောနေပြီ။ နှစ်ဦးစလုံး နာရီတကြည့်ကြည့်နှင့်ရှိနေသည်။ ခြောက်နာတီတိ ဝိတ်တာတစ်ဦးက လူတစ်ဦးကိုကြိုလာသည်။ ထိုလူကိုမြင်လိုက်သည်နှင့် ကောင်းပိုင်တအံ့တသြပင် ထကြိုလိုက်သည်။

"ဟင် . . အစ်ကိုကြီး"

ကေသာစံက ကျေနပ်စွာပြုံးမိလေသည်။ သို့သော် သူ့အပြုံးသည် လျှပ်တပြတ်သာဖြစ်သည်။ ဘယ်သူမှ မတွေ့မြင်လိုက်ရ။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၄)

"ထိုင်ပါ ဦးဇော်အောင်. . ကျွန်မ ကေသာစံပါ"

ကေသာစံက ဦးဇော်အောင်ကို နေရာပေးလိုက်သည်။

ဦးဇော်အောင်ရင်ထဲ ထူးကဲသော ဝေဒနာတစ်မျိုး ခံစားလိုက်ရသည်။ ဤမိန်းကလေးကို မြင်ဖူးသလိုလိုပင်။ ရင်ထဲ၌ သိဟောင်းကျွမ်းဟောင်းနှယ် ခံစားလိုက်ရသော်လည်း မမှတ်မိ။ ဘယ်မှာသိကျွမ်းဖူးပါလိမ့်. . . ။





ကေသာစံက ပြုံးကာ. . .

"အန်ကယ်လ်တို့အချင်းချင်းက သိကျွမ်းပြီးသားဆိုတော့ ကျွန်မ မိတ်ဆက်ပေးဖို့ မလိုတော့ဘူးပေါ့. . ၊ ဒါပေမယ့် ကျွန်မ ဦးဇော်အောင်ကို ဘာကြောင့်တွေ့ချင်သလဲဆိုတာ သိလိုက်ရရင် နှစ်ယောက်စလုံး အစားအသောက်တွေ ပျက်သွားမှာစိုးလို့ အရင်စားသောက်ကြရင်ကောင်းမယ်ထင်တယ်. ."

ကောင်းပိုင် ဦးဇော်အောင်ကိုတလှည့် ကေသာစံကို တလည့်ကြည့်မိသည်။ စိတ်ထဲတစ်မျိုးဖြစ်လာသည်။ မျက်ခုံး မျက်လုံး နှာတန်မေးရိုးကျပုံ နှုတ်ခမ်းတည်ဆောက်ပုံ တူညီနေသည်။ အသားအရောင်အသွေး၊ စိတ်ထဲထင့်ခနဲဖြစ်သွားသည်။ သားအဖနှစ်ဦးကို တွေ့လိုက်ရသလိုမျိုး. . . ။

"ကလေးမနဲ့ မောင်ရင်နဲ့က. . ."

"မိတ်ဆွေတွေလေ. . ."

'ကောင်းပိုင် မဖြေနိုင်မီ ကေသာစံက သွက်လက်စွာဝင်ဖြေလိုက်သည်။

"ကလေးမက လူကြီးတွေဘာတွေကော မပါဘူးလား"

"ဒီမှာလေ လောလောဆယ်တော့ ဦးကောင်းပိုင်ဟာ ကျွန်မရဲ့ အဖော် လူကြီးအနေနဲ့ လိုက်ပေးတာပါ"

ဦးဇော်အောင် ကေသာစံကို ကြည့်မိသည်။ ဤမျှ ချောမောလှပပြီး ငယ်ရွယ်နုနယ်သော မိန်းကလေးက "ဒေါ်မမလေးရဲ့ မိတ်ဆွေပါ. . ၊ ဦးဇော်အောင်ကို ဒေါ်မမလေးအကြောင်း ပြောစရာရှိတယ် တစ်နေရာမှာတွေ့ချင်တယ်" ဟု ချိန်းဆိုခြင်း



www.burmeseclassic.com

www.burmeseclassic.com



ကို ဦးဇော်အောင် မယုံတစ်ဝက် ယုံတစ်ဝက်နှင့် သံသယဖြစ်ရလေပြီ။ သို့သော်. . ဘာကြောင့်ရယ်မသိ. . ကေသာစံဟူသော ကလေးမအပေါ် မြင်မြင်ခြင်းပင် နွေးထွေးသော ခံစားမှုတစ်ရပ် ဖြစ်ထွန်းလာခဲ့သည်။

ကေသာစံ ဦးဇော်အောင်ကို ခိုးကြည့်လိုက်သည်။ ဓါတ်ပုံထဲက ချောမောမှုက နုနယ်သည်။ ယခုချောမောမှုက ခန့်ညားသည်။ (ခင်ပွန်း) (ဖခင်) ဝတ္တရားသည့် ပျက်ကွက်ခြင်းမရှိကြောင်းကို နှစ်စဉ် ဒေါ်မမလေးအုတ်ဂူ၌ ပန်းစည်းလာထားကာ သုဘရာဇာကိုဂူတစ်ဝိုက်အမြဲ ရှင်းသန့်နေစေရန် သူမှာကြားပြီး မုန့်ဖိုးပေးခဲ့ကြောင်းလည်း သုဘရာဇာထံက ကေသာစံစုံစမ်းသိရှိခဲ့ပြီးဖြစ်သည်။

ထို့အတူ မိန်းမတစ်ယောက်ပြီး တစ်ယောက်ယူကာ ကွာရှင်းပေးသည်။ ဒါဘာကြောင့်နည်းဆိုတာကိုပဲ ကေသာစံ နားမလည်နိုင်။

သို့သော် မိမိ၏ အမွှာမောင်လေး သားလေးကိုတော့ သူသားအနေနှင့် အသိအမှတ်ပြုကာ လွမ်းဆွတ်နေပေလိမ့်မည်လား။ မတွေ့ဘူးသော ရင်သွေးအတွက် ခံစားချက်က သားအမိနှစ်ယောက် အုတ်ဂူကို ခြံခတ်ကာ ရှင်းသန့်ပေးခြင်း အရိပ်ရအပင်လေးစိုက်ပျိုးပေးခြင်းဖြင့် တာဝန်ကျေသွားပြီလား။ သူ့အမှားအတွက် သူချေမှုန်းနိုင်ပြီလား။

"မောင်ရင့် ဖိတ်စာကို ကိုယ်ညကမှရတယ်. . ၊ ခရီးရောက်မဆိုက်လာခဲ့ရင်တော့ မှီနိုင်ပေမယ့် နည်းနည်းပင်ပန်း





လာတာနဲ့ မရောက်ဖြစ်တော့ဘူး. . ၊ ခွင့်လွှတ်ပါမောင်ရင်. . "

"ဟာ. . ရပါတယ် ဦးဇော်အောင်၊ ကျွန်တော် နားလည်ပါတယ်"

"ကိုင်း. . စားတာလည်းစားတာပေါ့ ပြောစရာရှိတာလေးတော့ ပြောပါလား. . မိန်းကလေး အနက်ကယ်လ်အချိန်သိပ်မရလို့ပါ. . ၊ ဒေါ်မမလေးကိစ္စဆိုလို့ တိုက်ဆိုင်နေတဲ့ အလုပ်တစ်ခုကိုတောင် ဖျက်ပြီးလာခဲ့ရတာပါ. . ၊ ဩော်. . မောင်ရင် ဒေါ်မမလေးဆိုတာ မောင်ရင်ကို ပြောဖူးတဲ့ "မမ"လေ. . ကိုယ့်ရဲ့ချစ်ဇနီးပဲ. . ဘယ်လိုမှ အစားထိုးမရနိုင်တဲ့သူလေ. . "

ကေသာစံရင်ထဲ လှိုက်ဖိုသွားသည်။ မိန်းမငါးယောက်ယူခဲ့သော ဦးဇော်အောင်ထံမှ ချစ်စကားသည် သစ္စာတရားဖြစ်နိုင်ပါ့မလား။

စိတ်တည်ငြိမ်မှုကို ဘယ်လိုပဲထားထား၊ အတွေ့အကြုံနုနယ်လွန်းသော ကေသာစံအတွက် ခြေဖျားလက်ဖျား အေးစက်လာသည်။ တုပ်ပိုပင် ကောင်းစွာမကိုင်နိုင်တော့။ မထူးတော့ဘူး. . ပြဿနာတစ်ခုကို အလျှင်အမြန်ပင် ဖြေရှင်းလိုက်တာ အကောင်းဆုံးဟု ယူဆပြီး ပိုက်ဆံအိတ်ထဲမှ ဆွဲကြိုးနှင့် လော်ကတ်ကလေးကိုထုတ်ကာ ဦးဇော်အောင်ကို ပေးလိုက် သည်။

"ဟင်. . ဒါ. . . ဒါ. . မမ. . ပစ္စည်း. . မမကို ချစ်သူသက်တမ်း တစ်နှစ်ပြည့်မှာ လုပ်ပေးခဲ့တဲ့ ဆွဲကြိုးနဲ့လော်ကတ်ပဲ. . "

ဦးဇော်အောင်သည် တန်ဖိုးမဖြတ်နိုင်သော ပစ္စည်း



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုကို ရလိုက်သလို ဝမ်းသာအားရ ဆုပ်ကိုင်ပြီး လော်ကတ်ကိုဖွင့်လိုက်ပြီး ဓါတ်ပုံကိုကြည့်ကာ မျက်စိများပင် နီရဲလာသည်။

“ဒါ. . . ဒါ. . . ဘယ်ကရသလဲ”

ကေသာစံ ဦးဇော်အောင်ကို စေ့စေ့ကြည့်လိုက်သည်။ တင်းထားသောစိတ်တို့သည် လွတ်ထွက်သွားသည်။ မျက်ရည်များ ပိုးပိုးပေါက်ပေါက်ကျလာပြီး. . .

“ဒါ. . ကျွန်မအမေရဲ့ လောကတ်ပဲ”

“ဟင်. . ”

ဦးဇော်အောင်ကော ကောင်းပိုင်ပါ တအံ့တဩ ဖြစ်သွားသည်။

“ဒါဖြင့်. . . မင်း. . မင်း”

ဦးဇော်အောင်က လက်ထဲမှ လော်ကတ်ကို ကျစ်ကျစ်ပါအောင်ဆုပ်ပြီး ကေသာစံကို ကြည့်လိုက်သည်။

ကေသာစံ မျက်ရည်ကြောင့် ဝိုးတဝါးမြင်ကွင်းဝယ် ဦးဇော်အောင်၏ အံ့ဩတုန်လှုပ်မှုကို မှုန်ဝါးစွာ တွေ့မြင်လိုက်ရသည်။

“သားလေးရဲ့ အမွှာအစ်မ ကေသာစံပါ”

ဦးဇော်အောင်လက်ထဲမှ ဆွဲကြိုးလေး စားပွဲပေါ်သို့ ပြုတ်ကျသွားသည်။

မျက်နှာပြင်တစ်ခုလုံးနီရဲကာ တုန်လှုပ်ခြောက်ခြားစွာဖြင့် ကေသာစံကိုကြည့်သော နှုတ်ခမ်းသားများ တဆတ်ဆတ်တုန်ရီလာသည်။ နောက်. . မျက်ဝန်းအစုံ၌ ကြေကွဲပွင့်တို့က





သောကျှားတန်မဲ့ ရစ်သိုင်းလာသည်။

“သ. . သ. . သမီး. . သမီး”

ကေသာစံပြုံးကာ ခေါင်းညိတ်လိုက်သည်။ ဝမ်းသာပီတိက မျက်ဝန်းရိပ်၌ ပုလဲမိုးကြွေစေသည်။

“ဖေဖေ့. . သမီး. . သားလေးရဲ့အမွှာ. . သမီးကြီး ရက်စက်လိုက်ကြတာ. . ၊ ဖေဖေ လုံးဝမသိခဲ့ရပါလားကွယ်”

ဦးဇော်အောင်က ကေသာစံ၏ လက်ကလေးကို လှမ်းဆုပ်ကိုင်ကာ ငိုရှိုက်သံဖြင့် မချိတင်ကဲပြောလေသည်။ ဒီကလေးမအပေါ် မြင်မြင်ချင်ခံစားရသော နွေးထွေးမှုကို သူနားလည်လိုက်သည်။ သွေးက စကားပြောတာကိုး။ ဒါတင်မက မြင်ဖူးသလိုလိုရှိသော အထင်သည်လည်း သဲကွဲစွာ နားလည်လိုက်သည်။ မှန်ထဲတွင် နေ့စဉ်မြင်ရလေသော မိမိရုပ်သွင်နှင့် တူညီနေခြင်းကြောင့်ပင်. . ။

“မငိုနဲ့တော့ သမီး. . တိတ်. . တိတ်”

ဦးဇော်အောင်က ထိုင်ခုံကို ကေသာစံအနီးရွှေ့ကာထိုင်ပြီး စနိုးတာဝါလေးဖောက်ကာ မျက်ရည်များကို သုတ်ပေးပြီးမှ သူ့မျက်နှာသူပြန်သုတ်သည်။

ကေသာစံမျက်နှာလေး၌ အပြုံးရိပ်တို့ ဝေသွားသည်။ နုပျိုမှုက ကလေးတစ်ဦး၏ မျက်နှာလေးကို အပြစ်ကင်းစင်လွန်းလှလေသည်။

ကောင်းပိုင်ကိုယ်တိုင် သားအဖနှစ်ယောက်ကိုကြည့်ကာ ဝမ်းသာဝမ်းနည်းခံစားလိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



ဦးဇော်အောင်သည် သူနှင့် အရင်းနှီးဆုံးသူစိမ်းမိန်းမ နှစ်ယောက်နှင့် ပတ်သက်နေခြင်းကို သူအံ့ဩလေသည်။ ဦးဇော်အောင်နှင့်သူသည် ရေစက်အတော်ဆုံသည်။

"ကိုင်း. . တိတ်တော့. . ၊ နှစ်ပေါင်းနှစ်ဆယ်ကျော်မှ ဖေဖေ သိခွင့်ရခြင်းအတွက် ဖေဖေနားမလည်နိုင်ဘူးသမီး. . ဖေဖေကိုပြောပြပါဦး. . ပြောပြနိုင်ရဲ့လား"

ကေသာစံ ခေါင်းညိတ်သည်။

ကေသာစံထံမှ တုန်လှုပ်မှုကို ယခုမှစတင်မြင်ဖူးသဖြင့် ကောင်းပိုင်အမူမဲ့ အမှတ်တမဲ့ငေးကြည့်မိသည်။ သူသည်လည်း စင်စစ်ကလေးအရွယ်ပေ့ါ။ သူဒီအရွယ်ကျောင်းသားဘဝတုန်းက မိဘထံ မုန့်ဖိုးလက်ဖြန့်ခံတုန်း တောင်းတုန်း. . ။ အိပ်ရာဝင်လျှင် စာဖတ်ရင်း အိပ်ပျော်သွားသောသူ့အား စောင်လာခြုံပေးပြီး မီးပိတ်ပေး၊ တံခါးပိတ်ပေးနေကြ. . မိဘရင်ခွင်၌ နွေးထွေးစွာ ကြီးပြင်ခဲ့ရသူ။ ယခု ကေသာစံဘဝက. . .

"ကေကေလည်း သိတာ ရက်ပိုင်းပဲ ရှိပါသေးတယ်. . ဖေ. . ဖေဖေ"

"ဖေဖေ" ဟု ခေါ်ဖို့ မဝံ့မရဲအားယူပြီးမှ ခေါ်လိုက်ပုံရသည်။ ယနေ့ ကေသာစံ၏ မျက်နှာလေးသည် အပြစ်ကင်းစင်လွန်းလှသဖြင့် ပို၍ကြည့်ကောင်းနေသည်။

"ကေကေတဲ့လား ရွေးထားတဲ့ နာမည်တွေထဲမှာ ကေသာဇော်လည်းပါတယ်. . ၊ ဒီနာမည်လေးပေးဖို့ မှာသွားနိုင်သေးတယ်လား. . "ဟု ဆွေးဆွေးမြေ့မြေ့ပြောလိုက်လေသည်။





"ဒါတွေတော့ ကေကေ မသိဘူး ဖေဖေ၊ ကေကေသိရသမျှတွေကို ပြောပြမယ်နော်"

ဦးဇော်အောင်ကော ကောင်းပိုင်ပါ ကေသာစံ၏ ရင်နင့်ရောဘဝကို စိတ်ထိခိုက်စွာဖြင့် ကြားလိုက်ရသည်။

ကေသာစံအပေါ် ဂရုဏာမိုးလေးများ တဖွဲဖွဲရွာသွန်းမိလေပြီ။ ဒါကြောင့် ဒီမိန်းကလေးသည် လောကကို ရင့်ကျက်စွာဖြင့် ရင်ဆိုင်ရဲခြင်းဖြစ်မည်။ အဒေါ်ရင်းကို သိတတ်သောအရွယ်၌ မွေးစားအမေဟုသာ သိရှိပြီး တိတ်တခိုးဖြင့် တစ်ကောင်ကြွက်လို၊ မိမိမျိုးရိုးပင်ဘာမှန်းမသိရပဲ ခံစားခဲ့ရပေမည်။ ထို့ကြောင့် ပုံစံက မာကြောကြောနှင့် လောကကို နာကျည်းကာမထေ့မဲ့မြင်ပုံစံလေးဖြစ်နေခြင်းကိုး။

ကောင်းပိုင် ကေသာစံကို နားလည်သွားပြီ။

"ဖြစ်ရလေသမီးရယ်. . ဖေဖေ. . သမီး. . အတော်တံဆိုးခဲ့တာပဲ. . ၊ ဒေါ်ခင်ခင်လတ် သမီးတစ်ယောက်နဲ့ မုဆိုးမအဖြစ် ကျန်ခဲ့တယ်ဆိုတာတော့ ဖေဖေ. . မမ. . အဲ့ သမီးအမေ့ရှင်ကိုသွားတဲ့အခါမှာ ကြားခဲ့ပါတယ်၊ ဒေါ်ခင်ခင်လတ် ဆုံးတာလည်းသိလိုက်တယ်. . ၊ ဩော်. . သမီးမေပေ. . ဖေဖေကို အထင်လွဲပြီး ပြန်သွားခဲ့တာ၊ ဖေဖေချက်ခြင်း လိုက်မခေါ်ခြင်းအတွက် သမီးများအထင်လွဲနေမလား၊ ဖေဖေ ရှင်းပြမယ်နော်သမီး"

"အစကတော့ ဖေဖေ့အပေါ် ရုတ်တရက်တော့ နာကျည်းမိတယ်၊ ဒါပေမယ့် သေသေချာချာစဉ်းစားတော့ ဖေဖေ



www.burmeseclassic.com

www.burmeseclassic.com



ဟာ သူတို့ဖုံးကွယ်ထားတဲ့ အတိတ်ဇာတ်လမ်းကို မသိလို့ပဲ၊ ဒါပေမယ့်. . ဖေဖေ ရောက်လာခဲ့တာပဲ"

"ဟုတ်တယ် ဖေဖေ အလုပ်ကိစ္စနဲ့ အမေရိကားကိုသွားတယ်. .၊ ဖေဖေ ဆက်(ခ်)ထေရီခေါ် သွားရတယ်. .၊ မမက ဖေဖေနဲ့ ဖေဖေ့ဆက်(ခ်)ထေရီအပေါ် မှာ အထင်အမြင်လွဲမှားနေတယ်. . စွပ်စွဲတယ်၊ ဖေဖေက မဟုတ်ကြောင်း. . . ဘယ်လောက်ရှင်းရှင်း မမက မရဘူး. . အရမ်းတယူသန်တယ် စိတ်လည်းကြီးတယ်. .၊ သမီးစဉ်းစားကြည့်လေ အလုပ်ကိစ္စနဲ့ ငွေသန်းချီလုပ်ရတဲ့ကိစ္စ ဖေဖေ မန်နေဂျင်းဒါရိုက်တာတစ်ယောက် စာရင်းဇယားတွေကိုနားလည်စွာ ကိုင်တွယ်နေတဲ့ ဆက်(ခ်)တေရီနဲ့အတူ အမေရိကားမသွားရဘူး တားမြစ်တယ်၊ ဖေဖေလည်း အလုပ်နဲ့ ကိုယ်ရေးကိုယ်တာ မရောထွေးချင်တာနဲ့ တောင်းပန်ပြီး ထွက်သွားရတာပေါ့. . ."

"ဖေဖေထွက်သွားတာနဲ့ မေမေက မကွေးပြန်သွားတယ်ပေါ့နော်"

"ဟုတ်တယ် ဖေဖေ့ဖခင်က ဘယ်လောက်ပဲ တားတားမရဘူး၊ သမီး အဖိုကလည်း ပိုးချဲနဲ့သွားလာနေရတဲ့ ဒုက္ခိတဆိုတော့ သမီးအမေကို လိုက်မခေါ်နိုင်ခဲ့ဘူး. .၊ ဖေဖေပြန်ရောက်ရောက်ခြင်းလိုက်ခဲ့တော့. .၊ မမနဲ့ သားလေးအုတ်ဂူကိုသာတွေ့လိုက်ရတာပဲ. .၊ ဖေဖေအတွက် အဲဒီခံစားမှုဟာ ခုထက်ထိတုန်လှုပ်နေရဆဲပါ. . သမီးရယ်"

ဦးဇော်အောင်သည် ပြောရင်းအသံတိမ်ဝင်သွားသည်။





အတိတ်၏ ကြေကွဲဖွယ်ဖြစ်ရပ်တို့သည် သူ့ရင်ကို ယနေ့ထက်ထိ ရိုက်ခတ်ဆဲဖြစ်ပေလိမ့်မည်။

ကောင်းပိုင် သက်ပြင်းချလိုက်မိသည်။ ကေသာစံသည် စဉ်းစားချင့်ချိန်တတ်သော မိန်းကလေးဖြစ်သည်။

"စဉ်းစားကြည့်တော့ ဖေဖေမှာ အပြစ်မရှိကြောင်း ကေကေသိပါတယ်. .၊ ကြီးကြီးတို့ကိုလည်း စိတ်မဆိုးတော့ပါဘူး၊ သူတို့အတွက်က မျိုးဆက်ဆုံးရှုံးမှာ သိပ်ကြောက်နေကြတယ်. .၊ ကေကေ ဖေဖေ့ကိုရှာမယ်ပြောတော့ သတင်းစာ ဖြတ်ပိုင်းမှာပါတဲ့ ဖေဖေ့လိပ်စာအတိုင်း ဆက်သွယ်ဖို့ ခွင့်ပြုတယ် အာဃာတတွေ မရှိကြတော့ပါဘူး"

"ခု သမီးတစ်ယောက်တည်း နေတယ်ဆိုတော့"

"ဒေါ်ကြီးအေးနဲ့ပါ"

"ဘာပဲဖြစ်ဖြစ် ဖေဖေအိမ်မှာပဲ နေရမယ်"

ကေသာစံကပြုံးကာ. .

"ချက်ချင်းတော့ ဘယ်ဖြစ်ဦးမလဲဖေဖေ. . သမီး ဖေဖေနဲ့ပဲနေမှာပါ. . ဒါပေမယ့် ဖေဖေ့နောက်ဇနီးက. . "

ဦးဇော်အောင်က ဟာတ်ခနဲတစ်ချက်ရယ်ကာ. .

"တလောကပဲ ဖေဖေကွာရှင်းပြီးသွားပြီ. . နောက်ထပ်အိမ်ထောင်ပြုဖို့ မစဉ်းစားတော့ဘူး. .၊ ဖေဖေ့အချစ်ဟာ မမနဲ့အတူ သေဆုံးသွားပြီ. .၊ ဩော်. . ဖေဖေ့ သမီးနဲ့ဆို အဖေတူအမေကွဲတော်မဲ့ သမီးမောင်လေးတစ်ယောက်တော့ ရှိတယ်သမီး"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကေသာစံက လှပစွာ သရုပ်ဆောင်လိုက်သည်။

"တစ်ယောက်တည်းလား ဖေဖေ"

"ဟုတ်ပါတယ် တစ်ယောက်တည်း ခုမှ ကြည့်မိတယ် ဦးကောင်းပိုင် ဘယ်နဲ့လဲ သုခဇော်နဲ့ သမီး ကေကေနဲ့ ရုပ်မဆင်ဘူးလား. . ."

ကောင်းပိုင်ကို တအံ့တသြဟန်နှင့် ကေသာစံကိုကြည့်ကာ. .

"ဟင်. . ဦးကောင်းပိုင်က ဖေဖေ့သားကို သိတယ်"

"သိတာပေါ့. .၊ ကဲ. . ဒီကိစ္စတွေနောက်မှ အေးအေးဆေးဆေး ဖေဖေပြောပြမယ်. .၊ မနက်ဖြန် သမီးမောင်လေးကို ဖေဖေ သွားခေါ်ရမယ်. .၊ သမီးလည်း မောင်လေးနဲ့အတူ နေပေးရမယ်"

"ကေကေ သင်တန်းချိန်လေးအားတာနဲ့ မောင်လေးနဲ့ နေပေးပါ့မယ်. . မောင်လေးက ဘယ်အရွယ်လဲ သိပ်ချစ်စရာကောင်းမှာပဲနော်"

"ငါးနှစ်ကျော်လေ ဒီနှစ်မှ သူငယ်တန်း"

"ဖေဖေရယ် မောင်လေးရှိရဲ့သားနဲ့ သူ့အမေကို ဖေဖေ ဘာဖြစ်လို့ ကွာလိုက်ရတာလဲ"

ကေသာစံ. . . အမူအယာကောင်းကောင်းနှင့် သရုပ်ဆောင်နိုင်လေသည်။ ကောင်းပိုင်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။

ကေသာစံ၏ ဖြူစင်မှု သဘောထားကြီးမှုက မိထွေးနှင့်





အဖေဂုံများ ပြန်ပေါင်းစေလိုက်လျှင် ဒုက္ခ။ မွန်ခအပေါ် ဘယ်လိုနည်းများနှင့် ချဉ်းကပ်ရမလဲဟု အကြံဉာဏ်ထုတ်နေသော သူ့အတွက် နောက်ထပ်ခံတပ်တစ်ခုတိုးလာပါလား။

"အစားမထိုးနိုင်လို့ပေါ့ သမီးရယ်၊ မမလေးနေရာမှာ အစားထိုးပြီး ယုကြည့်ပေမယ့် စိတ်ချမ်းသာမှုတွေ၊ မမကို မေ့ပျောက်မှုတွေဖြစ်မလာတော့ သူတို့တွေလည်း စက်ရုပ်တွေမဟုတ်ကြဘူးလေ. .၊ လူသားတွေဆိုတော့ ဖေဖေဒဏ်ကို မခံနိုင်ကြဘူးပေါ့၊ ဖေဖေ့စိတ်ကို နားလည်မှုမပေးနိုင်တဲ့အတူတူ ကွာရှင်းလိုက်တာအကောင်းဆုံးပဲ၊ ကဲပါ. . သားအဖကြားမှာ ဒါတွေပြောနေဖို့မကောင်းဘူး၊ ခု ဖေဖေဘဝမှာ ပြည့်စုံပြီ၊ သားရှိတယ်. . ဟောအရွယ်ရောက်ပြီဖြစ်တဲ့ ဖေဖေ့သမီးကြီးရှိလာပြီ. . ဘာမှမလိုတော့ဘူး. . ဖေဖေကျေနပ်ပြီ. . ."

ကောင်းပိုင် သက်ပြင်းချလိုက်သည်။

မွန်ခအတွက် မနက်ဖြန် ထူးခြားသော သတင်းတစ်ခုရပေတော့မည်။

"ကိုင်း. . သားအဖတွေ ဆုံဆည်းတဲ့အနေနဲ့ ပျော်ပျော်ပါးပါး စားသောက်ရအောင်လား. .၊ ဖေဖေဝိစကီသောက်ချင်တယ်"

ကောင်းပိုင်က ကေသာစံကို အားနာစွာကြည့်လိုက်သော်လည်း ကေသာစံက စားပွဲထိုးလုလင်ကို လှမ်းမျက်ရိပ်ပြလိုက်သည်နှင့် ချက်ချင်းပင် ရောက်ရှိလာသည်။

ကေသာစံသည် လူတွေ၏သဘောကို အကောင်းနား



www.burmeseclassic.com

www.burmeseclassic.com



လည်သဘောပေါက်လွယ်သော မိန်းကလေးပါလား။ ကြောက်ဖို့ပင်ကောင်းနေသည်ဟု ကောင်းပိုင် တွေးလိုက်မိသည်။

"ကေကေ နားလည်ပါတယ်၊ ကြိုတင်လည်း ပြင်ဆင်ထားပါတယ်. . ကေကေ ဖေဖေရဲ့ ခံစားချက်တွေကို ယမကာနဲ့ အရောင်မဆိုးပဲသိချင်လို့ တမင်စောစောမချခိုင်းတာ၊ ဦးကောင်းပိုင် ဆောရီးနော်. . ပျင်းနေပြီလား"


"ဟင့်အင်း. မပျင်းပါဘူး. . ၊ သိပ်ကို စိတ်ဝင်စားစရာကောင်းတဲ့ ဇာတ်လမ်းတစ်ပုဒ်ကို နားထောင်ရတဲ့အတွက် ပျင်းချိန်တောင်မရလိုက်ဘူး ကေသာစံ"

ကေသာစံက ကျေနပ်စွာပြုံးလိုက်လေသည်။

ကေသာစံ၏ တွက်ဆချက်နှင့် လှမ်းလိုက်သော ခြေလှမ်းများသည် သိပ်ကို အဆင်ချောနေလေပြီ။ ခုချိန်ကစပြီး ကေသာစံသည် ဖခင်ကိုသိပ်ချစ်သော ဖခင်အကျိုးကိုသာ ဖြည့်စွမ်းပေးချင်သည့် သမီးအလိမ္မာကောင်းလေးတစ်ဦးဖြစ်ကြောင်း အားလုံးက လက်ခံစေရမည်ဟု. . .







# အခန်း (၂၅)

မွန်ခနှင့် ဦးဇော်အောင်တို့ ယနေ့တွေ့ဆုံကြမည်။ ကေသာစံကို ဦးဇော်အောင်က သူ့ခဇော်ကို သွားခေါ်ရင်း မွန်ခနှင့် မိတ်ဆက်ပေးမည်ဟူသော အစီအစဉ်က မနေ့က ကေသာစံ လက်ခံခဲ့သည်။

ဒါကို ကောင်းပိုင်ရင်ထဲ ဝေဒနာတစ်ရပ် ခံစားနေရသည်။ သူကိုယ်တိုင်လည်း အငြိမ်နေ၍မရ ဂဏှာမငြိမ်။ မျောက်မီးခဲကိုင်မိသလို ထိုင်လိုက်ထလိုက်နှင့် ခြံဝသို့ မျက်လုံးမကြာ



www.burmeseclassic.com

www.burmeseclassic.com



ခဏာ ရောက်နေသည်။

ဦးဇော်အောင်၏ Land Crusier ကားဖြတ်သွားပြီလား။ ကေသာစံက မိမိအား လာရောက်ခေါ်ငင်ဦးမှာလား။

ကေသာစံသည် မွန်ခအပေါ်၌ သဘောထားကြီးစွာဖြင့် အဖေနှင့်ပြန်ပေါင်းခိုင်းလျှင်ဒုက္ခ။

ကောင်းပိုင်ရင်ထဲ မောဟိုက်နေသည်။ ကေသာစံကိုပဲ တောင်းပန်ရတော့မှာလား။

ပိုနေမြဲ ကျားနေမြဲ ရှိနေကြပါစေတော့။ ကေသာစံ သဘောထားမကြီးလိုက်ပါနဲ့၊ ဖေဖေအတွက် ဆေးပေးမီးယူ အဖေါ်အဖြစ်နဲ့ မွန်ခက မိထွေးနေရာပြန်ပေးကာ ပြန်ပေါင်း မထုတ်ခိုင်းလိုက်ပါနဲ့၊ သာမန်မိန်းမတွေလို မနာလိုခြင်း၊ အမေ ရင်းနေရာကို ဘယ်သူကိုမှ မပေးနိုင်ခြင်းမျိုးနဲ့ သဘောထား သေးနဲ့ ရှိလိုက်ပါတော့. . ကေသာစံရယ်ဟု စိတ်တွင်းတောင်း ပန်နေမိသည်။

ဟော. . ဖြတ်သွားပြီ။

ကေသာစံက ကားပေါ်မှ သူ့အား လက်လှမ်းပြလိုက် သည်။

ဝင်ခေါ်မသွားခြင်းအတွက် စိတ်မှာ ကသိကအောက် ဖြစ်ရသည်။ ဦးဇော်အောင်ကတော့ ငုံ့စောင်းကာ ကြည့်သွားရုံ မှအပ မထူးခြား။ သူက မိမိအား ဒီမှာအိမ်ဆောက်နေကြောင်း သိထားပြီးသား မကြာခဏလည်း တွေ့နေကျဖြစ်သည်ပဲ။

တခါတရံ လူကြီးလူကောင်းဟု အမည်ခံရတာ မလွယ်





ကူ။ စိတ်သွားတိုင်းကိုယ်မပါနိုင်အောင် အချုပ်အနှောင်ခံနေရ သည်။

စိတ်လွတ်ကိုယ်လွတ်သာဆိုလျှင် မွန်ခထံသို့ သူတို့ ထက် ဦးအောင်သွားပြီး မွန်ခကို ထပ်ဆင့်တောင်းပန်ချင်သည်။

စွဲလန်းခြင်းကို ရူးသွပ်ခြင်းလို့ မထင်လိုက်ပါနဲ့။ ကိုယ် မွန်ခကို တကယ်ချစ်တာပါ။ သန့်စင်သော စွဲလန်းမှုကနေ အခြေ ခံဖြစ်ပေါ်လာတဲ့ အချစ်ဟာပိုပြီး နက်ရှိုင်းပါတယ်ဟု. . .

မွန်ခအတွက် အရာရာကို စွန့်လွှတ်ဆို စွန့်လွှတ်နိုင် ကြောင်း ပြောပြလိုက်တော့မည်။

သို့သော်. . ဦးဇော်အောင်တို့ရောက်အလာကို တိုးမှာ စိုးသဖြင့် နောက်ဆုတ်နေလိုက်သည်။

မွန်ခ. . . စိတ်ရှုပ်မှာစိုးသည်။

မိသားစုအပေး တာဝန်ကျေပွန်စွာ အနစ်နာခံခဲ့သော မွန်ခသည် မိမိ မိသားစုအပေါ် စာနာစွာဖြင့် နောက်ဆုတ်လိုက် ခြင်းဖြစ်ကြောင်းကို ကောင်းစွာသိနေရသည်။

ထို့ကြောင့်ပို၍ပင် ရင်နာရလေသည်။ သူတို့ကားအပြန် ကို မျှော်ရင်း ရင်၌ပူလောင်ရသောအပူသည် ဘယ်အပူမီးနှင့်မှ မတူ အင်မတန်ပူလောင်လွန်းလှသည်။ မီးတကာ့ မီးထဲမှာ အ ချစ်မီးသည် အပူလောင်ဆုံးပဲလား. . . ။






www.burmeseclassic.com

www.burmeseclassic.com





## အခန်း (၂၆)

မွန်ခသည် အံ့အားသင့်လွန်းသဖြင့် ပါးစပ်ကလေးပင် ဟဟလေးပွင့်သွားပြီး ကေသာစံကို ငေးကြည့်လျက်သားဖြစ်သွားသည်။ လှလိုက်တဲ့ မိန်းကလေး။

နံ့မယ်သတင်းကြီးသည့် ရွှေမင်းသမီးလေး ကေသာစံ 'ကောင်း' ဆေးရုံအုပ်ဇနီးမောင်နှံကိုယ်တိုင် သူမောင်နှင့်သဘောတူနေပါသည်ဆိုသော မိမိကြားသိစေရန် တမင်အသိပေး ကြေ





ညာထားပြီးဖြစ်သည်ကို မွန်ခက နားလည်စွာဖြင့် နောက်ဆုတ်ပေးခဲ့သည်။ အကြွေပန်းက တော်ဝင်သဇင်နှင့် ယှဉ်ပြိုင်ခြင်းကို မနှစ်သက်။ ကိုယ်လျှောက်ရမည့်လမ်းကိုသာ အေးဆေးစွာ လျှောက်လှမ်းချင်သည်။

"ဟယ်. . မေမေလေးက တယ်ချောပါလား၊ ကြည့်ပါဦး သမီးက အသက်ကြီးကြီးထင်ထားတာ ခုတော့ ငယ်ငယ်လေး"

"အမွန်က မငယ်ပါဘူး သုံးဆယ်ကျော်ပြီထင်တယ်"

"သုံးဆယ်ပြည့်သွားပါပြီ. . အစ်ကိုကြီး"

"ဟယ်. . မောင်လေး ဖေဖေနဲ့တူတယ်နော်၊ လာ မမဆီ လာပါဦး. . "

မွန်ခ ဘာမှနားမလည်။ "ဒါကိုယ့် သမီးကြီး ကေသာစံပဲ အမွန်"ဟု မိတ်ဆက်ပေးလိုက်တာကိုပင်. . ဟုတ်ရဲ့လားဟု ဇဝေဇဝါဖြစ်ကာ အံ့အားသင့်သွားသည်။ သားအဖ ရုပ်ချင်းဆင်နေသဖြင့် မိမိနားကြားလွဲခြင်း မဖြစ်နိုင်ဟု သိလိုက်ပြီး. .

"ထိုင်ကြပါဦးလား အစ်ကိုကြီး"

ဘယ်အချိန်က ရထားသော သမီးနည်း။ အရွယ်အရဆိုလျှင် ပထမ မယားကြီး၏ သမီးသာဖြစ်ဖို့များသည်။ သားလေးဆို. . . သေဆုံးသွားခဲ့သည်ဟု သိထားခဲ့သည်။

"မမက အမှာမွေးသွားတာတဲ့ အမွန်၊ မမအစ်မတွေက အစ်ကိုကြီးကို အသိမခံပဲ သမီးကေသာစံကို ဖွတ်ထားကြတာ၊ ခုသမီးအရွယ်ရောက်လို့ ဖွင့်ဟပြောပြလို့ သမီးကိုယ့်ဆီရောက်လာတာဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ပါ အစ်ကိုကြီး၊ အစ်ကိုကြီးသမီးဆိုတာ ပြောပြစရာမလိုပဲနဲ့ကို သိသာနေတာပဲ. . မျက်လုံး၊ မျက်လုံး၊ နှာတံ၊ အကုန်လုံး ချွတ်စွတ်ပဲနော်၊ သားသုခဇော်အတိုင်းပဲ. . သားဒါ သားရဲ့မမကြီးနော် မှတ်ထား"

သုခဇော်က ကလေးဆိုတော့ အမျိုးစပ်ပြ၍ နားလည်ဦးမည်မဟုတ်။ ခုတောင်. .

"ဟင်. . မမကြီးက သားတို့ဆီနေမှာလား"

"နေမှာပေါ့"

"ဒါဖြင့်. . ဖေဖေကကော မမကြီးက ဖေဖေနဲ့ နေတာလား"

"နေတယ်နေတယ် ခုမမကြီးက ကျောင်းတက်နေသေးလို့ နောက်ဆိုရင် ဖေဖေရယ်၊ မေမေရယ်၊ မမကြီးရယ်၊ သားရယ် နေကြမယ်နော်"

မွန်ခ၏ ရင်ထဲ၌ ကေသာစံကို အံ့အားသင့်သွားသည်။ ကေသာစံသည် သဘောထားကြီးသော မိန်းကလေးပါလား။ သူ့ဖခင်နှင့် မိမိအပေါ်၌ မနာလိုဝန်တိုခြင်း မရှိပဲ အလိုက်အထိုက် ပြောနေသောပုံက ဖြူစင်ပုံရသည်။

ဦးကောင်းပိုင် မျက်မိကန်းနေသလား။ ဒီလောက်ချောမောလှပ ချစ်စရာကောင်းသော မိန်းကလေးမိတ်ဆွေရှိပါလျက်နှင့် သူသည် မိမိလို တစ်ခုလပ်ကလေးတစ်ယောက်အမေကိုမှ လာကြိုက်ရသလား။ ဦးကောင်းပိုင်ကို မယုံကြည်နိုင်. . . ။

"မေမေကိုကော ခေါ်မှာလား ဖေဖေ"





သားသုခဇော်က လူလည်။ အမေနှင်ငါးရက်နေပြီး အဖေနှင့် နှစ်ရက်နေရသည်ကို သူမကျေနပ်နိုင်။ မရောင့်ရဲနိုင်ပဲ အဖေအမေနှင့် အတူနေချင်ပုံရသည်။

အစ်ကိုကြီးကို မွန်ခ ဖျတ်ခနဲလှမ်းကြည့်လိုက်တော့ အစ်ကိုကြီးက နားလည်စွာပြုံးကာ. . .

"ခေါ်မှာပေါ့သားရယ် သားမေမေကမှ မလိုက်တာ"

"မေမေကလိုက်မှာလား. . ဖေဖေက မေမေလိုက်ရင် ရိုက်မှာလား"

မွန်ခ ပြုံးကာ. .

"သားက မကြာခဏ ဖေဖေဆီလိုက်ခဲ့လို့ ခေါ်ခေါ်နေတာနဲ့ ခက ဖေဖေရိုက်မှာစိုးလို့ မလိုက်ဘူးလို့ ဖြေလိုက်တာပါ အစ်ကိုကြီး. ."

"ဒါကြောင့် သားက ဖေဖေ မေမေကို မရိုက်ရဘူးနော် လို့ပြောပြောနေတာကိုး"

"ဒီလိုဆို မောင်လေးကျေနပ်သွားအောင် ဒီနေ့ လိုက်ခဲ့ပါလား မေမေလေး၊ အဲ. . ကေကေတော့ တရုတ်ကားထဲကလိုပဲ မေမေလေးလို့ပဲ ခေါ်တော့မယ်နော်. . ခေါ်ရမလားဟင်"

ကေသာစံက လှပစွာဖြင့်. . အပြုံးလေးနှင့်မေးလိုက်သည်။ မွန်ခ အိုးတိုးအတ ဖြစ်သွားရသည်။ အစ်ကိုကြီးကို ကြည့်လိုက်တော့ အစ်ကိုကြီးက ခေါင်းညိတ်ပြသည်။

"ဟော ဖေဖေက ခေါင်းညိတ်တယ်ဆိုတော့ သဘောတူလို့ပေါ့. . ၊ ပါးစပ်ကဖွင့်ခေါ်လိုက်ပါဖေဖေရယ်. . မေမေ



www.burmeseclassic.com

www.burmeseclassic.com



လေးက မိန်းမဆိုတော့"

"မဟုတ်ဘူးကောသာ အစ်ကိုကြီးက သူ့ရဲ့ချစ်စံအိမ်မှာ မမကလွဲပြီး ဘယ်မိန်းမကိုမှ ခေါ်မတင်နိုင်ဘူးလို့ သစ္စာဓိဋ္ဌာန်ပြုထားပြီးသားဖြစ်နေတယ်၊ အတင်းမတိုက်တွန်းပါနဲ့ အစ်ကိုကြီး သစ္စာတော်စူးနေပါဦးမယ်"

မွန်ခ ရင်ထဲက အစိုင်အခဲကလေးဖွင့်ဟခွင့် ရသဖြင့် ရင်ထဲ အတန်ငယ်ပေါ့ပါးသွားသည်။

အစ်ကိုကြီးသည် အကင်းပါးသော ယောက်ျားဖြစ်သည့်အားလျော်စွာ မျက်ခွံပင့်ကြည့်ပြီး. . .

"အမွန်က ကိုယ့်အပေါ် ဒီကိစ္စအစာမကြေခဲ့ဘူးကိုး"

"မဟုတ်ပါဘူး အစ်ကိုကြီးရယ် စကားအဖြစ် ပြောတာပါ"

"မေမေကလဲ ဖေဖေက မရိုက်ပါဘူးဆိုမှတော့ လိုက်ခဲ့ပါနော်. . နော် မမကြီး မေမေကို ခေါ်ပေး"

ကေသာစံအပေါ်၌ လွယ်လင့်တကူပင် ကပ်ကာတွယ်တာသွားသော သားကို မွန်ခ အံ့သြရသည်။ သွေးစကား ပြောတယ်ဆိုတာ ဒါပဲထင်ပါသည်။ မွန်ခ ဘာလုပ်ရမှန်းမသိ။

ဖြေရခက် ငြင်းရခက်နေသော မွန်ခပြဿနာကို အစ်ကိုကြီးက ဖြေရှင်းပေးလေသည်။

"ဒီနေ့ အမွန် ဂျူတီအော့ဖ်မှတ်လား. . ၊ သားနဲ့သမီး အလိုကိုလိုက်ပြီး ကိုယ့်အိမ်ကို လိုက်ခဲ့ဖို့ ကိုယ်လိုလားစွာ ဖိတ်ခေါ်ပါတယ်. . ၊ သမီးကြီးတောင် ဒီနေ့သူ့သင်တန်းတွေ ဖျက်ပြီး





ကိုယ်တို့သားအဖကို အချိန်ပေးတယ်လေ"

"ဟုတ်တယ် မေမေလေး၊ သမီးအတွက် မောင်လေး မွေးဖွားပေးတဲ့ မေမေလေးကို ကျေးဇူးပြုချင်လို့ပါ"

"လိုက်ခဲ့ပါအမွန်"

"လိုက်ခဲ့ရမယ်. . မေမေ လိုက်ရမယ်"

သားက ဘယ်တုန်းကမှ ဤမျှလောက် အပြင်းအထန် မခေါ်ခဲ့ဘူးပါပဲလျက်. . ယခုအတင်းဇွတ်ပူဆာနေသည်။

"ကောင်းပြီလေ ခ လိုက်ခဲ့မယ်. . ၊ ညနေတော့ ပြန်ပို့ပေးရမယ်နော် အစ်ကိုကြီး"

"စိတ်ချပါ . . အစ်ကိုကြီး ပြန်ပို့ပေးပါ့မယ်"

မွန်ခ အားလုံး၏ ဆန္ဒကို လိုက်လျောလိုက်ရသည်။

မွန်ခ အစ်ကိုကြီးနှင့် တရားဝင်ပြတ်စဲပြီးမှ ပထမဦးဆုံးအကြိမ်အဖြစ် အစ်ကိုကြီးကားပေါ် ပြန်ရောက်ခြင်းဖြစ်သည်။ အစ်ကိုကြီးက ကားမောင်းပြီး သားကဘေးမှာထိုင်သည်။ ကေသာစံနှင့်အတူ နောက်ခန်းမှာ ထိုင်လိုက်သည်။

ကားထွက်သည့်အချိန်၌ သတိတရဖြစ်သွားသည်က ဦးကောင်းပိုင်ကိုပင်။ ဦးကောင်းပိုင် မြင်တွေ့သွားပါက မျှော်လင့်ချက်တို့ ကုန်ဆုံးသွားနိုင်သည်။

ကောင်းပါသည်. . ။ ဒါမှ ဦးကောင်းပိုင်အတွက် အကောင်းဆုံးလမ်းကို လျှောက်လှမ်းဖို့ရာ ချောမွေ့သွားပေမည်။

လူကြီးများ နောက်ပြောင်မှုကြောင့် လှုပ်လှုပ်ရှားရှားဖြစ်ခဲ့ရသော နှလုံးသားသည် ဤအရွယ်၌ အမှားအမှန်ကို ကွဲ



www.burmeseclassic.com

www.burmeseclassic.com



ပြားနားလည်စွာနှင့် ငြိမ်သက်သင့်ပြီ။ တည်ငြိမ်သင့်ပြီ။ အပျိုစင်မြီးကောင်ပေါက်မလေးအရွယ်မဟုတ်တော့။ လှိုင်းခတ်သံကြားတိုင်း လှုပ်ရှားရမည့်အရွယ်၊ လှုပ်ရှားရမည့် ဘဝမျိုးမဟုတ်တော့ပြီးတော့အတွေ့ရှိ မိန်းမတစ်ယောက်အနေနှင့် အချစ်ကို ဦးစားပေးစရာမလို။ ဦးနှောက်နှင့်သာ ဆုံးဖြတ်ရွေးချယ်ခဲ့ခြင်းဖြစ်ကြောင်းကို နောက်ပိုင်းတော့ ဦးကောင်းပိုင်နားလည်သဘောပေါက်လာလျှင် မိမိကိုပင် ကျေးဇူးတင်သွားလိမ့်မည်ဟု မွန်ခယုံကြည်စွာ ဆုံးဖြတ်ခဲ့ခြင်းဖြစ်သည်။

"ဟော. . ဟိုမှာဦးကောင်းပိုင်. . ဖေဖေ ဝင်ဦးမလား"

"မဝင်တော့ပါဘူး သမီးရယ်၊ သမီးမေမေလေး လိုက်တုန်း အချိန်တွေနည်းနေမှာစိုးရတယ်. . "

"ဟင်. . အစ်ကိုကြီးက ဦးကောင်းပိုင်နဲ့ သိလား"

မွန်ခ အံ့အားသင့်ရသည်။

"သိတာပေါ့ အမွန်ရယ်၊ သားပြောပြလို့ ကိုယ်တို့ချင်းသိခဲ့ကြတယ် နောက်သမီးနဲ့ပတ်သတ်ပြီး ထပ်သိကြပြန်တယ်"

ကော်သာစံက. . .

"မေမေလေးနဲ့ကော သိသလား"

"သိပါတယ်. . ခမိတ်ဆွေ ဒေါက်တာလင်းထက် သူငယ်ချင်းအနေနဲ့ သိခဲ့တာပါ. . ၊ ကူညီတတ်တယ် သူအဆက်အသွယ်နဲ့ ကောင်းဆေးရုံမှာ အလုပ်ရခဲ့တာပါ"

"ဟာ. . ပျော်စရာကြီးပဲ. . အားလုံးက အသိမိတ်ဆွေတွေဖြစ်ကြပြီး ဆက်စပ်နေကြတယ်နော်"





ကေသာစံ၏ ကောက်ချက်ချသံကိုကြားတော့ မွန်ခစိတ်ထဲ တစ်မျိုးဖြစ်သွားသည်။ တိုက်ဆိုင်မှုတွေက များလွန်းလှပါတကား။ တမင်ဖန်တီးလျှင်တောင်မှ ဤမျှလောက်တိုက်ဆိုင်ချင်မှ တိုက်ဆိုင်နိုင်မည်။

လောကကြီးကပဲ ဆန်းကြယ်လေသလား။

လူတွေကပဲ ဆန်းကြယ်တာလား။

မွန်ခ ရှေ့လျှောက်ဘယ်လို ရင်ဆိုင်ရဦးမှာလဲ။


မွန်ခ တိတ်တခိုးလေး ပင့်သက်ရှိုက်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၇)

ကောင်းပိုင် ဘယ်လိုမှ ခံစားမှုကို ထိန်းချုပ်၍မရ။ ပြင်းထန်သော ဝေဒနာတစ်ရပ်က သူ့နှလုံးသားကို နာကျင်စေသည်။ ဆောက်တည်ရာမရ ခံစားနေရသည်။

ဦးဇော်အောင်နှင့် တွေ့ဆုံကာ မေးမြန်းချင်ပြီ။ လူကြီးလူကောင်းပီပီ ကတိတည်ဖို့ပြောလိုက်ချင်ပြီ။ ခုနေ ဖုန်းလှမ်းဆက်သွယ်၍ မဖြစ်သေး။ သူ့အနား၌ မွန်ခတို့ရှိနေသည်။





ခံရခက်စွာ နာကျင်လာမှုကြောင့် အိမ်ဆောက်လုပ်ရေးလုပ်ငန်းကို ကြီးကြပ်ရေးမှူးထံ အပ်နှံပြီး သူ့ကားပေါ်တက်ကာ ဦးတည်ရာမဲ့ မောင်းထွက်ခဲ့သည်။

ဘယ်သွားရမှန်းမသိ။ နောက်. . လင်းထက်ကို သတိရလိုက်သည်။ ဒီနေ့စနေဆိုတော့ လင်းထက်၏ ဂျူတီအော့(ဖ်)ပေပဲ။ ညနေပိုင်းမှ ဆေးခန်းရှိသည်။ ကားကိုလမ်းဘေးခဏထိုးရပ်ပြီး ဖုန်းဆက်လိုက်သည်။

"ဟဲလို. . ."

"ဟာ. . အတော်ပဲ လင်းထက်၊ ငါပါ. . ."

လင်ထက်နှင့်တန်းတိုးသဖြင့် သူဝမ်းသာအားရဖြစ်သွားသည်။

"ဆို. . ကောင်း"

"မင်း အားသလား၊ ငါလာခဲ့မလို့"

"အားတယ်တော့မဟုတ်ဘူး၊ နှင်းနဲ့ဖိတ်စာတွေမှာ ဖိတ်ရမယ့်လူစာရင်းပြုစုပြီး ထိုင်ရေးနေကြတာ. . ."

"အတော်ပဲ ငါလာခဲ့မယ်၊ အဲဒီကိစ္စ သိပ်မရေးမကြီးဘူး၊ မင်း ငါနဲ့တစ်နေရာရာလိုက်ခဲ့စမ်းကွာ. ."

"ဘယ်နေရာလဲကွ ဘာအရေးကြီးလို့လဲ"

"ကိစ္စကို မင်းနောက်တော့သိရမှာပေါ့ကွာ၊ အခု ငါ့ရင်ထဲ မီးတောက်နေပြီ၊ မင်းအဆင်သင့်လုပ်ထားကွာ၊ ငါဖုန်းတီးလိုက်တာနဲ့ ဆင်းလာခဲ့၊ နှင်းနှင်းကိုလည်း ခေါ်မလာခဲ့နဲ့"

"ဟောဗျာ. . ကောင်း မင်းဘာတွေမွှန်နေပြီလဲ. ."



www.burmeseclassic.com

www.burmeseclassic.com



"လင်းထက် ငါ့ကိုသာကူညီစမ်းပါ၊ ငါလာခဲ့ပြီးနော်. . ဒါပဲ"

ကောင်းပိုင် ဖုန်းခလုပ်ကို ပိတ်လိုက်ပြီး ကားပြန်မောင်းထွက်ခဲ့သည်။ ဆယ်မိနစ်ခန့်အကြာတွင် လင်းထက်တို့ တိုက်ခန်းရှေ့ရောက်ရာ ဟွန်းသံသုံးချက်ပေးလိုက်သည်။ သိပ်မကြာလိုက် လင်းထက်ဆင်းလာသည်၊ နှင်းနှင်းပါမလာ။ ဒါကြောင့် လင်းထက်ကို အားကိုးမိခြင်းဖြစ်သည်။

"မင်းကတော့ မဖြစ်လိုက်နဲ့ ဖြစ်လိုက်ရင် အသည်းအသန်ကြီးပဲကောင်း၊ အတော်ပဲ ငါကလည်း မင်းကိုစစ်ဆေးစရာတွေရှိနေတယ်. ."

လင်းထက်က ကားပေါ်ရောက်ရောက်ချင်းပြောလိုက်သည်။ လင်းထက်ဘာတွေမေးမည်၊ စစ်ဆေးမည်ကို ကောင်းပိုင်သိနေသည်။

ဘုရားကိုးဆူ၌ လင်းထက်က ကေသာစံနှင့်တွဲနေသော မိမိကို တအံ့တဩမျက်လုံးဖြင့် ကြည့်ခဲ့သည်ကို အမှတ်ရလိုက်သည်။

"မင်း ဘာမေးမယ်ဆိုတာ ငါသိနေတယ်၊ မင်းလည်း မင်္ဂလာကိစ္စ အလုပ်ရှုပ်နေသလို ငါလည်း အိမ်ကိစ္စနဲ့ အလုပ်များပြီး မင်းနဲ့ဆက်အသွယ်ပြတ်ခဲ့တာ၊ ခုတစ်လ နှစ်လလောက်အတွင်း ငါ့ဘဝ ပြောင်းလွဲသွားသလို ဖြစ်နေပြီ"

ခံရခက်သော ဝေဒနာဆိုးက သူ့ရင်ကို နာကျင်အောင်ပြုလုပ်နေသည်။





နေခြည် ကာဖီဆိုင်သို့ မောင်းချလိုက်သည်။

ဆိုင်ထဲဝင်လိုက်သည်နှင့် ကေသာစံကို သတိရလိုက်မိသည်။ သူနှင့်စတင်ဆုံဆည်းခဲ့သော နေရာကလေး။ အထီးကျန်တစ်ကောင်ကြွက်ဖြစ်ခဲ့စဥ်က စိတ်ထင်ရာစိုင်းကာ အထီးကျန်စွာ ကော်ဖီလာသောက်သော မိန်းကလေးနှင့်သူ ဆုံဆည်းခဲ့ကြသည်။ ကောင်းပိုင်ထိုင်နေကျ စားပွဲ၌ပင် လူရှင်းနေသဖြင့် ထိုင်လိုက်သည်။

"ဆရာ မလာတာကြာပြီ၊ ထုံးစံအတိုင်းပဲ ခါးစိမ့်လား ဆရာ ဒီဆရာကကော"

စားပွဲထိုး လုလင်လေး အမေးကို အလျင်စလိုပင်. . .

"အေး. . ဟုတ်တယ်၊ ကြက်တောင်ပံကင်နဲ့ အားလူးကြော်ပါယူခဲ့. . ."

"ဆိုစမ်းပါဦး. . ကိစ္စအရေးတကြီးက"

"မွန်ခကို မင်းဘယ်လိုမြင်သလဲ လင်းထက်၊ ငါသူ့ကို ပရိုပို့စ်လုပ်တာကို သူလက်မခံဘူး"

လင်းထက်မျက်နှာ အိုကျသွားသည်။ မွန်ခနှင့် ပတ်သက်၍ လင်းထက်ရင်၌ ခံစားချက်ရှိနေဆဲဖြစ်သည်ဟု ကောင်းပိုင်ရိပ်မိလိုက်သည်။

"မွန်ခဟာ သိရခက်တယ်၊ အရင်မိသားစုကို ဦးစားပေးခဲ့တုန်းက ဘဝတူချင်းဖြစ်လို့ ငါမွန်ခကို နားလည်ခဲ့တယ်၊ ခုကိစ္စမှာတော့. . ဩော် သိပြီ၊ သားသမီးကို ဦးစားပေးရပြန်ပြီထင်တယ်၊ မိခင်ရဲ့မေတ္တာတရားက သူ့လွတ်လပ်မှုကို နှောင်ဖွဲ့လိုက်



www.burmeseclassic.com

www.burmeseclassic.com



မြန်ပြီထင်တယ်"

လင်းထက်စကားကြောင့် ကောင်းပိုင်ဖျတ်ခနဲ သတိဝင်လာသည်။ ဟုတ်သားပဲ၊ မွန်ခသည် လွတ်လပ်သူမဟုတ်၊ မွန်ခသည် မိခင်တစ်ယောက်ဖြစ်သည်။ မိခင်တစ်ယောက်သည် သားသမီးအတွက်ဆိုလျှင် သူတို့ဆန္ဒထက် သားသမီးဆန္ဒကိုသာ ဦးစားပေးတတ်သည်။

"သူခဇော်က မင်းလည်း သိတဲ့အတိုင်းပဲ၊ သူ့အဖေက လွဲရင် ဘယ်သူစိမ်းယောကျ်ားကိုမှ ကြည်ကြည်ဖြူဖြူမဆက်ဆံဘူး၊ ငါတို့အပေါ် ဆက်ဆံပုံပဲကြည့်လေ"

"ဒါပေမယ့် ဦးဇော်အောင်ကို လူကြီးလူကောင်း တစ်ယောက်အနေနဲ့ ငါယုံကြည်ခဲ့တာ. . . ခု. . ."

"ဟင်. . မင်းနဲ့ဦးဇော်အောင်ဘယ်လိုလုပ် သိကြတာလဲ"

ကောင်းပိုင် စိတ်နှင့်ခန္ဓာ လမိုင်းမကပ်ကြောင်း ကိုယ့်ကိုကိုယ်သိလိုက်သည်။ ဦးဇော်အောင်ရောက်လာပုံ၊ ဦးဇော်အောင်နှင့် ကေသာစံတို့ဆက်နွယ်လာမှုကိုမှ ရှင်းမပြရသေးသည်ကို သတိပြုမိလိုက်ပြီး. . .

"ဆောရီး. . သူငယ်ချင်း၊ ငါ့စိတ်တွေ ဘယ်လိုဖြစ်သွားမှန်းမသိဘူး၊ သတိလက်လွတ်ဖြစ်နေတယ်၊ ဒီလို. . ."

ဦးဇော်အောင် သူ့ထံရောက်လာပုံ၊ ကေသာစံနှင့် သိကျွမ်းပုံ၊ နောက် ကေသာစံသည် ဦးဇော်အောင်သမီးဖြစ်နေပုံတို့ကိုကအစ ရှင်းပြလိုက်သည်။





လင်းထက်မှာ တအံ့တဩနှင့်. . .

"တိုက်ဆိုင်လိုက်တာကွာ၊ မင်းရဲ့ ကံကြမ္မာကိုက ဦးဇော်အောင်ထံမှ အတိတ်ဘဝက အကြွေးရှိခဲ့တယ်ထင်တယ်၊ ကျားသနားမှ နွားချမ်းသာဆိုသလို ဦးဇော်အောင်သနားမှ မင်း မွန်ခကို ဒါမှမဟုတ် ကေသာစံကို ရနိုင်မယ့်အဖြစ်မျိုးပဲ"

လင်းထက်ပြောမှ ကောင်းပိုင်ထပ်၍ သတိဝင်လာသည်။

"ဟုတ်တယ်ကွာ. . ၊ ငါဦးဇော်အောင်ကို မွန်ခကို ချစ်ကြောင်းဝန်ခံလိုက်မိပြီ၊ မွန်ခကိုမရလို့ ကေသာစံဘက်မြားဦးလှည့်တယ်ဆိုတဲ့ အစွဲလည်း ဦးဇော်အောင်နှလုံးသားမှာ စွဲသွားရင် ကေသာစံနဲ့ငါလည်း နီးစပ်ဖို့မလွယ်တော့ဘူး၊ ငါ့အချစ်ကိုလည်း ဦးဇော်အောင်ယုံကြည်မှာ မဟုတ်ဘူး"

"မင်းက ငါးရံ့နှစ်ကောင်ဖမ်းချင်တာကိုးကွာ"

"ပြောတော့သူငယ်ချင်း၊ ငါ့အရွယ်ဟာ အိမ်ထောင်ပြုသင့်ပြီ၊ မျိုးဆက်အတွက် လူသားဆန်ဆန်၊ လူပီသစွာ ငါနေထိုင်သွားဖို့ အရွယ်က လွန်စပြုနေပြီလိုတောင် ပြောလို့ရပြီလေ"

"ဒါတော့ ဟုတ်တယ် သူငယ်ချင်း၊ ငါလည်း ဒါကြောင့်နှင်းနှင်းနဲ့အမြန်ဆုံးလက်ထပ်ဖို့ ဆုံးဖြတ်လိုက်တာပဲ"

"မင်း မွန်ခကို မရွေးချယ်ဘဲ၊ နှင်းနှင်းကို ရွေးချယ်တာ မှန်တယ်လို့ ငါထင်ခဲ့တယ်"

"ငါရွေးချယ်ချင်တိုင်းလည်း ရချင်မှရမယ်၊ မွန်ခ ငြင်းပယ်လိုက်ရင် ငါတို့ရှိရင်းစွဲ သန့်ရှင်းစွာမေတ္တာထား နေထိုင်ခဲ့



www.burmeseclassic.com

www.burmeseclassic.com



ခြင်းအပေါ်မှာ အရောင်ဆိုးမိလိုက်သလိုဖြစ်သွားမယ်၊ ဒါကြောင့် တစ်ခါတရံမှာ အချစ်ဆိုတဲ့အရာထက် လေးနက်တဲ့ မေတ္တာတရားကိုပဲ တန်ဖိုးထားလိုက်ချင်တယ်၊ မွန်ခအပေါ် နှမတစ်ယောက်လိုပဲ ဆက်လက်စောင့်ရှောက်မှု ပေးသွားချင်တယ်၊ နှင်းနှင်းလို နားလည်မှုရှိတဲ့ မိန်းမကြောင့် ခုထက်ထိတော့ ဆုံးဖြတ်မှုမှန်ကန်တယ်လို့ပဲ ငါထင်တယ်၊ သားသမီးတွေရလာတဲ့အခါ ဒီကိစ္စဟာ မှုန်ဝါးသွားမှာပါ သူငယ်ချင်း"

"ဟုတ်တယ်၊ ငါလက်ထပ်သင့်ပြီလို့ စဉ်းစားလိုက်ချိန်မှာ မမျှော်လင့်ဘဲ ငယ်စဉ်ဘဝက စွဲလန်းခဲ့တဲ့ မွန်ခကိုပြန်တွေ့တယ်၊ အကြွေပန်းပေမယ့် ငါမြတ်နိုးနိုင်တယ်ထင်လို့ ငါပရိုပို့စ်လုပ်ခဲ့မိတယ်၊ ဒီအတွက် ငါမှားသလား"

"မိဘမောင်ဘွားနဲ့ သူငယ်ချင်းအပေါင်းအသင်းတွေအနေနဲ့ကြည့်ပြောရင် မှားတယ်ပဲပြောကြမှာပဲ၊ မင်းအပေါ်ထားတဲ့ ချစ်ခြင်းမေတ္တာက မင်းအနာခံရမယ့်အနေအထားကို ဘယ်သူမဆို တစ်ခုလပ်နဲ့ ကိုယ့်သားလူပျိုကို သဘောတူရက်ပါ့မလဲ၊ ပထွေးဆိုတဲ့ နေရာကိုပေးရက်ပါ့မလဲ"

"ငါ. . ဒါတွေလက်မခံချင်ဘူးကွာ၊ ချစ်ခြင်းနဲ့ပဲ အိမ်ထောင်တစ်ခုကို တည်ဆောက်ချင်တယ်"

လင်းထက်က ခေါင်းခါရမ်းလိုက်သည်။ အတန်ငယ်အေးစက်စပြုနေသော ကော်ဖီကို တစ်ငုံသောက်ကာ လည်ချောင်းရှင်းလိုက်ပြီးမှ. . .

"ဒါဖြင့် ငါမေးမယ်၊ မင်းစဉ်းစားဖြေ"





ကောင်းပိုင် လင်းထက်အမေးကို ငံ့လင့်လိုက်သည်။

"မင်းလက်ထပ်မယ်လို့ ဆုံးဖြတ်လိုက်ချိန်မှာ မွန်ခနဲ့မတွေ့ဘဲ ကေသာစံတစ်ယောက်တည်းပဲတွေ့ခဲ့မယ်ဆိုရင် မင်းဘယ်လိုလုပ်မလဲ"

ကောင်းပိုင် ရုတ်တရက်မဖြေရဲ၊ လင်းထက်ဘာရည်ရွယ်ချက်နဲ့မေးပါလိမ့်. . .

"ဖြေလေကွာ"

"ကေသာစံတစ်ယောက်တည်းဆိုရင်တော့လည်း သူ့ကိုပဲ ရွေးချယ်မှာပေါ့ကွာ၊ ငါလည်း ယောကျ်ားပဲ. . ဒီလောက် ဆွဲဆောင်မှုရှိတဲ့ မိန်းကလေးကို ကျောခိုင်းလောက်အောင်တော့ ငါမမိုက်မဲဘူး၊ ယောကျ်ားတွေကို မုန်းတီးစိတ်နဲ့ ယောကျ်ားလေးတွေကို အသည်းခွဲတန်းကစားဖူးတဲ့ အပြစ်တစ်ခုတော့ရှိခဲ့ပေမယ့် သူ့ကိုယ်သူတော့ မှဲ့တစ်ပေါက်မစွန်းအောင် ထိန်းသိမ်းနိုင်ခဲ့တဲ့ ချာတိတ်မပဲ"

"ဒါတွေ မင်းလေ့လာခဲ့လို့သိတာလား၊ သူပြောပြလို့သိတာလား"

ကောင်းပိုင် လင်းထက်ကို နားမလည်နိုင်သလိုကြည့်ပြီး. . .

"မလတ်လေကွာ၊ မွန်ခနဲ့ငါ့အပေါ် မသင်္ကာဖြစ်လာတာနဲ့ ငါကလမ်းကြောင်းလွှဲတဲ့အနေနဲ့ ကေသာစံဆိုတဲ့မိန်းကလေးမိတ်ဆွေရှိကြောင်း ပြောပြလိုက်မိတယ်၊ လိပ်စာကဒ်လေးလည်း ပေးလိုက်မိတယ်၊ အဲဒီမှာ စုံထောက်လုပ်ပြီး လေ့လာတယ်၊



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ သဘောကျလာတာပဲ၊ ဘုရားကိုးဆူမှာလည်း မင်းမြင်တဲ့အတိုင်းပဲလေ၊ အားလုံးက သူ့မှသူဖြစ်နေကြတာ"

"ဒီလိုဆို ပွဲပြီးနေပြီပဲ၊ ဒီလောက်တောင် ချစ်ခရီးလမ်းသာယာဖြောင့်ဖြူးနေမှတော့ မင်းစိတ်ကူးယဉ်အိပ်မက်ကို ရုပ်သိမ်းလိုက်တာ ကောင်းနေပြီထင်တယ်"

လင်းထက် မွန်ခအပေါ် မျှော်လင့်ချက်ထား၍ တိတ်တခိုးချစ်ခဲ့သည်။ စွဲလန်းခဲ့သည်ဆိုသည့်အချက်မှာ ယုံကြည်စရာမရှိတော့။

"ဖန်တီးယူလို့ရတဲ့အချစ်ကို ငါမလိုချင်ဘူး၊ ဖန်တီးယူရတဲ့အိမ်ထောင်ရေးကိုလည်း မတည်ဆောက်ချင်ဘူး၊ အချစ်ကြောင့်ပဲ အိမ်ထောင်တစ်ခုကို တည်ဆောက်ချင်တယ်. . ၊ ဒါကြောင့် ငါခုချိန်ထိ တွေဝေနေခဲ့ရတာ"

"ကောင်း. . လောကကြီးမှာအ ချစ်တစ်ခုတည်းနဲ့ တည်ဆောက်လို့ရတာမဟုတ်ဘူးလေကွာ၊ မင်းလူသားဆန်တဲ့ ဘဝတစ်ခုကို တည်ဆောက်ချင်တယ်ဆိုရင် အိမ်ထောင်မြန်မြန်ပြုလိုက်တော့ ဦးဇော်အောင်နဲ့ ထပ်တွေ့ပြီးရင် အခြေအနေကိုသုံးသပ်ပြီး အခွင့်သာရင် မွန်ခကိုထပ်တောင်းဆို၊ ရရင် မိဘတွေကို မငဲ့ဘဲလက်ထပ် ဒါပဲရှိတယ်၊ အဲ မင်း မွန်ခကိုပဲ တောင်းတောင်း ကေသာစံကိုပဲတောင်းတောင်း၊ မင်းနဲ့ဦးဇော်အောင်ကတော့ ပတ်သက်နေဦးမှာပဲ"

ကောင်းပိုင်ရင်ထဲ အစိုင်အခဲကို ဖွင့်ဟလိုက်ခွင့်ရသဖြင့် ကျေနပ်သွားသည်။ အနည်းငယ်လည်း ပေါ့ပါးသွားသည်။ တိမ်





တောင်သဖွယ် ရွေ့လျားနေသော မတည်ငြိမ်သည့် စိတ်အတွက်တော့ ထွက်ပေါက်ရသွားသည်။

ယောကျ်ားရင့်မာကြီးတစ်ယောက်အနေနဲ့ လွတ်လပ်သော မိန်းမသားတစ်ဦးကို ချစ်ရေးဆိုခွင့်ရှိနေသည်။ ချစ်ခြင်း၌ အရွယ်တို့ ဂုဏ်သိက္ခာတို့မရှိဘူးထင်သည်။

"ငါ ကြိုးစားဦးမယ်"

"ဒါမှပေါ့ကွာ၊ မင်းမွန်ခကိုယူရင် ရင်ဆိုင်ရမယ့်ပြဿနာတွေက အများကြီး၊ ကေသာစံကိုယူရင်တော့ တကယ့်ကိုပန်းခင်းလမ်းပဲ"

"အချစ်ပါရင် ဆူးနင်းဖို့လည်း မကြောက်ဘူးကွာ"

"အချစ်က မောင်ခေါ်ရာမလိုက်နိုင်ဘူးဆိုရင်တော့ မင်းခေါ်မယ့်အချစ်ရဲ့နောက်မှ တွဲလောင်းပါလာမယ့်သားက မင်းရဲ့စိတ်ကူးယဉ်ကို လှပစေနိုင်ပါ့မလား၊ ခုပဲ သူခဇော်ကြောင့် ဦးဇော်အောင်ကားပေါ် မွန်ခပါသွားရပြီလေ"

ကောင်းပိုင် လင်းထက်ကို ချေပစရာစကားမရှိတော့၊ မနက်ဖြန် တစ်ယောက်ပြီးတစ်ယောက် ရင်ဆိုင်လိုက်တော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်သည်။


ပထမဦးဆုံး ရင်ဆိုင်ဖို့ ရွေးချယ်ရမည့်သူမှာ မွန်ခ။



www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၂၈)

မွန်ခ "ကောင်း"သို့အသွား လမ်း၌ ကောင်းပိုင်ကား ရပ်ကာ တွေ့ဆုံလိုက်သည်။

"ဟင်. . ကိုကောင်း"

"ကိုယ် မင်းကိုစကားတွေပြောချင်တယ်၊ မင်းကို လိုက်ပို့ပေးမယ်"

"ကိုကောင်း ပြောမယ့်စကားကို ကျွန်မသိနေပါတယ်၊





ကျွန်စိတ်ကူးယဉ်အိပ်မက် မက်တတ်ပါဘူး၊ လက်တွေ့ဆန်ဆန်နဲ့ ဘဝတစ်ခုကို အေးချမ်းစွာ တည်ဆောက်သွားချင်တယ်၊ ကျွန်မမလိုက်ပါရစေနဲ့"

"မလိုက်ရင်. . . ကိုယ် ခနဲ့အတူ ဘတ်(စ်)ကားစီးပြီး ခနောက်လိုက်နေမှာပဲ"

"ရော်ခက်နေပြီ ကိုကောင်းရယ်၊ ကျွန်မ ကိုကောင်းကို လက်မခံနိုင်ဘူးလို့ ပြောပြီးပြီပဲ"

"ကိုယ့်ဂုဏ်သိက္ခာကို ယုံကြည်ရင် လိုက်ခဲ့ပေးပါကွာ၊ ကိုယ်မင်းကို ကောင်းဆေးရုံကိုပဲ ပို့ပေးမှာပါ"

"ဆေးရုံအထိတော့မပို့နဲ့ လမ်းထိပ်ဆင်းနေကျ မှတ်တိုင်နားအထိပဲ ပို့ပေးမယ်ဆိုရင် လိုက်ခဲ့ပါ့မယ်"

"ကောင်းပြီ ခစိတ်ဆင်းရဲအောင် ကိုယ်မလုပ်ပါဘူး"

ကောင်းပိုင်ကားရှေ့ခန်းတံခါးကို ဖွင့်ပေးလိုက်သော်လည်း မွန်ခကခေါင်းခါကာ နောက်ဆုံးတံခါးကိုဖွင့်ကာ ဝင်ထိုင်လိုက်သည်။

ကောင်းပိုင်တံခါးပြန်ပိတ်ရာ၌ အနည်းငယ်အသံမြည်သွားသဖြင့် "ဆောရီး" ဟုတောင်းပန်းလိုက်သည်။ မိမိအလိုမလိုက်တိုင်း ဒေါသဖြစ်ရမည့်ယောကျ်ားတွင် သူမပါ။

သူချစ်ခင်စွဲလန်းခဲ့သော မိန်းကလေးပေါ်တွင် သူနားလည်ခွင့်လွှတ်နိုင်ရမည်ပေါ့။

"ဦးဇော်အောင်နဲ့ ခနဲ့က ဘယ်လိုလဲ၊ ပြန်ပေါင်းသွားတော့မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"အစ်ကိုကြီး ကျွန်မကို ဘယ်တော့မှ ပြန်ပေါင်းမှာ မဟုတ်ပါဘူး"

ကောင်းပိုင်စိတ်ထဲ ဖျက်ခနဲဖြစ်သွားသည်။ ကျွဲမြီးတို သွားသည်။

"ခွင့်တောင်းရင် ခင်ဗျားက လက်ခံမယ်ဆိုတဲ့ သဘော ပေါ့"

"ဟင့်အင်း. . ကျွန်မကို အစ်ကိုကြီး ဘယ်တော့မှ ခွင့် တောင်းမှာမဟုတ်သလို ကျွန်မကလည်း လက်မခံပါဘူး"

"ဘာဖြစ်လို့လဲ၊ သူက ရဟန္တာမို့လို့လား၊ ရဟန္တတောင် မှ ဈာန်လျှောသေးတာပဲ"

"အစ်ကိုကြီးနဲ့ ကျွန်မကြားမှ ဖြူစင်တဲ့ မေတ္တာကလွဲ ရင် ဘာမှမရှိတော့ဘူး"

"ဒါဖြင့် ကိုယ်ကိုဘာဖြစ်လို့ လက်မထပ်နိုင်ရတာလဲ"

ကောင်းပိုင် ကျွဲမြီးတိုစွာ မေးလိုက်မိသည်။

မွန်ခက တည်ငြိမ်စွာပင်. . .

"ပထမအချက် မချစ်လို့၊ ဒုတိယအချက်က သား အဖေ နေရာမှာ ဘယ်သူကိုမှ အစားမထိုးနိုင်သလို သားဘဝမှလည်း ပထွေးဆိုတာ မရှိစေချင်လို့ပါ"

သွားပြီ. . ။ ကောင်းပိုင် ရင်ထဲ ဟင်းလင်းပြင်ဖြစ်သွား သည်။ ဘာဆိုဘာမှမရှိတော့ တွယ်ရာမဲ့ပမာ လွင့်မျောသွား လေပြီ။

"ဆယ်နှစ်အရွယ်လောက်က အမှတ်မထင်ဆုံဆည်းမှု





လေးတစ်ခုကို စွဲလန်းတယ်ဆိုတာ ဖြစ်နိုင်ပါတယ်. . ၊ ဒါပေမယ့် အဲဒါရှုးသွပ်ခြင်းတစ်မျိုးလို့ပဲ ခထင်တယ်၊ ခလည်း ငယ်ငယ် တတည်းက ကစားခဲ့တဲ့ အရုပ်ကလေး လက်ကိုင်ပုဝါလေး ခေါင်းစည်းပုဝါ၊ ကလစ်ကလေးတွေကအစ သိမ်းဆည်းထားခဲ့ တယ်၊ ခုတော့လည်း အသက်က ရလာတော့ ဘာကိုမှ ကိုယ် မပိုင်ပါလားလို့ သိသိလာပြီလေ. . အစွဲအလန်းကို အချစ်လို့ သုံးမှားသံသယမဝင်လိုက်ပါနဲ့ ကိုကောင်းရယ်"

မွန်ခက သူ့ထုံးစံအတိုင်း ပါးချိုင့်ကလေးခွက်သော အပြုံးကလေးနှင့် အေးချမ်းစွာပြောလိုက်သည်။ ကားနောက် ကြည့်မှန်မှတဆင့် မြင်ရသော မွန်ခကို သူမချင့်မရဲဖြစ်နေ မိသည်။

"သံယောဇဉ်တွယ်တာစရာရှိရင်၊ ကိုယ်နဲ့ နှစ်နှစ်ကျော် ပေါင်းသင်းခဲ့ပြီး ကိုယ့်ဘဝကို ပြည့်စုံအောင်ထားပေးခဲ့တဲ့ အစ်ကို ကြီးကိုသာ ပိုတွယ်တာသင့်တယ်လို့ ခ ထင်ပါတယ်၊ အစ်ကိုကြီး ကို ကျေးဇူးဆပ်ရဦးမှာပါ. . အစ်ကိုကြီးရဲဆန္ဒကို လိုက်လျောရ ဦးမှာပါ. . ၊ ဒါပေးဆပ်မှုတစ်ခုလို့ ခယုံကြည်တယ်လေ"

ကောင်းပိုင် စိတ်ပျက်သွားသည်။ တာထွက်မှာ ခြေ ခေါက်လဲသူပမာ ဖြစ်နေလေပြီ။

"ကိုကောင်းကျေးဇူးနဲ့ ခ ကောင်းဆေးရုံမှာ. . ."

"ဒါကျေးဇူးတင်စရာမလိုပါဘူး၊ မွန်ခ ပညာနဲ့ မွန်ခ ရတာ"

"ဘာပဲဖြစ်ဖြစ် ခ ကျေးဇူးတင်ပါတယ်. . ၊ ခ ကိုပြော



www.burmeseclassic.com

www.burmeseclassic.com



စရာရှိတယ်ဆို ပြောလေကိုကောင်း"

ကောင်းပိုင်၌ ဘာမှပြောစရာမရှိတော့ပါ။ မေးစရာ တစ်ခွန်းတော့ရှိနေသေးသည်။

"ခ. . ကိုယ့်ကို တကယ်ပဲ မချစ်နိုင်ဘူးလား" ဟူသော စကားအစား. . . ။

"ခ. . ဦးဇော်အောင်ကို ချစ်လို့ယူခဲ့တာလား"

မွန်ခက ခေါင်းခါရမ်းကာ. . .

"မိသားစု အခက်အခဲကြောင့် ထွက်ပေါက်ရှာတဲ့ အနေနဲ့ ယူခဲ့တာပါ. . ၊ ဒါပေမယ့် လင်မယားပဲလေ သံယောဇဉ်က တော့ရှိတာပေါ့. . ၊ အစ်ကိုကြီးကလည်း ချစ်ဦးသူနေရာအစား ထိုးဖို့ မိန်းမတွေ ယူခဲ့ခြင်းအပေါ် ကျွန်မနားလည်ခံစားနိုင်ပြီ၊

အချစ်ရဲ့ဆန်းကြယ်မှုပဲ. . ၊ ကိန်းဂဏန်းအရေအတွက် တွေထက် သာလွန်တဲ့ ပိုပြီးလေးနက်ခိုင်မာတဲ့ မေတ္တာတရားကို ပဲ ခလိုချင်လာတယ်၊ ခ အေးအေးချမ်းချမ်းပဲ နေချင်တယ်. . ၊ ပြိုင်ဆိုင်ခြင်း၊ တိုက်ခိုက်ခြင်း၊ ဖိနှိပ်ခြင်းတွေကို မခံစားနိုင်တော့ ဘူး ခ ကိုခွင့်လွှတ်ပါ. . ."

"ခ. . ကျွန်တော့်အပေါ် မချစ်နိုင်တာ 'ခ'အမှားမဟုတ် ပါဘူးလေ၊ ကျွန်တော် ခ့ို ခွင့်လွှတ်ပါတယ်"

ကောင်းပိုင်၌ ပြောစရာစကားမရှိတော့ပါ။ ကောင်းပိုင် နားလည်ခွင့်လွှတ်ပါသည်။ ကိုယ်က ချစ်ရသူပေပဲ။ ပါးကွက် ကျားလေးနှင့် မိခရေကို မသိစိတ်က စွဲလန်းခြင်း၌ သန့်စင်ခြင်း နှင့် စခဲ့တာပဲ၊ ခုကော ဘာဖြစ်၍ သန့်စင်သော မေတ္တာမထား





နိုင်ရမှာလဲ. . ။

"ခကို တစ်ချိန်ချိန်မှာ ကိုကောင်းပိုပြီး နားလည်သွား နိုင်လိမ့်မယ်လို့ မျှော်လင့်မိပါတယ်"

"ကိုယ်လဲ မျှော်လင့်ရမှာပဲပေါ့ ခရယ်. . ၊ ဒါပေမယ့် မိတ်ဆွေဘဝနဲ့တော့ ခကို လိုအပ်တဲ့အခါ ကူညီစောင့်ရှောက် ခွင့်. . "

"မိတ်ဆွေဆိုတဲ့ ဆက်နွယ်မှုကို ကိုကောင်းနားလည် ရင် ပြီးတာပါပဲ. . ၊ ခကိုလေ ရှေ့နားမှာပဲ ရပ်ပေးပါ ကိုကောင်း ရယ်. . ၊ ခ အပေါ် အထင်အမြင်သေးတဲ့ မျက်လုံးများရဲ့ ကြည့် ရှုခြင်းကို ခ. . မခံစားပါရစေနဲ့"

"ခရယ်"

ကောင်းပိုင် မချိတင်ကဲ ရေရွတ်လိုက်မိသည်။ မွန်ခ၏ မနောစိတ်က ဖြူစင်သည်။ မွန်ခစိတ်ချမ်းသာပါစေတော့။ မွန်ခ အလိုကျ ကားရပ်ပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် ကိုကောင်း၊ ကိုကောင်း ဆန္ဒကို မလိုက်လျောနိုင်ပေမယ့် ခဘဝမှာ ကိုကောင်းကို အမြဲတမ်း အမှတ်ရနေမှာပါ. . ၊ ဆရာနဲ့ ထပ်တူပါပဲ ကိုကောင်း. . ၊ ကိုင်း သွားမယ်နော်. . "

မွန်ခ ကားတံခါးဖွင့်ကာ ဆင်းသွားသည့်တိုင်အောင် သူ ပြန်မောင်းမထွက်မိ။

ရင်ထဲဟင်းလင်းပြင်ကို ဘယ်လိုဖြည့်ဆည်းရမလဲ။

အစားထိုးခြင်း။ အချစ်ကို အစားထိုးလို့ ရနိုင်သလား။



www.burmeseclassic.com

www.burmeseclassic.com




မိမိကကော တကယ်ပဲ မွန်ခကို နှစ်နှစ်ကာကာချစ်ခဲ့ခြင်းလား။ လောလောဆယ်တော့ မွန်ခနှင့်ဝေးပြီဟု ခံစားလိုက်ရသော ဝေဒနာကတော့ ရင်မှာနင့်နင့်သီးသီးပင်. . . . ။









## အခန်း (၂၉)

"ကိုယ် မောင်ရင်နဲ့တွေ့ချင်တယ်"

လေလှိုင်းမှတဆင့် အသံရောက်လာသော်လည်း ဦးဇော်အောင်၏ ပုံရိပ်ကို လှမ်းမြင်ရသလိုဖြစ်နေသည်။ အချစ်ဆုံးဇနီး မမလေး၏ရင်သွေး သူ့ထံရောက်ရှိလာခြင်းက သူ့ဘဝအတွက် အဓိပ္ပါယ်ပြည့်စုံသွားသကဲ့သို့ ခံစားနေရသော ပီတိပြည့်ဝသော လောကကြီးကို ကျေနပ်စွာ အနိုင်ယူလိုသော မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



နှင့် ဦးဇော်အောင်ကို မြင်ယောင်လျက်. . .

"ဟုတ်ကဲ့ ကိစ္စအထူးရှိပါသလား"

"မွန်ခနဲ့ပတ်သက်လို့ ကိုယ်ပေးထားတဲ့ကတိနဲ့ ပတ်သက်နေတယ်. . မောင်ရင်. ."

"ရုပ်သိမ်းမယ့်အကြောင်း အသိပေးမလို့မှတ်လား အစ်ကိုကြီး၊ ကိစ္စမရှိပါဘူး. . ကျွန်တော် နားလည်သဘောပေါက်ပါတယ်"

"မောင်ရင်က ဘယ်လိုသဘောပေါက်လိုက်တာလဲ"

"အစ်ကိုကြီးတို့ ပြန်ပေါင်းမယ့်ကိစ္စကို ပြောမလို့မဟုတ်လား"

ဦးဇော်အောင်ထံမှ သက်ပြင်းချသံကြားလိုက်ရသည်။

"ပြန်မပေါင်းပါဘူးမောင်ရင်. . သားသုခအတွက် ကိုယ်တို့အလိုက်သင့်နေသွားပေးကြရုံကလွဲပြီး သူရောကိုယ်ပါ ပြန်ပေါင်း ဖို့ဆန္ဒလုံးဝမရှိကြပါဘူး. .၊ သူ့အတွက်လည်း ကိုယ်အခွင့်အရေးတစ်ခု ထပ်ပေးလိုက်ပါတယ်. .၊ အချိန်မရွေးအိမ်ထောင်ပြုပါ. . သားသုခကိုလည်း သူ့ရင်ခွင်မှာပဲ အမြဲထားချင်ရင်လည်း ထားနိုင်ပါတယ်လို့လေ. ."

"ဟင်း. . ဒါပေမယ့် ကျွန်တော့်အတွက်ကတော့ မျှော်လင့်ချက်မရှိတော့ပါဘူး၊ ကျွန်တော် နောက်ဆုတ်လိုက်ပါပြီ"

"ဒါကတော့ မောင်ရင်ရဲ့ ကြိုးစားမှုပေါ်မှာ မူတည်ပါတယ်၊ ကိုယ့်ဘက်ကတော့ သဘောထားဘယ်တော့မှ မပြောင်းလဲဘူးဆိုတာကို မောင်ရင်သဘောပေါက်ထားရင်ပြီးတာပါပဲ၊





ကိုယ်ကတိမပျက်ပါဘူး. . ကိုယ်ဟာ အမွန်တို့သားအမိအပေါ်ကို သန့်စင်စွာနဲ့ စောင့်ရှောက်ပေးခြင်းကို မောင်ရင်အထင်မမှားစေချင်ဘူး"

"ဟုတ်ကဲ့. . ကျွန်တော်သဘောပေါက်ပါတယ်၊ ကျွန်တော်နဲ့ တွေ့ဆုံချင်တဲ့ကိစ္စက ဒါပဲထင်တယ်နော် အစ်ကိုကြီး"

"ဟုတ်ပါတယ်. . မောင်ရင်. . အားတော့မှလာတွေ့ပါဦးမယ်"

"ဟုတ်ကဲ့ အစ်ကိုကြီး"

"ဒါပါပဲ မောင်ရင်"

ဦးဇော်အောင် ဖုန်းချလိုက်သည်နှင့် ခလုပ်ပိတ်ပြီး ကားဒတ်ချ်ဘုတ်ပေါ်တင်စဉ် ဖုန်းခေါ်သံမြည်လာသဖြင့် ကိုင်လိုက်ရပြန်သည်။

"ဟဲလို"

"ကောင်း. . မနက်ဖြန် ဘုရားဖူးသွားတော့မယ်လေ ဘယ်လိုလဲ လိုက်မှာလား"

ဩော် ဟုတ်သားပဲ သူချစ်စိတ်မွှန်နေလိုက်တာ မိဘတွေ ကိစ္စတောင်မေ့သွားပြီ။

"ကေသာစံကော"

"သူ မလိုက်ဖြစ်ဘူး. . ဒါပေမယ့် သူ့အဒေါ်လိုက်မယ်သား သူတို့အိမ်မှာ နားနားနေနေတည်းခိုဖို့ အားလုံးစီစဉ်ပေးတယ်"

ကေသာစံကို သတိရလိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်လည်း မလိုက်တော့ဘူး မမေ. . နောက်မှပဲ အေးအေးဆေးဆေး သွားတော့မယ်"

"အေးအေး ဒါဖြင့်ပြီးရော"

"ညနေမှ ကျွန်တော်လာခဲ့မယ်နော်"

"အင်း. . အင်း. . ဒါထက် သားကို မေးစရာရှိတယ် သားနဲ့ ကေသာစံနဲ့က. ."

ကောင်းပိုင်ရင်ထဲ ထိတ်ခနဲဖြစ်သွားသည်။ ပြီး. . တွေဝေသွားရသည်။

သူ့ရင်ထဲ၌ ကေသာစံရှိနေသလား။

"ဟင်. . သား ဖြေလေ"

"ရိုးရိုးပါ"

"ဒီလောက်လှတဲ့ မိန်းကလေး ချစ်စရာကောင်းတဲ့ မိန်းကလေးကို သားစိတ်မဝင်စားဘူးလား"

"စိတ်တော့ဝင်စားပါတယ်၊ ဒါပေမယ့် စိတ်ဝင်စားတာနဲ့ချစ်တာ တစ်ခြားစီပဲထင်တယ်"

မမေထံမှ ရယ်မောသံထွက်ပေါ်လာသည်။

"ကျောင်းပြီးတာနဲ့ ပင်လယ်ပြင်ပဲကြည့်ပြီး တိုင်းတပါးသွားနေရတဲ့ ကောင်းကို မမေသနားတယ်၊ ဒါကြောင့် ကောင်းအနာဂါတ်အတွက် အကောင်းဆုံးနဲ့ အပျော်ရင်ဆုံးဖြစ်အောင် စီစဥ်ပေးလိုက်မယ်. .၊ နောင်မှ မိဘကို ကျေးဇူးတင်နေမှာ"

"မမေ ကောင်းမသိပဲ ဘာမှမလုပ်ရဘူးနော်၊ စကားကျွံတာတို့ လွန်သွားတာတို့မဖြစ်စေနဲ့နော်. . မမေ"





"အေးပါ. . ဒါပဲ. . ဒါပဲ. . ညနေ လာခဲ့"

"ဟုတ်ကဲ့"

တယ်လီဖုန်းပြတ်သွားသည်။ ကောင်းပိုင် ကေသာစံကို သတိရလိုက်မိသည်။

ထိုစဥ် ဗင်တစ်စီး ဝင်လာသည်။ လင်းထက်နှင့် နှင်းနှင်းတို့ စုံတွဲရောက်လာသည်။

"ဖိတ်စာလာပို့တာလား"

"အရေးကြီးတဲ့စကား ပြောစရာရှိလို့"

"လာ. . ငါ့ယာယီဧည့်ခန်းမှာ စကားပြောကြတာပေါ့"

ကောင်းပိုင်က လင်းထက်မှ အရေးတကြီးစကားဆိုသဖြင့် အံ့အားသင့်သွားသည်။ လင်းနှင့်သူ တစ်နေ့ကပဲ စကားတွေအတော်များများပြောဖြစ်သည်။ လင်းထက်သည် အိမ်ထောင်ရေးနှင့်ပတ်သက်၍ ကိုယ်တိုင်ဆုံးဖြတ်ကာ အကောင်းဆုံးပဲဟု နောက်ဆုံးအကြံဉာဏ်ပေးခဲ့သည်။

ယခုဘာကိစ္စ အရေးကြီးရပြန်ပါလိမ့်။ ဒီတစ်ခေါက် မြန်မာပြည် ပြန်ရောက်ကတည်းက တွေးလိုက်ရသည့်စိတ်၊ တွေဝေရသည့်စိတ်။

"ကိုင်း. . နှင်းပဲ ပြောတော့ကွာ"

"ကောင်းနဲ့ ကေသာစံ ဘယ်အချိန်က စသိကျွမ်းတာလဲ"

"သံလျှင်မှာ အိမ်မဝယ်ခင်ကလေးကတင်"

"ဒါဆိုသေချာပြီ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိုသေချာတာလဲ"

ကောင်းပိုင် နှင်းနှင်းစကားကို နားမလည်နိုင်။

"ကောင်းနဲ့သိလျက်နဲ့ . . ကေသာစံက မသိချင်ဟန်ဆောင်ခဲ့တဲ့အတွက် နှင်းဆီက ကောင်းနဲ့ မွန်ခအကြောင်းတွေ သိသွားခဲ့တယ်"

ကောင်းပိုင်ရင်ထဲ ထင့်ခနဲဖြစ်သွားရလေသည်။

ကေသာစံ ဦးဇော်အောင်၏သမီးမှ ဟုတ်ရဲ့လား။

ဟုတ်မှာပါ . . ဒီလောက်ရုပ်ချင်းဆင်တာ။

သို့သော် ကေသာစံ ဦးဇော်အောင်နှင့် မွန်ခအပေါ် လိုက်လျောသဘောတူခြင်းကတော့ မရိုးသား။

"ကေသာစံဟာ သတ္တိရှိတယ်"

"မွန်ခအပေါ် သူမကောင်းကြံတာမှမဟုတ်ပဲ၊ သူ့အဖေနဲ့ယှဉ်ဖို့တိုက်တွန်းလည်း မွန်ခမနစ်နာပါဘူး . . ၊ နှင်း ဒီကိစ္စကိုကောင်းစဉ်းစားနိုင်အောင် ကိုယ်တို့ပြောပြရုံပဲရှိတာ"

"ဦးဇော်အောင်ရဲ့ သမီးအရင်း အမှန်တကယ် ဖြစ်ခဲ့တယ်ဆိုရင် . . မွန်ခမှာ အပြစ်မရှိဘူး"

ကောင်းပိုင် လင်းထက်တို့ ဇနီးမောင်နှံစကားကို မကြာတစ်ချက် ကြားတစ်ချက်ဖြစ်နေသည်။

နှင်းနှင်းက ကေသာစံတို့ စံကိုယ်ကာယအလှသင်တန်း၌ သွားရောက်သင်တန်းတက်ရာမှ ကေသာစံနှင့်ရင်းနှီးပြီး လင်းထက်အကြောင်း တစ်ခုလပ်နှင့်ယှဉ်၍ အပျိုစင်က ရှုံးရသည် အဖြစ် မခံနိုင်တော့သည့်အကြောင်း စမိရာက. . . မွန်ခအ





ကြောင်းနှင့် လင်းထက်နှင့်ကောင်းပိုင်အကြောင်းပါ ရောက်သွားမိကြောင်း ဝန်ခံလေသည်။

နောက်မကြာခင် ဦးဇော်အောင်၏သမီးအဖြစ် ကေသာစံဘွားခနဲ ပေါ်ပေါက်လာခြင်းအပေါ် မယုံကြည်နိုင်တော့သဖြင့် ကောင်းပိုင်ကို လာ၍ပြောပြခြင်းဖြစ်သည်။

ကောင်းပိုင် ခေါင်းတဆတ်ဆတ်ညိတ်လေသည်။

သူသဘောပေါက်သည်။

ဒါကြောင့် ဦးဇော်အောင်နှင့် တွေ့ဆုံမှု၌ ကေသာစံက သူ့ကိုအလီဘိုင်လုပ်ကာ သားအဖဖြစ်ကြောင်း ဇာတ်လမ်းဆင်ကာ သူနှင့်မွန်ခ ဝေးအောင် ဦးဇော်အောင်နှင့် ကေသာစံ ပူးပေါင်းကြံစည်ခြင်းလား. . . ။

"ဒါဆို . . ငါမေမေတို့နဲ့ မကွေးလိုက်သွားမယ်ကွာ"

ကေသာစံ၏ နောက်ကြောင်း အစစ်အမှန်ကို စုံစမ်းတော့မည်ဟု ကောင်းပိုင် ဆုံးဖြတ်ချက်ချလိုက်သည်။

သူ၏အာရုံကို အချိန်အတော်များများ ဖဲကစားသူမှာ ကေသာစံဖြစ်မှန်းမသိ ဖြစ်လာချေပြီ။

ကေသာစံ လုပ်ဇာတ်တစ်ခုကို နိုင်နင်းစွာကပြခြင်းဆိုပါက အတော်သရုပ်ဆောင်ကောင်းသည့် မိန်းကလေးဖြစ်မည်။ သူတောင် ကေသာစံအပေါ်၌ ဂရုဏာမိုးတွေ တစ်စိမ့်စိမ့် ရွာသွန်းဖြိုးခဲ့မိလေသည်။

"ကောင်း. . ."

"ဟင်. ."



www.burmeseclassic.com

www.burmeseclassic.com



"တကယ်လို့ ကေသာစံက ဦးဇော်အောင်ရဲ့ သမီးအစစ်မဟုတ်ဘူးဆိုရင် မင်းဘာလုပ်မလဲ"

"အမွန်က ငါ့ပရိုပို့စ်လုပ်မှုအပေါ် ပြတ်သားစွာ ငြင်းပယ်လိုက်ပြီလေ. . ၊ ငါအိမ်ထောင်ပြုဖို့ စဉ်းစားပေးရတော့မှာ ကေသာစံ ဖြစ်နေတယ်. . ၊ ဒါပေမယ့် သူဟာမူယာမာယာများပြီး ငါ့ထံကအချစ်ကိုရယူဖို့ ကြိုးစားမယ်ဆိုတာ သေချာရင်တော့. . ငါဘယ်တော့မှ စဉ်းစားမှာမဟုတ်ဘူး"

"ဦးဇော်အောင် သမီးအရင်းဆိုတာ သေချာတယ်ဆိုရင်ကော"

ကောင်းပိုင် သူငယ်ချင်းကိုလှမ်းကြည့်ကာ ရှယ်ရယ်လေး ရယ်လိုက်ပြီး. . .

"ဟက်. . သူလိုမိန်းကလေးမျိုး လက်ထပ်ဖို့ ငြင်းပယ်ရဲတဲ့ ယောကျ်ားဟာ နှစ်ဦးပဲရှိနိုင်တယ်. ."

နှင်းနှင်းက နားမလည်. . .

"အရှုံးမို့လို့ပြောရင် တစ်ယောက်ဟုတ်ပြီ၊ နောက်တစ်ယောက်က ဘယ်သူဖြစ်နိုင်မလဲ"

"နှင်းကလည်း. . ဂန္ဒူးကိုပြောတာ"

"ဩော်"

ခုမှ ကောင်းပိုင်အတွက် အပြုံးအရယ်တွေ ပြန်ရလာသည်။ မွန်ခပြောသလိုပင်. . .။

အစွဲအလန်းဆိုတာ ရူးသွပ်ခြင်းတစ်မျိုးဟုတ်မှာပါ။ သူစွဲလန်းခဲ့သော မိခရေက ကလေးဘ၀က မိခရေ. .။ ခုမွန်ခက





သူတစ်ခါမှ စိတ်ကူးယဉ်ထဲမှာပင် မမက်ခဲ့သော တစ်ခုလပ်ကလေးတစ်ယောက်မိခင်။ သူဘာကြောင့်များ ရူးသွပ်စွာဖြင့် လက်ထပ်ခွင့်တောင်းသည်အထိ ဖြစ်ခဲ့ရပါလိမ့်။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၀)

ကေသာစံသည် ဦးဇော်အောင်၏ အိမ်ကြီးပေါ်သို့ ရောက်ခဲ့လေပြီ။ သူပိုင် တိုက်ခန်းနှစ်လွှာကိုတော့ သင်တန်း အခန်း အဖြစ်တိုးချဲ့ကာ ထားလိုက်သည်။

သူခဇော်ပြန်သွားပြီး အိမ်ကြီးသည် ခြောက်သွေ့သလို ဖြစ်သွားသည်။

"ဖေဖေ"





"ဘာလဲ ကေကေ"

"မေမေလေးကို ဖေဖေပြန်ပေါင်းလိုက်ပါလား"

"ဘာဖြစ်လို့လဲ သမီး၊ ဖေဖေနောက်အိမ်ထောင်ပြုဖို့ စိတ်ကုန်သွားပြီ. . ဖေဖေမှာသားရှိတယ်၊ ခုသမီးကြီးရှိလာပြီ၊ ဖေဖေ့ဘဝအတွက် ပြည့်စုံသွားသလို ခံစားရတယ်"

"ကေကေအတွက်တော့ ဘာမှငဲ့ညှာစရာမလိုဘူးနော်၊ ဖေဖေ ကေကေ မေမေးလေးကို ဖေဖေနဲ့ကြည်ဖြူနိုင်ပါတယ်"

ကေသာစံ ဖခင်ကို သွေးတိုးစမ်းကာ နားချလိုက်သည်။

"ဖေဖေကိုသာပြောနေ သမီးကကော ကောင်းပိုင်နဲ့က"

ကေသာစံ. . ဖခင်က ခုလိုဖွင့်မေးလာတော့ ရှက်သွားသည်။ ဘဘမောင်တို့၏ လက်ပေါ်ကြီးပြင်းခဲ့သူဖြစ်သဖြင့် ဖခင် ကိုလည်း တရင်းတနှီးပင်ပြောဆို ဆက်ဆံရဲသူဖြစ်သော်လည်း ဤကိစ္စမျိုးတော့ ဖြေရခက်နေသည်။

"ရိုးရိုးမိတ်ဆွေတွေပါ"

"အမွန်ကို သမီးတို့နှစ်ယောက်ကြားမှ ဆူးညှောင့်ခ လုတ်လိုဖြစ်နေလို့ ပထုတ်ချင်တာလားသမီး"

ကေသာစံ ဟက်ခနဲရယ်လိုက်မိသည်။ မိမိသည် အဖေ စိတ်နှင့်တူခြင်းဖြစ်မည်။ ကြည့်စမ်း. . မိမိစိတ်ထဲ ဘာတွေရှိ သည်ကို ဖခင်က တန်းခနဲသိလေသည်။

"မဟုတ်ပါဘူး. . ဖေဖေများ ကေကေကိုငဲ့ညှာနေမ လားလို့ မေမေလေးဒီလောက်လှပပြီး ချစ်စရာကောင်းတာ ကို သူခဇော်အတွက်. ."



www.burmeseclassic.com

www.burmeseclassic.com



"သုခဇော်အတွက် ထည့်မစဉ်းစားပါနဲ့သမီး၊ သူဟာ ယောက်ျားလေး... ပြီးတော့ဖေဖေက သူ့ကိုဥပေက္ခာပြုမထားဘူး၊ ဖေဖေနဲ့ အမွှန်ဟာ လင်းမယားအဖြစ် ပြတ်စဲထားတာတာလွဲရင် သုခဇော်ရဲ့အဖေ အမေအဖြစ်နဲ့ ရပ်တည်ပေးနေကြတာပဲ၊ သုခဇော်ဘဝမှာ မျက်နှာငယ်စရာအကြောင်း ဘာမှမရှိဘူး"

"ဖေဖေနဲ့ မေမေလေးမှာ ညှိနှိုင်းမရတဲ့ ပြဿနာရှိနေသလား"

ဖခင်ဦးဇော်အောင်က ပြုံးကာ ကေသာစံကိုကြည့်လိုက်သည်။

"အစွဲအလန်းပေါ့ သမီးရယ်၊ ဖေဖေက မမကိုအစားထိုးဖို့ မိန်းမတွေ တစ်ယောက်ပြီးတစ်ယောက် ယူတယ်၊ အစားထိုးမရနိုင်တဲ့ အချစ်အပေါ် မနာလိုဘူး၊ သည်းမခံနိုင်ကြဘူး၊ အမွှန် အဲဒီအထဲမှာမပါဘူး၊ သူက ဖေဖေဆီကအချစ်နဲ့ ဖေဖေ့ကိုအပိုင်စီးဖို့ မမျှော်လင့်ဘူး. .၊ ဆင်းရဲကြပ်တည်းမွန်ကျပ်နေတဲ့ သူ့မိသားစုထွက်ပေါက်အတွက် ဖေဖေကို လက်ထပ်ခဲ့တာ. .၊ ဖေဖေအပေါ် ဝတ္တရားသိပ်ကျေပွန်တဲ့ ကျွန်မယားလိုမိန်းမတစ်ယောက်ပဲ၊ ဒါပေမယ့် ဖေဖေကသူ့ကိုအချစ်မပေးနိုင်ဘူး. . သူကလည်း ဖေဖေ့ကို အချစ်မပေးနိုင်ဘူး၊ မေတ္တာပဲပေးတယ် အချစ်မပါရင် အိမ်ထောင်ရေးဟာ အဓိပ္ပာယ်မရှိဘူး၊ ဒါကြောင့်ဖေဖေတို့နှစ်ဦးသဘောတူ ကွာရှင်းခဲ့ကြပေမယ့် နားလည်စွာနဲ့ အပြန်အလှန် စောင့်ရှောက်မှုပေးနေကြတာပေါ့"





ကေသာစံ နားမလည်။ အရွယ်အားဖြင့်တော့ မိမိသည် ငယ်သေးသည်။ ခုခေတ် အသက်နှစ်ဆယ်အရွယ်က ပညာတွေ တစ်ခုပြီးတစ်ခု လောဘတကြီး ရှာဖွေနေကြအရွယ်ပေပဲ။

ထို့ကြောင့်. . .

"ဖေဖေတို့ကို ကေကေနားလည်အောင် ကြိုးစားပါ့မယ်၊ ကေကေကြောင့်တော့ ဖေဖေဘဝမှာ လွတ်လပ်ခွင့် ဆုံးရှုံးတာမျိုးမရှိစေနဲ့နော်. . ဩော် . . ဖေဖေ မေမေလေးမှာ ချစ်ဦးသူရှိခဲ့ဘူးလား"

"မသိဘူး. . စွဲလန်းခဲ့ဖူး၊ တိတ်တခိုးမျှော်လင့်ခဲ့ဖူးတာတွေဘာတွေတော့ ရှိမှာပေါ့၊ ဖေဖေမသိချင်ပါဘူး၊ သူ့ကို လွတ်လပ်ခွင့်ပေးထားတာပဲ"

"ဖေဖေကလည်း. ."

"ဖေဖေ့ရင်ထဲမှ မမလေးတစ်ယောက်တည်းရှိတယ်. .၊ ဒါပဲသမီး. . ကိုင်း ဖေဖေ ဧည့်သည်တွေနဲ့ ချိန်းထားတာရှိတယ်၊ သမီးလိုက်မလား. . ဆီဒိုးနားမှာ"

"ဟင့်အင်း. . မလိုက်ဘူး ဖေဖေစောစောပြန်လာခဲ့"

ဖခင်ဦးဇော်အောင်ဘဝ၌ စောစောပြန်လာခဲ့ဟု မှာသော မမကိုယ်စား မိမိအမိန့်ပေးဖို့ရောက်လာသော သမီးဖြစ်သူ ကေသာစံ၏ ခေါင်းကိုပုတ်လိုက်ပြီး. . .

*"အဖေ့ကို ခွင့်ပြုပေးတယ်. . သွားမယ်"*

*ကေသာစံ. . ပြုံးရယ်ကာ ဖခင်လက်မောင်းကို ဖက်*ထွယ်ကာ ကားပေါ်အထိပို့ပေးပြီး လက်ပြကျန်ရစ်ခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ ညှိခန်းစားပွဲပေါ်၌ တင်ထားသော ဖုန်းခလုတ်ကိုဖွင့်လိုက်သည်။

"ဟဲလို"

ဦးကောင်းပိုင်အသံ။

"ဦးကောင်းပိုင်"

"ပြော. . . ကေသာစံ"

"ရှင် ဘုရားဖူးလိုက်တော့မယ်ဆို"

"သတင်းကမြန်လှချည်လား. . မေမေပြောလိုက်ပြီထင်တယ်"

"ဟုတ်တယ်"

"မင်းက တော်တော်ခြေလှမ်းသွက်တာပဲ"

ဦးကောင်းပိုင် ဘာကိုဆိုလိုမှန်း ကေသာစံလေးလေးနက်နက်မတွေးချင်။

လောကကြီး၌ ဟိုတွေးဒီတွေးနှင့် အချိန်တွေဖြုန်းတီးရမှာကို ကေသာစံ မုန်းတီးမိလေသည်။

"ဟင်. . ခရီးထွက်မှာက ဦးကောင်းပိုင် ဘယ်နဲ့ခြေလှမ်းသွက်ကာက ကျွန်မဖြစ်ရတာလဲရှင်"

"မင်းအသိဆုံးနေမှာပါ"

ကေသာစံက ကျွဲမြီးတိုသံနှင့်ပြောနေသော ဦးကောင်းပိုင်ကိုရယ်ချင်သဖြင့် ရယ်သံပြုကာ. .

"အသံကြီးက ဘယ်လိုဖြစ်နေတာလဲ၊ ဦးကောင်းပိုင် ရည်စား နောက်လိုက်သွားလို့ ကျွဲမြီးတိုနေတာလား"





"ပြောတော့ကွာ. . မင်းကတော့ အတော်ပျော်နေပုံပဲ"

"ပျော်တာပေါ့. . တစ်ကောင်ကြွက်ဘဝလို့ ကိုယ့်ကိုကိုယ် ထင်ထားပြီး အားငယ်မှုကိုဖြေဖျောက်ပြီး လောကကြီးကိုရဲရဲရင့်ရင့် တစ်ယောက်တည်း ရင်ဆိုင်ခဲ့ရတာ. . မောလိုက်တာ၊ ဘယ်သူမှ ကိုယ်ခံစားခဲ့ရတာကို မသိနိုင်ဘူး. . ခုတော့ အရမ်း *ပျော်တယ်၊ အဖေရှိတယ်၊ ဆွေမျိုးရှိတယ်. . ချစ်စရာကောင်း*တဲ့ မောင်ငယ်လေးရှိတယ်၊ ဘယ်လောက်ပြည့်စုံစရာကောင်းတဲ့လောကလဲလို့"

*"မင်းကတော့ စံပါပဲ ကေသာစံ"*

ကေသာစံက ရယ်မောလိုက်သည်။

"ကေသာစံပဲလေ. . ပျော်ချင်ရင်လွယ်ပါတယ်၊ အစွဲအ*လန်းမထားနဲ့၊ ကျွန်မတော့ ဘယ်အရာကိုမှ အစွဲအလန်းမထား*ဘူး၊ အစွဲအလန်းဆိုတာ ငြီးငွေ့စရာကောင်းတဲ့ အလုပ်တစ်ခုပဲ၊ ငြီးငွေ့စရာဆိုတာမျိုးကို ကျွန်မဆီကိုဘယ်တော့မှ အရောက်မခံတတ်ဘူး"

"မင်းက လက်တွေ့သမားပေါ့"

"ဒါပေါ့. . ပြီးတော့ ရှိသေးတယ် ဦးကောင်းပိုင်၊ ကျွန်မကို အနာတရဖြစ်အောင် လုပ်သွားတဲ့လူကိုလည်း ဘယ်တော့မှ ခွင့်မလွှတ်တတ်ဘူး၊ လက်တုန့်ပြန်လိုက်ရမှ ကျေနပ်မယ်။ ကျေနပ်သွားပြီဆိုရင် ဥပေက္ခာပြုလိုက်ဖို့ ဝန်မလေးတတ်ဘူး ဦးကောင်းပိုင်"

ကေသာစံ ရည်ရွယ်ချက်တွေကို ဦးကောင်းပိုင် သိမည်



www.burmeseclassic.com

www.burmeseclassic.com



မထင်ချေ။

ဘာပဲပြောပြော ကေသာစံကျေနပ်သည်။ ကံကြမ္မာသည် ကေသာစံအပေါ် နားလည်သွားပြီထင်။ မျက်နှာလိုက်နေပြီ။

"မနက်ဖြန် ခုနှစ်နာရီအမှီ ဒေါ်ကြီးအေးကိုလာပို့ပေးမယ် မကျွေးအိမ်အတွက် လက်ဆောင်ပစ္စည်းတွေကော လမ်းမှာစားဖို့ကော ထည့်ပေးလိုက်မယ်. .၊ ကျွန်မလာမှာမဟုတ်ဘူးနော်. . ဖေဖေလာမှာ၊ သင်တန်းချိန်ရှိနေလို့လေ. . ခွင့်လွှတ်ဖို့ အန်တီတို့ မမလတ်တို့ကို တောင်းပန်ထားပြီးပြီ၊ အစက မလိုက်ဖူးဆိုပြီး အခုမှဘာစိတ်ကူးပေါက်ပြီး ကောက်ခါငင်ကာ ထလိုက်တာလဲ သိချင်လို့မေးတာ"

"ပျင်းလို့"

"ဆောက်နေတဲ့အိမ်ကြီးကိုကော အခုတော့ စိတ်ချပြီလား"

"သူငယ်ချင်းကို အားလုံးလွှဲထားပြီး ပုံအပ်လိုက်ပြီ"

"သိပ်ကောင်းတာပေ့ါ"

ဦးကောင်းပိုင်ကို ကလိရတာကိုပင် ကေသာစံကျေနပ်နေသည်။

"ကိုင်း. . ဒါပါပဲဦးကောင်းပိုင် ဘုရားဖူးပြီးပြန်လာမှ တွေ့ကြတာပေါ့. . ဂွတ်နိုက်"

ဦးကောင်းပိုင် ဘာမှတုန့်ပြန်မပြောနိုင်မီ ကေသာစံ ဖုန်းကို ပိတ်လိုက်လေသည်။





ဪ. . ဦးကောင်းပိုင် မိန်းမတစ်ယောက်ကို ပေ့ါသေးသေးလို့ထင်ထားခဲ့တဲ့ ရှင့်ရဲ့အယူအဆတွေ မကြာခင်မှာ သိစေရမှာပေ့ါ၊ မိန်းမသားပေမယ့် အချစ်ကိုဦးစားမပေးတတ်ကြောင်း စိတ်ဓာတ်ကြံ့ခိုင်စွာနဲ့ လုပ်သင့်လုပ်ထိုက်တာကို လုပ်တတ်တဲ့ မိန်းမတွေထဲမှာ ကေသာစံဟာလည်း ထိပ်ဆုံးမှာပါကြောင်း ရှင်မကြာခင် သိရတော့မှာပါ။

ကေသာစံစိတ်ထဲမှနေ၍ ကောင်းပိုင်ကိုလှမ်း၍ ကြုံးဝါးနေမိသည်။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၁၁)

ဘုရားဖူးပြန်ရောက်ရောက်ခြင်း ကောင်းပိုင်စိတ်တို့သည် မရိုးမရွဖြစ်နေသည်။ ကေသာစံတို့ နန်းသဇင်အိမ်ကြီး၏ သပွတ်အူဇာတ်လမ်းသည် အစစ်အမှန်ပင်ဖြစ်သည်။

ကေသာစံသည် နန်းသဇင်မိသားစု၏ တကယ့် နောက်ဆုံးမျိုးဆက်ပင်။

မိမိ၏ မိဘများက အရမ်းကိုသဘောကျကာ တစ်ခါ



www.burmeseclassic.com

www.burmeseclassic.com



တည်း ကေသာစံကြီးကြီး ဒေါ်တင်တင်ကြီး တွတ်ထိုးကာ နားဖောက်ခဲ့လေသည်။

ဒေါ်တင်တင်ကြီးတို့ ဘက်က ကေသာစံ၏ ဖခင်ရင်း ဦးဇော်အောင်သဘောတူလျှင် ပြောစရာမရှိပါတဲ့။

ကောင်းပိုင်ကတော့ ဒေါ်မမလေးနှင့် ဦးဇော်အောင်တို့၏ ချစ်ရာဇဝင်ကို လိုက်လံစုံစမ်းရင်း လေ့လာခဲ့သည်။ အမှန်တကယ်ပင် ဒေါ်မမလေး၏ အုတ်ဂူနှင့် သားလေးအုတ်ဂူ၌ ကမ္ပည်းထိုးထားသည့် ကွယ်လွန်သောရက်သည် ကေသာစံ၏ မွေးနေ့နှင့် ထပ်တူပင်။ ကေသာစံ လုပ်ဇာတ်ခင်းခြင်းမဟုတ်။

မိမိကိုက တုံးတာပါ။ ဦးဇော်အောင်လို ပါးနပ်သောလူတစ်ယောက်က ကေသာစံကို သူ့သမီးမဟုတ်ပဲ လက်ခံပါ့မလား။ ကေသာစံ၏ကြိုးဆွဲရာကို ကမည့်လူမျိုးလည်းမဟုတ်။

ထိုစဉ် ဦးဇော်အောင်ထံမှ ဖုန်းလာသည်။

"မောင်ရင် ကိုယ်ပါ"

"ဩော်. . အစ်ကိုကြီး"

"မောင်ရင် ကျေနပ်သွားပြီလား"

ကောင်းပိုင် အံ့အားသင့်သွားသည်။ မိမိဘုရားဖူး လိုက်သွားရခြင်း၏ အဓိကရည်ရွယ်ချက်ကို ဦးဇော်အောင် သိနေပါလား။ ဒါဖြင့်. . . ကေသာစံ. .

ဤမိန်းကလေးလည်း အဖေတူသမီးဖြစ်ကြောင်း သက်သေပြလိုက်သည်ထင့်. . အင်မတန်လည်ဝယ်ကာ ပါးနပ်လေသည်။





"ဘာကို ကျေနပ်ရမှာလဲ အစ်ကိုကြီး"

"အိပ်ချင်ဟန်မဆောင်ပါနဲ့မောင်ရင်၊ အနှိုးရခက်တယ်။ ကေကေဟာ အစ်ကိုကြီးသမီးဆိုတာ ဘာကိုမှ သက်သေပြစရာမလိုပါဘူးထင်ပါတယ် မောင်ရင်"

ကောင်းပိုင် အားနာသွားသည်။ မှုသားလည်း မသုံးချင်တော့။

"ကေသာစံ မညာတတ်ရင်ပြီးတာပါပဲ အစ်ကိုကြီး"

"ကေကေက မညာတတ်ဘူး၊ ဒါပေမယ့် ညာတာတတ်မယ်တော့မထင်ဘူး မောင်ရင်၊ သူဖြစ်ချင်တာကိုဖြစ်မြောက်အောင်မြင်အောင်တော့ လုပ်တတ်တဲ့ မိန်းကလေးဖြစ်နေတယ်။ မောင်ရင်သူ့ကိုနားလည်ဖို့ အများကြီးကြိုးစားရလိမ့်မယ်. . ကိုင်း. . ဒါပါပဲ မောင်ရင်"

ဦးဇော်အောင် ဖုန်းချသွားသည်။ ဒီလိုပဲ သူတို့သားအဖက ပြောချင်ရာပြောပြီးသွားလျှင် ဖုန်းကိုချပစ်လိုက်သည်။

ကောင်းပိုင် စိတ်ရှုပ်ရှုပ်နှင့် နေခြည်ဆိုင်သို့ ထွက်ခဲ့လေသည်။ နေခြည်ဆိုင်ရောက်တော့ ကားရပ်ထားရာနေရာသို့ ဝေ့ဝဲကာကြည့်လိုက်သည်။ ကေသာစံ၏ ပြိုင်ကားလေးမရှိ။ ကားလဲလိုက်ပြီလား။ ဆိုင်ထဲဝင်ခဲ့သည်။

သူ့မျက်ဝန်းက ကျောခိုင်းထိုင်နေသော မိန်းကလေးဆီသို့ ရောက်သွားသည်နှင့် ဝင်းလက်သွားသည။

လှပသော ပိတုန်းရောင်ကေသာနှင့် ကေသာစံ။

ကေသာစံ စားပွဲရှိရာသို့ သွက်လက်သော ခြေလှမ်းများ



www.burmeseclassic.com

www.burmeseclassic.com



ဖြင့်လှမ်းလိုက်သည်။

အနားရောက်တော့ တွေ့ဆုံခဲ့ကြစဉ်တုန်းက အဖြစ်ကို သတိရလာသဖြင့်. .

"ထိုင်ခွင့်ပြုပါနော်"

ကေသာစံက မျက်လုံးလည်းဝေ့ဝဲကြည့်ပြီး ဘာမှမပြော။ မျက်နှာပြင်လေး စတော်ဗယ်ရီရောင် ပြေးသွားသည်။ ကောင်းပိုင်ပြုံးမိကာ မိမိအား ကေသာစံသုံးခဲ့သော စကားလုံးများအတိုင်း. . .

"ဟင်. . . ဘာမှပြန်မပြောတာ ခွင့်မပြုဘူးလား"

"ဟာ. . . မဟုတ်ပါဘူးရှင်. . . ထိုင်ပါ"

နူးညံ့သိမ့်မွေ့သော မိန်းမသားတစ်ဦး၏ ဟန်ပန်အမူအယာလေးနှင့် ဖြေလိုက်သည်။

ပုဒ္ဓါ နှလုံးသား၏ စေ့ဆော်မှုက အံ့အားသင့်စရာတယ်ကောင်းလှပါလား၊ ကေသာစံနှင့်ပတ်သက်သော အကြောင်းအရာ ပြောခဲ့သောစကားများကိုကအစ မိမိအာရုံမှာ ပုံရိပ်ထင်နေပါလား။

"ဘယ်တုန်းက ပြန်ရောက်တာလဲ"

"စောစောကပဲ. . ရေချိုးပြီးထွက်လာတာ"

"ဦးဇော်အောင်နဲ့ ဒေါ်မမလေးတို့ရဲ့ ဒဏ္ဍာရီပုံပြင်ကို ကြားနာခဲ့ရဲ့လား"

ကေသာစံမေးခွန်းကြောင့် သူရှက်သွားသည်။ သို့သော် ချက်ချင်းပင် ကိုယ့်ကိုကိုယ်အားပေးလိုက်သည်။





"အစကောင်းမှ အနှောင်းသေချာတယ် ကေသာစံ"

ကောင်းပိုင်ရဲ့ရင့်လာပြီ။ ကေသာစံ၏စူးရဲသော မျက်ဝန်းလှလှကို ရင်ဆိုင်ကြည့်လိုက်သည်။ ကေသာစံက လွှဲဖယ်၍ မသွား။

"ကိုယ် မင်းကိုလက်ထပ်ချင်တယ်"

ကေသာစံက သွားတက်လေးများပေါ်အောင် ပြုံးလိုက်သည်။ တုန်လှုပ်မှုကင်းမဲ့နေသည်။ ကြိုတင်မျှော်လင့်မှုနှင့် ပြင်ဆင်ထားပြီးပုံရသည်။ အင်မတန်သွေးအေးသော မိန်းကလေးပင်။ ကောင်းပိုင် မျက်နှာပင်ထူပူလာသည်။

"သေချာရဲ့လား ဦးကောင်းပိုင် ထပ်ပြောပါဦး"

ကြည့်. . လူကိုအမိန့်ပေးနေပြီ။ မတတ်နိုင် ကေသာစံ အလိုကျမစဖို့ အရေးကြီးနေသည်။

"ကိုယ် မင်းကိုအမြန်ဆုံးလက်ထပ်ချင်တယ်"

"ဟုတ်ပြီ. . ကျွန်မသဘောပြောပြမယ်"

ကောင်းပိုင် ရင်ခုန်သံမြန်ဆန်လာသည်။ ဒါအချစ်လား. . . ။

"ကျွန်မ လက်မထပ်ချင်ဘူး"

"ဟင်"

ကောင်းပိုင် တုန်လှုပ်သွားသည်။

"ကျွန်မက ငြိမ်းငွေ့စရာကောင်းတဲ့အလုပ်မျိုးကို မုန်းတီးတတ်တယ်၊ ဒါကြောင့် အိမ်ထောင်ပြုလို့ မဖြစ်သေးဘူး"

"ဟာကွာ. . မင်းစကားကြီးက"



www.burmeseclassic.com

www.burmeseclassic.com



"အမှန်ပဲလေ အဖေတူသမီးဖြစ်နေလို့ ကိုယ့်ကိုကိုယ် သေသေချာချာစဉ်းစားနေရတာ၊ ဖေဖေက ယောကျ်ားဖြစ်နေလို့ မိန်းမတစ်ယောက်ပြီးတစ်ယောက်ယူတာ အကြောင်းမဟုတ်ပေမယ့်. . ကျွန်မက. . ."

"တော်ပါတော့ ကေသာစံ. . ကိုယ်နားလည်တယ် မင်းဆက်မပြောနဲ့. . မင်းကိုယ့်ကိုဘယ်လိုအငြိုးအတေးမျိုးနဲ့ ရက်စက်ဖို့ နှိပ်စက်ဖို့ ကြိုးစားရတာလဲ"

ကောင်းပိုင် ဒေါကန်လာသည်။ အသံအတန်ငယ်ကျယ်လောင်သွားသည်။ သို့သော် ကေသာစံက ခပ်ပြုံးပြုံးပင် မထီမဲ့မြင် ပုံစံလေးနှင့် အံ့သြဟန်ပြုကာ. .

"ဘုရားရေ. . . ရှင့်ကိုလက်မထပ်နိုင်တာနဲ့ ကျွန်မက ရက်စက်ရရောလား ဦးကောင်းပိုင်"

ကောင်းပိုင်. . . ထိုင်ရာမှထလိုက်သည်။

"ဟင်. . ပြန်တော့မလား၊ ကော်ဖီဖိုးရှင်းသွားနော်. . မိန်းမတစ်ယောက်ဒကာခံတာမျိုး မနှစ်မြို့တတ်တဲ့ ဦးကောင်းပိုင် မေ့နေမှာစိုးလို့ သတိပေးတာနော်"

ကောင်းပိုင် ကေသာစံကို ဆက်လက်ရင်ဆိုင်၍မဖြစ်တော့။ ကောင်တာ၌ ငွေစက္ကူငါးထောင်တန်တစ်ရွက် ပေးခဲ့ပြီး လှည့်မကြည့်ဘဲ တောက်လျှောက်ပြန်ခဲ့သည်။

ကေသာစံ၏ မထီမဲ့မြင်အပြုံးကို သူဘယ်တော့မှ မေ့ပျောက်နိုင်မည်မဟုတ်တော့ပါ။ သူလုပ်နေကျ သဘောကူမွှကြီကလည်း သူ့ကိုလှမ်းခေါ်နေပြီ။





တော်ပြီ. . အိမ်ဆောက်တဲ့လုပ်ငန်းကိုလည်း သူငယ်ချင်းနှင့် ညီကိုမောင်နှမတွေနဲ့ပဲ လွှဲခဲ့ပြီး ပြန်လိုက်သွားမည်ဟု ဆုံးဖြတ်လိုက်သည်။






www.burmeseclassic.com

www.burmeseclassic.com





# အခန်း (၃၂)

မင်္ဂလာဒုံ အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်တော့ အနည်းငယ်နောက်ကျသွားပြီ။ ဦးကောင်းပိုင်က ပြည်ပထွက်ခွာခွင့် လေယာဉ်စီး ခရီးသည်ဝင်ပေါက်သို့ လျှောက်သွားနေပြီ။

ဦးကောင်းပိုင်ကို လိုက်ပို့ကြသော မိဘညီအစ်ကိုမောင်နှမများနှင့် သူငယ်ချင်းများပင် နှုတ်မဆက်နိုင်ပဲ ဖြတ်





ကျော်ပြီး အသံလှမ်းပြုလိုက်သည်။

"ဦးကောင်းပိုင်"

ဦးကောင်းပိုင် ခြေလှမ်းတုန့်ကနဲရပ်သွားပြီး ချာခနဲပင်လှည့်ကြည့်သည်။ သူ့ကိုမြင်တော့ အံ့အားသင့်သော မျက်ဝန်းဖြင့် မယုံကြည်နိုင်သလို ကြည့်နေလေသည်။ ကောသာစံ အပြုံးနှင့်. . .

"ဦးကောင်းပိုင် ဟိုမှာဘယ်လောက်ကြာကြာလုပ်မှာလဲ"

"နေနိုင်သရွေ့"

"ကောင်းပြီ သုံးနှစ်လောက်တော့ နေနိုင်အောင်ကြိုးစားထား"

"ကိုယ့်သဘောပါ"

ကောသာစံက ရှုတည်တည်နှင့်ပြောလိုက်သော ဦးကောင်းပိုင်ကို သဘောကျစွာ ကြည့်လိုက်ပြီး. . .

"ကောင်းပြီလေ ကျွန်မက နောက်သုံးနှစ်ပြည့်တဲ့နှစ်မှာ အိမ်ထောင်ပြုတော့မယ်လို့ စဉ်းစားလိုက်မိတယ်. . ဒါကြောင့် မိတ်ဆွေအရင်းအချာကြီးဖြစ်တဲ့ ဦးကောင်းပိုင်ကို အရင်ဆုံးအသိပေးသင့်တယ်ထင်လို့ လာသတိပေးတာ"

ဦးကောင်းပိုင် မျက်နှာပြင်ပေါ်မှ တွန့်ခေါက်နေသော အရေးကြောင်းတို့ ပြေလျော့သွားလေသည်။ ကောသာစံ ပြုံးလိုက်သည်။

"ကျွန်မက လက်တွေ့သမားနော်၊ မျှော်လင့်စောင့်စားရတဲ့ အလုပ်မျိုးကိုလဲ မုန်းတီးတတ်တယ်၊ ကျွန်မသတ်မှတ်လိုက်မှ



www.burmeseclassic.com

www.burmeseclassic.com



ဦးကောင်းပိုင်ပြန်မလာရင်တော့ အဆိုးမဆိုနဲ့"

"မင်းစကားက ကိုယ့်ကိုပြန်လာစေချင်တဲ့သဘောလား၊ ကိုယ်နှစ်နှစ်ကြာရင် ပြန်လာမှာပါ"

ကေသာစံက ဒီတချည်တွင်တော့ တကယ်ကိုပင် ဝမ်းသာဝမ်းနည်း ပြုံးလိုက်ခြင်းဖြစ်သည်။

နောက်ကျော နောက်ပစ်ထားသောလက်ကို ရှေ့သို့ဆန့်တန်းထုတ်လိုက်သည်။

နီရဲနေသော နှင်းဆီလှလှကလေးတစ်ပွင့်ကို ဦးကောင်းပိုင်အား လှမ်းပေးလိုက်သည်။

ဦးကောင်းပိုင် အံ့အားသင့်သွားသည်။ နောက်. . မယုံကြည်နိုင်သောမျက်ဝန်းဖြင့် ကြည့်လာသည်။

ကေသာစံက အလှပဆုံးသောအပြုံးလက်ဆောင်ကလေးနှင့်အတူ စိတ်မရှည်စွာဖြင့် နှင်းဆီပန်းပွင့်ကို ဦးကောင်းပိုင်၏ ကုတ်အင်္ကျီ ဘယ်ဘက်ရင်ဘတ်အထက်နား၌ တပ်ဆင်ပေးလိုက်သည်။

"ပန်းပေးတယ်ဆိုတာကော နားလည်ရဲ့လား"

ဦးကောင်းပိုင် ဆွံ့အနေလေပြီ။

ကေသာစံကပင် ဆက်၍. . .

"ဒါတောင် ရှင့်အသက်က သုံးဆယ်ဖြစ်လို့ ကျွန်မက သုံးနှစ်ကို လျှော့ပေးလိုက်တယ်လို့မှတ်ပြီး ကျေးဇူးတင်ပေတော့၊ ကိုင်း. . သွားတော့ ရှင်တစ်ယောက်တည်းကျန်တော့တာ ခေါ်နေပြီ"

မြပုလဲခင်

BURMESE CLASSIC

www.burmeseclassic.com